www.burmeseclassic.com

နန်းထိုက်စိုး

# စိတ္တဇသည်းထိတ်ရင်ဖိုမှုခင်း

မဂ္ဂဇင်းဝတ္ထုရှည်များ

တိမ်အလွင့်လာအပြေး



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ပဉ္စ ရတနံ အဟံ ဝန္ဒာမိ

နှန်းထိုက်စိုး–စိတ္တဇသည်းထိပ်ရင်ဖို့မှုစေး–တိမ်ဖလွှင့်လာအမြေး

အဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၆၇၀၅၀၄

စာမူခွင့်ပြုချက်အမှတ် - ၆၇၄/၂၀၀၄ (၃)

ထုတ်ဝေခြင်း - ပထမအကြိမ်၊
၂၀၀၅ ခုနှစ်၊ ဇွန်လ။

အုပ်ရေ - ၅၀၀

တန်ဖိုး - ၆၀၀ ကျပ်

အဖုံးနှင့်အတွင်းပုံနှိပ်သူ - ဒေါ်မြင့်မြင့်တင်
(မြင့်သီဂိပုံနှိပ်တိုက်)
အမှတ် (၂၀၈)၊ လမ်း -၃၀၊
ပန်းဘဲတန်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ - ဦးလှနိုင် (မြိုတ်စာပေ)
အမှတ် ၆၆၊ ဗိုလ်ဥတ္တမလမ်း၊
ကြည့်မြင်တိုင်၊ ရန်ကုန်။

ဖြန့်ချိရေး - မြိုတ်စာပေ၊ (ဖုန်း-၃၀၄၄၉၀)
အမှတ်-၁၉၀၊ ၃၁ လမ်း၊
ရန်ကုန်။

စီစဉ်သူ - ကိုလှနိုင် (မြိုတ်)

အထက်မြန်မာပြည် - နဂါးစာပေ၊ (မန္တလေး)
ဖြန့်ချိရေး - ထွန်းဦးစာပေ (မန္တလေး)

BURMESE CLASSIC

ကလောင်ရှင်များ . . . သို့

# လူငယ်ရက်သည်းဖို့ . . . မှုခင်းဝတ္ထုများ

နှင့်

# လူကြီးရသန်းကြွယ် . . . ဝတ္ထုတိုများ

မြိုတ်စာပေ

မှ လ စဉ် ထုတ် ဝေ သွား မည် ဖြစ် ပါ သည်။

ရန်ကုန်မြို့နှင့် အနယ်နယ်အရပ်ရပ်မှ စာပေကလောင်ရှင်များ အောက်ပါလိပ်စာအတိုင်းပေးပို့နိုင်ပါသည်။

ရွေးချယ်ခံရသော ဝတ္ထုစာမူများအတွက် ထိုက်တန်သော စာမူခများ စာတိုက်မှတစ်ဆင့် ပေးပို့မည်ဖြစ်ပါသည်။

စာမူရှင်များကဆယ်သွယ်ရန် လိပ်စာအပြည့်အစုံရေးပေးပါ။

မှတ်ချက် - အခြားမဂ္ဂဇင်းတိုက်များသို့ ပေးပို့ထားခြင်း မရှိကြောင်း ဝန်ခံချက်ပူးတွဲပါရှိရပါမည်။

ဆက်သွယ်ရန် - မြိုတ်စာပေ
အမှတ် ၁၉၀၊ ၃၁လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

# ကိုယ်အလွမ်း လသာညပြုံး

(တစ်)

"မို့"

ကိုကိုလေ မြူငွေ့တွေဝေနေတဲ့ လသာညတွေကို ရောက်လာရင် ဘာကြောင့်မှန်းမသိဘူး မို့ ကို ကိုကို လွမ်းတယ်ကွယ်။

လသာတဲ့ နွေညတွေကို ကိုကို ကြောက်တယ်။

လသာတဲ့ နွေညတွေရောက်လာရင် ကိုကို့စိတ်တွေ နှိုးကြွလှုပ်ရှားလာတယ်။ကိုကို့ သွေးတွေဆူဝေလာသလိုပဲကွယ်။

ကိုကိုလေ နွေညမှုန်မှုန်ထဲမှာ မြူတွေလွှင့်ဝေနေတာကို မြင်ရရင် မနေတတ်ဘူး။အိပ်လို့ မပျော်ဘူး။လသာတဲ့ နွေညမှုန်



www.burmeseclassic.com

www.burmeseclassic.com



ကို ကိုကို ချစ်လည်းချစ်တယ်။ ဘာကြောင့်မှန်း မသိဘူး။ စိုးလည်း စိုးရိမ်နေတယ် မို့။

ဒါကြောင့် လသာတဲ့ နွေညတွေရောက်လာရင် မို့ကို ကိုကို သိပ်လွမ်းတယ်။ သိပ် သတိရတယ်။ ပြီးတော့ မို့ကို ကိုကိုသိပ် ဖွေ့ချင်တယ် အချစ်ရယ်။

ကိုကို မို့ဆီ ပြန်လာခဲ့မယ်နော်။

မို့ စောင့်နေနော်။

မို့ကို ကိုကို သိပ်ချစ်ပါတယ် မို့ရယ်။ နော်. . ။

× × × ×

(နှစ်)

"ကိုကို"

"ဟင်. . မို့ . . မို့ ရောက်နေတယ်"

'ငွေမှိုင်းလွင်' အံ့အားသင့်နေသည်။ အခန်းဝတွင် ငွေမှိုင်း ၃ ၁ ·တောင့်တောင့်လေး ရပ်နေမိသည်။ လိုက်ကာခန်းဆီးစိမ်းစိမ်း ပေ.က ညလေသွေးထဲဝ.ာ် တလွင့်လွင့်လူးလွန့်နေသည်။

သူ လိုက်ကာခန်းဆီး စိမ်းစိမ်းလေးကို ဖယ်ရှားလိုက်ပြီး





မို့ဆီ တန်းလျှောက်လာသည်။

မို့က လိမ္မော်ရောင် ဝတ်စုံလေးနှင့်ဆံပင်တွေ ဖားလျား ချပြီး ဆိုဖာအပြာနုလေးပေါ် ကြော့ကြော့လေး ထိုင်နေသည်။

မို့ ငေမှိုင်းလွင်ကို ငွေ့ဝဲဝဲလေး ပြုံးပြသည်။

"မို့ ဘယ်တုန်းက ရောက်နေတာလဲဟင်. . မနေ့ညက တောင် လသာနေတဲ့ နွေညမှုန်မှုန်လေးကို ကိုကို လှမ်းငေးကြည့်ပြီး မို့ကို လွမ်းနေသေးတယ်"

သူ မို့ နံဘေးမှာ ဖွဖွလေး ဝင်ထိုင်သည်။

"တော်ပါ . . တွေ့မှ အလွမ်းသယ်ပြီး ချွဲမနေပါနဲ့ ကိုကို ရယ်. . မို့ ရောက်နေတာဖြင့် ကြာလှပြီ. . ကိုကို့ကို ထိုင်စောင့် နေတာ. . **ကိုကို ဘယ်**သွားနေတာလဲ. . ညနက်လှပြီ"

"ဩော်. . **ကိုကို** ပန်းချီကားတွေ မဂ္ဂဇင်းတိုက်တွေကို သွားပို့ပေးပြီး**အပြန် သူ**ငယ်ချင်း စာရေးဆရာတစ်ယောက်နဲ့ တွေ့တာနဲ့. ကိုကိုနဲ့သူ သမ္မတမှာ ဘီယာဝင်သောက်နေကြ တာ. . အဲဒီကအပြန် မို့ကို ကိုကိုလွမ်းပြီး သတိရနေတာနဲ့ ပန်းဆိုးတန်းဆိပ်ကမ်းဘက်သွားပြီး တစ်ယောက်တည်းသွားထိုင် နေတာလေ. . အဲဒါ ညနက်သွားတယ်. . ကိုကို သတိမထား လိုက်မိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မို့ကို လွမ်းနေတယ်ဆိုတာ ယုံရမှာလား ကိုကို"

မို့ မျက်စောင်းရွဲလေး လှစ္စာထိုးသည်။

ဝေမှိုင်းလွင် မို့ လက်ဖျားလေးတွေကို စုညှစ်ယူလိုက်သည်။ပြီး လှိုက်မောစွာ အသံအက်ရှရှဖြင့် သူ ပြန်ပြောသည်။

"အို့ . . ဘယ်လိုပြောလိုက်တာလဲ မို့ရယ် . . ကိုကိုလေ မို့ကို ဘယ်လောက် လွမ်းချစ်သတိရနေတယ်ဆိုတာ ကိုကို့ရင်ကို ခွဲပြလိုက်ချင်တယ် မို့ . . မို့ဟာလေ ကိုကို့ကို သိပ်စိမ်းကားတာပဲကွယ် . . ကိုကို့ကို အကြာကြီး မို့ ခွဲထားရက်တယ်နော်"

"ဟင် . . ကိုကိုက ပြောင်းပြန်ပြောနေပြန်ပြီ . . ကိုကိုသာ ကိုကို့ရဲ့ ဆေးခွက်တွေ . . စုတ်တံတွေ . . ပန်းချီကားတွေကြား ထဲမှာ ကိုကို့နှလုံးသားနဲ့ ဦးနှောက်တွေကို နှစ်ထားပြီး မို့ကို မေ့နေခဲ့တာ မဟုတ်လား . . မို့ကို ခွဲထားရစ်ခဲ့တာက ကိုကို့ . . စိမ်းကားတာက ကိုကိုပါနော် ဟင်း . ."

"ဪ . . မဟုတ်ပါဘူး မို့ရယ် . . ကိုကိုလေ မို့ကို သိပ်ချစ်တယ် . . အမြဲသတိရနေပါတယ် . . မို့ကို ကိုကို အကြာကြီး ဘယ်တော့မှ ခွဲမထားနိုင်ပါဘူး မို့ရယ် . . မို့ဟာ ကိုကို့ဘဝ ကိုကို့ဦးနှောက်၊ ကိုကို့ အသည်းနှလုံးတွေထဲမှာ အမြဲနေရာယူထားတယ် . . မို့ မရှိရင် ကိုကို့ဘဝဟာလည်း အဓိပ္ပါယ်မရှိတော့





ဘူးပေါ့ . . အို . . ချစ်တယ် မို့ရယ် . . မို့ကို ကိုကို သိပ်ချစ်တယ်ကွာ"

ဝေမှိုင်းလွင် မို့ ကိုယ်လုံးလေးကို ရင်ခွင်ထဲ ဆွဲပွေ့သည်။ ရင်ချင်းအပ်ပြီး နှစ်ထားသည်။ပါးချင်းကပ်ထားသည်။ မို့ ဆံပင်တွေကို ဝေမှိုင်းလွင် မြတ်နိုးယုယစွာ တရှိုက်မက်မက် နမ်းရှုတ်သည်။မို့ခေါင်းပေါ်မှ နှင်းဆီပွင့်နီနီလေး ပြေလျော့ကျလာသည်။

မို့ကျောပြင် အိအိလေးကို ဝေမှိုင်းလွင် လက်ဖဝါးများဖြင့် ယုယစွာပွတ်သပ်သည်။

"အို ကိုကိုရယ် . . လွန်ပြီကွယ် . . မကဲနဲ့ကွာ . . မို့ အသက်ရှူကျပ်လှပြီ . . လွှတ်တော့ကွယ်"

ဝေမှိုင်းလွင် ပြောမရ။ လွှတ်ဆိုလွှတ်။ မို့ ပါးပြင် ၊ မို့ နဖူး၊ မို့ မျက်လုံး ၊ မို့ နှာခေါင်း ၊ မို့ နှုတ်ခမ်းတွေကို နေရာလပ်မကျန်အောင် နမ်းသည်။

အငမ်းမရ၊ ယစ်မူးစွာ ဝေမှိုင်းလွင် တရှိုက်မက်မက်နမ်းသည်။

"အို ကိုကို . . အို ကိုကိုရယ်"

အပြင်မှာတော့ နွေညက မှုန်မှုန်လေး လသာနေပါသည်။ မှုန်ပါသည်။ နွေညက မှုန်ညတ်နုနုလေး။



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီနဲ့တွေကလည်း သင်းပျံ့ပျံ့လေး။

× × × ×

(သုံး)

"ကိုဝေမှိုင်းလွင် . . ဗျို့ ကိုဝေမှိုင်းလွင်"

စာရေးဆရာ ကိုလွမ်းဆွေ၊ အခန်းတံခါးပေါက်တွင် ရပ်လျှက် ညင်သာဖွဖွ လှမ်းခေါ်သည်။သူ့နံဘေးက ပန်းချီဆရာ ကိုသိင်္ဂါကို တစ်ချက်လှမ်းကြည့်သည်။

အခန်းထဲက ဘာသံမျှမကြားရ။ ကိုလွမ်းဆွေ တံခါးပေါက်နံဘေး နံရံပေါ်မှ ခလုတ်ကလေးတစ်ခုနှိပ်သည်။အခန်းထဲမှ လျှပ်စစ်ခေါင်းလောင်း မြည်သွားသံကို သဲ့သဲ့ကြားရသည်။

"ကိုယ့်ဆရာတော့ အိပ်ပျော်နေတုန်း ထင်တယ်ဗျ"

ကိုသိင်္ဂါ မှတ်ချက်ချသည်။

"ညက ဘီယာများသွားလို့ ဖေါင်းသွားတယ် ထင်တယ်ဗျာ . . ပဲ"

"တံခါးကို တွန်းဖွင့်ကြည့်ပါဦး"

ကိုလွမ်းဆွေ တံခါးကို တွန်းကြည့်လိုက်သည်။တံခါးက





မမျှော်လင့်ဘဲ ညင်သာစွာပွင့်ဟသွားသည်။

"ဟာ . . ဒီလူ တံခါးလည်း ပိတ်မထားပါလား . . ဈေးရှုံလေးစေ့ထားတာကိုး . . ညက ဒီလူ သိပ်ဝေသွားတယ် ထင်တယ် . . တံခါးတောင် ဂလန့်မထိုးနိုင်တော့ဘူး . . လာဗျာ အိပ်ရာထဲ ဝင်နှိုးကြမယ်"

ကိုလွမ်းဆွေနှင့် ကိုသိင်္ဂါတို့နှစ်ဦး အခန်းထဲလှမ်းဝင်လာခဲ့ကြသည်။ ဝေမှိုင်းလွင် အိပ်ခန်းထဲသို့ တန်းဝင်သွားကြသည်။

ဝေမှိုင်းလွင် သူ့မွေ့ရာပေါ်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသည်။သူ့ ရင်ခွင်ထဲမှာလည်း ဆယ့်နှစ်လက်မအရွယ် ဓာတ်ပုံတစ်ပုံကို မြတ်နိုးယုယစွာဖြင့် ပွေ့ဖက်ထားပါသည်။

ဓာတ်ပုံက စတီးမှန်ဘောင်လှလှလေး တပ်ထားသည့် ဆေးရောင်စုံအမျိုးသမီးတစ်ဦး၏ပုံ။ ရှည်လျားသည့် ဆံပင်များက မျက်နှာတစ်ဝက်ခန့်မျှ ဖုံးလွှမ်းချထား၏။

"ဟော့လူ ကိုဝေမှိုင်းလွင် . . အိပ်လှချေလား . . ထတော့လေဗျာ ဘယ်အချိန်ရှိပြီလဲ"

သည်တော့မှ ဝေမှိုင်းလွင် လူးလွန့်လာသည်။မျက်လုံးများကို အားယူကာ ဖြည်းညင်းစွာ ဖွင့်သည်။

"ဟာ . . ကိုလွမ်းဆွေကြီးတို့ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲဗျ . . ညကဘီယာနည်းနည်း များသွားတယ် ထင်တယ် ဟုတ်လား . . လက်ထဲမှာလည်း ဓာတ်ပုံကြီး မွေ့လို့ အပြတ် ဖီလင်တွေတက်နေပြီထင်တယ် . . ဘာလဲ ကိုယ့်လူ တောင်ကြီးက ခင်ဗျားဇနီးမို့ ကို သိပ်လွမ်းနေပြီ ဟုတ်လား"

"ဟင်း"

ဝေမှိုင်းလွင် အိပ်ရာပေါ်မှ လူးလဲထသည်။ သူ့လက်ထဲမှ သူ့ဇနီး မို့၏ဓာတ်ပုံကို တစ်ချက်ငုံ့ကြည့်ပြီး ခုတင်နံဘေးမှ စာကြည့်စားပွဲပေါ် လှမ်းတင်သည်။

"အေးဗျာ . . သူက ညကရောက်လာလို့"

ကိုလွမ်းဆွေနှင့် ကိုသိင်္ဂါ ကြောင်သွားသည်။ တစ်ယောက် မျက်နှာတစ်ယောက် လှမ်းကြည့်လိုက်ကြသည်။

စာကြည့်စားပွဲပေါ်မှာကလည်း ကော်ဖီပန်းကန်နှစ်ခွက်။ တစ်ခွက်က သောက်ပြီးသား။ ကျန်တစ်ခွက်ကတော့ ကော်ဖီတွေ အပြည့်နှင့် အေးစက်ပြီး အဆီတွေငွေ့တက်နေသည်။

"ခင်ဗျားဇနီးမို့ ညကလာတယ် ဟုတ်လား . . ခု ဘယ်မှာ လဲ"

ကိုသိင်္ဂါ အံ့သြနေသည်။

"အေးဗျာ . . ညက ကျွန်တော်စလိုက်လို့ ထင်ပါရဲ့ . . မို့





စိတ်ဆိုးပြီး တောင်ကြီးပြန်သွားလိုက်သလား မသိပါဘူးဗျာ . . ဟောဒီမှာကြည့်ပါလား . . အိပ်ရာပေါ်မှာ သူ့ခေါင်းက နှင်းဆီ ပွင့်လေးတောင် ကျကျန်ရစ်ခဲ့တယ်"

ဝေမှိုင်းလွင် မွေ့ရာပေါ်မှ နှင်းဆီရဲရဲလေးတစ်ပွင့်ကို ဖြည်း ညင်းစွာ ကောက်ယူသည်။

နှင်းဆီပွင့်လေးက နွမ်းလျနေပါပြီ။

"ခင်ဗျားတို့ဟာကလည်းဗျာ မဟုတ်သေးပါဘူး . . ရောက် တာမှမိုးမလင်းသေးဘူး . . စိတ်ဆိုးသွားရတယ်လို့"

ကိုလွမ်းဆွေ စိတ်မကောင်းစွာ သက်ပြင်းချသည်။

သူတို့ ဝေမှိုင်းလွင်နှင့် သိခဲ့ကြတာ လေးနှစ်ခန့်ရှိပြီ။ ဝေမှိုင်းလွင်မှာ 'မို့' ဆိုသည့် ဇနီးချောလေးတစ်ဦးရှိမှန်းတော့ သိသည်။ဒါပေမယ့် ဓာတ်ပုံထဲမှာသာ သူမြို့၏ တွေ့ဖူးနေခဲ့ကြ သည်။အပြင်မှာတော့ တစ်ခါမျှ မမြင်ဖူးကြသေး။

"ခု သူ တောင်ကြီးပြန်သွားတာလား"

ကိုသိင်္ဂါ စိုးရိမ်စွာနှင့် မေးသည်။

"အေးဗျာ . . ပြန်သွားတယ်ထင်တယ် . . ကျွန်တော် ချက်ချင်း လိုက်သွားမှဖြစ်မယ် . . ကဲ ကိုသိင်္ဂါ ပန်းဆိုးတန်း ကျွန် တော့်ပန်းချီဆိုင်ကို ခင်ဗျား တစ်ချက်ကြည့်ထားလိုက်ဗျာ နော်

www.burmeseclassic.com



ကျွန်တော် ဒီညနေပဲ တောင်ကြီးလိုက်သွားမယ်. . မှီ့ကို သွားပြန်ချော့လိုက်ဦးမယ်. . ကျွန်တော် ချက်ချင်းလိုက်မလာရင် မှီ့ စိတ်ကောက်နေမှာ”

“ဒါပေါ့ နှမတော်လေး အမျက်ပြေအောင် မောင်တော်သွားချော့လိုက်ဦး . . ဒါနဲ့ ကိုလွမ်းဆွေ စာအုပ်မျက်နှာဖုံးအတွက် ပန်းချီကားရော”

“အာ. . မနေ့ကတည်းက ပြီးနေပြီလေဗျာ. . အဆင်သင့်ပဲ ကျွန်တော့်အခန်းမှာ ဝင်ယူသွားကြတော့ . . ကျွန်တော့် တပည့်လေး မောင်ဦးကို **မေးကြည့်**”

“ဟာ. . ဒါဆိုလည်း ကျေးဇူးပဲဗျာ. . ကဲ ဒါဖြင့် ကျွန်တော်တို့သွားမယ်. . ခင်ဗျား တောင်ကြီးက ပြန်လာမှ ဆုံကြသေးတာပေါ့နော် ကိုဝေမှိုင်းလွင်”

“ကောင်းပါပြီဗျာ”

× × × ×

(ဆက်ရန်)

ရှမ်းပြည်နယ်၏ လွမ်းမူးဖွယ် မြို့တော်တောင်ကြီး။



နွေရနံ့သင်းသော်လည်း နှင်းလက်ကျန်လေးတွေက ဝေနေဆဲပင်။

‘သစ်ခွအိမ်’ သည် လရောင်အောက်ဟွင် ငြိမ်သက်လှပနေသည်။အိမ်ရှေ့ ဆင်ဝင်အောက်မှ ကျေးနှုတ်သီး သစ်ခွပွင့်များသည် လရောင်ဆမ်းလျှက် ငွားငွားစွင့်စွင့် ပွင့်နေကြသည်။

ချယ်ရီများကလည်း လွမ်းလွမ်းဆွတ်ဆွတ် မခူးရက်စရာ အဆုပ်လိုက် အခဲလိုက် ပွင့်နေကြဆဲရှိသည်။

ဝေမှိုင်းလွင် ကားပေါ်ကဆင်းပြီး ‘သစ်ခွအိမ်’ရှေ့ ရပ်လိုက်သည်။လူခေါ်ခေါင်းလောင်းဘုလေးကို နှိပ်သည်။ချက်ချင်း ‘ဦးဖူးဝေ’ သံဘာဂျာတံခါးကို ဆွဲဖွင့်ပြီး ‘သစ်ခွအိမ်’ တိုက်ပုလေးထဲမှ လှမ်းထွက်လာသည်။ရှမ်းဘောင်းဘီ နက်ပြာရောင်နှင့် မျက် နှာပေါ်မှ ကျင်စွယ်နှုတ်ခမ်းမွေးထူထူကြီးက ဦးဖူးဝေ၏ မပြောင်း လဲသည့် အမှတ်အသားတွေဖြစ်သည်။

ဦးဖူးဝေ ခြံဝင်းဝ တံခါးဆီ အပြေးကလေးလျှောက်လာသည်။

“သြော်. . ဝေမှိုင်းလွင် ပြန်လာသလား”

“ဟုတ်ပါတယ် ဦးဖူးဝေရဲ့ ကျုပ်ပါ. . ဘာလဲ မမျှော်လင့်ဘဲ ကျုပ်ကို တွေ့လိုက်ရလို့ သိပ်အံ့သြသွားသလား”

www.burmeseclassic.com

www.burmeseclassic.com



ဦးဖူးဝေ ဖြည်းဖြည်း ခေါင်းခါသည်။ငွေ့သက်သက်လေး သူ ပြုံးသည်။သူ့အပြုံးက အဓိပ္ပာယ်တွေ လွှမ်းမိုးလျှက်ရှိသည်။

"မအံ့သြပါဘူး ဝေမှိုင်းလွင် . . ဘာကြောင့်လဲဆိုတော့ မြူငွေ့တွေဝေနေတဲ့ နွေညလသာရက်တွေရောက်လာရင် တစ်ညမဟုတ်တစ်ညညမှာတော့ မင်း ရောက်လာလိမ့်မယ်ဆိုတာ ဦးဖူးဝေ ကြိုတင်မျှော်လင့်ထားပါတယ် . . ဒါကြောင့် ဝေမှိုင်းလွင်ကို ဦးဖူးဝေ စောင့်မျှော်နေမိပါတယ်"

သည်တစ်ခါ ဦးဖူးဝေ၏ အပြုံးက နက်ရှိုင်းလွန်းနေသလိုပဲ။ ဖွေးနုသော သူ့သွားများကလည်း သူ့ဆံပင်များနှယ် လရောင် အောက်တွင် တောက်ပသွားတော့သည်။

သူ သော့ပေါက်ထဲသို့ သော့တံကိုလှည့်ပြီး ဖွင့်သည်။ သံတံခါးကို ဖြည်းညင်းစွာ ဟပေးသည်။

ဝေမှိုင်းလွင် ခြံထဲသို့လှမ်းဝင်လာသည်။

မြေပြင်မှ ချယ်ရီပွင့်အကြွေကလေးတွေ သူ့နောက်မှ ရှပ်တိုက်ပါလာကြသည်။ သစ်ရွက်ကြွေတချို့ကလည်း သူ့နံဘေးမှာ လွင့်ဝဲလျှက်ရှိကြသည်။သူ 'သစ်ခွအိမ်'တိုက်ပု ပြာလဲ့လဲ့ကို အလွမ်းနှင့်လျှင် မျှော်ရည်ငွေ့မှိုင်းစွာ လှမ်းကြည့်သည်။

သူ့ခြေလှမ်းများက အိပ်မက်ထဲတွင် လမ်းလျှောက်နေသူနှယ်။မျက်နှာကလည်း ဆွေးဆွေးငေ့မှိုင်းလျှက်။

သူ တိုက်ထဲလှမ်းဝင်လာသည်။ခရီးဆောင် လက်ဆွဲအိတ် ကို စားပွဲပေါ်ဖ ညင်သာစွာ လှမ်းတင်သည်။

ဆိုဖာ ခရမ်းရင့်ရောင်ပေါ် သူ ထိုင်ချသည်။ဧည့်ခန်းကို ငွေ့မှိုင်းစွာ ငေးကြည့်သည်။သူ့မျက်လုံးထဲမှာ လွမ်းငွေ့တွေ ရစ်ဝဲနေသည်။

"ထမင်းပွဲ ပြင်လိုက်မယ်နော် ဝေမှိုင်းလွင် . . ရေချိုးဦးမလား"

"ကျုပ် စားခဲ့ပြီးပြီ ဦးဖူးဝေ . . မပြင်နဲ့တော့ . . နက်စ်ကော်ဖီကျကျချိုချိုလေး တစ်ခွက်သာ ဖျော်လာပေးစမ်းပါ"

ဦးဖူးဝေ ခေါင်းညိတ်ပြပြီး နောက်ဖေး မီးဖိုချောင်ထဲ တန်းဝင်သွားသည်။

"အင်း . . ဝေမှိုင်းလွင် . . ဝေမှိုင်းလွင် . . အတိတ်မြူညစ်ဆိုးတွေကို ပစ္စုပ္ပန်မှာ သို့ဝှက်ထားဆဲရှိနေပါလား . . ဒုက္ခ ဒုက္ခ"

ဦးဖူးဝေ ရင်ထဲ တိုးသဲ့ငေ့ဝဲစွာညည်းလိုက်မိသည်။ "

မှန်ပါသည်။ ဝေမှိုင်းလွင် သိစိတ်သည် အတိတ်မြူမှုန်များထဲမှာပဲ လွင့်နေဆဲရှိသည်။သူ့မျက်လုံးများသည် စိတ်မြူညစ်ကြောင့် ကြောင်တက်တက် မှိုင်းလွင့်လွင့်ဖြစ်နေသည်။







www.burmeseclassic.com

www.burmeseclassic.com



ညော့ခန်းကို သူ ငေးကြည့်သည်။ ဒီညော့ခန်း ပြာလဲ့လဲ့သည့် ယခင် လေးနှစ်ခန့်ဆီကအတိုင်း ဘာမှမပြောင်းလဲ။ အရောမယှင်း။ ပြည့်စုံလျက် လှပလျက်။ ဝေဝေဆာဆာ နှစ်သက်မက်မောဖွယ် လျှပ်စစ် မီးရောင်ပွင့်လေးတွေအောက်ဝယ် အိပ်မက်ဆန်စွာ တည်ရှိနေဆဲပါလား။

ဩော်အိပ်မက်ဆန်စွာ။ ဟုတ်ပါသည်။ အိပ်မက်ဆန်စွာ။ ဝေမှိုင်းလွင် မျက်လုံးများက ညော့ခန်းခေါင်းရင်းထောင့်ဆီမှ မဟော်ဂနီ စန္ဒရားကြီးဆီ ရောက်သွားသည်။

**သူ့အကြည့်**ကို စန္ဒရားကြီးဆီမှာ ရပ်သည်။

**သူ့ရင်ထဲ**မှာ ရုတ်တရက် စန္ဒရားသံတွေ မိုးချိမ်းသံလို တလိမ့်လိမ့် လှိုင်းခတ်ဝေ့တက်လာသည်။

ပြီးနောက် နှလုံးသားမှာ တေးသွားလေးတစ်ပိုဒ်ဖူးပွင့်လာသည်။ မျှင်မျှင်ဝေ့ဝေ့လေး စီးမျောသွားနေသည်။ တေးသွားက **"SOME WHERE MY LOVE"** အနောက်တိုင်း တေးသွားလေး။ ဝေမှိုင်းလွင် တစ်ကိုယ်လုံး ကျင်စက်နှင့်တို့သလို ခံစားလိုက်ရသည်။

ဖျတ်ခနဲ သူ ထရပ်သည်။ ခြေလှမ်းတွေက စန္ဒရားကြီးဆီ တရွေ့ရွေ့လှမ်းနေသည်။ စန္ဒရားကြီးရှေ့ ခုံပုလေးပေါ်မှာ သူ





ထိုင်လိုက်သည်။ အဖုံးကို ဖွင့်သည်။

ဆင်စွယ် ခလုတ်လေးတွေပေါ် သူ့လက်ချောင်းတွေကို တင်သည်။ လက်ချောင်းတွေက လိပ်ပြာလေးတစ်ကောင်ကဲ့သို့ သူ့အလိုလို လှုပ်ရှားသွားနေကြသည်။

ဆူပွက်သော သံစဉ်လှိုင်းများ ညော့ခန်းထဲသို့ စင်ကျဲလွင့် မြောက်ထွက်လာသည်။ တေးသံက ညဥ့်ဦးယံကို ထိုးဖောက်သွား၏။ တေးသွားက ဝေမှိုင်းလွင် အလွန်အမင်း ဟုတ်ပါသည်၊ သူ အလွန်အမင်း စွဲလန်းနှစ်ခြိုက်သည့် **"SOME WHERE MY LOVE"** အနောက်တိုင်းတေးသွား။

မြူငွေ့ဝေသည့် နွေညလသာရက်များကို ဝေမှိုင်းလွင် ချစ်သည့်နည်းတူ **"SOME WHERE MY LOVE"** တေးသွားကိုလည်း သူ အင်မတန် မြတ်နိုးစွဲလန်းရပါသည်။

ထို့အတူ 'မို့'ကိုလည်း ဝေမှိုင်းလွင် အသက်နှင့်ထပ်တူ ချစ် မြတ်နိုးခဲ့ရပါသည်လေ။

အသက်နှင့်ထပ်တူ . . အသက်နှင့်ထပ်တူ။

"ဩော် . . မို့ရယ် . . ကိုကို ပြန်လာပါပြီ အချစ်ရယ်"

ဝေမှိုင်းလွင် စန္ဒရားခုံမှ ထရပ်သည်။ နောက်သို့ ဆတ်ခနဲလှည့်သည်။ ဦးဖူးဝေ နက်စ်ကော်ဖီပန်းကန်ကို ကိုင်လျှက် သူ့



www.burmeseclassic.com

www.burmeseclassic.com



ရှေ့သို့ ရပ်နေသည်။

"ထားလိုက်တော့ ဦးဖူးဝေ . . ကျုပ် သောက်ချင်စိတ် မရှိတော့ဘူး . . မှီဆီ သွားလိုက်ဦးမယ် . . မှီကို သွားနှုတ်ဆက်ရဦးမယ် . . သူ ကျုပ်ကို မျှော်နေလိမ့်မယ်"

ဝေမှိုင်းလွင် ဦးဖူးဝေကို ကျော်ဖြတ်လျှက် လှမ်းထွက်သွားသည်။

"ဪ . . ဒုက္ခ ဒုက္ခ"

ဦးဖူးဝေ နက်စ်ကော်ဖီပန်းကန်ကို စားပွဲပေါ် ဖြည်းညင်းစွာချသည်။ကိုယ်လုံးကို ဖြည်းဖြည်း စောင်းလှည့်သည်။

ဝေမှိုင်းလွင်တစ်ယောက် ကျွန်းလှေကားပေါ် တစ်လှမ်းချင်းလှမ်းတက်သွားနေသည်။ ထပ်ခိုးလေးပေါ် ရှိ သူ့အိပ်ခန်းရှိရာ လှမ်းတက်သွားနေခြင်းဖြစ်သည်။ သူ့ ခြေလှမ်းများက စက်ရုပ်တစ်ရုပ်လို တစ်လှမ်းချင်း လှမ်းတက်သွားနေသည်။

'သစ်ခွအိမ်' လေးကား အချစ်ဆိပ်မြူမှုန်များ လွင့်ပါးနေကာ ချစ်သွေးရနံ့တွေ ဆူဝေမွှေးမွှန်နေပါပေါ့လား။

× × × ×





(ငါး)

စေ့ထားသော အိပ်ခန်းတံခါးဝကို ဝေမှိုင်းလွင် ညင်သာစွာ တွန်းဖွင့်လိုက်သည်။

ဇာနိုင်လွန် ပန်းရောင်ခန်းဆီးလိုက်ကာကို အသာလက်နှင့်ဖယ်လိုက်၏။

သူ ပထမဆုံး မြင်တွေ့လိုက်ရသည့် မြင်ကွင်းက နှစ်ယောက်အိပ် ကျွန်းခုတင်ကြီးပေါ်မှ လက်ခြောက်သစ်ခန့်ထူသည့် ပန်းနုရောင်ဆိုဖာမွေ့ရာကြီး။ ပန်းနုရောင် ဇာခြင်ထောင်သားက အရပ်လေးမျက်နှာမှ ကာရံထားသည်။

မွေ့ရာခေါင်းရင်းတွင် နှစ်လုံးထပ် ခေါင်းအုံးနှစ်စုံက ယှဉ်လျှက်သား။ ခြေရင်းမှာတော့ ရွှေရောင်ကတ္တီပါဖုံး ဂွမ်းစောင်ထူထူကြီးတစ်ထည်က ခေါက်လျှက်အနေအထား။

သည်မြင်ကွင်းကို ပြာလဲ့လဲ့ မီးရောင်အောက်မှ နိုင်လွန်ဇာခြင်ထောင်ကို ဖောက်ပြီးမြင်နေရသည်။

ဝေမှိုင်းလွင် လှိုက်မောသွားသည်။ သက်ပြင်းငွေ့ငွေ့ချသည်။သူ ခုတင်နားဆီ ဖြည်းညင်းစွာလျှောက်လာခဲ့သည်။

ဇာခြင်ထောင်ကို မ,တင်လိုက်ပြီး မွေ့ရာထူကြီးပေါ် သူ



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ချလိုက်သည်။ရင်မှာ တစ်ဆို့ဆို့ကြီး သူ ခံစားလိုက်ရသည်။ သူ မျက်လုံးများကို ညင်ညင်သာသာလေး မှိတ်လိုက်သည်။

ပြီး လှိုက်မောစွာ သက်ပြင်းတွေလေးတစ်ခု ချလိုက်သည်။ထိုစဉ် ညင်သာနူးညံ့သော အသံနွေးစိမ့်စိမ့်လေးတစ်ခုက နှလုံးသားအိမ်သို့ သဲ့သဲ့စီးဝင်လာသည်။

သူ့သိစိတ်အစဉ် အာရုံမှာ ကြားလာရသည်။

"ကိုကို့ . . ကိုကို မို့ဆီပြန်လာပြီနော်"

သူ မျက်လုံးများကို ဖျတ်ခနဲပြန်ဖွင့်ဖြစ်သွားသည်။

ခေါင်းရင်း ညာဘက်နံရံဆီ မျက်လုံးများက ဖျတ်ခနဲ ရွေ့သွားသည်။

နံရံမှာ 'မို့' ပုံတူဆီဆေးရောင်စုံပန်းချီကားကြီး တစ်ချပ်။ သူကိုယ်တိုင် တစ်ခါက အမြတ်တနိုး ဆွဲပေးထားသည့် မို့ ပုံတူပန်းချီကားကြီးဖြစ်သည်။

ရောင်စုံပန်းချီကားကြီးထဲမှ မို့က သူ့ကိုလှမ်းကြည့်နေသည့်ပုံက ပြုံးဝေ့ညင်သာလေး။

"ကိုကို . . မို့လေ . . ဘာလို့စိုက်ကြည့်နေရတာလဲ . . ဟင်း ဟင်း . . မမြင်ဖူးတာကျနေတာပဲ"

ဝေမှိုင်းလွင် သိစိတ်တွေ လွင့်သွားပြီ။ တစ်စတစ်စ လွင့်





သွားပြီ။

သူ စူးစူးလေး မို့ကို စိုက်ကြည့်နေသည်။ မျက်လုံးတွေက မှိုင်းမှိုင်းငွေ့ငွေ့။

မျက်တောင်လေးတွေက တဖျပ်ဖျပ်ခတ်လာနေသည်။ ပြီးနောက် နှုတ်ခမ်းလေးတွေက ဖွဖွလှုပ်လာသည်။

ဝေမှိုင်းလွင် အံ့အားတသင့်လေး ဖြစ်နေပုံရ၏။ မျက်လုံးတွေ ဝင်းလက်လက်ဖြစ်လာသည်။

"မို့ . . မို့ရယ်"

သူ့စိတ်တွေ ထိန်းသိမ်းမရနိုင်တော့လောက်အောင် သူ့နှုတ်မှ တုန်ခါပွင့်ထွက်သွားတော့၏။

"ကိုကို"

သူ စိုက်ကြည့်နေဆဲမှာပင် မို့က ပန်းချီကားကြီးထဲမှ ပြုံးပြုံးလေး တစ်လှမ်းချင်းထွက်လာနေသည်။ မို့ ဝေမှိုင်းလွင်ဆီ တန်းပြီးလျှောက်လာသည်။

သင်းပျံ့ပျံ့ မို့ ကိုယ်ရနံ့က ဝေမှိုင်းလွင် နှလုံးအိမ်ထဲ ဦးစွာပျံ့ဝင်လာသည်။မို့ ကိုယ်ရနံ့မွှေးမွှေးလေးက အာရုံထဲ တိုးဝှေ့လာသည်။မို့ လက်နှစ်ဖက်ဆန့်ပြီး သူ့ ရင်ခွင်ထဲ တိုးဝင်လာသည်။ ဝေမှိုင်းလွင် သူ့ချစ်ဇနီး တစ်ကိုယ်လုံးကို ရင်ခွင်ထဲဆွဲနှစ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး သိမ်းကျုံးဖျစ်ညှစ်လိုက်သည်။

"မို့ . . မို့ကို ကိုကို သိပ်ချစ်တယ် . . ရင်ကွဲမတတ် ချစ်တယ် မို့ရယ်"

"ကိုကို့ကိုလည်း မို့က အသက်နဲ့ထပ်တူ ချစ်ရပါတယ် ကိုကိုရယ်"

"အို မို့ . . မို့ရယ်"

သူ မေ့မောလိုက်တုန်စွာ မို့ ကျောပြင်နုနုအိအိလေးကို ဖွဖွပွတ်သပ် ဆုတ်နယ်သည်။ မို့ ဆံပင်တွေကို မြတ်နိုးတသစွာ မွှေးသည်။

ပြီး မို့ လည်တိုင်။ သူ ရှုရှုလေးနမ်းသည်။

"အို့ . . ကိုကိုရယ် မကဲနဲ့ . . တော်တော့ကွယ်"

ဝေမှိုင်းလွင် နားမထောင်။

မို့ပါးပြင် ၊ မို့ နဖူး ၊ မို့ မျက်လုံး ၊ မို့ နှာခေါင်း ၊ မို့ မေးဖျားလေးတွေပါမကျန် တရစပ် အနမ်းမိုးပွင့်တွေ ချွေသည်။

ပြီးတော့ မို့ကိုယ်လုံးလေးကို ထွေးပွေ့ပြီး မွေ့ရာပေါ် ဖြည်းဖြည်းလှဲသည်။

အမြင့်ဘက်တွင် နွေညသည် ငွေရောင်နုနု လွှမ်းလျှက်။ မြူငွေ့တွေ ဆွတ်ပျံ့ဖွယ် လွင့်မျောနေသည်။

× × × ×





အောက်ထပ် ဧည့်ခန်းထဲက ဆိုဖာတစ်လုံးပေါ်မှ ဦးဖူးဝေ ထိုင်ပြီး ပုတီးစိပ်နေသည်။ပါးစပ်က ဂါထာတစ်ပိုဒ်ကို တိုးတိုး ရွတ်နေသည်။

ရှတ်တရက် နံရံဆီမှ နံရံကပ်နာရီက ည ၉ နာရီထိုးပြီကို အချက်ပေးလိုက်သံ တဒေါင်ဒေါင်မြည်လာသည်။

နာရီသံ မဆုံးမီ လှေကားပေါ်မှ ဆင်းလာသော ခြေသံများကို သူ ဆက်တိုက်ကြားလိုက်ရသည်။

သူ့လက်ထဲက စိပ်ပုတီးကို ရပ်သည်။သူ ပါးစပ်ဟသွားသည်။ဝေမှိုင်းလွင် ညဝတ်ကုတ်အင်္ကျီကြီးကို ဝတ်ထားပြီး လှေကားပေါ်မှ ဆင်းလာနေသည်။မျက်နှာက ဝင်းစက်ကြည်နူးနေဟန်၊ မျက်လုံးတွေကလည်း ရွှန်းလက်တောက်ပလျှက်။

"ဦးဖူးဝေ . . မအိပ်နဲ့ဦးနော် . . ကျုပ်တို့ကို စောင့်ဦး . . ကျုပ်နဲ့ မို့ အပြင်သွားဦးမယ် . . မြူငွေ့တွေဝေနေတဲ့ လရောင်အောက်မှာ ဆိုင်ကယ်စီးရင်း ကော်ဖီသွားသောက်ကြမလားလို့ လာ မို့ . . ဟင်း ဟင်း"

ဝေမှိုင်းလွင် ကြည်နူးရိပ်ဝေ အပြုံးလေးတွေနှင့် မသိစိတ်နယ်မြေမှာ ရယ်သံငွေ့ငွေ့လွှမ်းရင်း လှမ်းဆင်းလာသည်။

သူ့ပုံကလည်း တစ်စုံတစ်ဦးကို ယုယနွေးထွေးစွာ ပွေ့ဖက်



www.burmeseclassic.com

www.burmeseclassic.com



လာဟန်နှင့် ဦးဖူးဝေ မြင်ရသည်။

"အပြင်ဘက်မှာ လသာနေတယ်. . မြူတွေလည်းဝေ့ကျ နေတယ် မို့ . . သိပ်လှတယ်. . သိပ်လွမ်းစရာကောင်းတယ်"

ဝေမှိုင်းလွင် သူ့နံဘေးက မို့ကို တိုးတိုးဆိုသည်။ညှော်နံ့ ကို ဖြတ်သည်။သံဘာကျာ ခေါက်တံခါးကို သူ ဆွဲဖွင့်ပြီး ကားဂါ ရာ့ချ်ဆီး ဦးတည်လျှောက်သွားသည်။

ဦးဖူးဝေ မျက်ခုံးတွေ တွန့်စုကျဉ်းသွားသည်။

သူ ဝေမှိုင်းလွင်ကို ကရုဏာသက်စွာ မချမ်းမြေ့မြေ့ လွမ်း ဖွေ့ဖွေ့လေး မျှော်ငေးကာ လှမ်းကြည့်နေမိသည်။

"ဩော်. . ဝေမှိုင်းလွင်. . ဝေမှိုင်းလွင်. . မင်းဟာ မြူငွေ့ တွေဝေ့နေတဲ့ သွေးညလှောင်အိမ်ထဲမှာ စိတ်လိပ်ပြာ လွင့်ဝဲနေပါ ပေါ့လား လူလေးရယ်. . အင်း ဒုက္ခ ဒုက္ခ. . အချစ်ဆိုတဲ့မီး ဟာ အင်မတန် ပူပြင်းလောင်မြိုက်လှပါကလား"

× × × ×

သို့သော် ဝေမှိုင်းလွင် ဒါတွေကိုမကြား။သိလည်းမသိနိုင်။ သူ့စိတ်တွေက မို့ ဆီသာလွင့်မျောနေသည်။

ဝေမှိုင်းလွင် ကားဂါးရာ့ချ်ထဲက **YAMAHA D.T (125)**





ဆိုင်ကယ်နီနီလေးကို ထုတ်ယူလာပြီး ခာတ်ဆီတိုင်ကီကို ဖွင့် ကြည့်သည်။ဓာတ်ဆီအပြည့်။ ဦးဖူးဝေတော်သည်။ သူ့ ဆိုင်ကယ်ကို အလိုက်တသိ ဆီဖြည့်ပေးထား၏။

သူ အရမ်းလေးကို ပျော်သွားသည်။

နံဘေးက မို့ကို ဖျပ်ခနဲ လှည့်ကြည့်သည်။မို့က ခပ်လှမ်း လှမ်း ချယ်ရီပင်လေးအောက်မှာ နွဲ့နွဲ့လေးရပ်စောင့်နေသည်။

သိုးမွေးဆွယ်တာလက်တို ခရမ်းရောင်လေးနှင့် ခြုံပုဝါ ပန်းရောင်လေးကို ပခုံးတွင် ရစ်ပတ်ထားပြီး ပြုံးပြုံးလေး သူ့ကို လှမ်းကြည့်နေသည်။

ရှည်လျားသည့် [illegible] လရောင်အောက်မှာ ဖွာ ဖွာလွင့်လွင့်။ ဝေမှိုင်းလွင် ဆိုင်ကယ်ကို ခွထိုင်လိုက်သည်။ မို့ ရှေ့မှာ ညင်သာစွာ ရပ်ပေးသည်။

"တဲ. . မို့ တက်. . မြို့ထဲသွားကြမယ်. . မို့နဲ့ ကိုကို လ ရောင်အောက်မှာ ဆိုင်ကယ်စီးရင်း လှိုင်ဂူလေးထဲမှာ ကော်ဖီ သွားသောက်ကြမယ်နော် ဟင်း ဟင်း"

သူ ကြည်နူးစွာပြောရင်း သိမ့်သိမ့်လေးရယ်သည်။

မို့က သူ့ကို ခေါင်းညိတ်ပြသည်။ ဆိုင်ကယ်နောက်တွ သားရေကယ်ရီယာခုံလေးပေါ် တင်ပလ္လင်ထိုင်သည်။ ဝေမှိုင်းလွင်



www.burmeseclassic.com

www.burmeseclassic.com



ခါးကို ညင်သာစွာဖက်သည်။

ဝေမှိုင်းလွင် ဆိုင်ကယ်အနီလေးကို ဝေါခနဲဆောင့်မောင်းထွက်သည်။ ဦးဖူးဝေ ခြံဝင်းဝသံပန်းတံခါးကို အလိုက်သင့်ပင် ဖွင့်ပေးထား၏။ ဝေမှိုင်းလွင် ညဘက်ထွက်မည်ဆိုသည်ကို သူ အတပ်သိနေသည်လေ။

ဦးဖူးဝေ ခြံဝင်းဝမှာရပ်ပြီး လှမ်းထွက်သွားသည့် ဝေမှိုင်းလွင်၏ဆိုင်ကယ်နီနီလေးကို လှမ်းကြည့်ကာ လရောင်အောက်မှာ တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။

"ဝူး"

ဦးဖူးဝေ ရင်ထဲမှ လေပူငွေ့များကို ဝူးကနဲမှုတ်ထုတ်လိုက်သည်။ခေါင်းကို ခပ်လေးလေးခါယမ်းသည်။ ပြီး အမှတ်မထင် ကောင်းကင်ကို သူ မော့ကြည့်လိုက်မိသည်။

ကြည့်စမ်း ညကဖြင့် ချစ်စရာ လှလိုက်တာ။ပန်းရောင် ချယ်ရီပွင့်တွေကြားမှ ထိုးဖောက်ပြီးမြင်နေရသည့် မြင်ကွင်းက မရှုရက်ချစ်စရာ။ လှလွန်းနေပါဘိ။

ကောင်းကင်ပြာထဲမှာ တိမ်လှိုင်းတွေက တလွင့်လွင့်။

အဖြူရောင် တိမ်လွှာပါးပါးလေးတွေကြားမှာတော့ လက တိမ်တွေနှင့် ဆန့်ကျင်ပြီး တရိပ်ရိပ်ဖြတ်ပြေးနေသည်က စိတ္တဇ





ဆန်လွန်းနေသည်။

ဟုတ်ပါသည်။ သည်ညဟာ စိတ္တဇည။

**"တိမ်အလွှင့် လအပြေး"** ည။

× × × ×

**(ဆယ့်ခြောက်)**

လေက တဖြူးဖြူးတိုက်နေသည်။

နွေလသာသော နွေညမြူတွေထဲတွင် ဝေမှိုင်းလွင် သူ့ မော်တော်ဆိုင်ကယ်နီလေးကို အရှိန်နှင့် တစ်ဟုန်ထိုးမောင်း ထွက်လာသည်။

ထင်းရှူးပင်တွေကြားက လမ်းပေါ်မှာ သူ့ဆိုင်ကယ်က တရိပ်ရိပ်။မွှေး ကိုယ်နွေးလေးက သူ့ကျောကို ရစ်ထွေးထားသည်။ မွှေး ဆံပင်တွေကမူ လေထဲမှာ လွင့်ဝဲပါလာနေသည်။

ဝေမှိုင်းလွင် ပျော်နေသည်။

သည်လို မွှေ့ကို ဆိုင်ကယ်နောက်မှာတင်ပြီး လရောင် အောက် မြူတွေကြားက ဝိုးတဝါးညတွေမှာ ဆိုင်ကယ်လေးကို စီးရသည်ကို သူ စွဲလန်းအနှစ်ခြိုက်ဆုံး။



www.burmeseclassic.com

www.burmeseclassic.com



မြို့လယ်က လမ်းမကြီးအတိုင်း ဆိုင်ကယ်ကိုဖြတ်မောင်း လာခဲ့သည်။မြို့တွေထဲမှ မီးရောင်စုံတွေက မလင်းလဲ့လဲ့ လင်းလဲ့နှင့်။

ညနက်လာပြီမို့ လူသွားလူလာလည်း ရှင်းနေသည်။

ဝေမိုင်းလွင် သူ့ဆိုင်ကယ်ကို ဈေးမြောက်ဘက်လမ်းထဲ ကွေ့ချိုးလိုက်သည်။ရှုမဝတိုက်အောက်ရှိ "ရန်မျိုးအောင်"လက်ဖက်ရည်ဆိုင်ရှေ့တွင် ဆိုင်ကယ်ကိုရပ်သည်။

သည်ဆိုင်လေးက ဝက်ပါဂူလေးတစ်ခုနှင့်တူသည်။သူတို့စုံတွဲ အရင်က လာနေကျဆိုင်လည်းဖြစ်သည်။

"လာမို့. . ကိုကိုတို့နွေးသွားအောင် အချမ်းပြေ ကော်ဖီပူပူလေး သောက်ကြရအောင်"

ဝေမိုင်းလွင် မို့လက်ဖျားလေးကို ယုယစွာဆွဲပြီး မြေအောက်ခန်းမ လှိုဏ်ဂူလေးထဲ လှမ်းဆင်းလာခဲ့သည်။ထိုင်နေကျအတွင်းခန်း ထောင့်တစ်ထောင့်မှ စားပွဲတစ်လုံးတွင် ဝင်ထိုင်လိုက်ကြသည်။ဝေမိုင်းလွင်က မို့နှင့်မျက်နှာချင်းဆိုင်မှာထိုင်သည်။သူ မို့ မျက်နှာဝင်းဝင်းကို ငေးကြည့်သည်။

သူ့ရင်ထဲမှာ မို့ ကိုယ်သင်းနံ့ မွှေးမွှေးလေးနှင့် မို့ကိုယ်ထဲမှ စိမ့်ထွက်လာသည့် "အဲဗွန်"စပရေး ရေမွှေးနံ့ သင်းသင်းလေး





တွေ ပျံ့သင်းလာသည်။

"ဘာသောက်မလဲ ဆရာ"

ဝေမိုင်းလွင် ကိုယ်လေးလှုပ်သွားသည်။ဟက်ခနဲ တစ်ချက်ရယ်လျက် သူ့စိတ်ရောင်စုံကို ပြန်စုစည်းသည်။

ဆတ်ကနဲ ချာတိတ်ကို ပြန်စောင်းမော့ကြည့်ပြီး အပြုံးတွန့်လေးနှင့်။

"ခါတိုင်းလိုပေါ့ကွာ"

"ဗျာ. ."

"နက်စ်နှစ်ခွက် အာဟာရနှစ်ပွဲပေါ့"

"ဗျာ. ."

စားပွဲထိုးကောင်လေး ကြောင်သွားသည်။ဝေမိုင်းလွင်ကို သေသေချာချာ ပြန်ကြည့်သည်။သူ နားကြားများ လွဲသလားလို့ပေါ့လေ။

"နက်စ်ကော်ဖီ နှစ်ခွက်. . အာဟာရနှစ်ပွဲလေကွာ"

ဝေမိုင်းလွင် ဒေါသငွေ့လေး ဝဲသွားသည်။စိတ်မရှည်စွာ ချာတိတ်ကို ခပ်ဆတ်ဆတ် ပြန်ပြောလိုက်ရုံမျှမက လက်နှစ်ချောင်းပါ ထောင်ပြလိုက်ပါသည်။

"ဩော် ဟုတ်. . ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ချာတိတ် ပြုံးပြီး ပြန်လှည့်ထွက်သွားသည်။

"ဒီဂူလေးထဲမှာ နွေးတယ်နော် မို့. . မို့ချမ်းနေလား"

ဝေမှိုင်းလွင် စိတ်ရောင်စုံလေးတွေ မျက်နှာချင်းဆိုင်မှ မို့မျက်နှာပေါ် ရောက်ရှိသွားပြန်သည်။

ဝင်းစက်လှပသော မို့အပြုံးပွင့်လေး။ဝေမှိုင်းလွင် နှလုံးသား လွင်ပြင်ဆီ ပြန်ရိုက်ခတ်သည်။

"မို့မချမ်းဘူးကိုကို. . နွေးပါတယ်"

မို့အသံလည်း နွေးမြမြ ရှတတကလေး ရင်ထဲ လွင့်ဝဲလာသည်။

"မို့ ကိုကို့ကို စိတ်မဆိုးဘူးနော်"

"ဘာကို စိတ်ဆိုးရမှာလဲ ကိုကို"

"ဩော်. . ကိုကို ရန်ကုန်မှာ အကြာကြီးနေပြီး မို့ကို ခွဲထား ခဲ့မိတာကိုလေ"

"စိတ်မဆိုးပါဘူး ကိုကို. . ကိုကိုက စုတ်တံနဲ့ ဆေးခွက်တွေကြားထဲမှာ မို့ကို မေ့မသွားဘူးဆိုတာ မို့ နားလည်ပါတယ် ဒါပေမယ့် ကိုကို့ကိုတော့ မို့အမြဲလွမ်းတယ်ကွယ်. . မို့ကိုအကြာကြီးတော့ ပစ်မထားပါနဲ့ ကိုကိုရယ်. . နော်"

"အို. . မို့ရယ် ဆောရီးကွာ ကိုကို ဘယ်တော့မှ မို့ကို





ပစ်မထားရက်ပါဘူးကွယ်. . ကိုကို့အသည်း ကိုကို့ဦးနှောက်ထဲမှာ မို့ဟာ အမြဲရှိနေပါတယ်ကွယ်. . ယုံပါ မို့ရယ်"

"သွားပါ. . မယုံပါဘူးနော်"

ဝေမှိုင်းလွင် စားပွဲပေါ်မှ မို့လက်ဖမိုးဖောင်းဖောင်းလေးတို လှမ်းဖိညှစ်ဆုပ်ထားလိုက်သည်။ရုတ်တရက် သူ့လက်နားမှာ ကော်ဖီနှစ်ခွက် ဆတ်ခနဲ ရောက်လာသည်။အငွေ့တထောင်းထောင်းလွင့်တက်နေသည်။

ဝေမှိုင်းလွင် မော့ကြည့်လိုက်တော့ စားပွဲထိုးချာတိတ်။

သူ့ရှေ့မှာ ပေါင်မုန့်ပေါ် နွားနို့နှင့်ကြက်ဥ မကျက်တကျက်လွှမ်းထားသည့် "အာဟာရ" ပန်းကန်နှစ်ပွဲလာချသည်။

"သင့်ခယူ. . ညီလေး"

ချာတိတ် ပြုံးကျဲကျဲလေးလုပ်ပြီး ပြန်လှည့်ထွက်သွားပြန်သည်။

"ကဲ. . ပူပူနွေးနွေးလေး စားလိုက်ဦး မို့"

နက်စ်ကော်ဖီ ပန်ကန်နှင့် အာဟာရပန်းကန်တစ်စုံ သူမို့ရှေ့နားဆီ ရွှေ့ပေးသည်။နက်စ်ကော်ဖီနံ့ မွှေးမွှေးလေးက မို့ကိုယ်သင်းနံ့နှင့် ရေမွှေးနံ့လေးတွေကို တဒင် ဖုံးလွှမ်းသွားသည်။

ဝေမှိုင်းလွင် ကြက်ဥနှစ်လေးဆမ်းထားသော ပေါင်မုန့်ကို

www.burmeseclassic.com



တစ်ခွန်း ခပ်စားသည်။ကော်ဖီကိုမှုတ်ပြီး တစ်ငုံသောက်သည်၊

မျက်လုံးက မို့ဆီ အကြည့်ရောက်သွားသည်။

အပြုံးတွန့်လေးနှင့်မို့ သူ့ကို ခပ်ညှုညှု လှမ်းကြည့်ကာ မျက်စိ တစ်ဖက်မှိတ်ပြသည်။ကော်ဖီ တစ်ငုံ ငုံ့ဆစ်သောက်သည်။

"အယက်"

ဝေမှိုင်းလွင် အကြည့်နူးလေး ကြည့်နူးသွားသည်။ချစ်ဇနီး မျက်နှာလေးကို ဇိမ်နှင့်ခံစားသည်။

ထိုစဉ် မြေအောက် လှိုဏ်ဂူခန်းလေးထဲမှ သီချင်းလေး တစ်ပုဒ် ငွေ့ဝဲလွင့်ထွက်လာသည်။

သီချင်းကလည်း အနောက်တိုင်း တေးသီချင်းတစ်ပိုဒ်။

**AINT SHE SWEET?**

**SEE HER COMING DOWN**

**THE STREET**

**NOW I ASK YOU VERY**

**CONFIDENTIALLY**

**AINT SHE SWEET? AINT**

**SHE NICE?**

**LOOK HER OVER ONCE**





**OR TWICE,**

**NOW I ASK YOU VERY**

**CONFIDENTALLY**

**AINT SHE NICE?**

စီးမျောနေသော ဂီတလှိုင်းလေးတွေကြားမှ မို့ကို ဝေမှိုင်း လွင် ကြင်နာငွေ့နှင့် လှမ်းကြည့်သည်။

"တဲ. . ကိုကို ပြန်ကြစို့ကွယ်. . ညဉ့်နက်နေပြီ"

မို့ အသံလေး ရင်ထဲ ဖြတ်စီးလာသည်။ဝေမှိုင်းလွင် ခေါင်း ညိတ်ပြသည်။နေရာမှထသည်။ငွေအမ်းကောင်တာကို လှမ်း သွားပြီး ကျသင့်ငွေကို ရှင်းပေးသည်။

အိတ်ထဲက စီးကရက်ဘူးကို ထုတ်ပြီး ဒူးယားတစ်လိပ် နှုတ်ခမ်းမှာတပ်သည်။ဂက်စ်လိုက်တာ မီးခြစ်လေးဖြင့် မီးညှိ သည်။ပြီးနောက် မြေအောက်လှိုဏ်ဂူလေးထဲမှ မို့နှင့်အတူ လှမ်း ထွက်လာခဲ့သည်။စားပွဲထိုးချာတိတ်က ဝေမှိုင်းလွင်တို့ သောက် သွားကြသည့်စားပွဲကို လာသိမ်းသည်။

ချာတိတ်စားပွဲကိုကြည့်ပြီးကြောင်သွားသည်။ခေါင်းကုတ် ပြီးသူစဉ်းစားနေသည်။

"ဒီလူတစ်ယောက်တည်းလာပြီး မှာတော့ကော်ဖီနှစ်ခွက်၊



www.burmeseclassic.com

www.burmeseclassic.com



အာဟာရနှစ်ပွဲ. . ခုသောက်သွားတော့ကော်ဖီတစ်ခွက်တည်း အာဟာရလည်းတစ်ပွဲတည်းစားသွားတယ် ဘာသဘောပါလိမ့် ကြောင်တောင်တောင်နဲ့ခပ်ပေါက်ပေါက်ပဲလား မသိပါဘူး ပါး စပ်ကလည်း တိုးတိုးတိုးတိုးနဲ့ ဘာတွေမန်းမှုတ်နေတယ်မသိပါ ဘူး. . တစ်ယောက်တည်းလည်း ပြောလိုပြော ရယ်လိုရယ်နဲ့ အင်း. . ဒါပေမယ့်ပုံကတော့မိတယ် ဇာတ်လိုက်လိုပဲ အပျံစား ပဲ”

စားပွဲထိုးချာတိတ်ရင်ထဲမှာ ပဋ္ဌာဆန်သွားသည်။အတွေး သချာတစ်ပုဒ်ကို အဖြေထုတ်ရင်း အေးစက်နေသော ကော်ဖီ နှစ်ခွက်နှင့် အာဟာရမုန့်ပန်းကန်လေးကို ဆွဲယူသွားပါသည်။

× × × ×

အပြင်ဘက်တွင်မူ တောင်ကြီးညသည် ပန်းချီဆန်စွာလှ လျက် စိမ့်အေးနေသည်။

လရောင်ထဲမှာ ညမြူပွင့်မှုန်မှုန်လေးတွေက လွင့်နေဆဲ ။

ဝေမှိုင်းလွင်သူ့ဆိုင်ကယ်အနီလေးကို ထင်းရှူးတောတန်း လရောင်အောက်မှ ဖြတ်မောင်းလာခဲ့သည်။

ပြီးတော့ ‘သစ်ခွအိမ်’ ခြံကလေးထဲသို့ ဝင်လာခဲ့သည်။





ဝေမှိုင်းလွင်တွင် မျက်နှာက လမင်းလေးလို ချစ်ရည်ရွှန်းလဲ့နေ သည်။ကြည်နူးရိပ်ဝေ မျက်လုံးလေးတွေ စိုလက်နေသည်။

“ဦးဖူးဝေ မအိပ်သေးပဲကိုး. . ကျုပ်တို့ကိုတမင်စောင့်နေ တာကိုး. . ကျေးဇူးပဲ ဦးဖူးဝေ ဂွတ်နိုက်နော်”

ပြောပြောဆိုဆိုပင် လှေကားပေါ် လှမ်းတက်လာခဲ့သည်။ မှီ ပခုံးကိုပွေ့ကာ အိပ်ခန်းထဲဝင်လာခဲ့သည်။

သည်ညဝေမှိုင်းလွင်အရမ်းပျော်နေသည်။မို့ကိုကုတင် ပေါ် ညင်သာစွာမွေ့လဲ့ပြီး ချစ်အနမ်းမိုး ဖွဲဖွဲလေး ရွာချလိုက် သည်။

“အို. ကိုကိုရယ်. . အိုကွယ်. . ကြည့်ပါလား”

ဝေမှိုင်းလွင်၊ဝေမှိုင်းလွင်

မသိစိတ်၊သိစိတ်တွင် ဝေ့ဝေ့လွင့်မျောလျက် နွေညမြူမှုန် ထဲမှာ စိတ္တဇသားကောင်ပမာ ပိတ်မိနေပါပေါ့လား ဝေမှိုင်းလွင် ရယ်. .

× × × ×



www.burmeseclassic.com

www.burmeseclassic.com



(ချနစ်)

"ဝေမှိုင်းလွင် . . ဝေမှိုင်းလွင်"

ဦးဖူးဝေ တံခါးကို ညင်သာစွာခေါက်သည်။သူစိတ်ပူသွားသည်။အပေါ် ထပ်တက်လာပြီး ဝေမှိုင်းလွင်ကို နှိုးမည်စိတ်ကူးသည်။

ညက ဝေမှိုင်းလွင် စိတ်တွေသိပ်လှုပ်ရှားပြီး ပင်ပန်းစွာ အိပ်ပျော်နေသလား။

"ဝေမှိုင်းလွင်"

ဦးဖူးဝေ ညင်သာစွာထပ်ခေါ်ကြည့်သည်။ဘာသံမှမကြား တံခါးကို တွန်းကြည့်သည်။ ဖြည်းညင်းစွာ ပွင့်သွားသည်။ တံခါးက စေ့ရုံစေ့ထားသည်။

ဦးဖူးဝေ ခန်းစည်းကိုလှပ်ပြီး ခုတင်ဆီမဝင့်မရဲ လှမ်းကြည့်သည်။အိပ်ရာတစ်ခုလုံး ခေါင်းအုံးတွေ၊စောင်တွေ ပြန့်ကျဲနေသည်။ဖရိုဖရဲ ဖြစ်နေသည်။

ဝေမှိုင်းလွင်ကိုလည်း မတွေ့ရ။ဦးဖူးဝေ စိုးရိမ်သွားသည်။ အခန်းထဲ လှမ်းဝင်လာသည်။အခန်းကို ဝေ့ကြည့်သည်။

ခေါင်းရင်းဘက် နံရံအနီးတွင် ဝေမှိုင်းလွင် မှောက်ရက်





ကြီး လဲကျနေသည်။မို့ ဆေးရောင်စုံ ပန်းချီကားချပ်ကြီးပေါ် မှာ မှောက်နှာအပ်လျက်သား လဲကျပြီး မေ့နေသည်။

"ဝေမှိုင်းလွင် . . ဝေမှိုင်းလွင် ဟင် . . ကိုယ်တွေလည်း ခြမ် ခြစ်တောက်ပူနေပါလား"

ဦးဖူးဝေ ဝေမှိုင်းလွင်ကို ပွေ့ထူလိုက်ပြီး လှုပ်နိုးသည်။ ပါးစပ်က တတွက်တွက်ခေါ်ကြည့်သည်။မရ . . ဝေမှိုင်းလွင် သတိလစ်နေသည်။

"မို့ . . မို့ . . မို့ ဘယ်မှာလဲ ကိုကို မို့ကိုချစ်တယ် . . မို့ ကိုကို့ ထိုခွဲမသွားပါနဲ့"

ဝေမှိုင်းလွင် ပါးစပ်က ကယောင်ကတမ်းတွေပြောပြီး ညည်းနေသည်။တစ်ကိုယ်လုံးလည်း ခြစ်ခြစ်တောက်ပူနေသည်။

ဦးဖူးဝေ ဝေမှိုင်းလွင်ကို မနိုင့်တနိုင်ပွေ့ချီပြီး ခုတင်ပေါ် တင်ပေးသည်။ဂွမ်းစောင်ကို ကိုယ်ပေါ် လွှမ်းခြုံပေးသည်။

"မဖြစ်ဘူး ဆရာဝန်ခေါ် မှဖြစ်မယ် . ."

ဦးဖူးဝေ အောက်ထပ်သို့ ကမန်းကတန်းပြန်ဆင်းလာခဲ့သည်။ဧည့်ခန်းထဲရှိ တယ်လီဖုန်းရှိရာသို့ လှမ်းသွားနေသည်။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်စိတ်ကျန်းမာရေး ဆေးရုံကြီး၏ တစ်ခုသောအခန်းလေးသည် ငြိမ်သက်နေသည်။

"မောင်ဝေမှိုင်းလွင် စိတ်တွေကို ငြိမ်ငြိမ်ထား. . ဟောဒီချိန်သီးလေးကို သေသေချာချာကြည့် ဟုတ်ပြီ သေသေချာချာကြည့် မင်းစိတ်တွေကို ငြိမ်ငြိမ်လေးထား. . အသက်ကိုမှန်မှန်ရှူ. . စိတ်တွေကို တင်းမထားနဲ့. . လျှော့ချလိုက်. . စိတ်တွေကို လျှော့ချလိုက်. . ဟုတ်ပြီ မျက်လုံးတွေလေးလာပြီ မင်းမျက်လုံးတွေလေးလာပြီ အေး. . ဖျော့ချလိုက် မင်းတစ်ကိုယ်လုံးဖျော့ချလိုက်. . စိတ်အေးအေးထား. . မှိတ်လိုက် မျက်လုံးတွေကို မှိတ်လိုက် ဟုတ်ပြီ ဟုတ်ပြီ. . ."

ဝေမှိုင်းလွင် သူ့စိတ်တွေကို ကြိုးစားပြီးဖျော့ချသည်။ မျက်လုံးတွေကို မှိတ်ထားလိုက်သည်။ မွေ့ရာပေါ်မှာ ပက်လက်လှန်ပြီး အသက်ကို မှန်မှန်ရှူနေသည်။

သူ(**Hipnotise**)စိတ်ညို့ခံထားရ၏။ "စိတ်ရောဂါအထူးကု ဆရာဝန်ကြီး ဒေါက်တာခမ်း"က လက်ထဲမှ လှုပ်ရှားနေသောချိန်သီးကြိုးလေးကို ရပ်လိုက်သည်။ ဂျူတီကုတ် အင်္ကျီအိတ်ထဲသို့ ဖြည်းညင်းစွာထည့်လိုက်သည်။

"မောင်ဝေမှိုင်းလွင် မင်းကို ဆရာမေးမယ်နော်. . မင်းမှန်





မှန်ဖြေနော် ကြားလားမောင်ဝေမှိုင်းလွင် "

"ဟုတ်. . ဟုတ်ကဲ့ဆရာ ဒါ. . ဒါပေမယ့် ကျွန်တော် ကြောက်တယ်. . ကြောက်တယ်ဆရာ"

ဝေမှိုင်းလွင် အသံက တိုးသဲ့သဲ့ တုန်ရီရီ ထစ်ငေါ့စွာနှင့် ဖွင့်ထွက်လာသည်။

"ကြောက်တယ်"

"မင်း ဘာကိုကြောက်တာလဲ မောင်မှိုင်းလွင် ဘယ်သူ့ကို ကြောက်တာလဲပြော. . "

"ဟို သွေးတွေ သွေးတွေကို ကျွန်တော်ကြောက်တယ်"

"သွေးတွေကို ဟုတ်လား ဘာကြောင့်သွေးတွေကို မင်းကြောက်တာလဲ ဆရာ့ကို ပြောပြစမ်း ဘယ်ကသွေးတွေလည်း မင်းမှတ်မိတာကို ပြောပြစမ်း"

ဝေမှိုင်းလွင် သူ့နှုတ်ခမ်းကို ညင်သာစွာဖိကိုက်သည့် နှုတ်ခမ်းများက ရွရွ တုန်ခါနေသည်။ သူ့အသက်ကို ရှူထုတ်လိုက်သည်။ ပြီးမှ ဖြည်းဖြည်းပြန်ပြောသည်။

"ကျ. . ကျွန်တော် ဆယ်နှစ်သားအရွယ်ကပေါ့"

"ဆယ်နှစ်သားအရွယ်က ဟုတ်ပြီ ဘာဖြစ်ခဲ့လဲပြော"

"တောင်ကြီးကနေ လွိုင်လင်ကို ကားနဲ့သွားခဲ့ကြတယ်. .



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် ဖေဖေ နဲ့ မေမေ ပြီးတော့ ကျွန်တော့် အစ်မလည်း ပါတယ်. . လှိုင်လင်ကို မရောက်ခင် သူပုန်တွေနဲ့တွေ့တယ် သူပုန်တွေက သေနတ်နဲ့ပစ်တယ်. . အဲ အဲဒီမှာ ကျွန်တော့် ဖေဖေ နဲ့ မေမေရော အစ်မပါ သွေးအိုင်ထဲမှာ လဲပြီးသေဆုံးကြ တယ်. . မေမေ နဲ့ အစ်မ သွေးအိုင်ထဲမှာ လူးလိမ့်နေတယ် အဲဒီ ထဲက ကျွန်တော် သွေးတွေကို မကြည့်ရဲတော့ဘူး သွေးမြင်ရင် ကျွန်တော်သိတ်ကြောက်လာတယ်. . ”

ဝေမှိုင်းလွင် အသက်ကိုခပ်ပြင်းပြင်းရှိုက်သည်။ သူ့မျက်နှာ ချွေးဥကလေးတွေစို့လာသည်။ပါးစပ်ကိုဟပြီး ခေါင်းကိုယမ်းလှုပ် သည်။ဝေမှိုင်းလွင်မျက်နှာက အားငယ်ကြောက်လန့်နေဟန်။

ဒေါက်တာခမ်း ငွေငွေပြုံးသည်။ခေါင်းကို ခပ်လေးလေး ညိတ်လျက်. .

“ဟုတ်ပြီ မောင်ဝေမှိုင်းလွင် ဒါကြောင့် မင်းမသိစိတ်ထဲမှာ သွေးတွေကိုမြင်ရမှာ ကြောက်လန့်နေခဲ့တာကိုး. . ပြီးတော့ရော မင်းရင်ထဲမှာ မျိုသိပ်ခံစားရတာတွေ ဘာတွေများရှိသေးလဲ မောင်ဝေမှိုင်းလွင် ”

“ရှိ. . ရှိသေးတယ် ဆရာ”

“ရှိသေးရင် ပြောပြစမ်းပါဦး မောင်ဝေမှိုင်းလွင်”



“ဟို မြူတွေဝေ့မှိုင်းနေတဲ့ လသာတဲ့နွေညတွေ ရောက် လာမှာကိုလည်း ကျွန်တော် မလိုလားဘူး ကျွန်တော့်စိတ်ထဲမှာ အဲဒီလို မြူတွေဝေ့နေတဲ့ လသာတဲ့ နွေညတွေကို ချစ်လည်းချစ် တယ် ကြောက်လည်းကြောက်တယ်. . ဒါပေမယ့် အဲဒီနွေည တွေကို ကျွန်တော့်စိတ်ထဲက မေ့လို့မရဘူး အမြဲသတိရ မျှော် လင့်နေမိတယ်ဆရာ”

ဒေါက်တာခမ်း မသိမသာလေးပြုံးလျက် ခေါင်းညိတ်သည်။

“ဪ. . ဟုတ်လား ဒါဆိုအဲဒီ မြူငွေတွေ ဝေ့မှိုင်းပြီး လသာနေတဲ့နွေညတွေမှာ မောင်ဝေမှိုင်းအတွက် သတိရစရာ ကြေကွဲလွမ်းဆွတ်စရာ အဖြစ်အပျက် တစ်ခုခုများ ရှိနေလို့လား ရှိနေတယ်ဆိုရင်လည်း မင်းရင်ထဲမှာ ကျိတ်ပြီးမခံစားနေနဲ့ ဟုတ်လား. . ဖွင့်ထုတ်လိုက်နော် သေသေချာချာ စဉ်းစားပြီးပြန် ပြောပြ မောင်ဝေမှိုင်းလွင် မင်းဘာမှ အားမငယ်ပါနဲ့နော်. . ”

“ဟုတ်ကဲ့ဆရာ. . ကျွန်တော့်ရဲ့ ရင်ထဲက ခံစားချက်တွေ ကို ပြောပြပါတော့မယ်. . ဒီလိုပါဆရာ မြူငွေတွေဝေနေတဲ့ လသာတဲ့နွေညတွေဟာ မို့ နဲ့ပတ်သတ်နေလို့ပါပဲ”

မောင်မှိုင်းလွင် သူ့စကားကို တဒင်္ဂရပ်ထားသည်။ အသက်ကို ရှိုက်လိုက်ပြီး အာရုံတွေကိုစုစည်းနေဟန်တူသည်။

www.burmeseclassic.com

www.burmeseclassic.com



"မို့ . . မို့ ဆိုတာက ဘယ်သူလဲ မောင်မှိုင်းလွင်"

ဒေါက်တာခမ်းက သူ့စကားကို ဆက်ပေးလိုက်သည်။ အခန်းထဲမှ လျှပ်စစ်မီးလုံး အပြာနုလေးက ဝေမှိုင်းလွင် မျက်နှာပေါ် ဖြာကျနေသည်။

ဝေမှိုင်းလွင်မျက်နှာက ထိုတဒင်္ဂတွင် ပို၍ ငွေမှိုင်းနေကာ ဝါဖျော့ဖျော့လေးဖြစ်နေသည်။

"မို့ ဆိုတာကျွန်တော် အသက်လောက်ချစ်ရတဲ့ ကျွန်တော့် ဇနီးပါ"

"ဪ . . မို့နဲ့ ဘယ်လိုပတ်သတ်နေလို့လဲ မောင်ဝေမှိုင်းလွင် ရှင်းပြစမ်းပါဦး"

"ဒီလိုပါ ဆရာ"

ဝေမှိုင်းလွင် အသက်ကို ရှိုက်သွင်းလိုက်ပြီး အာရုံတွေကို စုစည်းလိုက်ပြန်သည်။သူ့မျက်နှာက မှိုင်းမှုန်သွားကား မျက်ခုံးနှစ်ဖက်ကလည်း ကျဉ်းစုသွား၏။

"ဟိုး . . လွန်ခဲ့တဲ့ လေးနှစ်လောက်က ချယ်ရီတွေပွင့်နေတဲ့ ချစ်စရာနေ့ကလေးတစ်နေ့မှာ မို့ နဲ့ ကျွန်တော် စတင်သိကျွမ်းခဲ့ကြတယ်ဆရာ"

ထိုစဉ်ခဏဝယ် ဝေမှိုင်းလွင်မျက်နှာလေးသည် ကြည်နူး





ချမ်းမြေ့နေပါလေသည်။

× × × ×

"အဲဒီတုန်းက ကျွန်တော် ဒဿနိကဘာသာနဲ့ ရန်ကုန်တက္ကသိုလ်က ဘွဲ့ရထားပြီး ဦးလေးနဲ့ပြင်သစ်နိုင်ငံ 'ပဲရစ်' မြို့မှာ သွားလိုက်နေတယ် . . နောက်ပြင်သစ်က ပြန်လာပြီးတောင်ကြီးမှာ "မြူလွင်ပြင်" ပန်းချီအရောင်းပြခန်းတစ်ခု ဖွင့်ထားခဲ့တယ် အဲဒီဆိုင်မှာ မို့က ကျွန်တော့်ပန်းချီကားတွေ လာဝယ်ရင်းနဲ့ ခင်မင်သွားကြရာက ချစ်သူတွေဖြစ်သွားခဲ့ကြတယ် . . အဲဒီတုန်းက မို့က 'ပင်းဒယ' ကနေ တောင်ကြီးကောလိပ် 'ဒုတိယ'နှစ်မှာ ကျောင်းလာတက်နေတဲ့ 'ဓနု'အမျိုးသမီးလေးပေါ့ဆရာ တိုတို ပြောရရင် သူနဲ့ကျွန်တော် ချစ်သူဖြစ်ခဲ့ကြပြီး တစ်နှစ်မြောက်အကြာ ချယ်ရီတွေပွင့်နေတဲ့ နေ့တစ်နေ့မှာပဲ တောင်ကြီးဟိုတယ်မှာ လက်ထပ်ခဲ့ကြပါတယ် . ."

ဝေမှိုင်းလွင် စကားကို ခဏရပ်ပြီး သက်ပြင်းဖြည်းဖြည်း ချသည်။

"ဆက်ပြောပါဦး မောင်ဝေမှိုင်းလွင်"

"ဟုတ်ကဲ့ လက်ထပ်ခဲ့ပြီး ကျွန်တော်တို့နှစ်ဦးဟာ



www.burmeseclassic.com

www.burmeseclassic.com



သိပ်ပျော်ခဲ့ကြတယ်ဆရာ ဘယ်လိုပျော်မှန်းမသိပါဘူး"

"ဟုတ်တာပေါ့ကွာ သိပ်ပျော်စရာပေါ့"

"ဟုတ်တယ်ဆရာ အရမ်းကို ကျွန်တော်တို့ပျော်ကြတာ အဟင်း. . ဟင်း တတယ်ပါ. .

အဲဒီဘဝလေးဟာ ကျွန်တော့်ဘဝမှာ အပျော်ဆုံးအချိန်လေးပါဆရာရယ်"

ဝေမှိုင်းလွင် အသံလေးသည် ပျော်ရွှင်ကြည်နူးနေရာမှ ဆို့နင့်တိမ်ဝင်သွားသည်။ ကြွဲအက်တုန်ရီသွားသည်။

"ဒါပေမယ့် ဘာဖြစ်လဲ မောင်ဝေမှိုင်းလွင်. . ဆက်ပါဦး"

"ဒါပေမယ့်ဆရာရယ်. . ကျွန်တော်နဲ့မို့ လက်ထပ်ပြီး တစ်လနဲ့ဆယ်ရက်မြောက်တဲ့ညတစ်ညမှာပေါ့. . အဲဒီညက မြူငွေ့တွေက ဝေမှိုင်းနေတယ်. . လကလည်း ဝင်းဝင်းစက်စက်ချစ်စရာ သာနေပါတယ်. . အဲဒီညမှာ မို့နဲ့ကျွန်တော် မြစိမ်းဖိတောင်ပေါ်ကနေ ဆိုင်ကယ်စီးပြီး ပြန်လာခဲ့ကြတယ်. .

အဲဒီညနေက တောင်ပေါ်မှာရှိတဲ့ ကျွန်တော့်ညစ်တော်ခြံကို မို့နဲ့ကျွန်တော် သွားလည်ခဲ့ကြတာ. . ခြံထဲမှာ ကျွန်တော်က မို့ကို အနေအထား အမျိုးမျိုးနဲ့ ဓာတ်ပုံရိုက်ခဲ့တယ်. . ပြီးတော့ ခြံထဲက ရေထွက် တောင်ကျ စမ်းရေအိုင်လေးထဲမှာ အတူတူရေ





ချိုးခဲ့ကြတယ်. .

မို့က သူ့ဆံပင်ရှည်တွေကို ဖြေချပြီး ခေါင်းလျှော်သေးတယ်. . အဲဒီဆံပင်ရှည်တွေကြောင့်လည်း မို့ဟာ ရှုပ်ပျက်ဆင်းပျက် သေပွဲဝင်ခဲ့ရတာပဲ ဆရာ"

"ဟင်. . ရုပ်ပျက်ဆင်းပျက် ဟုတ်လား. . ဘယ်လိုသေခဲ့ရတာလဲ ဆိုပါဦး"

"ဟုတ်တယ်ဆရာ ဒီလိုပါ. . မို့က ခေါင်းလျှော်ပြီး ဆံပင်တွေ ဖြန့်ချလာခဲ့တယ်. . လေသလပ်ပြီး ခြောက်သွားအောင်လို့ပေါ့လေ. . တစ်ခါတစ်ခါလည်း ဒီလိုပဲ သူ့ဆံပင်တွေကို ဖြန့်ချပြီး ကျွန်တော့်ဆိုင်ကယ်နောက်က စီးနေကျပါ. . ဒီညနေမှ ဖြစ်ချင်လို့ . . ကျွန်တော်လည်း အမှတ်တမဲ့မို့ သတိမထားမိဘူးဆရာ. . မို့က ဆိုင်ကယ်နောက်က ကယ်ရီယာခုံပေါ်မှာ ကျွန်တော့်ခါးကိုဖက်ပြီးပါလာတာ. . ကျွန်တော်ကရှေ့က မို့ကို စကားတပြောပြောနဲ့ ဆင်းလာခဲ့တယ်. .

ကျွန်တော်တို့ တောင်ပေါ်ကပြန်လာတော့ ညခုနစ်နာရီခွဲလောက်ရှိပြီ. . မြူငွေ့တွေကလည်း ဖြည်းဖြည်းလွင့်နေတယ် လေကလည်း တဟူးဟူးတိုက်နေတယ်"

"အင်း. . ဆက်ပြောပါ မောင်ဝေမှိုင်းလွင်"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ချက်တစ်ချက် ကျွန်တော်က မို့ကို ရယ်စရာလေး တွေပြောရင် မို့ကရယ်တယ်. . လေကတိုက်နေတော့ တစ်ခါ တစ်ခါလည်း ကောင်းကောင်းမကြားရဘူး. . ဆိုင်ကယ်စက်သံ ကလည်းကျယ်တော့ မို့ရယ်သံလေးတွေ နားထဲမှာ ဗလုံးဗထွေး ဖြစ်နေတယ်. . တစ်ခါတစ်ခါ မို့က ကျွန်တော့်ခါးကို ဖက်ထား ရာက လက်လွှတ်ပြီး သူ့ဆံပင်တွေကို လေထဲမှာ ဖွာဝဲလွင့်လာ တယ်. . ကျွန်တော်ကတော့ ဘာမှသတိမထားပဲ ဆိုင်ကယ်ကို အရှိန်နဲ့ တောင်ပေါ်ကနေ ကွေ့ပတ်ပြီး မောင်းဆင်းလာခဲ့တယ်

အဲ. . ရေထွက်ဦးလမ်း မြို့စပ်ထဲအဝင် အေးစေတီဘုရား ကွေ့လေးလည်းရောက်ရော လူတွေက ကျွန်တော့်ကို အလန့် တကြားနဲ့ လှမ်းအော်တာနဲ့ ဆိုင်ကယ်ကိုရပ်ပြီး မို့ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်တော့ မို့ ထိုင်ခုံပေါ်မှာ မရှိတော့ဘူး. . သေ သေချာချာကြည့်လိုက်တော့မှ မို့ဟာ. . မို့ဟာ. ."

"မို့ ဘာဖြစ်သွားလဲ မောင်ဝေမှိုင်းလွင်"

ဒေါက်တာခမ်းက အေးဆေးတည်ငြိမ်စွာမေးသည်။ ဝေမှိုင်းလွင်အသံ ဆို့နင့်အက်ကွဲစွာ ပြန်ပေါ်လာသည်။

"မို့ဟာ ကျွန်တော့်ဆိုင်ကယ်နောက်ဘီးနားမှာ ဒရွတ် တိုက်ပြီး လိမ့်ပါလာတာကိုးဆရာ. . သူ့ဆံပင်တွေက ဆိုင်ကယ်





နောက်ဘီးထဲမှာ ရစ်ပတ်ရှုပ်ထွေးနေပြီး မျက်နှာနဲ့ခေါင်းတစ်ခု လုံးမှာလည်း သွေးတွေရွှဲနစ်နေတာ မကြည့်တော့ရက်စရာပါပဲ မြင်မကောင်း ရှုမကောင်းစရာပါပဲ ဆရာ. . လေကလည်းတိုက် နေတော့ ဆိုင်ကယ်စက်သံနဲ့ မို့အော်သံတွေကို ကျွန်တော်မ ကြားရဘူး. . မိုးကလည်းချုပ်နေပြီဆိုတော့ လူကလည်းရှင်းနေ တယ်. . မို့ဟာ တစ်လမ်းလုံး ဒရွတ်တိုက် လိမ့်ပါလာမှာပေါ့. . အေးစေတီနားအရောက် လူတွေအလန့်တကြားအော်ကြတော့ မှ ကျွန်တော်သိတာ. . ကျွန်တော်သိတော့ မို့ဟာ အသက်မရှိ တော့ဘူး. . အဲဒီနေရာမှာပဲ ကျွန်တော်လည်း မို့ရဲ့သွေးတွေ မျက်နှာပေါ်မှာ ရွှဲနေတာကိုတွေ့ပြီး မို့. . မို့လို့ခေါ်ရင်း မို့ကိုဆွဲ ပွေ့ပြီး မေ့လဲကျသွားခဲ့တာပဲ ဆရာ. ."

ဝေမှိုင်းလွင် ရှိုက်သက်ပြင်းကို လေးလေးချသည်။စကား ပြောရလွန်းသဖြင့် သူ မောသွားပုံရသည်။ ရင် နိမ့်ချီမြင့်ချီ ဖြစ်နေသည်။

"ဩော်. . ဟုတ်ပြီ ဆရာနားလည်ပြီ မောင်ဝေမှိုင်းလွင် . . နားလည်ပြီ. . ဒါကြောင့် မင်းဟာ မြူတွေဝေပြီး လသာနေတဲ့ နွေညတွေကို မင်းရဲ့မသိစိတ်ထဲကနေ တမ်းတစွဲလမ်းနေတဲ့ တိုး. . ပြီးတော့ ဒီ အစွဲအလမ်းတွေကို မမေ့နိုင်တဲ့အဆုံးမှာ



www.burmeseclassic.com

www.burmeseclassic.com



မင်း သိပ်ချစ်တဲ့ဇနီးအပေါ် မြှုနေတဲ့စိတ်လေးနဲ့ စိတ်ကူးယဉ် ပုံဖော်မိခဲ့တာပေါ့ . . ဒီတော့ မောင်ဝေမှိုင်းလွင်ရဲ့ စွဲလမ်းတမ်းတမှုလေးကို မသိစိတ်က ဖုံးထားပြီး မြူငွေ့တွေဝေနေတဲ့ နွေညလသာရက်တွေမှာ မို့ဟာ မင်းအနားမှာ အမြဲရှိနေခဲ့တယ်လို့ မင်း ယူဆခဲ့တယ် . . ဟုတ်တယ် မဟုတ်လား မောင်ဝေမှိုင်းလွင်"

"ဟုတ် . . ဟုတ်ပါတယ် ဆရာ . . "

"ဒါပေမယ့် တစ်ကယ်တော့ မို့ဟာ မရှိတော့ပါဘူး မောင်ဝေမှိုင်းလွင် . . အစွဲအလန်း . . အစွဲအလန်း . . မင်း ယဉ်ယဉ်လေးနဲ့ စိတ်ကူးယဉ် အိပ်မက်နေခဲ့တာပါလေ . . မဟုတ်ဘူးလား မောင်ဝေမှိုင်းလွင် . . "

"ဟုတ်ပါတယ် ဆရာ . . ကျွန်တော် နားလည်ပါပြီ"

"အေးလေ . . ဒီတော့ မင်းသိပြီပဲ . . ဒီ အတိတ်ဆိုးတွေကို မောင်ဝေမှိုင်းလွင် မင်း မေ့လိုက်တော့ . . ဒီနေ့ ဒီအချိန်ကစပြီး ဒီအတိတ်မြူညစ်ဆိုးတွေကို မင်း ခေါင်းထဲက ထုတ်ပစ်လိုက်တော့ မောင်ဝေမှိုင်းလွင် . . နော်"

"ဟုတ် . . ဟုတ်ကဲ့ပါဆရာ . . ကျွန်တော် ဒါတွေကို ခု





ရှင်းရှင်းလင်းလင်း မြန်သတိရပါပြီ . . နောက် မစဉ်းစားတော့ပါဘူး ဆရာ . . ကျွန်တော် ကောင်းကောင်းသတိရပါပြီ ဆရာ"

"အေး . . ကောင်းပါတယ်ကွယ် . . မင်း နေကောင်းသွားပါပြီ . . မင်းလည်း ပင်ပန်းသွားပြီ အနားယူလိုက်ပြီး စိတ်တွေကို ငြိမ်ငြိမ်လေးထားလိုက် . . ပြီးတော့ မင်း အိပ်ပျော်သွားအောင် အိပ်လိုက် . . မင်း နိုးလာရင် ရှင်းရှင်းနေကောင်းသွားလိမ့်မယ် . . ကဲ ကဲ စိတ်ငြိမ်ငြိမ်ထားပြီး အိပ်လိုက် . . အိပ်လိုက်တော့ မောင်ဝေမှိုင်းလွင်"

"ဟုတ်ကဲ့ ဆရာ . . "

ဒေါက်တာခမ်း ထိုင်ရာမှ ထရပ်လိုက်သည်။

ဝေမှိုင်းလွင် အိပ်ရာဖြူဖြူပေါ်တွင် အသက်ကိုဖြည်းညင်းစွာရှူလျှက် စိတ်များကို လျှော့ချလိုက်သည်။

မကြာမီ သူ နှစ်ခြိုက်စွာအိပ်ပျော်သွားတော့သည်။

စိတ္တဇမြူညစ်ဆိုးများ သူ့အသည်းထဲတွင် ဝေ့ပျက် လွင့်ထွက်သွားခဲ့လေပြီ။ဆေးရုံခန်းလေးသည် ပြာလဲ့မှုန်မှုန်လင်းလျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ခါ . .

အိပ်ပျော်နေရာမှ ဝေမှိုင်းလွင် နိုးလာလျှင်တော့ . .

ချိုမွှေးသင်းပျံ့သည့်ချစ်ရနံ့များဖြင့် . .

**နန်းထိုက်စိုး**

**(နိုင်ငံခြားဘာသာတက္ကသိုလ်)**



# သက်တန့်နှင်းဆီနီပမောက်

နာမည်ကတော့ ခပ်ဆန်းဆန်း။ (**Matarban gulf**) 'မုတ္တမကွေ့'တဲ့။ အပြာရောင် 'မုတ္တမကွေ့' တိုက်ခန်းလေးပေါ် မမျှော်လင့်ပဲ ကျွန်တော်ရောက်လာခဲ့၏။

ဆန်းကြယ်သော ကံတရားက 'နန်းနွယ်စိုး'ဆိုသည့် စာရေးဆရာဘက်မှာ ရပ်တည်လာပြီ။

စင်စစ် သည်တိုက်ခန်းက ကျွန်တော့်ကိုယ်ပိုင်တိုက်ခန်း တော့မဟုတ်။ ညီဝမ်းကွဲတော်သူ စက်တင်းအင်ဂျင်နီယာ 'ဦးနှင်းထိုက်'ရဲ့ တိုက်ခန်း။ သူက လူပျိုလူလွတ်လည်းဖြစ်၊ပင်

www.burmeseclassic.com



လယ်ပြင်မှာ သင်္ဘောတစ်စီးနှင့် လွင့်မျောနေသည့် သင်္ဘောသားလည်းဖြစ်သည်။

ခုလည်း သူ ဒီတစ်ခေါက် မြန်မာပြည်ပြန်ရောက်ပြီး မကြာမီမှာပင် သူ သင်္ဘောပြန်ထွက်ရမည်မို့ ကျွန်တော့်ကို သူ့တိုက်ခန်းပြော 'မုတ္တမကွေ့' (Matarban gulf)လေးကို ခေတ္တနေပိုင်ခွင့် လွှဲအပ်ထားခဲ့သည်။

တိုက်ခန်းလေးက အဆင့်မြင့်ရပ်ကွက်တစ်ခုထဲမှာရှိသည်။ကံထရိုက်တိုက်ခန်းတစ်ခုဖြစ်ပြီး ဘာမှလိုလေသေးမရှိအောင် ပြည့်စုံသည်။လော့ဒ်ဂျင်း (Lodging)လေးတစ်ခုနှင့်တူသည်။ကျွန်တော် အဆင်သင့် စိတ်ချမ်းသာစွာ တက်နေရုံဖြစ်သည်။

ကျွန်တော်က 'စာရေးဆရာ'ပီသစွာ မုတ္တမကွေ့လေးထဲမှာ ကိန်းအောင်းပြီး နေလာခဲ့သည်။တစ်ပတ်ခန့်ရှိပြီ။ အခန်းထဲမှာ ကက်ဆက်လေးဖွင့်စာရေး။ ပျင်းရင် အပြင်ထွက် လမ်းလျှောက်။ နီးရာ လက်ဖက်ရည်ဆိုင်ဝင်ထိုင်။ ကြုံရာထမင်းဆိုင်မှာ ထမင်းစား။ ညညဆိုလည်း ဈာန်ဝင်လျှင် ညဉ့်နက်သည့်တိုင် စာထိုင်ရေးပြီး မနက်နေဖင်ထိုးမှ ထသည့်အကျင့်ရှိသည်။

သည်လိုနှင့် ကျဉ်းမြောင်းလှသည့် ကျွန်တော့်ဘဝလေး





ချာလပတ်လည်နေကာ ပတ်ဝန်းကျင်နှင့် အဆက်ပြတ်နေခဲ့သည်။

✱ ✱ ✱ ✱

သည်နေ့တော့ ကျွန်တော့်ဝတ္ထုအဖုအထစ်မရှိပဲ ချောချောမွေ့မွေ့ အဆုံးသတ်နိုင်ခဲ့သည်။ ရေမိုးချိုး ၊ အဝတ်အစားလဲပြီး မြို့ထဲထွက်လာခဲ့သည်။ ၃၅ လမ်းထဲက ကျွန်တော့်ထုတ်ဝေသူ ကိုစန်းပွင့်လက်ထဲသို့ စာမူထုပ်ကို အပ်လိုက်သည်။ ကျွန်တော့်ရင်ထဲ ပေါ့သွားး၏။ စိတ်ထဲမှာလည်း လန်းဆန်းကြည်လင်သွားသည်။

ညနေ မြို့ထဲက ပြန်လာတော့ ကိုစန်းပွင့် ပေးလိုက် သည့် စာမူခတွေကိုပိုက်ပြီး ကျွန်တော် မြေနီကုန်းက 'တိမ်သက်တန့်' အိမ်တော်နိုင်ငံလေးသို့ ဝင်သည်။ ဒီ စားသောက်ဆိုင်လေးက ကျွန်တော့်အိပ်မက် စိတ်ကူးလေးတွေကို ယစ်မူးစေသည့် နွေးထွေးသော တဒင်္ဂကောင်းကင်ဘုံလေးဖြစ်သည်။

ကျွန်တော်က စာမူခများကို ဂျင်နှင့်ဘီယာပုလင်းတွေနှင့် လဲလှယ်ရေစွာ လဲပစ်လိုက်ပြီး မူးယစ်သည့် အိပ်မက်နိုင်ငံလေး



www.burmeseclassic.com

www.burmeseclassic.com



ထဲ လွင့်မျောပစ်လိုက်သည်။အပြန်မှာ 'ကက'တစ်စီးငှားစီးပြီး 'မုတ္တမကွေ့'သို့ ပြန်လာခဲ့သည်။

မုတ္တမကွေ့က တိုက်တန်းလျား၏ ညာဘက်အခြမ်းမှာ ရှိသည်။ကျွန်တော် မုတ္တမကွေ့ တိုက်ခန်းပြာလေးပေါ် လှမ်းတက်လာတော့ ညကိုးနာရီခွဲခန့်သာရှိသေး၏။ ဂျင်နှင့်ဘီယာ တန်ခိုးဖြင့် ကျွန်တော်ခြေထောက်တွေ နူးညံ့ကြွရွနေသည်။ အထူးသဖြင့် ဒရိုင်းဂျင်အရှိန်က တိမ်ထဲမှာလွင့်မျောနေသလို ရီဝေငြိမ့်စီးနေသည်။

ခုလိုအချိန်မျိုးမှာ 'နန်းနွယ်စိုး'အတွက် ဘယ်အရာမှ တန်ဖိုးမရှိတော့။နန်းနွယ်စိုး ချစ်မြတ်နိုးစွာတွယ်တာခဲ့ရသည့် မိသားစုသံယောဇဉ်ပွင့်လေးတွေက အိပ်မက်ဆိုးတစ်ခုထဲမှာ ဟိုး မိုင်ပေါင်းများစွာ ဝေးကွာသည့် နှင်းတောထဲမှာ လွင့်မျော ကျန်ရစ်ခဲ့ကြပြီ။

ကျွန်တော်ဆိုသည့် နန်းနွယ်စိုး၏ နှလုံးသားတွေ ထုံကျင်အေးစက်ခဲ့ပြီ။ ကျွန်တော် ဘာမှမတွယ်တာတော့။အချစ်သည်လည်း မြတ်နိုးထားအပ်သော အရာမဟုတ်တော့သလို ဘဝသည်လည်း တန်ဘိုးထားဂုဏ်ယူနေစရာ မလိုအပ်တော့ပေ။ ထို့ကြောင့် ကျွန်တော့်စိတ်တွေ လွင့်မျောနေခဲ့တာကြာပြီ။ထို့မှ



ထဆင့် ဂျင်စွဲရောဂါ ဝင်လာကာ ဂျင်အရက်မသောက်ရလျှင် အိပ်မပျော်သည့် (**insorunia**)ရောဂါ ဝင်လာလေသည်။

✱ ✱ ✱ ✱

ကျွန်တော် အိပ်ခန်းထဲတန်းဝင်လာပြီး မီးပွင့်ပြာလေးတစ်ပွင့်ကို ဖွင့်လိုက်သည်။အပြင်မှာ လဝင်းဝင်းလေးသာနေသည်။

အဝတ်အစားလဲပြီး အိပ်ယာပေါ် အသာပစ်လှဲချသည်။ သည်ညတော့ စာရေးဖြစ်တော့မည်မဟုတ်။ဦးနှောက်ထဲလည်း နှာန်မဝင်။ လန်ဒန်တစ်လိပ်မီးညှိပြီး မျှင်းမျှင်းလေးအရသာခံ ရှိုက်လိုက်သည်။အိပ်ယာနံဘေး စားပွဲပေါ်က ကက်ဆက်လေးကို လှမ်းဖွင့်သည်။ကျွန်တော်စာရေးလျှင် သည်ကက်ဆက်လေးကို တိုးတိုးလေးဖွင့်ထားပြီး စီလင်လေးသွင်းကာ ရေးလေ့ရှိသည်။

သည်ကက်ဆက်လေးထဲမှာ ကျွန်တော်ကြိုက်သည့် သီချင်းတွေ အမြဲအဆင်သင့်ထည့်ထားသည်။ခုလည်းကြည့် ကျွန်တော့်စိတ်ကြိုက် အံကိုက် အင်္ဂလိပ်သီချင်းလေးတစ်ပုဒ် အပြာရောင် 'မုတ္တမကွေ့' လေးထဲမှာ လွင့်ငြိမ့်ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သီချင်းနာမည်က "**summer kisses winter tears**"သီဆိုထားသူက "**ELVIS PRESLEY**"။ သူ့အသံက စီးမျောပြီးထွက်လာသည်။

ဂျင်အရက်လေး မူးဝေဝေနှင့် 'ပရက်စလေ'၏ အရှိုက်အငွေ့တွေထဲ ကျွန်တော် လွင့်မျောနေသည်။စီးကရက်ကို မျှင်းရှိုက်ဖွာရင်း မိုင်ပေါင်းများစွာ စိတ်တွေဖြာထွက်သွားနေသည်။

အိပ်၍လည်း ပျော်မည်မထင်။ အခန်းပြာလေးထဲ၌ အထီးကျန်စွာ အိုက်စပ်မွန်းလျှောင်လာသည်။ ကက်ဆက်ကို လှမ်းပိတ်လိုက်သည်။

ကျွန်တော် ခုတင်ပေါ်က ထလိုက်၏။

ခုတင်နံဘေးနံရံမှ ပြတင်းပေါက်ခန်းဆီးလိုက်ကာ မှိုးပြာနုနုလေးကို နံဘေးသို့ ဆွဲကပ်စုလိုက်သည်။ပြီးနောက် တစ်ပတ်အတွင်း ပထမဦးဆုံးအကြိမ်အဖြစ် တရုတ်ကပ်မှန်ချပ်လေးတွေကို ဆွဲဖွင့်လိုက်သည်။

အေးမြလတ်ဆတ်သော လေစိမ်းလေးတွေ သိသိသာသာပြေးဝင်လာသည်။လက ဝင်းစက်လှပစွာသာနေ၏။တိမ်ပြာပြာတွေထဲမှာ ငွေလဝန်းက လွင့်ပြေးနေ၏။ကြည့်စမ်း ဘယ်လောက်စိတ္တဇဆန်လိုက်တဲ့ ညလည်းဆိုတာ။





စာရေးဆရာ၊ မင်းစိတ်ကူးယဉ်စမ်း . . မင်း ဦးနှောက်ထဲမှာ ဇာတ်လမ်းဆန်းဆန်းလေးတွေ ဖန်တီးလိုက်စမ်းကွာ။

ဟာ. . ဟုတ်ပါရဲ့ . . လေပြေထဲမှာ ပန်းရနံ့လေးတွေကလည်း သင်းပျံ့လွင့်မျောပြီး ကျွန်တော့်ရင်ထဲ ပြေးဝင်လာသည်။

ကျွန်တော် ငေးကြည့်နေဆဲမှာပဲ ကျွန်တော့်ရှေ့က တိုက်ခန်းပန်းနုရောင်လေးက ဝင်းကနဲ မီးပွင့်သွားသည်။ ကျွန်တော် အံ့အားသင့်သွား၏။ ခန်းစီးစ အပြာလေးတွေထဲမှ ကျွန်တော် ငေးကြည့်နေမိ၏။ ထိုအခန်းက ကျွန်တော့်တိုက်ခန်းနှင့် ဆယ်ပေခန့်သာခြား၏။

ပန်းနုရောင် အခန်းလေးထဲသို့ အမျိုးသမီးတစ်ဦး လှမ်းဝင်လာသည်ကို မှန်ထဲမှလှမ်းမြင်ရသည်။ဆံပင်ရှည်တွေက သူ့ခါးထက်မှာ ပျံ့ဝဲကျနေသည်။ပန်းရောင်မီးပွင့်မှုံမှုံအောက်မှာ သူမ၏ လှုပ်ရှားဟန်တွေကို ကျွန်တော် အတိုင်းသားမြင်နေရသည်။

အမျိုးသမီးက အဝတ်ဘီရိုရှေ့သို့ လှမ်းသွားပြီး ညဝတ်အင်္ကျီဂါဝန်ရှည်တစ်ထည်ကို ဆွဲထုတ်ဖြန့်ကြည့်လိုက်သည်။ သူမက ဂါဝန်ကို ကုတင်ပေါ်ပစ်တင်လိုက်ပြီးလျှင် မှန်တင်ခုံရှေ့သို့ တန်းသွားသည်။မှန်ရှေ့မှာ ဆံပင်တွေကို နောက်သို့သပ်နှံဖွာ



www.burmeseclassic.com

www.burmeseclassic.com



ချချက် သူမကိုယ်ပေါ်မှ အဝတ်အစားများကို တစ်လွှာချင်း . .

အမျိုးသမီးကမူ ကျွန်တော့်တိုက်ခန်းလေးထဲမှ လှမ်းကြည့်နေသည်ကို သိရှိဟန်မတူပါ။ ကျွန်တော်တလည်း တရှုတ်ကပ်မှန်အတွင်းဘက်ရှိ လိုက်ကာခန်းဆီးလေးနောက်မှ ကွယ်ဝှက်ပြီး ခိုးကြည့်နေသောကြောင့် မည်သည့်နည်းနှင့်မှ သူမ မသိနိုင်။ သူမကလည်း ညဥ့်နက်မှ သူမအိပ်ခန်းဆီပြန်လာပြီး လွတ်လပ်မှုလေးကို သူမဘာသာ တစ်ဦးတည်း သုံးစွဲခံစားနေခြင်းဖြစ်သည်။

ကျွန်တော် အသက်ရှူရန်ပင် မေ့သွား၏။သူမက မျက်နှာသုတ်ပဝါအရှည်ကြီးကို ခါးမှာ ပြန်ပတ်လိုက်ပြီး ရေချိုးခန်းထဲ လှမ်းဝင်သွားပါသည်။

ခဏကြာတော့ ရေပန်းကျသံရပ်သွားသည်။ သူမအခန်းထဲလှမ်းဝင်လာသည်။ မျက်နှာသုတ်ပဝါကြီးကို ကိုယ်မှာပတ်ထားပြီး မှန်တင်ခုံမှာ ဝင်ထိုင်သည်။မျက်နှာ ၊ ခြေဖျား ၊ ခြေသလုံး ၊ ပေါင်နှင့် လက်နှစ်ဖက်ကို ညအိပ် စနိုးကရင်မ်တွေ လူးနေသည်။

ကျွန်တော် အသက်ပင်မရှူနိုင်လောက်အောင် မှင်သက်ငေးကြည့်နေမိသည်။ သွေးတွေခုန်လာသည်။ဒရိုင်းဂျင်ကြောင့်



မူးဝေနေသည့် အမူးက သည်မြင်ကွင်းလောက် မူးဝေရင်ခုန်စရာမကောင်းချေ။

သူမက မှန်ရှေ့မှခွာပြီး ခုတင်ဆီလျှောက်လာသည်။ ကိုယ်ပေါ်မှ မျက်နှာသုတ်ပဝါကြီးကို ဆွဲခွာချလိုက်ပြီး ခုတင်ပေါ်မှ ညဝတ်ဂါဝန်ရှည်ကို ဝတ်လိုက်၏။

ရှုတ်တရက် လဝန်းက တိမ်တွေထဲနစ်ဝင်သွား၏။ ညက မှုန်မှုန်လေးသာ လင်းတော့သည်။

သူမက ညမီးပွင့် ပန်းရောင်နုလေးအောက်မှာ ညဝတ်ဂါဝန်ပါးပါးလေးကို ဝတ်ကာ အခန်းငလေးထဲ၌ ခေါက်တုန့်ခေါက်ပြန် ဖြည်းဖြည်းလျှောက်နေသည်။

သူမ ဘာကိုမကျေနပ်တာလဲ။ ဘာကို မျှော်လင့်နေတာလဲတော့မသိ။

စားပွဲပေါ်က စီးကရက်တစ်လိပ်ယူပြီး သူမ မီးညှိရှိုက်ဖွာသည်။ စီးကရက်သောက်ပုံက စတိုင်ကျသည်၊ လှသည်။ ညင်သာစွာ သူမ လမ်းလျှောက်ရင်း စီးကရက်ကို ဖြေးညှင်းစွာ ဖွာသည်။စီးကရက်မီးခိုးငွေ့ ပြာပြာတွေက သူမအနီးတစ်ဝိုက်တွင် ဆွဲဝဲလွင့်ပါနေသည်။

ပန်းနုရောင် မီးပွင့်အောက်မှာ ရမ္မက်သွေးဆူစရာ လိပ်

www.burmeseclassic.com



ပြာမလေးက စိတ်တွေလွင့်ပါးနေသည်ထင်၏။

သူမ ကျွန်တော့်အခန်းနှင့်တည့်တည့် အိပ်ခန်းပြတင်းပေါက်ရှိ ဆိုဖာကုလားထိုင်ပေါ် စိတ်ပျက်လက်ပျက် ထိုင်ချလိုက်သည်။သည်တော့မှ သူမမျက်နှာသွယ်သွယ်ကို လရောင်နှိုင်းနှင့် ဝိုးတဝါး လှမ်းမြင်လိုက်ရသည်။

သူမအသက်က ၃၅ နှစ်လောက်တော့ရှိမည်။ မျက်နှာက ဘဝအတွေ့အကြုံရင့်ကျက်နေပြီဖြစ်ကြောင်း မျက်လုံးမိုပ်တွေက သက်သေခံနေသည်။ပြီး . သူမ နှုတ်ခမ်းတွေက နံဘေးကို မသိမသာ ဘွန့်ကွေးတက်နေကာ လောကကို တည်ငြိမ်စွာ ဖြတ်သန်းနိုင်သည့် မထေမဲ့မြင်လုပ်တတ်သော ဉာဉ်ရှိကြောင်း ဖော်ပြနေသည်။ သို့သော် သူမနှာတံက အဖျားလေးချွန်ပြီး လန်နေသည်မို့ အလိုရမ္မက်ဆန္ဒအားကြီးသည့် သဘောကို ဆောင်သည်။

ကျွန်တော်သည် စာရေးဆရာပီပီ သူမမျက်နှာကို မြင်လိုက်ရသည့်ခဏမှာပင် သူမ၏ အရှုပ္ပအတွင်းသဏ္ဍာန်စိတ်များကိုပါ ချက်ချင်းနားလည်လိုက်ရသည်။တစ်ဆက်တည်းမှာပင် ကျွန်တော့်ရင်ထဲ၌လည်း မေးခွန်းလေးတွေ ပေါ်လာသည်။

သည်အသက်အရွယ်နှင့် သည်မိန်းမသည် သည်အခန်း





မှာ တစ်ယောက်တည်းတော့ လာနေခြင်းမဖြစ်နိုင်။ သူမမှာ အပျိုကြီးပုံစံမဟုတ်။ ယောကျ်ားသားတွေကို နောကြေနေသည့်ပုံ။ သူမ ယောကျ်ားသားတွေ၏ နှလုံးသားတွေကို မည်မျှ လှုပ်ချွခဲ့ပြီးသည်မသိ။

သူမ မျက်နှာအချိုးအစားနှင့် သွယ်လျကြော့ရှင်းသည့် သူမခန္ဓာကိုယ်ကလည်း ယောကျ်ားတွေကို ဆွဲအားပြင်းပြင်းနှင့် ညှို့ယူဖမ်းစားနိုင်သည့် အဆင့်ရှိ၏။

မိန်းမချော မိန်းမလှတွေပေါသည့် အနုပညာမော်ရုံတောထဲမှာ ဖြတ်သန်းကျင်လည်ခဲ့သည့် ကျွန်တော်ပင်လျှင် ယခု သူမ၏ အလှကွန်ယက်ထဲမှာ အိပ်မက်ရှိုင်းတော့နှင့် လှိုင်းထန်နေစေခဲ့ပြီမဟုတ်ပါလား။ မူးဝေစေခဲ့ပြီး လောင်မြိုက်ခဲ့ပြီမဟုတ်ပါလား။

သူမက လိပ်ပြာလေးလို လူးလွန့်လှုပ်ရမ်းကာ လှည့်ထွက်သွားပြီး ခုတင်ပေါ် ညင်သာစွာလှဲချလိုက်သည်။ခဏအကြာတွင် သူမ၏ ပန်းနုရောင်တိုက်ခန်းလေးက ဖြတ်ခနဲ မှောင်ကျသွားပါသည်။

ကျွန်တော် ရမ္မက်အိမ်လေးထဲမှ လန့်နိုးသွား၏။ ယခုမှ အသက်ရှူမိသည်။ မျက်လုံးတွေက ကြောင်နေသည်။ကျွန်တော် အိပ်၍မရတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ်က ကက်ဆက်ခလုတ်လေးကို လှမ်းဖွင့်လိုက်သည်။ပရက်စ်လေ၏ နှလုံးသားရှိုက်သံတွေကတော့ ညလိပ်ပြာလေးတစ်ကောင်၏ အရှုတ္တကိုယ်ခန္ဓာလေးတစ်ခုကို ရမ္မက်ဆွဲအားပြင်းပြင်းနှင့် ရှိုင်းစိုင်းစွာ ညှို့ယူဆွဲခေါ်နေပါသည်။

✱ ✱ ✱ ✱

ဘယ်အချိန်က အိပ်ပျော်သွားမှန်းမသိ။ ဖျတ်ကနဲ ကျွန်တော်အိပ်ယာမှနိုးလာတော့ မိုးစင်စင်လင်းနေပြီ။ မှန်ပြတင်းမှနေရောင်က အခန်းထဲတန်းထိုးကျနေသည်။ ညက ဂျင်အရှိန်ကခေါင်းထဲမှာ ရီဝေဝေခံစားနေရသည်။

ချက်ချင်းဆိုသလို ပန်းနုရောင်မီးပွင့်လေးအောက်မှ ပိုးပျော့ဂါဝန်ပါးပါးလေးနှင့် ရင်ခုန်စရာမိန်းမတစ်ဦး၏ ရွှေရောင်ပန်းချီကားတစ်ချပ်ကို ဦးစွာသတိရလိုက်မိသည်။

ကျွန်တော် အိပ်ယာပေါ်မှ လူးလဲထလိုက်သည်။အိပ်ခန်းတံခါးကို ဆွဲဖွင့်ပြီး ဝရံတာလေးဆီ ပြေးထွက်လာခဲ့သည်။ မျက်နှာက အလိုလို ပန်းနုရောင်တိုက်ခန်းလေးဆီ အငမ်းမရလှမ်းကြည့်မိလျက်သား ဖြစ်သွားရသည်။





"ဟာ. ."

ကျွန်တော် ရုတ်တရက်နှလုံးခုန်ရပ်သွားကာ အသက်ရှူဖို့မေ့သွားသည်။ စိတ်လှုပ်ရှားစွာ ကယောင်ကတန်း ရပ်ငေးကြည့်နေမိသည်။

အမှန်က ကျွန်တော့်အသက် (၄၅)နှစ်ဆိုတာ တည်ငြိမ်နေရမည့်အရွယ်။ပြီးတော့ ကျွန်တော်က စာရေးဆရာ။သို့သော်မိန်းမတစ်ဦး၏ ရမ္မက်ညှို့ငင်အားထဲမှာ ရုန်းထွက်၍မရနိုင်သည့် ယင်ကောင်တစ်ကောင်လို ငြိတွယ်နေခဲ့ပြီ။ ယင်းမှာအချစ်တော့မဟုတ်။ အထီးကျန်အိမ်ထောင်ပျက် ယောကျ်ားတစ်ဦး၏ ဖောက်ပြန်သည့် သွေးသားရမ္မက်ဆန္ဒတစ်ခုသာလျှင်ဖြစ်ပေလိမ့်မည်ထင်သည်။

ပန်းနုရောင်တိုက်ခန်းလေး၏ ဝရံတာမှာအမျိုးသမီးကအရှင်းမ်ဘတ်လေးချပြီး ဘေးစောင်းမကျတကျထိုင်နေသည်။ ရောပြောင်းလိမ်ထွေးနေသည့် ပိုးနက်ရောင်ဆံပင်ရှည်များက ပခုံးပေါ်ဝဲကျနေသည်။

ပိုးပျော့ထဘီအနီရောင်ရဲရဲနှင့် အနက်ရောင်အောက်ခံမှာ စံပယ်ပွင့်လို ပန်းပွင့်ဖြူဖြူလေးတွေ ရေးချယ်ထားသည့် ရှပ်အင်္ကျီလက်ရှည်ပွပွကို အပေါ်ကထပ်ဝတ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ငေးကြည့်နေဆဲ။ စက္ကန့်ပိုင်းလေးမှာပင် သူမက ကျွန်တော်ရှိရာဘက်သို့ ဖျတ်ကနဲလှည့်လိုက်၏။

"ဟာ. . အတော်လှတဲ့ မိန်းမပါလား"

ကျွန်တော့်ရင်ထဲမှ ရင်ခုန်သံလေး တိတ်တဆိတ်ပေါက်ကွဲသွားသည်။ အမျိုးသမီးက သူမ၏ ပိုးပျော့ထဘီအနီရောင်လေးနှင့်သို့ပင် နီရဲရဲတောက်နေသည့် နှုတ်ခမ်းဖူး စူထူထူလေးနှင့် ကျွန်တော့်ကို ထူးဆန်းစွာလှမ်းကြည့်နေသည်။

"အတော် ဆွဲဆောင်မှုရှိတဲ့ မိန်းမပဲ. . ငါ့လို စာရေးဆရာတစ်ဦးကိုတောင် ညွတ်သွားအောင် ဖမ်းစားလိုက်နိုင်တာ နည်းတဲ့ဆွဲအားမဟုတ်ဘူး"

ကိုယ့်ဘာသာ စိတ်ထဲက ကျွန်တော် မှတ်ချက်ချလိုက်သည်။အမျိုးသမီးက ပြင်းထန်သည့် ညို့အားတစ်ခုနှင့် တွန့်ကွေးကွေးလေးပြုံးကာ ကျွန်တော့် မျက်လုံးတွေဆီ စိုက်ကြည့်နေပြီး မျက်နှာကို တစ်ဖက်သို့ ပြန်လှည့်လိုက်သည်။

ကျွန်တော် စောစောစီးစီးအချိန်လေးတွင် လေးလံသော သက်ပြင်းနွေးနွေးတစ်ခု ချလိုက်ရင်း ဝရံတာဆီမှ ပြန်လှည့်ထွက်လာခဲ့သည်။ စိတ်ကို မျှော်သိပ်လိုက်သည်။

ညက ဂျင်ခိုးလေးတွေ ပြေသွားအောင် ခေါင်းပေါ်က





ရေချိုးချပြီး လမ်းထိပ်က 'မပဟေသီကိုကို'မှာ ကော်ဖီခါးခါးလေး သွားသောက်မည်ဟု စိတ်ကူးလိုက်မိသည်။

* * * *

ကျွန်တော် မရှက်တမ်းဝန်ခံရလျှင် ထိုအမျိုးသမီးကို နှလုံးသားမှာ တိတ်တခိုးစွဲလမ်းနေမိရပြီ။ သံလိုက်ဓာတ်တစ်ခုလို သူမ၏ အားကောင်းပြင်းထန်သော ညို့ငင်သိမ်းပိုက်မှုအောက်မှာ ကျွန်တော် အကြီးအကျယ်ကျဆုံးသွားတော့သည်။

ခု ခဏတာ တစ်ညတာလေး တွေ့လိုက်ရသည့် ဒီ အမျိုးသမီးကိုမှ ကျွန်တော် ဘာကြောင့် ဒီလောက်စွဲလမ်းသွားမှန်းသေး။ ကျွန်တော့်ကိုယ်ကျွန်တော် စဉ်းစား၍မရ။စိတ်ဆိုသည်ကသည်း ဆန်းတော့အဆန်းသား။

သူမသည် အချစ်အိတ်စပီးရီးရင့် ရင့်ကျက်နေသည့် အမျိုးသမီးတစ်ဦးဖြစ်ရမည်။ မည်သို့ဖြစ်စေ သူမကတော့ ကျွန်တော့်အတွက် 'ကလော်ဒီယာရရှက်ဖာ'လို ဆွဲဆောင်မှုအရှိဆုံး မိန်းမတစ်ဦးအဖြစ် သတ်မှတ်ရပေလိမ့်မည်။

သည်လိုနှင့် ကျွန်တော် အိမ်မက်ဘုံကလေး ရင်ခုန်သံ



www.burmeseclassic.com

www.burmeseclassic.com



ပြင်းပြင်းနှင့် တစ်ပတ်လည်ခဲ့ရသည်။

* * * *

သည်ညနေတော့ 'တိမ်သက်တန်' မှာ ကျွန်တော့်ထုတ်ဝေသူ ကိုစန်းပွင့်နှင့် အချိန်တော်တော်လေး ယူလိုက်ရသည်။

ကျွန်တော့်စာအုပ် မျက်နှာဖုံးမန်းချီကိစ္စ ဆွေးနွေးနေကြသဖြင့် ညဉ့်နက်သွားသည်။ ဒရိုင်းဂျင်တစ်ပုလင်းနှင့် ဘီယာရှစ်လုံးကုန်သွားသည်။ တိမ်သက်တန်မှာပင် ကိုစန်းပွင့်က ညစာကျွေးပြီး 'မုတ္တမကွေ့' အထိ သူ့ဗင်ကားလေးနှင့် လိုက်ပို့ပေးခဲ့သည်။

"ဆရာနန်းနွယ်စိုး . . ကျွန်တော် မဆင်းတော့ဘူးဗျာ ညလဲနက်နေပြီနော် . . "

"အိုကေ . . အိုကေ . . ဂွတ်နိုက် . . သင့်ခဲ့ယူ"

"ဆရာရေ . . ဝတ္ထုအသစ်လဲ ထပ်ရေးပါဦး . . နောက်လထဲမှာ အပြီးရေးပေးစမ်းပါ . . ဆက်တိုက်လေး ထုတ်ချင်လို့နော်"

"စိတ်ချ . . စိတ်ချ"

ကျွန်တော် ကိုစန်းပွင့်ကို နှုတ်ဆက်ပြီး မုတ္တမကွေ့တိုက်





ခန်းပြာလေးပေါ် လှမ်းတက်လာခဲ့သည်။

သည်ည ကျွန်တော် တော်တော်လေးထွေသွားသည်။ အခန်းတံခါးကို မနည်းဖွင့်ယူရသည်။ အရေးထဲ သော့က တော်တော်နှင့်ရှာမရ။ နောက်မှ ဘောင်းဘီနောက်အိတ်ကပ်ထဲက ရသည်။

တံခါးကိုပြန်ပိတ်ပြီး အိပ်ခန်းဆီ ဒယိမ်းဒယိုင်နှင့် လျှောက်လာသည်။ မီးပွင့်ပြာလေးကို စမ်းဖွင့်သည်။ လန်ဒန်တစ်လိပ်ထုတ်ပြီး မီးညှိရှိုက်ဖွာလိုက်သည်။ ကုတင်ပေါ် ကို ထိုင်လိုက်သည် နှင့် စိတ်က ပန်းနုရောင်အခန်းလေးထဲမှ ညပန်းပွင့်လေး 'ကလော်ဒီယာရှက်ဖာ' ကို သတိရလိုက်သည်။

ကျွန်တော် ကမန်းကတန်း ခန်းဆီးပြာလေးကို ဆွဲဖယ်ခ်လိုက်ပြီး တရုတ်ကပ်မှန်များကို လှမ်းဖွင့်လိုက်သည်။

ကျွန်တော် မြင်လိုက်ရသည့်မြင်ကွင်းက ဘယ်လိုမှ မလှ။ ကျွန်တော့်ရင်ထဲမှာ ချိန်ကိုက်ဗုံးတစ်လုံး ပေါက်ကွဲသွားသလို ခံစားလိုက်ရပါသည်။

ပန်းနုရောင်အခန်းလေးထဲမှာ တွေ့လိုက်ရသည်က . . . တစ်တွဲ။

အမျိုးသမီးက ကျွန်တော့်အိပ်မက်ထဲက ကလော်ဒီယာ



www.burmeseclassic.com

www.burmeseclassic.com



ရှက်ဖာ ညပန်းပွင့်။ ထုံးစံအတိုင်း သူမကတော့ ညဝတ်ဂါဝန် ပါးပါးလေးနှင့် ဆံပင်ရှည်တွေ ပခုံးပေါ် ဝဲကျနေသည်။

အမျိုးသားက အသားမည်းမည်း ခပ်ဝဝ၊ လည်ပင်းမှာ ရွှေဆွဲကြိုးကြီးဆွဲထားသည်ကို မီးရောင်ဖြင့် လှမ်းမြင်နေရသည်။

အပြင်မှာ လရောင်မရှိ။ ကြယ်ရောင်အချို့သာ မှုန်မှုန် လင်းလျှက်ရှိသည်။

ကျွန်တော့်ရင်တွေ တဒိန်းဒိန်း ခုန်သွားသည်။

သူမ၏ အမျိုးသား သည်နေ့မှပြန်ရောက်လာဟန် တူသည်။ "အော်. . ပိုင်ရှင်ပြန်ရောက်လာပြီကိုး". . ။

ကျွန်တော့် စိတ်ကူးယဉ်အိပ်မက်တွေ တစ်စစီ လွင့်ကွဲသွားပြီ။ ပျက်စီးသွားရပြီ။

"ရှစ်ထိ. ."

ကျွန်တော် ကိုယ့်ဘာသာ အရှူးတစ်ယော ်လို အော်ဟစ်ဆဲဆိုမိလိုက်သည်။ မှန်ချပ်များကို ပြန်ပိတ်ပြီး ခန်းဆီးပြာလေးကို ဆွဲပိတ်လိုက်သည်။

စိတ်တွေကို တည်ငြိမ်အောင်ထားပြီး အိပ်ယာပေါ် လှဲချလိုက်သည်။ သူမအကြောင်းကိုလည်း ခေါင်းထဲက ထုတ်ပစ်လိုက်သည်။ ပိုင်ရှင်ရှိနေသည့် ပစ္စည်းတစ်ခုကို ရယူပိုင်ဆိုင်လို





စိတ်မရှိတော့။ ပြီးတော့ သူမသည် ကာမပိုင်လင်ရှိမယား၊ ဥပဒေအရရော ၊ လူမှုရေးအရပါ မသင့်တော်။ ငါ မပြစ်မှားသင့်။

ကျွန်တော့်စိတ်တွေကို လျှော့ချလိုက်၏။ မျက်လုံးများကို မှိတ်လိုက်သည်။ ဂျင်မူးမူးနှင့် ကျွန်တော် မှေးမှောသွားပါသည်။ သို့သော် . . .

✱ ✱ ✱ ✱

"ဒေါက်ဒေါက်. . ဒေါက်ဒေါက်"

အဆက်မပြတ် ထွက်ပေါ်လာသည့် တံခါးခေါက်သံ ဗြုန်းကြမ်းလေးတွေက တိတ်ဆိတ်နေသည့် အ,ကာလ ညချမ်းတစ်ခုကို ဖျက်ဆီးပစ်လိုက်ပါသည်။

ဝတ္ထုထဲမျာန်ဝင်နေသည့် ကျွန်တော့်အာရုံတွေ လွင့်ပျက်သွား၏။ ကျွန်တော် စာရွက်ပေါ်တွင် ပြေးနေသည့်လက်ကို ရှုပ်ထိုက်ပြီး လက်ထဲမှ ဘောလ်ပင်ကို စားပွဲပေါ် ချလိုက်သည်။

"ဒေါက်ဒေါက်. . ဒေါက်ဒေါက်"

သည်အချိန်ကြီးကျမှ ဘယ်သူများပါလိမ့်။ မတော် ညမှဆိုးအန္တရာယ်ကောင်တွေဖြစ်နေမှ ပြဿနာ။ ကိစ္စန်းပွင့်များလား။ သူ

www.burmeseclassic.com

www.burmeseclassic.com



ဆိုလည်း ညကြီးမင်းကြီး သည်လိုညနက်သန်းခေါင်အချိန်မျိုး တော့ လာလေ့မရှိ။

ကျွန်တော် စာရေးစားပွဲမှ ထလာခဲ့သည်။ မီးပွင့်ဝါလေး ကို ဖွင့်လိုက်သည်။ အခန်းဝတံခါး၏နောက်တွင် ရပ်လိုက်ပြီး. .

"ဘယ်သူလဲဟင်"

ကျွန်တော် အသံခပ်ကျယ်ကျယ်ဖြင့် လှမ်းမေးလိုက်သည်။

"သက်တန့်နှင်းဆီပါ"

အပြင်ဘက်မှ လွင်ရှရှအမျိုးသမီး၏အသံက တံခါးချပ် ကို ဖောက်ထွင်းပြီး ပေါ်လာသည်။

ကျွန်တော် အံ့အားသင့်နေသည်။ဇဝေဇဝါလည်း ဖြစ် သွားသည်။

"ဘယ်သူ. ."

"အော်. . တို့ပါကွ . . သက်တန့်နှင်းဆီပါ. . ဟိုဘက် တိုက်ပန်းရောင်ကလေ"

"ဗျာ. ."

"ဟိုဘက်တိုက်ပန်းရောင်က'ဆိုသည့် နောက်ဆက်တွဲ စကားကြောင့် ကျွန်တော်အနေနဲ့ထည့်ကလေးဖြစ်သွားပြီး အာမေဍိတ်သံလေး ပေါက်ကွဲထွက်သွားသည်။ရင်တွေ တစ်





လှပ်လှပ်ခုန်သွားသည်။ တစ်ဆက်တည်း စဉ်းစားဆင်ခြင်စိတ် တွေ ကင်းမဲ့သွားလျှက် တံခါးကို လျှင်မြန်စွာဆွဲဖွင့်ပေးလိုက်မိ သည်။

ကျွန်တော့် မသိစိတ်ထဲမှာ သူမကို မည်မျှတောင့်တ မျှော် လင့်နေမိသည်မသိ။ ဝမ်းသာနေလွန်းသောကြောင့် လက်တွေ ဝင်တုန်နေ၏။တံခါးချပ်ကို ကမန်းကတန်း ဆွဲဟလိုက်တော့ အခန်းဝမှာ သူမ နွဲ့နွဲ့လေးရပ်နေသည်။

ညဝတ်ဂါဝန်အစိမ်းပွင့်ပျော့လေးနှင့် ခါးစည်းကြိုးစ နှစ်ခု တို့ လျော့တိလျော့ရဲလေး ချည်ထားသည်။ဆံပင်ရှည်တွေက နောက်ကျောမှ ဖြန့်လျက်သား ဖားလျား။သူမ မျက်လုံးတွေက လည်း စိမ်းလက်နေသည်။

သို့သော် သူမနှုတ်ခမ်းနှင်းဆီပွင့်ပေါ်မှ ညို့သက်ဝင်ေ စသည့် အပြုံးများကမူ ကျွန်တော့်နှလုံးသားတွေ ပြောင်းဆန်သွား လောက်အောင် စွဲမက်လှပလွန်းနေသည်။

သူမက "သိပ်အံ့ဩနေသလား. . ဧည့်သည်ကို အခန်း ထဲဝင်ဖို့ မဖိတ်ခေါ်တော့ဘူးလား"ဟု ညုတုတု အပြုံးပွင့်လေး နှင့် ဆိုသည်။

"အော်. . ဝင်လေ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် နောက် ယို့ပေးလိုက်သည်။

သူမ အခန်းထဲလှမ်းဝင်လာသည်။ကျွန်တော် အခန်း တံခါးကို ပြန်ပိတ်လိုက်ပြီး သူမနောက်မှ လှမ်းဝင်လာသည်။ သူမက ဆိုဖာတစ်လုံးပေါ် ဝင်ထိုင်ချလိုက်သည်။ဒူးနှစ်ဘက်ကို ဆင့်ချိတ်လိုက်ပြီး နောက်ကိုမှီချလိုက်၏။ ကျွန်တော်က သူမ နှင့် မျက်နှာချင်းဆိုင်ဆိုဖာမှာ ဝင်ထိုင်သည်။

"ရှင် တစ်ယောက်ထဲလား.. ဘာလုပ်နေတာလဲ. . မ အိပ်သေးဘူးလား. ."

"ဟုတ်တယ်. . တစ်ယောက်တည်းပဲ. . စာရေးနေတာ လေ"

"သက်တန့်လဲ တစ်ယောက်တည်း ပျင်းနေတာနဲ့ ရှင့် အခန်းက မီးလင်းနေတာတွေ့လို့ ကူးလာခဲ့တာ. . သက်တန့် ကို သဘောမကျဘူးလား. ."

အမျိုးသမီးက ပွင့်လင်းရဲတင်းစွာ ကျွန်တော့်ကို မေး လိုက်သည်။သူမ မျက်လုံးတွေကလည်း စိမ်းလက်နေရာမှ မှေး မှောင်ရီဝေသွား၏။ သံလိုက်နှင့် ဆွဲယူကပ်လိုက်သလို ကျွန်တော် သူမ မျက်လုံးထဲသို့ဝင်သွားသည်။

ကျွန်တော် ဘာမျှပြန်မပြောရသေးမီ သူမ ကျွန်တော့်ဆီ





ထပြီး ရွေ့လှမ်းလာသည်။ထို့နောက်. .

* * * *

ဖျတ်ကနဲ ကျွန်တော် လန့်နိုးသွားသည်။

— ကျွန်တော် ညစဉ် သည့်အတိုင်း အိပ်မက်တွေ ဆက် တိုက်မက်နေခဲ့သည်မှာ ငါးညရှိခဲ့ပြီ။ ငါးညစလုံး တစ်ဖက်တိုက် ပန်းနုရောင်တိုက်ခန်းထဲမှ 'သက်တန့်နှင်းဆီ'ဆိုသည့် မိန်းမက အိပ်မက်ထဲမှာ ကျွန်တော့်တိုက်ခန်းပြာလေးဆီသို့ ကူးလာတတ် သည်။

ကျွန်တော်၏ အိပ်မက်ပုံစံ (**SLEEP PATTEMS**)က တစ်ထေရာ တစ်ထပ်တည်းဖြစ်နေသည်ကလည်း ထူးဆန်းနေ သည်။ကျွန်တော် ထိုအမျိုးသမီးပေါ် ဖောက်ပြန်လော်မာစိတ်၊ စွဲလန်းမှု၊ တပ်မက်မှုတွေကြောင့် စိတ်စွဲရောဂါဝေဒနာ အိပ်မက် ခြင်းဖောက်ပြန်မှု (**SLEEP DISORDERS**)တွေ ရလာခဲ့သည် ထင်ပါသည်။

စင်စစ် ကျွန်တော်သည် ကျွန်တော့်စိတ်တွေကို ချိုးနှိမ်ပစ် ခဲ့သည်၊ ဆုံးမခဲ့ပါသည်။ သူမကို သူမ၏အမျိုးသားနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေခဲ့သည်ကို တွေ့ခဲ့ရသည့်ညမှစပြီး ကျွန်တော်၊ ကျွန်တော်၏ ပြတင်းပေါက်ကလေးကို လုံးဝမဖွင့်ခဲ့တော့ပါ။ ပြီးနောက် မနက် အိပ်ယာမှ ကျွန်တော်နိုးလာလျှင်လည်း သူမနှင့်ဆုံမည်စိုး၍ ဝရံတာသို့ လုံးဝမထွက်တော့ပါ။

သို့ရာတွင် ကျွန်တော့်မသိစိတ် ၊ မြုံစိတ်အတွင်းထဲမှာ တော့ သူမ၏ဝိညာဉ်လိပ်ပြာလေး နိုကပ်နေသောကြောင့်ပေ လောမသိ။ ကျွန်တော် အိပ်မက်တွေ ဆက်တိုက်မက်နေခဲ့သည်။

ကျွန်တော် ဘာဆက်လုပ်ရမှာလဲ။ သည်အတိုင်းဆို ကျွန် တော့်ကိုယ်ကျွန်တော် စိတ်ရောဂါအထူးကုဆရာဝန်တစ်ဦးဆီ ပြသသင့်ပြီလား။

အရက်ကြောင့် အိပ်မက်လို့ပဲ ပြောရမလား။

ကျွန်တော် တစ်ခုခုတော့ဆုံးဖြတ်ရလိမ့်မည်။ စိတ် ညစ် ညစ်နှင့် ရေမိုးချိုးအဝတ်အစားလဲပြီး ကျွန်တော် 'မဟေသီကိုကို' သို့ ထွက်လာခဲ့သည်။

* * * *

"ကိုနန်းနွယ်စိုးရဲ့ (Case)က စိတ်ဝေဒနာမဟုတ်ပါဘူး





ခင်ဗျာ. . မပူပါနဲ့ . . အဟဲ. . အဲ ခင်ဗျားပြောတဲ့အတိုင်းဆိုရင် ဒါဟာ အိမ်ထောင်သည်တစ်ဦးရဲ့ နှလုံးသားထွက်ပေါက်ရှာဖွေ ခြင်းလို့ပဲ ပြောရမလား မသိဘူး. . ခင်ဗျားက စာရေးဆရာဆို တော့ ပိုနားလည်ပါတယ်. . ကဗျာဆန်ဆန်ပြောရရင်တော့ဗျာ နှလုံးသားအိပ်မက်ဝေဒနာပေါ့ . . ခင်ဗျားမှာမိသားစု ၊ အိမ် ထောင်ရေးအဆင်မပြေတဲ့ (**Problem**)လေးကလဲ နှလုံးသားထဲ မှာအမြဲရှိနေတယ်. . ခံစားနေရတယ်. . ပြီးတော့ ခင်ဗျားဟာ အထီးကျန်ဆန်တဲ့ (**Loneliness**) ဘဝနဲ့ အခန်းထဲအောင်းပြီး စာပဲကြိတ်ရေးနေခဲ့တော့ ပတ်ဝန်းကျင်နဲ့ အဆက်ပြတ်နေခဲ့ တယ်. . ပြင်ပလောကရဲ့ အလှအပ ၊ သဘာဝလေးတွေနဲ့ အဆက်ပြတ်ကင်းလွတ်နေခဲ့တယ်. . ဒီတော့ ခင်ဗျား စိတ် ညစ်ညစ်နဲ့ ဂျင်နဲ့ဘီယာလေးသောက်ပြီး အပမ်းဖြေ အလွမ်း ပြေအာရုံပြောင်းခဲ့တယ် ဆိုပါတော့ . . ဒါပေမယ့် ခင်ဗျားဟာ ယောကျ်ား ၊ ကျန်းမာရေးကောင်းတဲ့ယောကျ်ားတစ်ဦး. . အိမ် ထောင်သည်တစ်ယောက်. . အိမ်ထောင်သည်ဘဝ အပြည့် အဝမခံစားရတဲ့ စိတ်လွင့်မျောနေသူဖြစ်တယ်. . "

ကျွန်တော် ငြိမ်ငြိမ်နားထောင်နေသည်။ ဘာမှဝင်မပြော။

"ဒီအချိန်မှာ မမျှော်လင့်ပဲ အရက်လေးမူးပြီး ထွေးဆူနေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ညတစ်ညမှာ မမျှော်လင့်ပဲ အခန်းတစ်ခန်းထဲက မိန်းမတစ်ဦးရဲ့အလှလေးတစ်ခုကို တွေ့လိုက်ရတယ်. . ဒီတော့ မသိစိတ်မှာ ဒီအမျိုးသမီးအပေါ် ခင်ဗျား တွယ်တာစွဲမက်လာတယ်. . တွေ့ချင်မြင်ချင်တဲ့ စိတ်တွေပေါ်လာတယ်. . ဒါပေမယ့် ဒီမိန်းမဟာ ကာမပိုင်ယောကျ်ားရှိမှန်းလဲ ခင်ဗျား သိသွားရော ခင်ဗျား ဒီမိန်းမအပေါ် မျှော်လင့်စိတ်ကူးထားတဲ့ အိပ်မက်တွေကို မသင့်တော်မှန်းသိပြီး ခင်ဗျားစိတ်ကို ခင်ဗျား ချိုးနှိမ်ခဲ့တယ်. .

ဒါပေမယ့် ခင်ဗျားရဲ့ နှလုံးသားထဲမှာ ဒီမိန်းမဟာ ပျောက်မသွားဘူး. . အိပ်မက်ထဲမှာ ပေါ်လာတယ်. . ခင်ဗျားဆီ ရောက်လာခဲ့တယ်. . အဲဒါ ခင်ဗျားရဲ့နှလုံးသား ထွက်ပေါက်ပဲ ဒီလို (Case)မျိုးဟာ အိမ်ထောင်ရေးအဆင်မပြေလို့ ဝေးရာမှာ တစ်ယောက်တည်းနေရင်း ကြိတ်မှိတ်ခံစားနေရတဲ့ ယောကျ်ားတိုင်းမှာရှိတဲ့ နှလုံးသားထွက်ပေါက်လေးတစ်ခုပါ. . စိတ်ဝေဒနာလဲမဟုတ်ဘူး. . ဖောက်ပြန်တာလဲ မဟုတ်ဘူး. . အဲဒီဝေဒနာတွေ မခံစားချင်ရင် ဒုတိယနှလုံးသားအသစ်လေးတစ်ခု အစားထိုးလိုက်ပေါ့ဗျာ. . ဒါပေမယ့် ကာမပိုင်လင်ရှိမယားကိုတော့ ဝေးဝေးကရှောင် စာရေးဆရာရေ. . ”

သူငယ်ချင်းဟောင်း ကျောင်းနေဘက် စိတ်ရောဂါအထူး





ကု ဆရာဝန်က ကျွန်တော့်ကို စိတ်ရှည်လက်ရှည် ရှင်းပြလိုက်တော့မှ ကျွန်တော့်စိတ်ထဲ သက်သာရာရသွားပါတော့သည်။ ကိုယ့်လိပ်ပြာလည်း သန့်သွားတော့သည်။

ကျွန်တော်က သူ့ဇနီးချော ‘ကထိက’မလေး ဖော်တိုက်သည့် ကော်ဖီခါးသက်သက်လေးကို မော့ချလိုက်ပြီး သူတို့ဇနီးမောင်နှံကို နှုတ်ဆက်လျှက် လှမ်းထွက်လာခဲ့သည်။

* * * *

မထင်မှတ်ထားသော တိုက်ဆိုင်မှုတစ်ခုက ကျွန်တော့်နှလုံးသားများကို တုန်ခါသွားစေခဲ့သည်။

“အန်ကယ်လ်က စာရေးဆရာ နန်းနွယ်စိုး ဟုတ်ပါတယ်နော်”

‘တိမ်သက်တန်’က လူရှင်းသည့် စားပွဲဝိုင်းတစ်ခုမှာ ကျွန်တော်နှင့် ကိုစန်းပွင့်တို့နှစ်ဦး ဝင်ထိုင်လိုက်ကြပြီး စားသောက်ဖွယ်ရာလေးတွေ မှာမည်ဟု စီစဉ်နေဆဲလေးမှာပင် ကောင်တာစာရေးမလေးက အနီးသို့ရောက်လာပြီး ပြောလိုက်သည့်စကားကြောင့် ကျွန်တော် အံ့အားသင့်ကာ သူမကို လှည့်ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



မိသည်။

"ဟုတ်ပါတယ် . . ဘာဖြစ်လို့လဲ"

"အော် . . လီလီတို့ ဘော့စ်က အန်ကယ်တို့နှစ်ဦးကို သီးသန့်ဧည့်ခံချင်လို့တဲ့ . . ပြီးတော့ စကားနဲနဲပြောချင်ပါတယ်တဲ့ . . အဲဒါ အတွင်းဘက်က အခန်းတစ်ခုကိုကြွပါတဲ့ . . ဖိတ်ခိုင်းလို့ပါ"

အံ့သြဝမ်းသာမှုလေးက ထပ်ဆင့်ပြီး ရင်ကိုလှိုက်ခါသွားစေပါသည်။

"အော် . . ဟုတ်လား"

ကျွန်တော်က သဘောတူလက်ခံလိုက်သည့် သဘောဖြင့် ခေါင်းညိတ်ပြလိုက်ပါသည်။ ပြီးနောက် သူမ၏နောက်မှ ကျွန်တော်တို့နှစ်ဦး ထလိုက်လာခဲ့ကြသည်။အတွင်းဘက်သီးသန့် အခန်းလေးတစ်ခုထဲသို့ လှမ်းဝင်လာခဲ့ကြသည်။

ထူးထူးဆန်းဆန်း အခန်းလေးက တစ်ခန်းလုံးနံရံမျက်နှာကျက်ကအစ ပန်းရောင်လေးဖြစ်ပြီး ခန်းဆီးလိုက်ကာလေးပါ ပန်းရောင်တရှမ်းဖဲလိုက်ကာလေး ဖြစ်သည်။ ကောင်မလေးပြန်ထွက်သွားပြီး မကြာမီ စက္ကန့်ပိုင်းလေးမှာပင် နိုင်ငံခြားဖြစ် ဒရိုင်းဂျင်ပုလင်း၊ မန္တလေးဘီယာခုနစ်လုံးနှင့် အစားအသောက်





များ ဆင့်ကဲဆင့်ကဲ ရောက်လာခဲ့သည်။စားပွဲတစ်ခုလုံး ပြည့်လျှံသွားသည်။ စာရေးမလေးက ပြန်ဝင်လာပြီး . .

"အန်ကယ်လ်တို့ စိတ်ကြိုက်သုံးဆောင်ပါရှင့် . . လိုတာရှိရင်အားမနာပါနဲ့တဲ့ . . စားပွဲထိုးကိုခေါ်ပြီး မှာပါတဲ့ . . ဘော့စ်က ဒီညအတွက် ကြိုက်သလောက်သုံးဆောင်ပါ . . သူ သက်သက်ဧည့်ခံတာလို့ ပြောတယ် . . သူ့ အပေါ်ထပ်မှာ အလုပ်လေးတွေပြီးရင် ဆင်းလာမယ်လို့ ပြောခိုင်းလိုက်လို့ . ."

"သင့်ခ်ယူပါပဲကွာ . . အိုကေ . . အိုကေ"

ကျွန်တော်က တရင်းတနှီးလေး ပြန်ပြောပြီး ဝိုင်းက စရန်ဖြင့်လိုက်သည်။ဖန်ခွက်နှစ်ခွက်ထဲသို့ ဂျင်များဖြည့်ထည့်လိုက်သည်။ကောင်မလေး ရွှန်းလဲ့ဝေဝေ မျက်လုံးလေးတွေနှင့် ပြန်ထွက်သွား၏။

"ထင်ပေါ်လို့ စင်တော်ကကောက်တာပဲ ဆရာနန်းရေထဲ . . မတိမ်းမစောင်း ဗိန်းမောင်းလေးတီးပြီး ဆော်လိုက်ကြစို့သား . . အင်း . . မတော်လို့ သူတို့ဘော့စ်က ချောချောလှလှရှိုးမလေးများဖြစ်နေရင်တော့ သိပ်ကြည့်ကောင်းမယ့်ပွဲပဲ . . အတ်လမ်းလေးတစ်ပုဒ်တော့ ဆရာနန်းအတွက် ရနိုင်တာပေါ့"

ကျွန်တော်က မပွင့်တစ်ပွင့်လေး ပြန်ရယ်လိုက်ရင်း ခရိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဂျင်ဖန်ခွက်ကို မော့ချလိုက်သည်။ ဟာ. . နိုင်ငံခြားဖြစ် ဂျင်မွှေးမွှေးလေးက ရင်ထဲကို စွေးရှပြီး ပြင်းပြင်းလေးစီးဝင်သွားသည်။

ချက်ချင်း ဒရိုင်းဂျင်ပိုင်းလေးက တေးသံစုံ သံစဉ်လေးတွေနှင့် ပျော်ပွဲရွှင်ပွဲလေးတစ်ခုအဖြစ် ပြောင်းလဲသွားသည်။

စားပွဲပေါ်က ငါးသုံးလုံးဘူးကို ကောက်ယူပြီး စီးကရက်တစ်လိပ်မီးညှိလိုက်သည်။ ဒရိုင်းဂျင်တစ်ဝက်ကျိုးသွားပြီး ဘီယာငါးလုံးကုန်သွားသည့် စံညွှန်းကိုက်အချိန်လေးမှာ . .

ကျွန်တော့်ရှေ့တည့်တည့်က ဖဲခန်းဆီးလိုက်ကာ ပန်းရောင်လေး ညင်သာစွာဟသွားသည်။ ပြီးနောက် လမင်းနီနီလေးတစ်ပါး ဘွားကနဲ လှမ်းဝင်လာသည်။သူ့မျက်နှာပေါ်မှာ ပြင်းထန်သော ညှို့သက်တွေနှင့် အပြုံးပန်းတစ်ပွင့်ကို မြင်လိုက်ရသည့် ခနမှာပင် ကျွန်တော့်ရင်တွေ ဝရုန်းသုန်းကားဖြစ်ကုန်သည်။

ဟင်. . ကျွန်တော့် ညပန်းပွင့် 'ကလောဒီယာရုက်ဖာ' ဒါမှမဟုတ် စိတ္တဇအိပ်မက်တွေထဲက ကျွန်တော့် 'သက်တန့်နှင်းဆီ' လှဒေဝီပါလား။

ကျွန်တော် အံ့အားသင့်ပြီး ငေးကြည့်နေမိဆဲ။ သူမက ဖြည်းညှင်းစွာ လှမ်းလာပြီး ကျွန်တော့်ရှေ့က မျက်နှာချင်းဆိုင်





ခုံမှာဝင်ထိုင်သည်။

"ဒေဝီက ဒီစားသောက်ဆိုင်ပိုင်ရှင်ပေါ့ . . ကိုနန်းနွယ်စိုးအံ့ဩနေတယ်ထင်တယ်. . ကိုနန်းနွယ်စိုးက ဒေဝီ့ကို မသိပေမယ့် ဒေဝီကတော့ အဲ. . ဆရာ့ကို သိနေတယ်လေ. . အော်ဒါနဲ့ ဆရာတို့ပြည့်စုံရဲ့လား. . ဘာလိုသေးလဲ. . လိုတာရှိရင်မှာနော်. . အားမနာနဲ့"

"ဟာ. . ပြည့်စုံနေပါပြီ မဒေဝီ"

"ဒေဝီလို့ပဲ ခေါ်ပါဆရာ. . ရင်းရင်းနှီးနှီးပေါ့ မဟုတ်ဖူးလား. . အဟင့်. . ဟင့်"

သူမပြောရင်း ငါးသုံးလုံးစီးကရက်ဘူးကို လှမ်းယူပြီး မီးညှိသည်။ချွန်မြသည့် လက်သဲနီနီလေးတွေနှင့် ညှပ်ပြီး စီးကရက်ကို ဖွာပစ္စာဖွာသည်။

ကျွန်တော် ဒရိုင်းဂျင်ဟဲဗီး Beat လေးတွေနှင့် ဒေဝီ့အလှကို အသံတိတ်ခံစားနေမိသည်။ကိုစန်းပွင့်လည်း ဒေဝီ့အလှထဲ လွင့်မျောနေလေသည်။

"ဒေဝီက ကျွန်တော့်ကို ဘယ်လိုသိနေတာလဲ"

အံ့ဩသံစဉ်လေးတစ်ခု ကျွန်တော့်ရင်ထဲ ပွင့်ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း . . ဟင်း ဒေစီ့ရင်ထဲမှာ ရေဒါနဲ့ ကွန်ပျူတာစက်ကလေးတွေရှိတယ်လေ . . အကို စာရေးဆရာရဲ့ . . ဒါကြောင့် အခု ဆရာ့ကိုဒေစီ့အကြောင်းလေး နည်းနည်းပါးပါး ပြောပြချင်လို့ ဒီနေရာကို ဖိတ်ခေါ်ခိုင်းလိုက်တာပေါ့"

"ဒါပေမယ့် ခါတိုက် ဒီ တိမ်သက်တန့်မှာ ဒေစီ့ကို ကျွန်တော် မမြင်မိပါဘူး"

"ဘယ်မြင်မလဲ . . ဒေစီက အမြဲမှမလာတာ . . လာလဲ ဒေစီက ဧည့်သည်တွေ စားချိန်သောက်ချိန်မှာ ဘယ်တော့မှ အောက်ဆင်းမလာဘူး . . နောက်ဖေးကဝင်ပြီး အပေါ်ထပ်မှာပဲ နေတယ် . . ပြန်ရင်လဲ နောက်ဖေးဘက်ကပဲ ပြန်ထယ်"

"ဒါနဲ့ ဒေစီ့အကြောင်းလေးဆိုတာက"

ကျွန်တော် သူမအကြောင်းလေးတွေကို အမှန်ပဲ စိတ်ဝင်စားလိုက်မိသည်။သို့ဖြစ်၍လည်း စကားဆက်ပေးလိုက်မိပါသည်။

"ဒေစီ့အကြောင်းက သိပ်တော့မဆန်းပါဘူးလေ . . ဒါပေမယ့် ဆရာ့အနေနဲ့ ဝတ္ထုတစ်ပုဒ်ရေးချင်လို့ ရချင်ရသွားနိုင်တယ် ဒီလိုပါ . . ဒေစီငယ်ငယ်က အင်မတန်ဆင်းရဲခဲ့တယ် . . ဘဝကို ရုန်းကန်ပြီး ခက်ခက်ခဲခဲနဲ့ ဆယ်တန်းအောင်ခဲ့ရတယ် . .



တက္ကသိုလ်ကို အပြင်ဆောင်တစ်ခုမှာ နေရင်း ကိုယ့်စားရိတ် ကိုယ်ရှာပြီး တက်ခဲ့ရတယ် . . ညဘက်မှာ စားသောက်ဆိုင်တစ်ဆိုင်မှာ ပန်းကန်ဆေး၊ သန့်ရှင်းရေး အောက်ခြေသိမ်းအလုပ်တွေလုပ်ပြီး နေ့ဘက် တက္ကသိုလ်တက်ခဲ့ရတာ"

"အော် . ."

"ဒေစီ တက္ကသိုလ်ဒုတိယနှစ်မှာ ပထမဦးဆုံးအချစ်ဦးနဲ့ တွေ့ခဲ့ရတယ် . . သူကလဲ နယ်က သာမန်အဆင့်ထဲကပါပဲ . . ဒေစီ သူ့ကိုအင်မတန်ချစ်ခဲ့တယ် . . ဒါပေမယ့် ဒေစီက သိပ်ချမ်းသာချင်တယ် . . ငယ်ငယ်က ဆင်းရဲခဲ့တော့ ဆင်းရဲမှုဒဏ်ကို မခံချင်တော့ဘူး . . ဒီလိုနဲ့ ရုန်းကန်ရင်း ဒေစီနောက်ဆုံးဘွဲ့ယူမယ့်နှစ်မှာ လူတစ်ယောက်ကို တွေ့တယ် . . သူက ဒေစီ့အလှတွေကို မက်မောတယ် . . သူက ချမ်းသာတယ် . . မန္တလေးက ရတနာကုန်သည် . .

နောက်ဆုံးမှာ ချမ်းသာချင်တဲ့ ဒေစီဟာ သူ့မက်လုံးတွေကို သဘောကျပြီး သူ့ကိုလက်ထပ်လိုက်တယ် . . ချစ်သူကို သစ္စာဖောက်ပြီး ချမ်းသာမှုအတွက် ကိုယ့်ဘဝကို ဒေစီ စတေးလိုက်တယ် . . ဒါပေမယ့် ဒေစီ စိတ်မချမ်းသာရဘူး . . အိမ်ထောင်ရေးလည်း အဆင်မပြေဘူး . . နောက်ဆုံး ဒေစီသမီးလေးလဲ

www.burmeseclassic.com



မွေးပြီးရော သူနဲ့ကွဲတာပဲ. . သူနဲ့ကွဲပြီး ဒေစီတော်တော်လေး ဒုက္ခရောက် လေလွင့်ခဲ့သေးတယ်. .

အဲ . . နောက်ဆုံးမှာ ခုယောက်ျားကယ်တင်ရှင်နဲ့ တွေ့ပြီး ဒေစီ ဒီဘဝရောက်ခဲ့တယ်. . ဒီဆိုင်ကိုလဲ ဒေစီ့နာမည်နဲ့ ဝယ်ပေးထားတယ်. . တိုက်ခန်းတစ်ခန်းနဲ့ ကားတစ်စီးလဲဝယ်ထားပေးတယ်. . ဒါပေမယ့် ဒေစီမပျော်ဘူး. . စိတ်ဆင်းရဲနေရတယ်. ."

သူမ စကားကိုရပ်ပြီး နာကျင်သည့် အပြုံးမှုန်မှုန်လေး တစ်ခုနှင့်အတူ ကျွန်တော့်ကို လှမ်းကြည့်ပြီး စီးကရက်တစ်လိပ်ကို ထပ်မီးညှိသည်။အားရပါးရ ရှိုက်ဖွာလိုက်ပြီး မီးခိုးပြာပြာတွေကို လေထဲ လွှင့်မှုတ်ပစ်လိုက်သည်။

အခန်းလေးက တိတ်ဆိတ်နေသည်။သူမ စကားပြန်ဆက်သည်။

"ဘာဖြစ်လို့လဲဆိုတော့ ဒေစီ့ကို သူက ငွေနဲ့ဝယ်ထားတဲ့ အရုပ်လေးတစ်ရုပ်လို ကစားနေတာ. . ဒေစီ့ဆီ သူလာချင်တဲ့ အချိန်လာတယ်. . မလာချင်တဲ့အချိန်မှာ အကြာကြီးမလာပဲ ပစ်ထားတယ်. . ဒေစီက အရုပ်မဟုတ်ဘူးလေ. . အသည်းနှလုံးနဲ့ ခံစားတတ်တဲ့မိန်းမတစ်ဦးပါ . . သူကတော့ သူ့ဘဝကို သူ





ကျေနပ်နေမှာပေါ့ . . သူက ငွေကိုရေလို ကစားနိုင်သူဆိုတော့ ရောက်တဲ့နေရာမှာ မိန်းမတွေယူထားတာဆိုတော့ နယ်တကာ လှည့်သွားနေတာပေါ့ . . ဒီတော့ ဒေစီကလဲ အရွဲ့တိုက်ပြီး တွဲချင်တဲ့လူနဲ့ သူ့နောက်ကွယ်မှာ တွဲတာပဲလေ. . အဟင်း ဟင်း"

ဒေစီ့ရယ်သံတွေက နာကျည်းသွေ့ခြောက်နေသည်။ စိတ္တဇဆန်သည့် ရယ်သံများ. .

"ဒါပေမယ့် ဒေစီ ဘယ်သူ့ကိုမှ မချစ်ပါဘူး. . အစွဲအလန်း ထားပါဘူး. . ဒါပေမယ့် ဒေစီ့နှလုံးသားကို လှုပ်ခါသွားစေတဲ့ သူတစ်ယောက်ကိုတော့ ဒေစီ မကြာသေးခင်ကပဲ တွေ့ခဲ့ရတယ်. . ဒေစီ အဲဒီလူကို အရမ်းချစ်မိသွားတယ်. . အဲဒီလူက ဒေစီနေတဲ့ ပန်းရောင်တိုက်ခန်းလေးနဲ့ မျက်နှာချင်းဆိုင် တိုက်ခန်းပြာပြာလေးထဲက လူတစ်ယောက်ပဲလေ"

"ဗျာ. ."

ကျွန်တော် ဖျတ်ကနဲလန့်ပြီး သူမကို လှမ်းကြည့်လိုက်သည်။အကြည့်ချင်းတွေ ဆုံသွားကြ၏။ကျွန်တော့်ရင်တွေ လှုပ်ခုန်ပြီး အေးစက်သွား၏။

ကျွန်တော့်အကြည့်ကို ရုပ်ပြီး ကိုစန်းပွင့်ကို လှည့်ကြည့်သည်။စိတ်ထဲက ကိုယ့်ဘာသာ မလုံမလဲဖြစ်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုစန်းပွင့်ကတော့ ဘာမှမသိရှာ။ ဒေစီကိုသာ ငေးကြည့်နေပြီး

"ဆက်ပြောစမ်းပါဦး မဒေစီ. . အဲဒီလူနဲ့ ဆက်ပြီးဘယ်လိုဖြစ်ကြတာလဲ"

ကိုစန်းပွင့်က အလိုက်ကန်းဆိုးမသိ။ ဆက်မေးနေပြန်သည်။ကျွန်တော် ရင်တွေခုန်လာသည်။

"အဟင်း. . ဟင်း ဘယ်လိုမှတော့ ဆက်မဖြစ်ပါဘူး. . အဲဒီလူက ဒေစီ့ကို ညညဆို သူ့အခွန်းပြာလေးထဲက ခိုးခိုးကြည့်နေတတ်တယ်. . ဒေစီက သိပေမယ့် မသိချင်ယောင်ဆောင်နေခဲ့ပါတယ်. . ဘာဖြစ်လို့လဲဆိုတော့ သူ အာရုံပျက်သွားမှာစိုးလို့"

ဒေစီက မျက်လုံးရွဲကြီးတွေနှင့် ကျွန်တော့်ဆီလှမ်းကြည့်နေသည်။ကျွန်တော့်မျက်နှာ ဘယ်လိုထားရမှန်းမသိတော့။ ကျွန်တော် ဒီအခန်းထဲကနေ ထွက်ပြေးချင်စိတ်တောင် ပေါ်လာသွားသည်။ကျွန်တော် သူမကို ခန်းဆီးပြာပြာလေးနောက်ကနေ ညည ခိုးကြည့်နေခဲ့တာကို သူမက သိနေသည်ဆိုပါလား. . အိုးမိုင်ဂေါ့ . . ။

"ဒေစီကလဲ အမှန်အတိုင်းပြောရရင် သူ အဲဒီလို ဒေစီ့ကို ခိုးခိုးကြည့်နေတာကိုပဲ ကြည်နူးသာယာနေတယ်လေ. .





ဘာဖြစ်လို့လဲသိလား. . အဲဒီလူဟာ ဒေစီတက္ကသိုလ်မှာတွေ့ခဲ့ရတဲ့ ဒေစီ့အချစ်ဦးကောင်ကလေးနဲ့ အရမ်းကိုတူနေလို့ပဲ"

"ဟင်. . ဟုတ်လား"

ကျွန်တော့်နှုတ်က ယောင်ပြီး ပွင့်ထွက်သွား၏။

"ဟုတ်တယ် ဆရာ. . အရမ်းကိုတူတယ်. . ဒါကြောင့် ဒေစီက သူ့ကို အရမ်းအခွင့်အရေးတွေပေးပြီး ညတိုင်းမျှော်နေခဲ့တာပေါ့. . သူများ ဒေစီ့အခန်းကို ကူးလာခဲ့မလားလို့ အမြဲစောင့်စားနေခဲ့ပါတယ်. . ဒါပေမယ့် သူက အရမ်းကို စောင့်ထိန်းခဲ့နိုင်တယ်. . ဒေစီကတော့လေ နောက်ဆုံးမှာ သူ့ကို စွဲလန်းလွန်းလို့လားမသိဘူး. . ညညဆို သူ့ကို အိပ်မက် မက်တယ်. . အဟင်း ဟင်း အဲဒီလူက သတ္တိမရှိပါဘူး ဆရာရယ် ဒါပေမယ့် ဒေစီကတော့ သတ္တိရှိတာယ်သိလား. . စွန့်စားရဲတယ်"

ဒေစီ နောက်ဆုံးစကားလေးကို ပြုံးပြုံးလေးပြောသည်။ သူမ မျက်လုံးတွေကတော့ အေးစက်စိမ်းလဲ့နေကာ တစ်ကယ်ထုပ်မည့်သဘောရှိသည်။စိမ်ခေါ် သံလေလား. . စိတ်နှစ်စိတ်၏ တိုက်ဆိုင်နေမှုကို ကျွန်တော် အံ့ဩနေသည်။

ကျွန်တော် သူမကို ငေးကြည့်ပြီး တုန်လှုပ်သွား၏။

"ဒေစီ့ဇာတ်လမ်းကတော့ ဒါပါပဲ ဆရာရယ်. . ဆရာ့ကို



www.burmeseclassic.com

www.burmeseclassic.com



ဒီအကြောင်းလေး ပြောပြချင်လို့ ဒေစီ တမင်ဖိတ်လိုက်တာပါ . . ဆရာ သဘောကျမယ်ဆိုရင်လဲ ဝတ္ထုတစ်ပုဒ်ဖြစ်လာနိုင်တာပေါ့ နော် . . အင်း . . သဘောမကျရင်တော့လဲ"

ဒေစီ ပခုံးလေးကို လှပစွာတွန့်လိုက်ပြီး ထရပ်လိုက်ပါသည်။သူမ စိမ်ခေါ် လိုက်ပါပြီ။

"ကဲ . . ဂွတ်နိုက် ဆရာ . . ဒေစီ့ကို ခွင့်ပြုပါဦး"

သူမ နှုတ်ဆက်ပြီး အခန်းထဲမှ လှည့်ထွက်သွားပါသည်။ နှင်းဆီရေမွှေးနံ့တွေက တစ်ခန်းလုံး သင်းပျံ့စွာကျန်ရစ်ခဲ့၏။

"ကောင်းတယ် . . သူ့ဇာတ်လမ်း အရမ်းကောင်းတယ် ဆရာနန်း . . ဖန်တီးလိုက် . . ဖန်တီးလိုက် . . အိုကေပဲ"

ကိုစန်းပွင့်က မပီမသ ဗလုံးဗထွေးနှင့် ထောက်ခံလိုက်သည်။သူ တော်တော်လေး ထွေနေပြီ။

ကိုစန်းပွင့်ကတော့ ကျွန်တော်နှင့် ဒေစီ၏ဖြစ်ရပ်မှန် ဇာတ်လမ်းလေးကို ဘာမှမသိရှာ။

ကျွန်တော်တို့ နှစ်ဦး တိမ်သက်တန့်က ရီဝေမူးမူးနှင့် ထွက်လာကြတော့ အပြင်မှာလပြာပြာက ထိန်ထိန်လင်းနေသည်။

"ကဲ တက်လေ . . ဆရာနန်းကို ကျွန်တော်လိုက်ပို့မယ်"





ကျွန်တော် ကိုစန်းပွင့်ကားနောက်မှာရပ်နေပြီး ခေါင်းခါရမ်းပြလိုက်သည်။

"မပို့နဲ့ . . ကျွန်တော် "ကက"တစ်စီး ငှားစီးသွားမယ် တစ်နေရာ သွားစရာရှိလို့"

"ဒါဆိုလဲ အိုကေလေ"

သူ ကားမောင်းထွက်သွားတော့သည်။ ကျွန်တော် လက်ထောင်ပြလိုက်ပြီး တက္ကစီစတင်းရှိရာ လျှောက်လာခဲ့သည်။

သည်ည ကျွန်တော် 'မုတ္တမကွေ့' တိုက်ခန်းပြာလေးသို့ မသွားတော့။ မူလ ကျွန်တော်နေခဲ့သော ခြောက်မိုင်ခွဲမှ ကျွန်တော့်ဘော်ဒါဆောင် တိုက်ခန်းလေးဆီသို့သာ ပြန်တော့မည်။

နောက်တစ်နေ့ ဝတ္ထုရှည်တစ်ပုဒ်ရေးရန် ကျွန်တော် တစ်နေရာရာသို့ ခရီးထွက်ရမည်။ထိုမှတစ်ဆင့် သူမနှင့်ဝေးရာဆီသို့ . . ။ဝေးရာဆီသို့ . . . ။

✱ ✱ ✱ ✱

နန်းထိုက်စိုး

(နိုင်ငံခြားသားသားသမီး မှ)



www.burmeseclassic.com

www.burmeseclassic.com

# အနုပ်မ်းတစ်ပွင့်ရဲ့ဒဏ္ဍာရီ

"အချစ်သည် ယောက်ျားအားလုံး၊ ဆင်ခြင်တတ်သူရော မိုက်မဲသူတို့ပါ ကန်းစေသည်။"

(မိနန်ဒစ်)

* * * * *

ယနေ့ည၊ ကျွန်တော် မန္တလေးမြို့၏အကောင်းဆုံး၊ဖိမ်အကျဆုံး'ဟိုတယ်'တစ်ခု၌ တည်းခိုဖြစ်သွား၏။

ထိုဟိုတယ်သည် အထူးသဖြင့် ကျွန်တော်တို့"ကျောက်



www.burmeseclassic.com

www.burmeseclassic.com



ကုန်သည်"တွေအတွက် အလွန်လာဘ်ပွင့်သည့်ဟိုတယ် တစ်ခုဖြစ်ပြီးမန္တလေးရောက်တိုင်း ကျွန်တော် အမြဲတည်းနေသည့် တစ်ခုတည်းသော ဟိုတယ်ဖြစ်သည်။

ဟိုတယ်အမည်ကလည်း **"LuckyPalace Hotel"** ဖြစ်သည်။

ယခုလည်း ကျွန်တော့် ကျောက်တစ်ပွင့်အတွက် ကျွန်တော် အရမ်းစန်းပွင့်နေသည်။မန္တလေးက ရတနာကုန်သည်ကြီးတွေက ကျွန်တော့်"ပန်းရင့်နှင်းဆီပွင့်"လေးကို အလွန်အမင်း စိတ်ဝင်စားနေကြသည်။မျက်စိကျနေကြသည်။

စိတ်ဝင်စားမည်ဆိုလည်း စိတ်ဝင်စားလောက်သည်။

ကျွန်တော့်ကျောက်၏ အရောင်က ပထမတန်းစားပတ္တမြား အရည်(**"Deep Pink Rose's Colour"**) "ပန်းရင့်နှင်းဆီအရောင်" ပြီးတော့ ချွန်းနှင့်ပယ်ကလည်း အလွန်လှသည်။ပေါက်စီပုံစိန်ကွက်ဖော်ထားသည့်'ခြောက်ကလပ်ခွဲ' ရှိသော 'တာ' တစ်ပွင့်ဖြစ်သည်။ပတ္တမြားဟု ဆိုရသော်လည်း ကျွန်တော်ကျောက်စိန်တစ်ပွင့် ၏ တောက်ပမှုလို အရောင်တွေ တစ်ဖျတ်ဖျတ် ပွင့်တောက်နေသည်။မြင်ရသူရင်ဖိုလောက်သည့် အပြစ်စင်၊ ဂေါ်စင်ပြီး အရမ်း လှသည့်ကျောက်။

ထို့ကြောင့်"ကျွန်တော့်ကျောက်ကို မန္တလေးရတနာကုန်





သည်တွေက"ပန်းရင့်နှင်းဆီစိန်နီတစ်ပွင့်"အဖြစ် ငမ်းငမ်းတက် လိုချင်နေကြခြင်းဖြစ်သည်မှာ မဆန်းပါ။

ကျောက်အိပ်စပတ်မီလျံနာတစ်ယောက်က ကျွန်တော့် 'ပန်းရင့်နှင်းဆီ'လက်ရှိ ဒေါ်င်း 22 **LAKH** ကျပ် (၂၂)သိန်းနှင့် သူစီးနေသည့် ကိုးသိန်းခွဲတန် ကားတစ်စီးပေးမည်ဟု သည်မနက်ပဲ ဟိုတယ်မှာ လာကြည့်သွားပြီး ဈေးဖွင့်သွားသည်။

"ဘယ်လိုလဲ ဦးနေနှန်းစိုး. . ကျွန်တော်ပေးတဲ့ဈေးက မနည်းပါဘူးဗျာ. . တစ်ကာလပ်ကို ငါးကျပ်နှုန်းလောက်ကိုက်သွားပြီ. . စဉ်းစားပါ လွှတ်နိုင်ရင်လွှတ်သင့်ပြီလေ. . "

မီလျံနာဦးအာကာ၏ အဖွင့်စကားလေးတွေကတော့ ရတနာကုန်သည်ပီပီ ချိုမွေ့သင်းပျံ၍ နေပါသည်။သို့သော် ကျွန်တော်ကလည်း ဖျားရည်ဆမ်းထားသည့် လှပသည့် အပြုံးကလေးတစ်ခုနှင့် လိမ္မာစွာပဲ တုန့်ပြန်ဖြစ်ခဲ့သည်။ကျောက်ကုန်သည်အစစ်သည် ဟန်ဆောင်ကောင်းရမည် မဟုတ်လား။

"ဆောရီးပဲ ဦးအာကာ. . ခင်ဗျားလာဘ်ဦးလာဘ်ဖျားဈေးဖွင့်လိုက်တာကိုတော့ အင်မတန်ပဲ ကျေးဇူးတင်ပါတယ်ဗျာ ဒါပေမယ့် ကျွန်တော်ကကျွန်တော့်ပစ္စည်းကို ခုနစ်ဆယ်လောက် မှန်းထားတာ. . ငါးဆယ်အောက်ဆိုရင် ကျွန်တော်လုံးဝ မစဉ်းစားဘူး. . စိတ်မရှိပါနဲ့ ခင်ဗျားမှီရင်လဲ လာကြည့်ပေါ့ဗျာ နော်"



www.burmeseclassic.com

www.burmeseclassic.com



သည်လောက်နှင့်ပဲ ရတနာပွဲခင်းလေးက ငြိမ်းငြိမ်းချမ်းချမ်း နိဒါန်းတည်ခဲ့ပါသည်။ဦးအာကာ မချိုပြုံးလေးနှင့် နှုတ်ဆက်ပြန်သွား၏။သို့သော် သူ့မျက်လုံးတွေကတော့ ကျွန်တော့်ကျောက်ကို လိုချင်ဇောနှင့် တောက်လက်စိုရဲနေသည့် လောဘအရောင်များကိုမူ ထိန်းသိမ်းနိုင်စွမ်း မရှိကြောင်းကိုတော့ ရတနာကုန်သည်တစ်ပိုင်း၊စာရေးဆရာတစ်ပိုင်းဖြစ်သူ နေနန်းစိုးက မသိဘဲ နေပါ့မလားလေ၊သိပ်သိတာပေါ့။

သို့သော် သူလည်း ဟန်ဆောင်ကောင်းပါသည်။ဝါရင့်ကျောက်ကုန်သည်ပဲလေ။တစ်ခုတော့ရှိသည် ကျွန်တော့်ကျောက်ကို မိုးကုတ်က"ကျောက်အဖြတ် အမိပတိ ဆရာညိုက "ငါးဆယ်" နှင့်ဖြတ်ထားပြီးပြီဆိုသည့် သတင်းကို သူကြားလျှင်တော့ မနက်ဖြန်မနက်စောစော"**Lucky Palace Hotel**"ကို သူတစ်ခေါက် ထပ်ရောက်လာဦးမည်မှာ သေချာသည်။

ပတ္တမြားမှန်လျှင် အနာမကောင်းဘူးဆိုပေမယ့် ကျွန်တော့်'ပန်းရင့်နှင်းဆီ'လေးကတော့ ရှားမှရှားတဲ့ ခြောက်ပြစ်ကင်း သဲလည်းစင်လေးပါ။အနာအဆာကင်းတဲ့ ရွှေနန်းထိုက်တော်ဝင် ရတနာလေးတစ်ပွင့်ပါဗျာ။

* * * *





မှန်ပါသည်။

ကျွန်တော်"ပန်းရင့်နှင်းဆီ"လေးက ကျွန်တော့်အဖိုး"စစ်ကဲစည်သူဦးသာစံ"(အငြိမ်းစား ခရိုင်ဝန်နှင့်အဖွားစောမယ်မယ်(ကနောင်)တို့က ကျွန်တော့်ဖခင် ခရိုင်အငြိမ်းစားရဲအရာရှိ ဦးမောင်စိန်ကို အမွေပေးခဲ့သည်။"ကနောင်ဆက်ရတနာပစ္စည်း"တစ်ခုဖြစ်သည်။

တစ်ဖန်"ကျွန်တော့်ဖခင်က၊ တစ်ဦးတည်းသောသားဖြစ်သူ၊ကျွန်တော်ကို ထို"ပန်းရင့်နှင်းဆီ"လေးအား"မင်္ဂလာလက်ဖွဲ့"ပစ္စည်းလေးအဖြစ် လက်ဆင့်ကမ်းအမွေ ပေးထားခဲ့ခြင်းဖြစ်ရာ ကျွန်တော်အင်မတန်မှ မြတ်နိုးတန်ဖိုးထားခဲ့သည်။

တော်ရုံတန်ရုံဆို ကျွန်တော်မရောင်း။ဘယ်တော့မှရောင်းဖို့စိတ်မကူးခဲ့။

ယခု၊ ကျွန်တော်ပြင်ပနိုင်ငံတစ်ခုသို့ လုပ်ငန်းတစ်ခုအတွက် ကျွန်တော့်မှာ ငွေအရင်းအနှီးများစွာလိုသည်။တစ်ခြားထုခွဲရောင်းချစရာ အဖိုးတန်ပစ္စည်းကလည်းမရှိ။ရင်းစရာသည်ပစ္စည်းတစ်ခုသာရှိတော့သည်။ပြီးနောက် ကျွန်တော်လုပ်နေသည့်လုပ်ငန်းကလည်း ရတနာအရောင်းအဝယ်ဆိုတော့ ဒီသည်လုပ်ငန်းကို ကျွန်တော့်ကျွမ်းကျင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုက်သင့်သလောက်လည်း ကျွန်တော့်မှာ အခြေနေရှိသည်။

ကျွန်တော့်လုပ်ငန်းအောင်မြင်လျှင် သည့်ထက်ဒေါ်လာသန်းတန်သည့် စိန်တွေကိုပင် ကမ္ဘာ့အရပ်ရပ်မှာ ဝယ်ယူနိုင်သည်မဟုတ်လား။

ထို့ကြောင့်ကျွန်တော်ညာလက်သူကြွယ်မှာ အမြဲအမြတ်တနိုးဝတ်ဆင်ထားသည့် "ပန်းရင့်နှင်းဆီ"လေးကို စွန့်စားပြီး ရောင်းရတော့မည်။

သို့သော် ကျွန်တော့် ပန်းရင့်နှင်းဆီလေးသည် ခြောက်ပြစ်ကင်း သဲလည်းစင် သကဲ့သို့ပင်၊ ထူးဆန်းစွာ ထိုနေ့မနက်တွင် အလွန်မှ စိတ်ဝင်စားစရာကောင်းသော မြစိမ်းရောင်ရွှေမင်းသမီးလေးတစ်ဦးနှင့် မမျှော်လင့်ပဲ ဘွားကနဲတွေ့လိုက်ရပါတော့သည်။

ထိုမြစိမ်းရောင်မင်းသမီးလေးသည် ပြစ်မျိုးမဲ့မထင် ခြောက်ပစ်ကင်းသဲလည်းစင် ရွှေနန်းထိုက်တော်ဝင်လေးဖြစ်သည်။

ဒါပေမဲ့ . . တွေ့ပုံလေးကတော့ လျှပ်တစ်ပြက်လေးပါ။

* * * *





ကျွန်တော် နံနက်စာကို အပြင်ဟိုတယ်တစ်ခုမှာစားရန် "မြထိပ်တင်"နှင့်ဒိတ်လုပ်ထားသည်။

နံနက်စာစားရင်း မြထိပ်တင်နှင့် အေးအေးဆေးဆေး စကားပြောရမည်။သူက မန္တလေးမှာ ကျွန်တော်နှင့်အမြဲလက်တွဲ ထုပ်ကိုင်နေသည့် ကျွန်တော်၏လက်စွဲတော် ကျောက်ပွဲစားသည်းဖြစ်သည်။ကျွန်တော်နှင့်အရင်းနှီးဆုံးမိတ်ဆွေ ရတနာကုန်သည်တစ်ဦးလည်းဖြစ်သည်။

မြထိပ်တင်က မျိုးနှင့်ရိုးနှင့်ရတနာကုန်သည်။သူမကို မန္တလေးရတနာကုန်သည်လောကမှာ မသိသူရှားသည့် ရတနာသူရင်မ။လှလည်းလှသည့် ခေတ်ပညာတက်မုဆိုးမလေးတစ်ဦး အသက်ကတော့လေးဆယ်ပင် မပြည့်တက်သေး။သို့သော် မြထိပ်တင်က ဆွဲဆောင်မှုရှိသည်။ကျက်သရေရှိသည်။

ကျွန်တော် ရေပန်းအောက်မှာ ဆယ့်ငါးမိနစ်လောက် စိမ်ပြီးလိုက်ပြီး၊သားသားနားနားလေးဝတ်ဆင်ကာ ဟိုတယ်ပေါ်မှ ဆင်းလာခဲ့သည်။မျက်နှာမှာရွှေရောင်"ရေဗင်"မျက်မှန်ကို တပ်ထားသဖြင့် မန္တလေးနေက မျက်စိအာရုံထဲမှာ ရွှေရောင်လင်းလက်နေသည်။

ဟိုတယ်ရှေ့က သံမန်တလင်းဖြူဖြူလေးပေါ် ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



ရှူးဖိနပ်ဦးကို နင်းချလိုက်သည်နှင့် ချိန်ကိုက်ထားသလား အောက်မေ့ရသည်။

ကျွန်တော့်ရှေ့တည့်တည့်သို့ ဗင်ကားဖြူလှလှလေးတစ်စီးက ပလက်ဖောင်းနံဘေးမှာ ငြိမ့်ကနဲ ထိုးရပ်လာသည်။စက္ကန့်ပိုင်းအတွင်းလေးမှာပဲ အလွန်သားနားခေတ်မီလှသည့် အသက် ၂၇ -နှစ်ခန့်ရှိ အမျိုးသမီးတစ်ဦးက ကားထဲမှ ဘွားကနဲ လှမ်းထွက်လာသည်။

မိုးနက်ရောင် ဆံပင်ရှည်အိအိတွေက မန္တလေးရဲ့ရွှေရောင်ဝင်းဝင်းလေထဲမှာ လွင့်ဝဲနေတယ်။

သူမတစ်ကိုယ်လုံး မြစိမ်းရောင်ပိုးစတ်ရှည် လက်လက်ဖျော့ဖျော့တွေဖြင့် ခေတ်ဆန်စွာ ဆင်ယင်ထုံးဖွဲ့ထားသည်။

ပစ္စည်းများများစားစားမပါ။ဆလင်းဘက်အဖြူလေးတစ်ခုနှင့် ဟင်းဘက်အနီလေးတစ်ခုသာပါသည်။သူမအသွင်က ခုမှလေယာဉ်ပေါ်ကဆင်းလာပြီး တက္ကဆီကားငှားစီးလာသည့်ပုံကလေး မြန်မာတိုးရစ်မလေးလို. . . ။

သူမက ချိုရည်သောအပြုံးနုလေးတစ်ခုနှင့် စိုက်ကြည့်ပြီး. . .

ဘိုဆန်ဆန် "ဟဲလို". . . တဲ့။နှုတ်ဆက်သည် ကျွန်တော်





လျှပ်စစ်ဓါတ်လိုက်ခံရသလို အကြောအချဉ်တွေ တုန်သွားပြီး အံ့ဩသည့် လန့်ပြုံးလေးတစ်ခု ပွင့်ထွက်သွားရင်း. . . ။

"ဟဲလို. . . ဘေဘီ"ဟု နှုတ်မှစင်ထွက်သွားသည်။

အမျိုးသမီးက လက်ဝါးလေးထောင်ပြလိုက်ရင်း ဟိုတယ်မှန်တံခါးကို တွန်းဖွင့်ဝင်သွား၏။

ကျွန်တော့် လျှပ်တစ်ပြက်အိမ်မက်လေး မက်သွားရသည်။

သိပ်ကံကောင်းမယ့် အတိတ်နိမိတ်လေး တစ်ခုပဲဟု ရင်ထဲမှာကြည်နူးစွာ ကောက်ယူလိုက်မိရင်း ကျွန်တော့်ရှေ့မှာ အသင့်လာရပ်ပေးသော ဆလွန်းကားနီနီတက္ကဆီကားလေးထဲသို့ ငုံ့ပြီးဝင်ထိုင်ချလိုက်သည်။

သို့တစေ ရင်ထဲမှာ မြစိမ်းနွယ်လေးတစ်ယောက်က ငြိပါလာသည်။

* * * *

"ပန်းသီးစားတော်ဆက်" ထဲသို့ လှမ်းဝင်လာခဲ့ပြီး အခန်းစိမ်းစိမ်း **No.7**လေးထဲသို့ ကျွန်တော်တောက်လျှောက် တန်းဝင်လာခဲ့သည်။

ပန်းသီး **No.7**အခန်းစိမ်းလေးသည် မြထိပ်တင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏ သီးသန့်ရုံးခန်းလေးဖြစ်သည်။ယခုလည်း သူမက ကျွန်တော့်ကို ကျွန်တော်နှစ်သက်တက်သော နံနက်စာ အဆင်သင့်ဖြင့်တိကျစွာ စောင့်နေသည်က သူမ၏လုပ်ငန်းသဘော ညက်ညောမှုကိုဖော်ပြနေသည်။

ဖြူဆွတ်သော ပုလဲရောင်ထက်အောက်ဆင်တူနှင့် မြထိပ်တင်၏ အလှက ရွှန်းတင့်ကျက်သရေရှိနေသည်။

"ဟဲလို. . မောနင်း မြထိပ်တင် ကိုယ်နည်းနည်းနောက်ကျသွားတာ ခွင့်လွှတ်ပါ. . . ဆောရီးနော်"

"နောက်မကျပါဘူး. . ကိုနန်းရဲ့ အချိန်ကအတိအကျပါပဲ. . မြလည်းခုလေးတင်ရောက်တာ. . နိုးပရော်ဘလင်"

အဲကွန်းတက်ထားသည့် အခန်းစိမ်းလေးထဲမှာ မြထိပ်တင်၏ ကိုယ်ထဲမှ ရနံ့မွှေးပေါင်းစုံက စိမ့်ထွက်နေသည်။

ကျွန်စားပွဲဝိုင်းမှာ ကျွန်တော်ဝင်ထိုင်ချလိုက်သည်နှင့် မြထိပ်တင်က ကျွန်တော်အကြားချင်ဆုံး စကားကိုဆိုသည်။

"ကိုနန်းကတော့ တို့ရွှေမန်းမှာ စန်းပွင့်တဲ့ ရတနာရွှေမင်းသားလေးဖြစ်နေပြီသိလား"

ကျွန်တော်က ဂျင်ဖန်ခွက်ကို တစ်ငုံသောက်ပြီး ပြန်ချထားလိုက်ရင်း မှိုပွင့်လေးတစ်ပွင့်ကို ခရင်းနှင့်ထိုးကော်စားလိုက်





သည်။

"ဆိုပါဦး. . ဘာကြောင့်ပါလိမ့် "

မသိချင်ယောင်ဆောင်ပြီး ကျွန်တော်က တမင်မေးလိုက်သည်။

"ဘာကြောင့်ရမှာလဲ. . ကိုနန်းရဲ့ ပန်းရင့်နှင်းဆီပွင့်လေး သတင်းက မန္တလေးမြို့ရဲ့ နောက်ဆုံးပေါ် ရတနာမီဒီယာလေး ဖြစ်သွားပြီလေ. . ဒါကြောင့် မြကို ပွဲစားတွေက မက်လုံးတွေပေး ပြီး လာမြူဆွယ်နေကြပြီသိလား. . "

"ဟုတ်လား. . "

ကျွန်တော်မျက်လုံးတွေက ကျွန်တော့်လက်သူကြွယ်ရှိ နှင်းဆီပွင့်လေးလို တောက်ပသွားလိမ့်မည်ထင်သည်။

"အာစစ်ပေါ့. . စောစောလေးတင်ကပဲ ကိုအာကာဖြ မြဆီကို ဖုန်းနဲ့လှမ်းဆက်ပြီး ကိုနန်းရဲ့ ပန်းရင့်နှင်းဆီလေးကို ငါးဆယ့်နှစ်နဲ့ ရအောင်ဆစ်ပေးရင် မြကိုပွဲခ သုံးကျပ်ပေးမယ်တဲ့ လေ. . စိန်ခေါ်လိုက်တယ်. . "

"အိုးမိုင်ဂေါ့. . ချက်ချင်းပဲ နှစ်ဆယ်ကျော်ခုန်တက်သွားပါ လား. . ဒီမှာ မြထိပ်တင် ကိုယ်ဒီပစ္စည်းကို ဘယ်လောက်တန်ဖိုး ထားမြတ်နိုးခဲ့တယ်ဆိုတာ မင်းအသိဆုံးပါ. . ခု ကိုယ်ပြမ်ပြ နိုင်ငံ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို စီးပွားရေးလုပ်ငန်းတစ်ခု လုပ်ဖို့ထွက်ချင်လွန်းလို့သာ ရောင်းရတာ. . ကိုယ်အနည်းဆုံးတစ်ရာလောက်ရင်းရမှာ. . ဒါကြောင့် မင်း ဒီကိုယ့်ရဲ့ ပန်းရင့်နှင်းဆီပွင့်လေးကို ခုနစ်ဆယ်ထက်တစ်ပြားမှ မလျှော့ဘဲရအောင် ရောင်းပေးစမ်းပါ. . မင်းအတွက်ထိုက်ထိုက်တန်တန် ကိုယ်ပေးပါ့မယ်. . ကိုယ့်အကြောင်း မင်းသိပါတယ် ဒါကိုယ့်ရဲ့ နောက်ဆုံးစကားပဲ"

"အိုကေ စိတ်ချပါ ကိုနန်း. . မြအစွမ်းကုန် ကြိုးစားပေးပါ့မယ် ဆရာညိုက ငါးဆယ်နဲ့သာဖွင့်ထားရင် ဒီပစ္စည်းဟာ မန္တလေးမှာ ခုနစ်ဆယ်ထက် နည်းကိုမနည်းစေရဘူး. . စိတ်ချ မြအရည်အချင်းကို ယုံတယ်မဟုတ်လား. . ရကို ရစေရမယ်. . မြအာမခံတယ်. . "

ဤသို့ဖြင့် 'ပန်းသီးစားတော်ဆက်' လေး၏အခန်း နံပါတ် ၇-မှ ပန်းရင့်နှင်းဆီပွင့်လေး၏ အရောင်းအဝယ် ကိစ္စလေးမှာ ချိုမြိန်သင်းပျံ့စွာဖြင့် ပြီးဆုံးသွားခဲ့ပါလေသည်။

ကျွန်တော်သည် ဒရိုင်းဂျင်မွှေးမွှေးလေးများကို ရင်ထဲသို့ ဆွတ်ပျံ့ရီဝေစွာ ဖြေးဖြေးမော့ချရင်း မြထိပ်တင်၏ အလှအိမ်မက်ထဲ၌ တဒင်္ဂလွင့်မျောသွားနေသည်။

✱ ✱ ✱ ✱





ဟိုတယ်ကို ကျွန်တော်ပြန်ရောက်တော့ နှစ်နာရီထိုးပြီ။

မြထိပ်တင်က သူမ၏ 'မတ်ခ်တူး' အဖြူလေးနှင့် ကိုယ်တိုင်မောင်းပြီးလိုက်ပို့ပေးခဲ့သည်။ ဂျင်တန်ခိုးငွေ့တွေ ဆူဝေဝေနှင့် ကျွန်တော် အိပ်ရာပေါ် ပြစ်လှဲချလိုက်သည်။

ဟိုတယ်က ကျွန်တော့် ဘော်ဒါချာတိတ် ဘဲလ်ဘွိုင်းလေး လာနှိုးမှ ကျွန်တော်နိုးတော့သည်။

"ဆရာ ဒီညဟိုတယ်အပေါ် ဆုံးထပ် ကာရာအိုကေခန်းမမှာ ခုနစ်နာရီ စပယ်ရှယ်ဒင်နာရှိတယ် ကပွဲလည်းရှိတယ်. . လူများမယ် ဆရာ့အတွက်နေရာယူထားပေးရမလား"

"အေး. . ယူထားပေး. . သင့်ခယူးပဲ"

ချာတိတ် ကျွန်တော့်ကို နှုတ်ဆက်ပြီး ပြန်ထွက်သွားသည်။ ကျွန်တော့်လက်က နာရီကိုမြှောက်ကြည့်လိုက်တော့ ခြောက်နာရီတောင်ရှိနေပြီ။အပြင်မှာ ကဗျာဆန်သည့် မန္တလေးညက အရောင်စုံဖြင့် လွင့်မျောနေပြီကို ပြတင်းပေါက်မှလှမ်းမြင်နေရသည်။

ကျွန်တော်ရေချိုးခန်းထဲဝင်လာပြီး စိမ်နေလိုက်သည်။ ဆယ့်ငါးမိနစ်လောက် စိမ်ယူပြီးမှရေချိုးခန်းထဲက ပြန်ထွက်လာသည်။မန္တလေးရဲ့ ညရှုခင်းကို "**Lucky Palace Hotel**" အပေါ်

www.burmeseclassic.com



ုံးထပ်မှ ခ်စားရင်း မိုးတိမ်တွေကြားမှ လွင့်ထွက်လာမည့် ဂီတ ာ်စဉ်လေးတွေကို ရင်ခုန်ရဦးမှာမို့ အနောက်တိုင်းဝတ်စုံ အစိမ်း ရောင်နှင့် အညိုနှင့် အနီရဲရဲလည်စည်းကို ရွေးထုတ်လိုက်သည်။

ပြီးနောက် မိုးပျံဘုံအဆင့်ပေါ်သို့ လှမ်းတက်လာခဲ့သည်။

ကာရာအိုကေ ခန်းမထဲက စားပွဲဝိုင်းတွေက လူတွေပြည့် ပြီ။ပြာလဲ့လဲ့မီးရောင်အောက်မှာ အနောက်တိုင်းတေးသီချင်း ာ်ပုဒ်က စင်မြင့်ထက်မှ လွင့်မျောလာနေသည်။

ကျွန်တော့် ချာတိတ်၏ကျေးဇူးကြောင့် စားပွဲထိုးမလေး ာ်ပေးသည့် သီးသန့်စားပွဲတစ်လုံးမှာ ကျွန်တော် စတိုင်ကျကျ ၃ရသွားသည်။

“ဆရာလိုတာအားလုံးကို ဒေဝီက စီစဉ်ပေးပါလိမ့်မယ်”

“သင့်ခယူပဲကွာ”

ကျွန်တော်က ချာတိတ်လက်ထဲသို့ နှစ်ရာတန်တစ်ရွက် ာည့်ပေးလိုက်သည်။ ချာတိတ်အပြုံးလေးနှင့် လှည့်ထွက် ။

ဒေဝီက ကျွန်တော့်အမိန့်ကို ရပ်စောင့်၍နားစွင့်နေသည်။





“ဒေဝီ ကိုယ့်ကိုမန္တလေးဘီယာနဲ့ ချိစ်တစ်ပွဲအရင်မှာပေး င်းပါ. . ပြော် လန်ဒန်တစ်ဗူးယူခဲ့ပါ. . ”

“ဟုတ်ကဲ့ရှင် အန်ကယ်လ်”

ပုံစံပေးထားသည့် စကပ်ရှပ်မလေးက လှစ်ကနဲ လွင့်ဝဲသွား ၏။

နှစ်မိနစ်အတွင်း စားစရာသောက်စရာများရောက် သည်။ကျွန်တော် ဘီယာပြင်းရှရှသောက်ပြီး ချိစ်နှင့် မြည်း င်မြင့်ဆီ ငေ့မော့ကြည့်လိုက်သည်။

စင်မြင့်ပေါ် ကော်နီဒီဗိုင်းနှင့် အဆိုတော်မလေးတ လှမ်းတက်လာသည်။ချက်ချင်းတီးလုံးသံစဉ် ကြမ်းကြမ်း လွင့်မြောက်ထွက်လာသည်။ ကောင်မလေးတစ်ကိုယ်လုံး သိမ်းခါပြီး ခုန်ပေါက်ဟစ်တော့သည်။

ကောင်းကင်ယံ ခန်းမပြာပြာလေး ဆူညံပေါက်ကွ တော့သည်။

စားပွဲအသီးသီးက လူတွေအားလုံးမှာလည်း လှုပ်ရှ ကြသည်။ကျွန်တော့် နှလုံးသားလည်း တိမ်ထဲသို့လွင့်ေ ထွက်သွားသည်။အဆိုတော်မလေးဆီ မြူးမြူးလေး ငေး ကြည့်ရင်း ဘီယာခါးမြမြကို စုပ်သောက်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်တရက် ပူလောင်ပေါက်ကွဲနေသည့် သီချင်းပွင့်တွေကြားမှာ ကျွန်တော့်အာရုံထဲသို့ "အယ်စတောနစ်ရှင်း"ရေမွှေးနံ့တွေပြေးဝင်လာသည်။ကျွန်တော်အလိုလို ရှူရှိုက်မိလျက်သားဖြစ်သွား၏။

"ဟာ"

အံ့ဩလို့မှ မဆုံးသေး ကျွန်တော့်ရှေ့က မျက်နှာချင်းဆိုင်ဆိုဖာခုံနီနီလေးမှာ နတ်သမီးလေးတစ်ပါး မိုးပေါ်မှသွားကနဲကျလာသလိုရောက်လာသည်။အနီရောင်အောက်ခံမှာ ရွှေရောင်အစင်းနှင့် ဂါဝန်ရှည်ကြီးဝတ်ထားသည့် 'စင်ဒရဲလား' မလေးကရွှေရောင်အပြုံးပွင့်လေးနှင့် ဝင်ထိုင်လိုက်ပါသည်။

မနက်ခင်းက လျှပ်တပြက်တွေ့ဆုံလိုက်သည့် ရွှေနန်းထိုက်တော်ဝင်မလေး . .

"ဟဲလို"

ပြာလဲ့စိုတောက်နေသည့် အံ့ဩပွင့် မျက်လုံးတစ်စုံ။ အနီရဲရဲပန်းနှုတ်ခမ်းဖူးလေးတစ်ငုံဖြင့် သူမ ကျွန်တော့်ကို အလန်းထညက်လေး နှုတ်ဆက်သည်။မဟူရာဆံနွယ်ရှည်တွေ နောက်ခံဖားလျားလွင့်ဝေနေသည့် နားနှစ်ဖက်မှ စိန်နားကပ်ဝိုင်းလေးတွေက သူမမျက်နှာနှယ် ဝင်းလက်ပွင့်တောက်သွားကြ၏။





"ဟဲလို . . နိုက်စ်တူဆီးယူ ဘေဘီ"

ကျွန်တော် ဘီယာအရှိန်လေးနှင့် ဘိုလိုပွင့်ထွက်သွားသည်။

"သင့် . . ဆိမ်းတူယူ"

သူမက ညာဘက်လက်ဖဝါးဖွေးနုနုလေး ဖြန့်ပြီး စားပွဲပေါ် ဆန့်တန်းပေးသည်။ကျွန်တော်က ကျွန်တော့်ညာဘက်လက် ကိုသူမလက်ဖဝါးဖွေးနုနုလေးပေါ် မှောက်အုပ်ချလိုက်ပြီး ညင်သာစွာ ခါလှုပ်နှုတ်ဆက်သည်။

ကျွန်တော့်ညာလက်သူကြွယ်မှ ပန်းရင့်နှင်းဆီပွင့်လေးကမီးရောင်ဖြင့် ဂုဏ်ယူဝင့်ကြွားစွာ အနီပွင့်တွေ ဖျတ်ကနဲ စင်လက်တောက်ပသွားလေသည်။

သူမက ကျွန်တော့်ပန်းရင့်နှင်းဆီပွင့်လေးဆီ ဖျတ်ကနဲလှမ်းကြည့်လိုက်ပြီး ကျွန်တော့်မျက်လုံးတွေဆီ ကြွေခြွေရရ ပြန်ရွှေ့သည်။

"ညီမနာမည် စင်ဒီ"

"စင်ဒီကရောရှိဒ်လား"

ကျွန်တော်က စူပါမော်ဒယ် ကမ္ဘာကျော်အလှမယ် တစ်ဦးနှင့်တင်စားပြီး မေးလိုက်သည်။သူမ လက်ကိုညင်သာစွာ ပြန်ဖွ

www.burmeseclassic.com



ပြီးလွှတ်ပေးလိုက်သည်။သူမက ချစ်စဖွယ် ဖွဖွလေးရယ်သည်။

"ညီမက ဒီလောက်လှလို့လား. . အဟင်း ဟင်း. . စင်ဒီ ကရောဖို့ဒ်မဟုတ်ဘူး. . ညီမနာမည် အပြည့်အစုံက စင်ဒီသီရိ"

"စင်ဒီသီရိ. . နာမည်လဲလှတယ်. . လူလဲ လှတယ်"

ကျွန်တော့်မှတ်ချက်ကို စင်ဒီက ကျေနပ်ရရ ပြန်ပြုံးပြပြီး ငေးလဲ့လဲ့ မျက်လုံးပြာလေးနှင့် "ကျေးဇူးတင်လိုက်ပါတယ် . . စင်ဒီက တာချီလိတ်က မြို့ကိုပါလာဖွင့်ထားတယ်. . မန္တလေး မှာ သုံးလေးရက်နေပြီးရင် ရန်ကုန်ဆင်းမလို့. . ဒါနဲ့အစ်ကိုက ကော . ."

"ကိုယ့်နာမည်က နေနန်းစိုး. . ရန်ကုန်က"

"နာမည်ကြီးက အမြင့်ကြီးပဲ. . ကုမ္ပဏီပိုင်ရှင်လား ကန်ထရိုက်တာလား. ."

စင်ဒီ၏ ချစ်စရာဟာသလေးကို ကျွန်တော်က မပြုံးမရီ ပဲ မှုန်တည်တည်လေးနှင့် ပြန်ဖြေမိလိုက်ပါသည်။ကျွန်တော့် ပန်းရင့်နှင်းဆီ ကီစွလေးကိုလည်း လျှို့ဝှက်ထားစေချင်သည့် သဘောဖြင့် အမှန်တရား၏ တစ်ဝက်မျှသာ ထုတ်ဖော်လိုက် သည်။

"တစ်ခုမှ မဟုတ်ဘူး . . ကိုယ် ဒီဟိုတယ်မှာလာပြီး ဝတ္ထု





ရေးတာ"

စင်ဒီ့မျက်နှာ ဝင်းပပလေး ချက်ချင်း ရင့်ကျက်တည်ငြိမ် သွားပြီး အံ့သြသွားပုံရသည်။

"ဒါဆို အစ်ကိုက စာရေးဆရာလား. ."

"ဆိုပါတော့"

"ဒါကြောင့်ဒီနာမည် ကြားဖူးပါတယ်လို့ စင်ဒီ စဉ်းစား နေတာ. ."

"ကဲ စင်ဒီ . . ဘာသောက်မလဲ"

"ဟုတ်သားပဲ. . စင်ဒီ ဂျူစ် သောက်မယ်. . စင်ဒီ့ကို အောရင့်ချ်နဲ့ ချိစ်တစ်ပွဲမှာပေး အစ်ကိုနေနန်း"

အစ်ကိုနေနန်းတဲ့ . .။ သူမ ခေါ်ပုံလေးကို သဘောကျ သွားသည်။ရင်းနှီးပွင့်လင်းမှုရှိသည့် စင်ဒီ့ကို ကျွန်တော့်ရင်ထဲ က ကြိတ်ချီးကျူးလိုက်မိသည်။ နှစ်ဆယ့်တစ်ရာစုခေတ်၏ သမီးပျို ပီသပါပေသည်။ကျွန်တော် ဒေဝီ့ကိုလှမ်းခေါ်ပြီး စင်ဒီ့ အတွက် စီစဉ်ပေးလိုက်သည်။

နှစ်ဦးသား ဆုံပွက်နေသည့် သီချင်းကမ္ဘာလေးထဲ ခေတ္တ ပြန်လည်ရောက်ရှိသွားသည်။အကြိုက်ချင်းတူသည့် စင်ဒီနှင့် ကျွန်တော်က ချိစ်အတုံးလေးတွေကို ပါးစပ်ထဲ မြှုပ်ဝါးရင်း



www.burmeseclassic.com

www.burmeseclassic.com



သီချင်းပူလေးတွေကို ခံစားနေကြသည်။

စင်ဒီ ကျွန်တော့်ကို ကြည့်နေစရာ အိပ်မက်တိမ်တိုက်လေးတစ်ခု ရင်ထဲသို့ ဖွင့်လှစ်ပေးလိုက်ပြီဟု နားလည်ခံစားလိုက်မိသည်။

ကျွန်တော် ဘီယာနှစ်လုံးနှင့် ဂျင်သုံးပက် ထပ်မှာလိုက်သည်။

စင်ဒီ့မျက်နှာ လပြည့်ဝန်းလေးကို မသိမသာနိုးစေ့ကြည့်လိုက်ရင်း ဒရိုင်းဂျင် သင်းသင်းလေးကို ကောရှင်းကောင်းမော့သည်။နှိုင်တစ်တုံးကို လျှာပေါ် တင်ပြီး မြုပ်မြုပ်လေး စုပ်နေသည်။

“အန်ကယ်လ့် တယ်လီဖုန်းလာနေတယ်”

ဒေဗီ ကျွန်တော့်ဘေးနားလာရပ်ပြီး ခပ်တိုးတိုးပြောသည်။

“ဟုတ်ပြီ. . သင့်ခယ္ယ”

ကျွန်တော် ထရပ်လိုက်သည်။ စင်ဒီ့ကို လှည့်ကြည့်လိုက်ပြီး . .

“ခဏလေးနော် ကိုယ်ပြန်လာမယ်”

စင်ဒီ မေ့ပြုံးလေးနှင့် ခေါင်းဆတ်ညိတ်ပြသည်။

ကျွန်တော် စားပွဲတွေကြားထဲမှ ပတ်လာခဲ့ပြီး အောက်





ထပ်သို့ ဆင်းလာခဲ့သည်။ရီဆက်ပ်ရှင် အခန်းရှေ့ကောင်တာပေါ်မှ ပက်လက်လေးမှောက်နေသည့် တယ်လီဖုန်းစကားပြောခွက်လေးကို ကောက်ကိုင်လိုက်သည်။

“အင်း. . ပြောပါ နေနန်းစိုးပါ”

“ဩော်. . ဦးနေနန်းစိုး. . ကျွန်တော် သိဂီါထွန်းပါဗျာ”

အသံ ခန့်ခန့်ညြညြတစ်ခု စကားပြောခွက်ထဲမှ ကျွန်တော့်နားထဲ ဖြေးဖြေးစီးဝင်လာသည်။ချက်ချင်း ကျွန်တော်နားလည်လိုက်သည်။‘သိဂီါမြကျွန်း’ ရတနာရောင်းဝယ်ရေးအေဂျင်စီ မန်နေဂျင်းဒါရိုက်တာ ဦးသိဂီါထွန်း ၊ မနေ့က ကျွန်တော့်ပန်းရင့်နှင်းဆီပွင့်လေးကို **Royal Rose** ဟိုတယ်တွင်ကြည့်ကြသည့် ရတနာကုန်သည်တွေထဲမှ သူလည်းတစ်ယောက်အပါအဝင်ဖြစ်သည်။

“ဩော်. . ဟုတ်ကဲ့ပြောပါ ဦးသိဂီါထွန်း. . ပန်းရင့်နှင်းဆီပွင့်လေး ကိစ္စလား”

“အစစ်ပေါ့ဗျာ. . ကျွန်တော် မြထိပ်တင်နဲ့လဲ တွေ့ပြီးပြီဗျ. . ဦးအာကာတ ဖစ်ဖတီတူးနဲ့ဆစ်ထားတယ်ဆို. . ကျွန်တော် ဆစ်စတီးပေးမယ်ဗျာ ပွဲငြိမ်း . . အဲဒါအပြင် ဦးနေနန်းစိုးကြိုက်တဲ့ ဟိုတယ်မှာ ဝမ်းခင်နာဗျာ. . ဘယ်လိုလဲ”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို ဦးသိဂ်ါထွန်းက စိမ်ခေါ်ပွဲလေးတစ်ခုနှင့် မျှော့သွေးစမ်းလိုက်ပြန်ပြီ။ ကျွန်တော် သွေးမြောက်မသွားပါ။ နွေးနွေးလေးပဲ ရယ်မောလိုက်မိပါသည်။ယခုလို ညမကူးသေးမီ ပူပူနွေးနွေးအချိန်လေးမှာပင် ကျွန်တော့်နှင်းဆီပွင့်လေးက ခြောက်ဆယ်တန်နေပြီဆိုတော့ မနက်ဖြန်မိုးလင်းသည်နှင့် ခုနစ်ဆယ်တန်းဖြစ်သွားမှာ အွရမ်းကိုသေချာနေပြီ။

“ဘယ်လိုလဲ ဦးနေနန်းစိုးရဲ့ . . ကျွန်တော့်စကားတွေက ရယ်စရာစကားဖြစ်သွားလို့လား”

“အို . . ဆောရီး ဦးသိဂ်ါထွန်း . . ခင်ဗျား စကားက ကြည်နူးဝမ်းသာစရာစကားပါဗျာ . . ကျွန်တော် ဒီညစဉ်းစားလိုက်မယ်လေ . . ခုတော့ ကျွန်တော် ဒီမှာ ဒင်နာစားရင်း စိန်ပွင့်လေး တစ်ပွင့်ကို အိပ်မက်လိုက်ဦးမယ်ဗျာ . . ဂွတ်နိုက်”

“အိုကေ . . ဂွတ်နိုက်”

ကျွန်တော် ဖုန်းခွက်စိမ်းစိမ်းလေးကို ပြန်ချလိုက်ပြီး မိုးပျံဘုံပေါ်မှ စိန်ပွင့်လေးရှိရာ ပြန်တက်လာခဲ့သည်။

✱ ✱ ✱ ✱

“အစ်ကိုနေနန်း ... ဘာတွေသဘောကျနေတာလဲ . .





အစ်ကိုနေနန်းရဲ့အဆက်က ဘာတွေများ ချွဲနွဲ့လိုက်လို့လဲ”

စင်ဒီက ကျွန်တော့်မျက်နှာပေါ်က ကြည်နူးဝမ်းသာမှုလေးတွေကို အရိပ်အကဲကြည့်ပြီး ဖမ်းအစ်လိုက်သည်။

“အဆက်ဆီက မဟုတ်ဘူး . . ကိုယ့်ထုတ်ဝေသူဆီက တိုယ့်ဝတ္ထုမပြီးသေးဘူးလားတဲ့ . . လာနေတယ် . . ကိုယ်က ပြန်ပြောလိုက်တယ် . . ဝတ္ထုဇာတ်လမ်းကောင်းကောင်းလေးရမယ် . . ခဏစောင့်ဦးလို့ . . ခုမှ ကိုယ်က ဇာတ်လမ်းစတုန်းရှိသေးတယ်လို့ ပြောလိုက်တယ်”

စင်ဒီ့မျက်နှာပေါ်က အမူအယာလေးတွေ တစ်မျိုးဖြစ်သွားသည်။ကြည်နူးအံ့သြခြင်းထိတ်လန့်သွားခြင်းမယုံကြည်ခြင်းစသည့် ခံစားမှုမျိုးစုံတွေနှင့် ပြောင်ချော်ချော်၊စပ်ဖြဲဖြဲအမူအယာလေးတွေ လွှမ်းသွားကာ စားရေးဆရာပင် စဉ်းစားရကြပ်သွားရသည်။

အိုး . . ဟိုး . . ဒီလိုလား”

သူမက နှုတ်ခမ်းလေးထော်ကာ မျက်လုံးပြူးလေးဖြင့် သံချော်တော်တော်လေးပြောပြီး တစ်ဘက်သို့ လှည့်သွားသည်။

ခဏလေးကြာလျှင် ဆူညံမြူးကြွနေသည့် ဟဲဗီးသီချင်းပွဲလေးတွေ၊ပြန့်ကျဲလွင့်စင်သွားပြီး တိတ်ဆိတ်ငြိမ်သက်သွားပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ပြီးနောက် ရောင်စုံမီးပွင့်ထိန်ထိန်လေးတွေ တစ်ခန်းလုံး မှိတ်သွားပြီး အပြာရောင်မီးပွင့်လဲ့လဲ့လေးတွေသာ လင်းနေတော့၏။

ချက်ချင်းပင် ငြိမ်သက်နေသော ခန်းမလေးထဲဝယ် ညင်သာနူးညံ့သည့် ဂီတသံစဉ်လေးတစ်ခု လွင့်ဝဲထွက်လာသည်။ တယောသံများက ညင်းညင်းနွဲ့နွဲ့ စီးမျောလျှက် အုပ်မိုးပြီး ပေါ်ထွက်လာသည်။

ပရိတ်သတ်တွေအားလုံးလည်း ငြိမ်သက်လျှက် နူးညံ့သည့် ဂီတသံစဉ်ထဲ မေ့မျောနေကြသည်။

သီချင်းသံလေးတစ်ခု ပါးပါးဝေ့ဝေ့ ပေါ်လာသည်။ သီချင်းက ပြင်သစ်လိုဆိုထားသည့် "အနန်ဂျူလာရာ"သီချင်း **"Some Where My Love"** တေးသွားအလိုက်ဖြစ်သည်။

ကျွန်တော် အရမ်းကြည်နူးသွား၏။ ဒရိုင်းဂျင်ဖန်ခွက်ကို တစ်ရှိန်ထိုး မော့ချလိုက်သည်။ ရင်ဘတ်တစ်ခုလုံး နွေးမြနွေးမွှန်သွားသည်။ ကျွန်တော် ဒရိုင်းဂျင်တန်ခိုးကြောင့် သတ္တိသွေးလေးတွေလည်း ဆူဝေရဲတင်းသွား၏။ ကျွန်တော် အရဲစွန့်လိုက်သည်။

"စင်ဒီ. . ဝန်မလေးဘူးဆိုရင် ကိုယ့်ကို အခွင့်အရေးတစ်





ခုလောက်ပေးပါလားဟင်. . ."

ခေတ်၏ သမီးပျိုလေး စင်ဒီက ဝင့်ဝင့်လေး လှမ်းကြည့်လျှက်။

"ပြောလေ. . စင်ဒီ ဘာကူညီရမလဲ"

သူမလည်း ခေတ်မီလှပါသည်။ ရဲရဲလေးပြန်ပြောသည်။

ကျွန်တော်က ဒေဗီ့ကို ဖုန်းဆက်ပြီး ကြိုတင်စီစဉ်ခိုင်းထားသည့်အတွက် စားပွဲပေါ်မှ ညစာ အဆင်သင့် ပြင်ဆင်ထားပြီး ဖြစ်သည်။

"ဟာ. . ဒင်နာက ရယ်ဒီဖြစ်နေပြီ. . အစ်ကို သိပ်တော်တယ်. . စင်ဒီလဲ ဆာနေပြီ"

"ကိုယ်လဲဆာပြီ. . စားကြစို့"

ကျွန်တော်နှင့်စင်ဒီ စကားပြောရင်း ညစာအတူစားကြသည်။

ကျွန်တော်က ဂျင်နှင့်ဘီယာ စပ်ပြီးသောက်ရင်း စကားအပြောပြောနှင့်စားသည်။ အချိန်လေးဆွဲပြီးစားနေသည်။ နောက်ဆုံး ဒရိုင်ဂျင်းပုလင်းတစ်ဝက်ခန့်ကုန်သွားသည်။ ညစာပိုင်းသိမ်းတော့၊ ကျွန်တော် တော်တော်လေး ကွေသွားပြီ။

တဲ. . စင်ဒီ့ အခန်းကို ကိုယ်လိုက်ပို့မယ်. . စင်ဒီ့အခန်း



www.burmeseclassic.com

www.burmeseclassic.com



က. . ."

"စက်ကာင်းဖလိုးက (. . ပ"

ကျွန်တော် စင်ဒီအခန်းနံပါတ်ကို သေချာမကြားလိုက်။ ဒုတိယထပ်ဟုသာ သိလိုက်၏။ကျွန်တော် စားပွဲမှ ကြိုးစားပြီး ထလိုက်သည်။လူက ယိမ်းတိမ်းတိမ်း ရီဝေဝေဖြစ်နေသည်။

"အစ်ကို နည်းနည်းများသွားပြီ ထင်တယ်"

"ရပါတယ် စင်ဒီရဲ့ . . ဝေရှုလေးပါ"

ကျွန်တော်ခြေလှမ်းလေး မယိုင့်တယိုင်နှင့် ခန်းမထဲမှ လျှောက်လာခဲ့သည်။စင်ဒီက ကျွန်တော့်နံဘေးမှ ကပ်ပါလာသည်။သူမဆီမှ ရယ်သံညှင်းညှင်းလေးတွေ ပြန့်စင့်လာပါသည်။

လှေကားပေါ်က ဆင်းအလာမှာ ကျွန်တော်ယိုင်သွားသည်။စင်ဒီက ကျွန်တော့်လက်မောင်းကို လှမ်းဆုပ်ပြီး ထိန်းပေးလိုက်သည်။

"သင့်ခဲယူး စင်ဒီ. . ရတယ်"

"လာပါ. . စင်ဒီ့ပခုံးကို ထိန်းပြီး ဖြေးဖြေးဆင်း"

"အိုကေ. ."

ကျွန်တော် စင်ဒီပြောသည့်အတိုင်း သူမ ပခုံးအိအိလေးကို ဖွဖွမှေးကိုင်ပြီး လှေကားပေါ်မှ ကွေ့ပတ်ဆင်းလာခဲ့သည်။





စင်ဒီက လှေကားကွေ့မှာ ရပ်လိုက်ပြီ. .

"နေဦး အစ်ကို ခဏ. . စင်ဒီ ထမင်းစားလိုက်တာ နှုတ်ခမ်းနီတွေ ပျက်ကုန်ပြီ. . နည်းနည်းထပ်ဆိုးလိုက်ဦးမယ် အလှတွေပျက်ကုန်ပြီ အဟင်း . . ဟင်း"

ပြောပြောဆိုဆို စင်ဒီက ရွှေရောင်လက်ပွေ့အိတ်ထဲက နှုတ်ခမ်းနီဆိုးဆေးဗူး ခရမ်းရောင်လေးကို ထုတ်ပြီ မှန်ဝိုင်းလေးတိုကြည့်ကာ သေသေချာချာ ပြန်ဆိုးနေသည်။

ကျွန်တော်က လှေကား လက်ရမ်းကို မှီရပ်ကာ သူမကို ငေးရိပ်ဝေဝေနှင့် လှမ်းကြည့်နေသည်။

"မိုးချုပ်ပြီ အိပ်တော့မဲ့ဟာ အလှပြင်နေရသေးတယ်လို့ စင်ဒီက နဂိုကလှပြီးသားပါကွာ"

"ဒါပေမယ့် လူတစ်ယောက်ကို လှလှလေးနှုတ်ဆက်ရဦးမှာလေ"

"ဘယ်သူ့ကိုလဲ"

"မသိဘူး. . လာ သွားမယ်"

သူမ ပစ္စည်းတွေ လက်ပွေ့အိတ်ထဲ ပြန်ထည့်ပြီး ကျွန်တော့်လက်မောင်းကို တွဲသည်။ကောင်မလေးတစ်ယောက်က ညစားကောင်ကလေးကို ချစ်ကြည်နူးစွာတွဲပြီး လှမ်းဆင်း



www.burmeseclassic.com

www.burmeseclassic.com



လာသလို စင်ဒီက ကျွန်တော့်ကို တွဲဆင်းလာသည်။

"အစ်ကိုက သိပ်ချစ်ဖို့ကောင်းတယ်"

စင်ဒီ့ အသံက ချွဲညုညုလေးဟု ထင်သည်။

ကျွန်တော့်စိတ်ထဲကလည်း စင်ဒီ့ကို ချစ်နေသည်။

"စင်ဒီကလဲ အရမ်းချစ်ဖို့ကောင်းတယ်"

နှစ်ဦးသား ဒုတိယထပ်ကို ရောက်လာခဲ့ကြသည်။စင်ဒီက မီးဝါဝါလေးတွေ ထွန်းထားသည့် အခန်းနှစ်ခုကြားမှ ကော်ဇောခင်းထားသည့် ကော်ရစ်တာလူသွားလမ်း ကျဉ်းကျဉ်းလေးမှ ကျွန်တော့်ကို မှီနွဲ့တွဲပြီး ခေါ်လာသည်။

အခန်းတစ်ခုရှေ့သို့ရောက်လာသည်။စင်ဒီက ရပ်လိုက်ပြီး လက်ပွေ့အိတ်ထဲမှ အခန်းသော့ကို ဆွဲထုတ်ကာ သော့ပေါက်ထဲ ထိုးသွင်းလိုက်သည်။တံခါးပွင့်သွား၏။

"ကဲ. . ဒါ စင်ဒီ့အခန်းပဲ"

ဒါဆို ကိုယ်သွားမယ်. . မနက်ကျမှ တွေ့ကြမယ်. . ဂွတ်နိုက်"

"နေဦးလေ. . ဒီမှာ စင်ဒီ့ကို အနမ်းတစ်ပွင့်နဲ့ နှုတ်မဆက်သွားတော့ဘူးလား"

စင်ဒီက နှုတ်ခမ်းဖူးစိုရဲရဲလေးကို စူထော်ထော်လေးလုပ်





ပြီး မော့မော့လေးပြောသည်။ကြည့်စမ်း သည်အမျိုးသမီးက ရဲရဲ တင်းပွင့်လင်းလိုက်တာ၊ငါကညံ့လိုက်တာဟု ကိုယ့်ဖာသာ အပြစ်တင်လိုက်မိသည်။

စင်စစ်. . ကျွန်တော်သည်လောက် မနုံသေးပါ။အခွင့်အရေးသမား ထင်မှာစိုးလို့ပါ။ ကျွန်တော် ဘယ်အညံ့ခံပါ့မလဲ။ သူမကိုယ်လုံးလေးကို ဖျတ်ကနဲပွေ့ပြီး ရင်ခွင်ထဲ ဆွဲသွင်းလိုက်သည်။

စင်ဒီက အလိုက်သင့်ပင် မျက်နှာလေးအဆင်သင့် မော့ပေးထားနေသည်။ကျွန်တော် သူမ၏နှင်းဆီငုံနှုတ်ခမ်းဖူးနီနီလေးကို တရှိုက်မက်မက်နမ်းလိုက်သည်။ စိတ်ထဲတွင် သူမ နှုတ်ခမ်းဆီမှ အနံ့ပြင်းပြင်းတစ်ခုက ကျွန်တော့်နှာခေါင်းဝ၌ မွှန်သွားသလိုရှိသည်။ ကျွန်တော် ရိပ်ကနဲ မူးသွားသည်။

"ဟာ. . ငါ ထောင်ချောက်မိပြီထင်တယ်"

စိတ်ထဲမှာ သိသလိုရှိလိုက်သည်။သို့သော် ကျွန်တော် နောက်ကျသွားချေပြီ။ဘီယာအမူး ၊ ဂျင်အမူးတို့နှင့်အတူ သူမ နှုတ်ခမ်းသားပေါ်မှ ရနံ့ပြင်းပြင်းတို့က ကျွန်တော့်ဒူးများကို ညွတ်ကျသွားစေပါတော့သည်။ကျွန်တော် မေ့ကနဲဖြစ်သွားပြီး

ကျွန်တော့်ခန္ဓာကိုယ်က ပြိုကျသွားကာ ကျွန်တော် အ



www.burmeseclassic.com

www.burmeseclassic.com



မှောင်ထုချောက်ကမ္ဘာကြီးထဲ လွင့်စင်ကျသွားပါတော့သည်။

* * * *

ကျွန်တော် အိပ်ရာမှ ဖြေးညှင်းစွာနိုးလာခဲ့သည်။ မျက်လုံးတွေက လေးလံပြီး ထိုင်းမှိုင်းနေသည်။ခေါင်းက မူးဝေပြီး အကြောအချဉ်တွေ တစ်ကိုယ်လုံးတောင့်တင်းနေ၏။

"ကျွတ်. . ကျွတ်. . ကျွတ်"

ကျွန်တော် မျက်လုံးများကို အားယူဖွင့်လိုက်သည်။ အိပ်ရာပေါ်မှ ဖြေးဖြေးလူးလဲထသည်။ ခေါင်းကို ဘယ်ညာခါပြီး ဇက်ကြောများကို လက်နှင့်ဖိနှိပ်နယ်ပြီး ညည်းညူလိုက်မိ၏။

"ငါ ညကဘယ်လိုဖြစ်သွားပါလိမ့်. . သိပ်မူးပြီး အိပ်ပျော်သွားတာလား. . ဟင် သတိရပြီ. . ငါ စင်ဒီကိုနမ်းလိုက်ပြီး မူးမေ့လဲကျသွားတာ ဟုတ်တယ်"

ကြွက်ကနဲ သိစိတ်အာရုံလေးတစ်ခု ခေါင်းထဲပြေးဝင်လာသည်။လန့်ပြီး ကျွန်တော့်ညာဘက်လက်သူကြွယ်က ပန်းရင့်နှင်းဆီပွင့်လေးနှင့် သရဖူပုံရွှေလက်စွပ်လေးမရှိတော့။ ကျွန်တော် အရမ်းအံ့ဩထိတ်လန့်သွား၏။

"ဟာ. . ပါသွားပြီ. . ငါ့ ပန်းရင့်နှင်းဆီပွင့်လေး ဟို





ကောင်မ ချွတ်ယူသွားပြီ"

ကျွန်တော် နှမြောတသခြင်း၊ ယူကြုံးမရဖြစ်ခြင်းတို့ဖြင့် ဒေါသတွေ ပေါက်ကွဲသွားပြီး ညစ်ညမ်းစွာတိုင်းထွာပစ်လိုက်မိသည်။

ကျွန်တော် သဘောပေါက်သွား၏။ဒါဆို ခု ငါရောက်နေတာ. .

ကျွန်တော် စဉ်းစားလိုက်မိရင်း အခန်း၏ပတ်ဝန်းကျင်အနေအထားကို ဝေ့ကြည့်လိုက်သည်။သေချာသည်။ ဒါ ကျွန်တော့်အခန်းမဟုတ်၊ ဟိုကောင်မအခန်း။ ကျွန်တော့်ကို သူမအခန်းထဲက ကုတင်ပေါ် သိပ်ထားခဲ့ခြင်းဖြစ်၏။

ချက်ချင်း ကျွန်တော် ကုတင်ပေါ်က လှမ်းဆင်းလိုက်သည်။ကုတင်ခေါင်းရင်းမှန်တင်ခုံပေါ်မှ လေးထောင့်မှန်ချပ်ပေါ်မှ ခပ်သော့သော့ရေးသွားသည့် မိန်းမလက်ရေးတစ်ခုကို မြင်ရသည်။

နှုတ်ခမ်းနီတောင့်ဖြင့် ရေးခြစ်သွားခြင်းဖြစ်၏။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



ခင်ရေးဆရာကြီး..

ကလိုရီဖောင်းနဲ့ ရေးထားတဲ့ စပယ်ရှယ် နှုတ်ခမ်း နီလေးတွေကို

အာရုပ်မှနိုးပြီး ဆံပင်ကောက်ကောက်လေးတွေ မကြိုက်ရဘူးလား။ ရှင့်

အနမ်းတစ်ပွင့် ကျွန်မ ပျော်ရွှင်သွားပါတယ်.

ဗိုင်ဗိုင်

ပေါ်

ကျွန်တော် မှန်ပေါ်က စာတမ်းနီများကို ဖတ်ပြီး ပစ်ပစ်နှစ်နှစ်ကျိန်ဆဲမိလိုက်ပါသည်။

"သေချင်းဆိုး . . စုတ်မ"

ကျွန်တော် ဒေါသဖြစ်ခြင်းနှင့် မှန်တင်ခုံရှေ့မှ ထိုင်ခုံကို ခြေထောက်နှင့် ကန်ထည့်လိုက်သည်။ဝုန်းကနဲလွင့်သွားပြီး ထိုင်ခုံအောက်မှ လက်ကိုင်ပုဝါ ပန်းရောင်လေးတစ်ထည် အမှတ်မထင်တွေ့လိုက်ရသည်။ပုဝါလေးက ဘြိဂံပုံခေါက်လျက်သား။

ကျွန်တော် လက်ကိုင်ပုဝါလေးကို ကောက်ယူလိုက်ပြီး အမှတ်မထင် ဖြန့်ကြည့်လိုက်မိသည်။

"ဟာ. ."

ကျွန်တော် အံ့အားသင့်သွားသည်။လက်ကိုင်ပုဝါ ညာ





ဘက်ထောင့်အစွန်းမှာ အသည်းပုံလေးနှင့် အသည်းထဲမှာ ချစ်ဆိုသည့်စာလုံးလေး ရေးထိုးထားသည်။ ဒါ သဲလွန်စတစ်ခုဖြစ်နိုင်သည်။

ကျွန်တော် စဉ်းစားမနေတော့ပဲ လက်ကိုင်ပုဝါလေးကို ဘောင်းဘီအိတ်ထဲ ထိုးထည့်လိုက်သည်။အချိန်ဖြုန်းနေ၍မဖြစ်။

ကျွန်တော် လန်းဆန်းသွားအောင် မျက်နှာသစ်လိုက်ပြီး အခန်းထဲမှ ပြေးထွက်လာခဲ့သည်။ဟိုတယ် လှေကားထစ်များအပေါ်မှ ပြေးဆင်းလာရင်း ခေါင်းထဲမှ ကိုသန်းဇော်ဝင်းကို အမိဖမ်းရန် စဉ်းစားလိုက်သည်။သန်းဇော်ဝင်းက ကျွန်တော့်ကျောင်းနေဘက်သူငယ်ချင်း။ သူက မန္တလေးက (. . . .)မှာ မှုခင်း ရဲတပ်ဖွဲ့မှူးဖြစ်နေသည်။မန္တလေးရောက်တိုင်း သူနှင့်အမြဲတွေ့ဆုံနေကျမို့ သူ့ကို အကူအညီတောင်းရန် ဟိုတယ်ထဲမှ ထွက်လာခဲ့သည်။

* * * *

ကျွန်တော် ကိုသန်းဇော်ဝင်းကို အဖြစ်အပျက်တွေ ရှင်းပြလိုက်သည်။သူက လက်ကိုင်ပုဝါလေးကို သေသေချာချာ ဖြန့်ကြည့်ပြီး ငွေ့ငွေ့ပြုံးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုနန်းနေစိုး ဘာမှပူမနေနဲ့တော့ . . ဒီလက်ကိုင်ပုဝါလေး သူကျန်ရစ်ခဲ့တာ ခင်ဗျားသိပ်ကံကောင်းတယ် . . ဒါအရေးကြီးတဲ့ သဲလွန်စလေးပဲ . . သူ့ကို ဒီလက်ကိုင်ပုဝါမျိုးကိုပဲ ကျွန်တော်တို့ အလိုရှိနေတာ . . ဒီကောင်မ ပြဒ်ဆီးလွင် ဝက်ဝံရေတံခွန်နားမှာရှိမယ် . . **Royal Rose** ဆိုတဲ့ကောင်မပဲ . . လောလောဆယ် ကျောက်လိမ်လည်မှုနဲ့ ကျွန်တော်တို့အလိုရှိနေတယ် . . ခုတော့ ပိုသေချာသွားတာပေါ့ . . ကဲ ခင်ဗျား ဟိုတယ်ပြန်ပြီး အနားယူလိုက်ဦး . . ကျွန်တော်တို့ ချက်ချင်းပဲ လိုက်သွားမယ် . . ဒီညနေပဲ ခင်ဗျားဆီ ဖုန်းဆက်လိုက်မယ်"

"ကျေးဇူးပါပဲဗျာ"

ကျွန်တော် ကိုသန်းဇော်ဝင်းကို နှုတ်ဆက်ပြီး ဟိုတယ်သို့ ပြန်လာခဲ့သည်။ဖြစ်ပြီးတော့မှ ဘာတတ်နိုင်မှာလဲ။ ပူဆွေးနေလို့လဲ ဘာမှအကြောင်းထူးမည်မဟုတ်။ ကံစီမံရာအတိုင်းပေါ့။ဒါပေမယ့် မိဘအမွေအနှစ်မို့ နှမြောသည်တော့အမှန်။ သို့သော် အခုပဲတွေ့ပြီး အခုပဲသိသည့် မိန်းမတစ်ဦးအပေါ် မဆင်မခြင်ယုံစားလွယ်မိလိုက်သည့် ကျွန်တော်၏ ပျော့ညံ့သည့် နှလုံးသားကိုတော့ နှောင်တရလိုက်မိပါသည်။

သို့သော် ချစ်စရာကောင်းသော ကံတရားက ကျွန်တော့်





ဘက်က ရှိနေသည်။

ညနေခင်းလောက်တွင် ကိုသန်းဇော်ဝင်းဆီက ဖုန်းဝင်လာသည်။

"ကိုနန်းနေစိုး . . ခင်ဗျား မဒီတော့ ပစ္စည်းနဲ့ လက်ပူးလက်ကြပ်ဖမ်းမိလာပြီ . . အခု အချုပ်ထဲရောက်နေပြီ"

ကျွန်တော် ယခုမှပဲ စိတ်အေးသွားတော့သည်။ သက်ပြင်းချနိုင်တော့သည်။ဥစ္စာရှင်မှန်သဖြင့် ကျွန်တော့် ပန်းရင့်နှင်းဆီပွင့်လေး ကျွန်တော့်ဆီပြန်ရောက်လာခြင်းဖြစ်မည်။ ဘာပဲဖြစ်ဖြစ်ကိုသန်းဇော်ဝင်းနှင့် ဥပဒေဘက်တော်သားတွေ၏ အရည်အချင်းများကိုတော့ စိတ်ထဲမှ လေးစားလိုက်မိပါသည်။

ထိုညက ကျွန်တော် ကိုသန်းဇော်ဝင်းကို ဂုဏ်ပြုသည့်အနေဖြင့် ပန်းသီးစားတော်ဆက်သို့ ခေါ်လိုက်သည်။ မြထိပ်တင်ကိုလည်း ကျွန်တော် ဝင်ခေါ်သည်။သုံးဦးသား No. 7 မှာ စားသောက်ကြရင်း ကိုသန်းဇော်ဝင်းက "ပတ္တမြားကွင်း"အကြောင်းကို ရှင်းပြသည်။

"ဒီအမျိုးသမီး နာမည်ရင်းက 'မပန်းချစ်' တဲ့ဗျာ . . ဂေါ်ရခါးကပြားမ . . မိုးကုတ်မှာကြီးတာ . . ပတ္တမြားလောကမှာ တော်လွန်းလို့ သူ့ကို ပတ္တမြားကင်းလို့ ခေါ်ကြတာ . . နာမည်



www.burmeseclassic.com

www.burmeseclassic.com



က ပန်းချစ်ဆိုပေမယ့် သူက ပန်းမချစ်ဘူး. . လက်ကိုင်ပုဝါလှ လှလေးတွေ အရမ်းမြတ်နိုးတာ. . ပြီးတော့ လက်ကိုင်ပုဝါတိုင်းမှာ သူ့နာမည် "ချစ်"ဆိုတာ အမြဲထိုးထားတတ်တယ်. . ဒါလဲ ဝါသနာတစ်မျိုး၊ စိတ်ဝေဒနာတစ်မျိုးပဲပေါ့. . ခုလဲ ဒီဝါသနာဆန်းကြောင့် သူ့ကိုခြေရာခံမိကြတာပဲ. . ပြီးခဲ့တဲ့လကလဲ သူ ကျောက်ကုန်သည်တစ်ဦးဆီက ပတ္တမြားတစ်ပွင့်ကို ကျောက်အတုနဲ့လဲယူသွားခဲ့တယ်. . ခင်ဗျားလိုပဲ ဟိုတယ်တစ်ခုမှာ ဓနိသည်ဟန်ဆောင်ပြီး 'ပေရယ်မဥ္ဇူ'ဆိုတဲ့နာမည်အတုနဲ့ လိမ်သွားတာ. . ဒါပေမယ့် သူ ဘယ်သွားသွားပါတဲ့ လက်ကိုင်ပုဝါတွေကို ပစ်စလက်ခတ်သုံးပြီး ကျန်ရစ်ခဲ့တာ သူ့အမှားပဲ. . ခုလဲ ခင်ဗျားအခန်းထဲမှာ ကျန်ရစ်ခဲ့တဲ့ လက်ကိုင်ပုဝါက သူ့ကို တရားခံအဖြစ် ဖော်ထုတ်ပေးလိုက်တာပါပဲ"

ကိုသန်းဇော်ဝင်းက စိတ်ရှည်လက်ရှည် ရှင်းပြသည်။

"နေဦးဗျ . . သူက ကျွန်တော့် ပန်းရင့်နှင်းဆီပွင့်လေးကို ဘယ်လိုလုပ်သိပြီး ဒီ ဟိုတယ်ရောက်လာရတာလဲ"

ကျွန်တော်က သိချင်ဇောနှင့်မေးလိုက်မိသည်။

"ဩော်. . ဒါက ဒီလိုဗျ. . လူတစ်ယောက်က သူ့ဆီကို ဖုန်းနဲ့ဆက်ပြီး ခင်ဗျားဆီမှာ ပတ္တမြားတစ်ပွင့်ရှိတဲ့အကြောင်း



ဘယ်ဟိုတယ်မှာ တည်းခိုနေတယ်ဆိုတာ ပြောပြပြီး ခင်ဗျားဆီက အဲဒီပတ္တမြားလက်စွပ်ကို ရအောင်ယူပေးနိုင်ရင် ငွေငါးသိန်းပေးမယ်လို့ ပြောလို့ သူ 'စင်ဒီသီရိ'နာမည်နဲ့ခင်ဗျားကို သိမ်းသွင်းပြီး အပိုင်ထုသွားတာပဲ ကိုယ့်လူရေ. . အဟား ဟား"

ကိုသန်းဇော်ဝင်းက သဘောကျစွာရယ်ပါသည်။

ကျွန်တော်က မရယ်နိုင်တော့။ ခေါင်းထဲမှာ အတွေးလေးတွေ တစ်စစီပေါ်လာသည်။ ဒါဆို ပတ္တမြားကွင်း (ခေါ်) ပန်းချစ် ဆီကို ဖုန်းဆက်ပြီး ကျွန်တော့်ပန်းရင့်နှင်းဆီပွင့်လေးကို အလစ်သုတ်ယူခိုင်းတာ မာတ်သိထဲကပဲဖြစ်ရမည်။

ကျွန်တော်အံ့ဩစွာ မြထိပ်တင်ကို လှမ်းစိုက်ကြည့်လိုက်မိသည်။မြထိပ်တင်ကလည်း ကျွန်တော့်ရင်ထဲမှ ပဟေဠိပုစ္ဆာလေးကို သူမကိုယ်တိုင်ကလည်း အဖြေညှိနေပုံရ၏။

"ဒါဆို အစ်ကိုနန်း . . မဟုတ်မှလွဲရော. . အဲဒီကောင်မလေးဆီ ဖုန်းဆက်ပြီးခိုင်းတာ ဦးအာကာဖြစ်ရင်ဖြစ်. . မဖြစ်ရင် ဦးသိဂီါထွန်းလားမသိ. . ဘာဲဖြစ်လို့လည်းဆိုတော့ ကိုနန်းရဲ့ ပန်းရင့်နှင်းဆီပွင့်လေးကို စိတ်အဝင်စားဆုံးက သူတို့နှစ်ယောက်ပဲ မဟုတ်လား. ."

"အင်း . . ဖြစ်နိုင်တယ်. . ကိုယ်လဲ မင်းထင်သလိုပဲ စဉ်း

www.burmeseclassic.com

www.burmeseclassic.com



စားမိလိုက်တယ်"

ကျွန်တော် ထို ... ပင် ကျွန်တော့်ပန်းရင့်နှင်းဆီပွင့်လေး အကြောင်းကို စကားရပ်... လိုက်ပါသည်။ ကျွန်တော်က ကိုသန်းဇော်ဝင်းနှင့် တက္ကသိုလ်တုန်းကအကြောင်းကလေးတွေဆီ ပြန်ပြောင်းပြော နေမိကြသည်။

ထိုည ကိုးနာရီခွဲလောက်တွင် ကျွန်တော်၏ဂုဏ်ပြုညစာစားပွဲလေးကို ရုပ်သိမ်းလိုက်ကြသည်။

ကိုသန်းဇော်ဝင်းက သူ့ကားလေးနှင့် ပြန်သွားခဲ့သည်။ ကျွန်တော်က မြထိပ်တင်ကို သူမအိမ်သို့ ပြန်ပို့ပေးပြီး ဟိုတယ်သို့ ပြန်လာသည်။

လမ်းမှာ ကျွန်တော် စဉ်းစားလာသည်။

မနက်လေးမှာ ကျွန်တော်နှစ်ပတ်လောက် ဆက်နေရဦးမည်။ အမှုပြီးမှ ကျွန်တော် ရန်ကုန်ပြန်ရမည်။ ကျွန်တော့် ပန်းရင့်နှင်းဆီလေးကို နောင် ဘယ်တော့မှ ရောင်းဖို့မစဉ်းစားတော့။ ပြည်ပလည်း မထွက်ချင်တော့ပါ။

မြထိပ်တင်က ပတ္တမြားကွင်းဆီ ဖုန်းဆက်ပြီး ခိုင်းခဲ့သူမှာ ဦးအာကာ (သို့မဟုတ်) ဦးသိဂ်ီထွန်းတို့ နှစ်ဦးအနက် တစ်ဦးဦးသာဖြစ်နိုင်သည်ဟု ဆိုခဲ့သည်။





ကျွန်တော့်ကို မြထိပ်တင် နားလည်ပြီး လမ်းကြောင်းပြောင်းပေးလိုက်တာကော မဖြစ်နိုင်ဘူးလား။

သူမကကော လူတစ်ယောက်ကိုငှားပြီး ပတ္တမြားကွင်းထံ ဖုန်းဆက်ခိုင်းတာဆိုလျှင် ဘယ်လိုလုပ်မလဲ။ ကျွန်တော် ဘယ်သူ့ကိုမှမယုံတော့။

ကျွန်တော် အပြုံးတွန့်လေးတစ်ခု မပွင့်တစ်ပွင့်ဖွင့်လိုက်မိသည်။

မြထိပ်တင်လည်း ရတနာကုန်သည် လောဘသားတောင်တစ်ဦးမဖြစ်ပါစေနဲ့ဟု ဆုတောင်းလိုက်မိသည်။

မည်သို့ဆိုစေ ကျွန်တော်ကတော့ သင်ခန်းစာလှလှလေးတစ်ခု ရသွားခဲ့သည်။

"လှသည့်မိန်းမတိုင်း" မှာ ကြောက်စရာကောင်းသည့် "အဆိပ်တစ်မျိုး"စီ ရှိတတ်ကြပါလားဟု ကျွန်တော်စဉ်းစားဆင်ခြင်မိလိုက်သည်။

✺ ✺ ✺ ✺

ချိုမွှေးသင်းပျံ့သောမေတ္တာရနံ့များဖြင့်။

နန်းထိုက်စိုး

(နိုင်ငံခြားဘာသာသုံး)



www.burmeseclassic.com

www.burmeseclassic.com

# သမုဒ္ဒရာ၏ အတိမ်အနက်

အမှန်ဆိုရလျှင် . .

လူသားအားလုံးသည် ကံကြမ္မာစေစားရာလိုက်နာနေကြရ၏။ လောကစံလှိုင်းထဲ၌ လွင့်မျောနေကြရသူတွေသာ ဖြစ်ကြသည်။သို့သော်လည်း 'သမုဒ္ဒရာ၏ အတိမ်အနက်'ကို မည်သူမျှ အတိအကျမသိနိုင်ပါ။ ထို့အတူ ဘုရားရှင်၏အလိုတော်ကိုလည်း မည်သူမျှ မလွန်ဆန်နိုင်ကြပါ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



တကျွပ်နာမည်က 'အဲရစ်စံဇိုင် ... နဂ်ဂရိုင်း'တဲ့။

ရှမ်းအမျိုးသားတစ်ဦးပါ။

အရင်ကတော့ ကျုပ်ဟာ ရှမ်းပြည်နယ်၊ တောင်တန်းဒေသတစ်ခုမှာရှိတဲ့ အင်မတန်လှပသာယာပြီး လွမ်းချင်စရာကောင်းတဲ့မြို့တစ်မြို့က 'မြို့ပိုင်တစ်ဦး'ပေါ့ဗျာ။

'မန်ဂရိုင်း'ဆိုတာက ကျုပ်တို့ မျိုးရိုးနာမည်ဗျာ။ အဓိပ္ပာယ်က 'ရဲရင့်တဲ့ကျား' တဲ့။

အဲဒီတုန်းကတော့ ကျုပ်ဟာ လူကလည်း ငယ်ရွယ်နုပျိုတက်ကြွနေတဲ့အချိန်။ ပြီးတော့ ကျုပ်ရဲ့ ရာထူး၊ မိဘမျိုးရိုး အရှိန်အဝါ။ ပြီးတော့ ကျုပ်မှာ အင်မတန် ကျက်သရေရှိပြီး အဆင်းလှတဲ့ မောရှမ်းနွယ်ဝင်ပျိုဖြူချော ဇနီးအလှလေးတစ်ဦးကလည်း ရှိနေပြန်ဆိုတော့ ကျုပ်ဘဝဟာ ပြီးပြည့်စုံပြီး သာယာချမ်းမြေ့နေခဲ့တယ်။ကျုပ်ဟာ တောက်ပတဲ့ရွှေမင်းသားလေးတစ်ပါး ဖြစ်ခဲ့ရတယ်ပေါ့ဗျာ။

အဲဒီတုန်းကတော့ ကျုပ်မှာ စည်းစိမ်တွေ၊ အချွေအရံတွေနဲ့။ အဲ .. ပြောရရင် တကယ့် PERFECT WORLD လေးပေါ့ဗျာ။

ဒါပေမယ့် ခုတော့ .. ။

ပြီးပါပြီ



အခုတော့ ကျုပ်က အငြိမ်းစားခရိုင်ဝန် တစ်ဦးဆိုတဲ့ ထူးထူးဝိသေသလေးတစ်ခုသာ ကျန်တော့ပြီး မှေးမှိန်တဲ့ မိသားစုလေးတစ်စုရဲ့ ပစ်ပယ်ထားမှု၊ ဂရုစိုက်မခံထားရမှု၊ လစ်လျူရှုထားမှု ဆိုတဲ့ အထီးကျန်ဆန်ခြင်းအောက်မှာ ဘဝပျောက်နေတဲ့ခံစားမှုမဲ့ လူသားတစ်ယောက်သာ ဖြစ်နေရတယ်ဆိုပါတော့ဗျာ။

ဒါပေမယ့် ကျုပ်ဘဝမှာ စိတ်ဝင်စားစရာ ထူးခြားဆန်းကြယ်တဲ့ အတွေ့အကြုံအဖြစ်အပျက်လေးတွေ ရှိတယ်လို့ထင်တယ်။ကျုပ်သာ စာရေးဆရာဆိုရင် ကျုပ်အကြောင်း ဝတ္ထုတစ်ပုဒ်တော့ ကောင်းကောင်းရေးနိုင်လိမ့်မယ်လို့ ထင်တယ်။ ကျုပ်ဆိုဲ ဘဝမှာကံခေပြီး ငယ်ငယ်ရွယ်ရွယ်နဲ့ လောကဇာတ်သိမ်းသွားရရှာတဲ့ ကျုပ်အချစ်ဆုံး သူငယ်ချင်းတစ်ဦးလည်းရှိသေးတယ်။

သူနဲ့ ကျုပ်က နှစ်ယောက်ပေါင်းမှ စိတ်ဝင်စားစရာကောင်းတဲ့ ဝတ္ထုဇာတ်လမ်းလေးတစ်ပုဒ် ဖြစ်လာနိုင်တယ်လို့ ကျုပ်ထင်တယ်။ သူနဲ့ ကျုပ်ဘဝကလည်း ခွဲလို့မရခဲ့ဘူးလေ။ တွဲလျက်ကိုး။

သူလည်း ကျုပ်လိုပဲ ရှမ်းအမျိုးသားတစ်ဦးပါပဲ။

ပြီးပါပြီ

www.burmeseclassic.com

www.burmeseclassic.com



အဲ . . သူ့နာမည်ကတော့ 'ရစ်ချက်မြတ်အောင်'တဲ့။ ကျုပ်လိုပဲ ထိပ်ထိပ်ကျဲ ဆွေကြီး မျိုးကြီးထဲက . . ။

◆ ◆ ◆

(၂)

ဇာတ်လမ်းကို အစကနေပြန်ပြောရမယ်ဆိုရင်တော့ ဒီလိုဗျ။

ကျုပ်နဲ့ မြတ်အောင်တို့နှစ်ဦးက တောင်ကြီးမြို့ 'ကန်မှာရေ အထက်တန်းကျောင်း'မှာ ကျောင်းအတူနေလာခဲ့ကြတာလေ။ ငယ်သူငယ်ချင်းတွေ။

ကျုပ်က အားကစားဝါသနာပါတယ်။အထူးသဖြင့် တင်းနစ်ရိုက်တာကို အရမ်းဝါသနာပါတယ်။ မြတ်အောင်ကတော့အမဲပစ်တာကို ဝါသနာပါတယ်။ဒါပေမယ့် သူနဲ့ ကျုပ်နဲ့က နားလည်မှုရှိကြတယ်။အင်မတန်ချစ်ကြတဲ့ သူငယ်ချင်းတွေဆိုတော့လည်း တစ်ယောက်ဝါသနာကို တစ်ယောက်က ထိန်းပေးခဲ့ကြတယ်။





ညနေတိုင်း ကျုပ်က တင်းနစ်ကွင်းမှာ တင်းနစ်သွားကစားရင် သူ လိုက်လာသလို စနေ ၊ တနင်္ဂနွေကျောင်းပိတ်ရက်တို့ မြတ်အောင် အမဲပစ်ထွက်ရင် ကျုပ်ကလည်း မြတ်အောင်နဲ့ သူ့နောက်ကနေ တောထဲတောင်ထဲကို လိုက်ခဲ့တာပဲ။

ဒါပေမယ့် ကျုပ်က အဖော်သာလိုက်တာနော် ၊ ဘယ်သားကောင် တစ်ကောင်ကိုမှ ပစ်လဲမပစ်ဘူး၊ သတ်လဲ မသတ်ဘူး။ မြတ်အောင်ပစ်လို့ရတဲ့ အမဲကိုလဲ ကျုပ်ကမစားဘူး။

ကျုပ်တို့မှာ ပါလာတဲ့ ငါးသေတ္တာဘူးတို့ ၊ အသားဘူး ၊ ထိုဘူးနဲ့ ပေါင်မုန့်တို့ကိုပဲ ကျုပ်က စားတယ်။အဲ . . ဒါပေမယ့် အရန်ဒီနဲ့ ဝီစကီကိုတော့ ကျုပ်တို့နှစ်ယောက် အတူတူ သောက်ကြတယ်။သူငယ်ချင်းကို ချစ်လို့သာလိုက်ခဲ့ရပေမယ့် ကျုပ်က သူများအသက်ကို သတ်ဖြတ်ရတာ ဝါသနာမပါဘူး။ သတ်လည်းမသတ်ရဲဘူး။ ကျုပ်ရှေ့မှာ မြတ်အောင် သတ်ဖြတ်ပြီး ရလာတဲ့ အမဲကိုလည်း ကျုပ် မစားဝံ့ဘူး။ ကျုပ်က ရဲတို့ ဝင်ရိုးတာတို့ကို ကြောက်တယ်။

အထူးသဖြင့် ကျုပ်က သနားတတ်တယ်။ကျုပ် စိတ်တွေလည်း နူးညံ့တယ်။ကျုပ်က အနုပညာသမား။တစ်ခါတစ်ခါမှာ စိတ်ကူးပေါက်ရင် ကျုပ်က 'စန္ဒရား'တီးရင်တီး ၊ မတီး

ရင် ကျုပ်က ပန်းချီဆွဲတယ်။

အဲဒီလိုနဲ့ ကျုပ်တို့နှစ်ဦး 'ကမ္ဘောဇကျောင်း'က ဆယ်တန်း
အောင်ခဲ့ကြပြီး ၊ အင်္ဂလန်နိုင်ငံ လန်ဒန်တက္ကသိုလ်မှာ အတူတူ
ကျောင်းဆက်တက်ခဲ့ကြရင်း ကျုပ်တို့နှစ်ဦး 'တီအက်စ်'ဘွဲ့
အသီးသီးရှိခဲ့ကြတယ်။

နောက် မြန်မာပြည်ကို သင်္ဘောနဲ့ ပြန်လာခဲ့ကြပြီး
ဘင်ကြီးကို ပြန်ရောက်တော့ သူက 'သစ်တောဌာန'မှာ သစ်
တောအရာရှိလေးတစ်ဦး ဖြစ်လာခဲ့သလို ကျုပ်ကလည်း ကျ
ဝါသနာပါတဲ့ 'မြို့ပိုင်'လေးတစ်ဦး ဖြစ်လာခဲ့ကြတယ် ဆိုပါတော့

ဒါပေမယ့် ကျုပ်တို့နှစ်ယောက်သားကတော့ အတွဲမပျက်
ခဲ့ကြဘူး။ ကျောင်းသားဘဝကလိုပဲ တင်းနစ်ကစားလိုက်၊ အ
လိုက်သွားကြနဲ့ ပျော်နေခဲ့ကြတယ်။

❖ ❖ ❖

နောက်. . နှစ်နှစ်လောက်အကြာမှာတော့ ကျုပ်
ကျိုင်းတုံမြို့က 'ခမ်းဝတီချို'ဆိုတဲ့ မောရှမ်းနွယ်ဝင် သူဌေး
လးတစ်ဦးနဲ့ ဘုရားကျောင်းမှာ 'သန့်ရှင်းသောလက်ထပ်
ဘစ်ခု ပျော်ရွှင်စွာ ကျင်းပခဲ့ကြပါတယ်။





'ခမ်းဂတီချို'ဟာ အင်မတန်မှ လှပပြီး ကျက်သရေရှိ
ရှမ်းမလေးတစ်ဦးပါ။ ဒီဇင်ဘာ ခရစ္စမတ်ချိန်မှာ ပွင့်တဲ့ချယ်ရီး
ရောင်အငုံလေးတစ်ပွင့်လို တယ့်တယ်လွန်းတဲ့ ပန်းလေးပ
ပွင့်လိုပါပဲ။ ခြေဖျားတိ လွင့်ဝဲကျနေတဲ့ ဆံပင်ရှည်ကြီးဖွေ
အင်မတန်မှ ချောလှတဲ့နုတ်သမီးလေးပါ။

'ခမ်းဝတီချို'တလည်း ကျုပ်လိုပဲ ကျုပ်ကို အရမ်းချစ်
ဆိုတော့ ကျုပ်တို့နှစ်ယောက်ရဲ့ အချစ်ကမ္ဘာလေးက အင
အလွန်သာယာချမ်းမြေ့ပြီး ၊ ကြည်နူးစရာဖြစ်ခဲ့ကြတာပေါ့
နေနဲ့လ ၊ ရွှေနဲ့မြဆိုပါတော့ဗျာ။

အဲ 'ချစ်ခြင်းမေတ္တာတရား'နဲ့ ပတ်သက်ပြီး သတိရ
ပြောရဦးမယ်။ ကျုပ်နဲ့ မြတ်အောင်က ဝါသနာအခြေခံ
တွဲလွဲကြသလိုပဲ မေတ္တာနှလုံးသားနဲ့ပတ်သက်ပြီးတော့လ
ခံစားချက်ချင်း ၊ ခံယူချက်ချင်း မတူကြပြန်ဘူး။ မြတ်အော
နှလုံးသား တင်းပြတ်မာကျောတဲ့သူလို့ပဲ ဆိုရမလားမသိ

သူက ဘယ်မိန်းမကိုမှ စိတ်မဝင်စားဘူး။ ချစ်လည်း
တတ်ဘူး။အခုအချိန်အထိ မြတ်အောင် စိတ်ဝင်စားတဲ့
သမီးကို ကျုပ် မမြင်ဖူးသေးဘူး။ ကြားလည်း မကြားဖူးသေး

ကျုပ်ကတော့ ပျော့ညံ့တယ်လို့ပဲပြောပြော ချစ်

www.burmeseclassic.com



လမ်းတတ်တယ်။ကြင်နာယုယမှုကို မြတ်နိုးတယ်။ကျုပ်က ကမ္ဘောဇ အထက်တန်းကျောင်းမှာ နေစဉ်တုန်းက 'နန်းနွဲ့ချယ်ရီ'ဆိုတဲ့ ကောင်မလေးတစ်ဦးနဲ့ နှစ်နှစ်လောက် ချစ်ခဲ့ကြဖူးတယ်။ဆယ်တန်းနှစ်ရောက်မှ ကျုပ်ကပဲ ချယ်ရီနဲ့ လမ်းခွဲလိုက်တာ။ မခွဲလို့ မဖြစ်ဘူး။ချယ်ရီက သိပ်အနောက်တိုင်းဆန်တယ်။ပါတီတွေ ၊ ကပွဲတွေ မလွတ်တမ်းတက်တယ်။ ဒါကြောင့် နောင်ရေးစိတ် မအေးရတဲ့သူမို့ စောစောစီးစီးပဲ ကျုပ် ချယ်ရီကို လမ်းခွဲလိုက်တယ်။

ပြီးတော့ အင်္ဂလန်မှာ ကျောင်းဆက်တက်နေတုန်းကလည်း အင်္ဂလန်သူလေးတစ်ဦးနဲ့ လေးနှစ်နီးပါးလောက် ရင်ပွင့်မတတ် ချစ်ဖူးခဲ့ကြတယ်။ဒါပေမယ့် သူကလည်း သူ့နိုင်ငံကို ချစ်သလို ကျုပ်ကလည်း ကျုပ်နိုင်ငံကိုမခွဲနိုင်တော့ နှစ်ဦးစလုံး ရင်နာနာနဲ့ပဲ အချစ်ဇာတ်လမ်းကို တစ်ခန်းရပ်ခဲ့လိုက်ကြတယ်။

ခုတော့ ကိုယ့်နိုင်ငံက သွေးတူ ၊ စရိုက်တူ ၊ သူချစ်ကိုယ် ချစ်မိန်းမလှလေးတစ်ဦးကို ရခဲ့ပြီမို့ ကျုပ် ကျေနပ်ဝမ်းသာတယ်။ ကျုပ် အရမ်းကိုကြည်နူးတယ်။ သေမယ်ဆိုရင်တောင် ကျုပ် သေပျော်ပြီလို့ ထင်တယ်။ဒီလောက်ထိတောင် ကျုပ်က ခမ်းဝတီချို လေးအပေါ် ချစ်မြတ်နိုးခဲ့တာပါ။





ဘယ်တော့မှ သူ့အပေါ်မှာ ကျုပ် ချစ်သစ္စာမပျက်ဘူး။ မခွဲခွာဘူး၊ မဖောက်ပြားဘူးလို့ ကျုပ်ကိုယ်ကျုပ် ယုံကြည်တယ်။

ဒီလိုနဲ့ ကျုပ်နဲ့ ခမ်းဝတီချိုတို့နှစ်ဦး ချစ်သမီးဦးလေးရပြီးတဲ့နောက် တစ်နေ့သောအခါမှာ . .

စိတ်ဝင်စားဖွယ်ရာ အကြောင်းလေးတစ်ခု မမျှော်လင့်ပဲ ဖြစ်ပေါ်လို့ လာပါတော့တယ်။

တခြားတော့ မဟုတ်ပါဘူး။ကျုပ်နဲ့ မြတ်အောင်တို့နှစ်ဦး 'တလပ်'မှာ တစ်ညနေ စားကြသောက်ကြရင်း၊ မန္တလေးက ရတနာကုန်သည်တစ်ဦးက မရမကဖိတ်ခေါ်တာနဲ့ နောက်တစ်နေ့မနက်မှာ ကျုပ်ရဲ့လင့်ရှိဗာကားလေးနဲ့ ကျုပ်ရယ် ၊ မြတ်အောင်ရယ် ၊ အဲဒီ ရတနာကုန်သည်တို့ သုံးဦးသား မန္တလေးကို အလည်ရောက်ရှိခဲ့ကြပါတော့တယ်။

◆ ◆ ◆

မန္တလေးကို ရောက်သွားကြတော့ အဲဒီကျောက်ကုန်သည် 'ကိုစန်းနွယ်'ကပဲ ကျုပ်တို့နှစ်ဦးကို စစ်ကိုင်း ၊ မေမြို့ (ယခု ပြင်ဦးလွင်မြို့) မန္တလေးအနီးပတ်ဝန်းကျင်တွေကို လိုက်ပို့ပေးပြီး



www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်တစ်ခုမှာ စပယ်ရှယ် ကျကျနနဧည့်ခံကျွေးမွေးပြုစုပေး တယ်။အဲဒီ ဟိုတယ်မှာပဲ ကျူပ်တို့ကို သီးသန့်အခန်းငှားပေးပြီး အေးအေးဆေးဆေး အနားယူစေပါတယ်။

ကျူပ်တို့ကလည်း သူ တောင်ကြီးလာရင် သူလိုချင်တဲ့ ရတနာပစ္စည်းမျိုးကို မရ ရအောင်လိုက်ရှာပြီး ဝယ်ပေးခဲ့တာကို၊ သူက ရောင်းချင်တဲ့ပစ္စည်းဆိုရင်လည်း ဝယ်လက်ကောင်းကောင်း ကိုကျူပ်တို့က လိုက်ပြပေးခဲ့တယ်။ဒါကြောင့် သူက ကျူပ်တို့နှစ်ဦး ကို အပြန်အလှန် ဧည့်ခံတာပေါ့။ ကျေးဇူးပြုတာပေါ့လေ။

ဒီလိုနဲ့ ဒုတိယနေ့ ဟိုတယ်မှာ စားကြသောက်ကြရင်း ကိုစန်းနွယ်က စကားဆန်းတစ်ခွန်း ဆိုလာတယ်။ကျူပ်တို့ဟာ လည်း မင်းပွဲစိုးပွဲနဲ့ သိပ်မကင်းကြတဲ့ ရာထူးရာခံနဲ့၊ နိုင်ငံခြား မှာလည်း နေခဲ့ဖူးသူတွေမို့ ပွင့်ပွင့်လင်းလင်း ဆက်ဆံတဲ့သဘော လည်း ပါမှာပေါ့လေ။

အဲ. . သူက ဘယ်လို မေးသလဲဆိုတော့။

"ခင်ဗျားတို့နှစ်ယောက် ကျူပ်ကို အားမနာနဲ့နော်. . ပွင့် ပွင့်လင်းလင်း စိတ်ကြိုက်သာပြော . . ပြည့်စုံစေရမယ်. . ဒီမယ် ခင်ဗျားတို့ နိုင်ငံခြားမှာနေလာခဲ့ကြဖူးတာပဲဗျာ. . ဟုတ်လား မိုးပေါ်က နတ်သမီးလေးတွေနဲ့ ပျော်ပျော်ပါးပါး တိမ်လွှာထဲ





ကြားထဲမှာ ပျော်ပါးချင်ကြတယ်ဆိုရင်လည်း ကျူပ် ဖန်တီးပေး နိုင်ပါတယ်. . ခင်ဗျားတို့ မေ့မောသွားစေရမယ်. . ဘယ်လိုလဲ ဝါသနာပါကြလား. . ပါရင်ပြောနော်. . အခု ကျူပ် လက်ဖျောက် တီးလိုက်တာနဲ့ မိုးပေါ်က နတ်သမီးလေးတွေ ကြွေကျလာစေ ရမယ်. . အဲ. . စန်းနွယ်တို့က ပိုင်ပါတယ်ဗျ"

ကျောက်ကုန်သည်ပီပီ ကိုစန်းနွယ်က ပညာစုံသလို ဝီစကီအရှိန်လေးကလည်း ဒီကရိတက်နေတော့ အာဝဇ္ဇန်းက လည်း ရွှင်နေတယ်။

"ကုန်ချင်သလောက် ကုန်စမ်းပါစေဗျာ. . ကျူပ် တာဝန် ယူတယ်. . ကျူပ် ပြုစုပါ့မယ်. . ဘယ်လိုလဲ ကိုစံဖိုင်း ဟင် ကိုမြတ်အောင်"

သူက ဒီလို မိန်းမကိစ္စမျိုးမှာလည်း တော်တော်လေး ဝါ သနာထုံပြီး ကျွမ်းကျင်နဲ့ စပ်ပုံရတယ်။

ဒါပေမယ့် ခက်တာက ဒီလို မိန်းမပျက်ညဥ့်ငှက်မလေး တွေနဲ့ ပျော်ပါးတဲ့ကိစ္စမျိုးကို ကျူပ်ကလည်း အရင်ကတည်းက ဝါသနာမပါဘူး။ ကြောက်လည်းကြောက်တယ်။ ခုဆို ပိုဆိုးတာ ပေါ့။ ကျူပ်က ကျူပ်မှာ အင်မတန်ချစ်ရတဲ့ ချစ်ဇနီးချောမွှေ့မွှေး နွေးလေးလည်း ရှိနေပြီဆိုတော့ ဒီလိုကိစ္စမျိုးတွေကို လုံးဝ စိတ်



www.burmeseclassic.com

www.burmeseclassic.com



မဝင်စားဘူးဗျာ။

မြတ်အောင်ကလည်းပဲ နဂိုကတည်းကမှ မိန်းမဆိုတဲ့ သတ္တဝါတွေကို စိတ်ဝင်စားတဲ့သူမှ မဟုတ်တာ ၊ ပိုဆိုးတာပေါ့။ ဒီတော့ ကျုပ်က ခပ်ပြုံးပြုံးလေး ပြုံးပြရင်း ခေါင်းခါလိုက်ပြီး မြတ်အောင်ကို လှမ်းကြည့်လိုက်မိတယ်။မြတ်အောင်ကလည်း သဘောပေါက်တယ်။ ချက်ချင်းပဲ လက်ခါပြလိုက်ပြီး . .

"ကျုပ်က မိန်းမဆို ဘယ်မိန်းမမှ ဝါသနာပါတာမဟုတ်ဘူး . . စိတ်လည်းမဝင်စားဘူးဗျ ကိုစန်းနွယ် . . ကျုပ်က သေနတ်တစ်လက်နဲ့ အမဲလိုက်နေရရင် ပျော်တယ် . . တောထဲတောင်ထဲမှာ အကောင်ဗလောင်တွေနဲ့ လိုက်ဖမ်းပြေးတမ်းကစားနေရတာပဲကြိုက်တယ် . . ဟဲ . . ဟဲ"

မြတ်အောင်က ပြတ်ပြတ်သားသား ပြောလိုက်တယ်။

ဒီတော့ . . .

"ဒါဆို ခင်ဗျားရင်ထဲမှာ အချစ်မရှိဘူးလားတဲ့" ကိုစန်းနွယ်က မကျေနပ်စွာ ပြန်မေးခွန်းထုတ်လိုက်ပါတယ်။

"ဟာ . . ယောကျ်ားပဲ ရှိတာပေါ့ဗျ . . ကျုပ်လည်း နှလုံးသားနဲ့လူပဲ . . ဒါပေမယ့် ကျုပ်ချစ်ရမယ့်မိန်းမ မရှိသေးဘူးဗျ မတွေ့သေးဘူး . . ကျုပ်ကလည်း မရှာဘူး . . အဲ့ရစ်ကလည်း





သူ့မိန်းမကို သိပ်ချစ်တာဆိုတော့ ဒါတွေ စိတ်ဝင်စားမယ်မထင်ဘူး . . ဟုတ်တယ်မဟုတ်လား"

"ဟုတ်တယ် ကျုပ်လည်း ဒါမျိုးတော့ ဝါသနာမပါဘူး"

မြတ်အောင်အဆိုကို ကျုပ်ကလည်း ဝမ်းပမ်းတသာ ထောက်ခံလိုက်တယ်။ကိုစန်းနွယ် အင်မတန် စိတ်ကုန်သွားပုံရပါတယ်။

"ထားပါတော့လေ . . ဒါဆိုတော့လည်း နှစ်မဲတစ်မဲဆိုတော့ ကျုပ်ကပဲ ကျုပ်အဆိုကို ပြန်ရုပ်သိမ်းလိုက်ပါတယ် . . ဒါပေမယ့် ကိုမြတ်အောင့် လူဆိုတာ ကိုယ့်ကံကြမ္မာကို ကြိုတင်ပြီး သိကြရတာ မဟုတ်ဘူးဗျ . . ဖြတ်ခနဲ သေချင်လည်း သေသွားနိုင်တယ် . . ဒီတော့ မသေခင် ကိုယ်လုပ်ချင်တာတွေ လုပ်သွားမှ လူဖြစ်ရကျိုးနပ်မယ် . . ဒါမှမဟုတ်ရင်တော့ လူ့ဘဝမှာ အသက်ရှင်ရတာ ဘာအဓိပ္ပာယ်ရှိမလဲ . . ကဲ ခင်ဗျားကို ကျုပ်တစ်ခုမေးမယ် . . ခင်ဗျား ကံကြမ္မာဆိုတာကို ယုံသလား"

ကိုစန်းနွယ်က သူ့ဒဿနကို သူ ရင်ဖွင့်တယ်။

မမျှော်လင့်ပဲ ကျုပ်တို့သုံးဦးရဲ့ စီစကီဝိုင်းလေးက စကားဝိုင်းကြောင်းချက်ချင်း ပြောင်းသွားပါတယ်။

ပေါ့ပေါ့ပါးပါး အပျော်စကား လူ့ဘဝအကြောင်းလေးက



www.burmeseclassic.com

www.burmeseclassic.com



နေ အင်မတန်လေးနက် နက်ရှိုင်းပြီး ၊ လူတိုင်း စိတ်ဝင်တစား သိချင်နေကြတဲ့ 'လူ့ဘဝကံကြမ္မာ' အနာဂါတ်လိုင်းတွေဆီ ရောက်ရှိလာပါတယ်။

မြတ်အောင်က ခပ်ငွေ့ငွေ့ပြုံးပြီး လက်ထဲက ဗီစကီခွက်ကို မော့ချလိုက်တယ်။ မှိုင့်လေးတစ်ပွင့်ကို ခက်ရင်းနဲ့ကော်စား ပြီးနောက် ကျောက်ကုန်သည် မျက်နှာဆီ ခပ်ရဲရဲလှမ်းစိုက်ကြည့် လိုက်တယ်။

"ကျုပ်က ကံကြမ္မာတွေ ၊ အနာဂါတ်တွေဆိုတာကို သိပ်စာဖွဲ့မနေဘူး . . ယုံလည်းမယုံဘူး . . ကျုပ်က ကိုယ့်ကိုယ်ကိုပဲ ယုံကြည်တယ်"

"ကောင်းပြီ ဒါဆို ခင်ဗျား ဗေဒင်ကိုလည်း မယုံဘူးပေါ့"

"အင်း . . သိပ်စိတ်မဝင်စားဘူးဆိုပါတော့"

"ဟုတ်ပြီ . . ဒီလိုဆိုရင် ခင်ဗျားကို ကျုပ် ဗေဒင်ဆရာ လေးတစ်ယောက်ဆီ ခေါ်သွားပြမယ် . . ခင်ဗျားရဲ့ အနာဂတ် ဘဝကံကြမ္မာကို ဟောနိုင်းပြမယ် . . ဘယ်လောက်မှန်တယ်ဆို တာကို ခင်ဗျား လက်တွေ့သိရမယ်"

"ဟုတ်လား . . ဒါဆိုလည်း လုပ်စမ်းပါဦး . . ကျုပ်ကံကြမ္မာ လေးဘာလေး သိရတော့ ကြိုတင်ကာကွယ်မှုလေးတွေ လုပ်





ထားသင့်လည်း လုပ်ထားရအောင် . . ဟား ဟား ဟား"

မြတ်အောင်က စိတ်မပါတပါ ပြန်ပြောရင်း ခြောက်သွေ့ ခဲ့ရယ်ပါတယ်။

ကျုပ်ကတော့ မြတ်အောင်ရဲ့ လှောင်ရယ် ရယ်လိုက်တဲ့ သံတွေကို ကြက်သီးထမိတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ အ သိပ်စိတ်ကူးယဉ်တတ်တဲ့ လူမျိုးမဟုတ်ဘူး။ ကြောက်လန့် တတ်တဲ့သူလည်း မဟုတ်ဘူး။ သူထင်တာကို ဇွတ်တရွတ်လုပ် တတ်တဲ့ လူစားမျိုးဆိုတော့ သူ ဘယ်လိုကံကြမ္မာမျိုးတွေ ဖြစ် မယ်ဆိုတာ တွေးမိမှာမဟုတ်ဘူး . . ကောင်းရင်တော်ပါရဲ့ အစား ကျုပ် ရင်ထိတ်သွားတယ်"

ကျုပ်ကတော့ ဗေဒင်တွေ ဘာတွေကို ဝါသနာမပါပေ မဲ့ ကံကြမ္မာကိုတော့ ယုံတယ်လည်း မဟုတ်ဘူး၊ မယုံဘူး လည်းမဟုတ်ဘူး။ သတိတော့ထားတယ်။ဘာကြောင့်လဲဆို တော့ ကံကြမ္မာဆိုတာ ဘုရားသခင်ပိုင်တဲ့အလုပ်ပဲ။ ဘုရား သခင်အလိုတော်ကို ဘယ်သူမှ သိနိုင်တာမှမဟုတ်တာ။

"ကောင်းပြီ . . ဒါဆို ဒီညပဲ ခင်ဗျားကိုခေါ်သွားမယ်" ဆိုတာ ကျုပ်တို့ဝီစကီဝိုင်းလေးကို သိမ်းလိုက်ကြပြီး ထမင်း ဆိုက်ကြတယ်။ ထမင်းစားပွဲက ဖွယ်ဖွယ်ရာရာတွေ ပြင်



www.burmeseclassic.com

www.burmeseclassic.com



ဆင်ထားပေမယ့် ခြောက်သွေ့စွာပြီးသွားပါတယ်။

နေ့ခင်း ဟိုတယ်မှာ တစ်ရေးတစ်မောအိပ်လိုက်ကြတယ်။ညနေ ရေမိုးချိုး ၊ အဝတ်အစားလဲပြီး သုံးဦးသား ကျူပ်လင့်ရှိဗာကားနဲ့ ဟိုတယ်က ထွက်လာခဲ့ကြတယ်။

(၄)

မန္တလေး 'ပုဏ္ဏစု'က ပျဉ်ထောင်အိမ်မည်းမည်းလေး တစ်အိမ်ရှေ့မှာ ကားကိုထိုးရပ်လိုက်တယ်။

ဗေဒင်ဆရာ 'ဝေဒပုဏ္ဏား'လေးရဲ့ နာမည်က 'စန္ဒကူး'တဲ့။

ပုဏ္ဏားဆိုပေမယ့် ဗေဒင်ဆရာလေးက အသက်ငယ်ငယ်ဖြူဖြူချောချောလေးဗျာ။ ကျူပ် အင်မတန် သဘောကျတဲ့ နိုင်ငံခြားရုပ်ရှင်မင်းသား 'ရှော့ခ်ဟာဒ်ဆန်'လိုပဲ။

နှာတန်ပေါ်ပေါ် ၊ နှုတ်ခမ်းပါးပါး ၊ မေးရိုးသွယ်သွယ်မျက်လုံးညိုလဲ့လဲ့လေးနဲ့။ပြီးတော့ သူ့ကိုယ်ပေါ်မှာ ဝတ်ထားတဲ့ ပုဏ္ဏားအဝတ်ဖြူဖြူလေးနဲ့ သူ့အသားနဲ့နှစ်ရောင်လေးက အင်မတန်ကြည့်လို့ ကျက်သရေရှိတယ်။

တိုတိုပဲ ပြောရရင်တော့ဗျာ။ ဝေဒပုဏ္ဏားလေး စန္ဒကူးက မြတ်အောင်ရဲ့ လက္ခဏာနဲ့ မွေးသက္ကရာဇ်တွေကို သေချာတွက်





ချက်စစ်ဆေးပြီး အောက်ပါအတိုင်း ဟောလိုက်ပါတော့တယ်။

"ဒီမှာ မိတ်ဆွေ. . ခင်ဗျားဇာတာထဲမှာ မြင်ရတာကခင်ဗျားဟာ တိရစ္ဆာန်တွေရဲ့ ဘေးအန္တရာယ်နဲ့ ကြုံတွေ့ရဖို့ရှိပါတယ်. . အထူးသဖြင့် မြွေတွေကို သတိထားပါ မိတ်ဆွေ"တဲ့။

နောက်တစ်ခါ ပုဏ္ဏားလေးက ဘယ်လိုဆက်ဟောပြန်သလဲဆိုတော့ . .

"ခင်ဗျားဟာ ချစ်ခြင်းမေတ္တာဆိုတာကို မယုံကြည်ဘူး၊ လက်မခံဘူး၊ အလေးအနက်မထားဘူး. . ဒါပေမယ့် ခင်ဗျားအင်မတန်ချစ်တဲ့ မိန်းမတစ်ဦးကို နောက်ငါးနှစ်အကြာမှာ တွေ့ရပါလိမ့်မယ်. . သူကလည်း ခင်ဗျားကို အင်မတန်မှ ချစ်ပါလိမ့်မယ်. . ဒါပေမယ့်ဒီမှာတော့မဟုတ်ဘူး. . သင်နဲ့ အင်မတန်ဝေးတဲ့ တစ်နေရာမှာ တွေ့ဆုံကြပါလိမ့်မယ်. . အဲဒီမှာပဲ အိမ်ထောင်ကျပြီး သင်တို့နှစ်ဦးဟာ အင်မတန်ကိုချစ်ခင်ကြလိမ့်မယ်. . အဲ. . ဒါပေမယ့် တစ်နှစ်အတွင်းမှာပဲ ခင်ဗျားဇနီးဟာသေဆုံးပြီးမကြာခင် ခင်ဗျားလည်း သူ့နောက်လိုက်ရပါလိမ့်မယ်. . တစ်ခု တော့ရှိပါတယ်. .

ခင်ဗျား ကျူပ်စကားကို ယုံမယ်ဆိုရင်တော့ ခင်ဗျား လက်ထပ်ပြီးရင် ခင်ဗျား ဝါသနာပါတဲ့ သူများအသက်ကို သတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အလုပ်မျိုးကို မလုပ်မိအောင် ရှောင်ပါ. . ဒါဆိုရင် ခင်ဗျားရဲ့ ကံကြမ္မာဟာ တစ်မျိုးတစ်ဖုံ ပြောင်းချင်ပြောင်းသွားနိုင်တယ် မိတ်ဆွေ" လို့ ဆိုပါတယ်။

ဝေဒပုဏ္ဏားလေးရဲ့ ဟောကိန်းတွေကို ကြားလိုက်ရတော့ ကျုပ် တော်တော်လေး အံ့သြတုန်လှုပ်သွားမိတယ်။ ကြက်သီးထသွားတယ်။

ဒါပေမယ့် မြတ်အောင်ကတော့ အံ့သြဖို့ကောင်းတယ်။ ဘယ်လိုမှ သူ မတုန်လှုပ်သွားဘူး။ ပြုံးပြုံးပါပဲ။

"ဩော်. . ဟုတ်လား. . ဒါ ကျုပ်ကံကြမ္မာပဲလား. . ဒါဆိုလည်း နည်းနည်းတော့ ဆင်ခြင်ရမှာပေါ့လေ. . ဒါပေမယ့် လူတိုင်း တစ်နေ့မှာတော့ သေရမှာချည်းပဲ. . မဆန်းပါဘူး. . ကျုပ် ကြောက်လည်းမကြောက်ပါဘူး"လို့ သရော်တော်တော်လေး ပြန်ပြောလိုက်ပါသေးတယ်။

"ကဲ. . ကိုစံဖိုင်းကိုလည်း ကြည့်ပေးစမ်းပါဦး ပုဏ္ဏားလေးရဲ့"မြတ်အောင်က ပြုံးလျှက် ထပ်တောင်းဆိုလိုက်ပြန်တယ်။

အဲဒီတော့ စန္ဒကူးဝေဒပုဏ္ဏားလေးက ကျုပ်လက္ခဏာနဲ့ ဇာတာကိုတွက်ချက်စစ်ဆေးလိုက်ပြီး ဘယ်လို ဟောကိန်းထုတ်လာသလဲဆိုတော့ . .

"မိတ်ဆွေရဲ့ဇာတာက ယေဘုယျမှာ အင်မတန်မှသာယာမယ်. . ကိုယ်ချစ်တဲ့ မိန်းမနဲ့လည်း ရမယ်. . ဒါပေမယ့် အသက်ငါးဆယ်ကျော်ရင် သတိထားရမယ်. . ဇာတာညှို့သွားပြီ. . ထရားဥပဒေရဲ့ အပြစ်ဒဏ်၊ မင်းပြစ်မင်းဒဏ် ခံရစာတ်တယ် မတော်ရင် အချုပ်တို့ ထောင်တို့တောင် ကျကိန်းရှိတယ်. . ဒါ့ထက်ဆိုးတာက မိတ်ဆွေရဲ့ဇနီးဟာ မိတ်ဆွေကိုပစ်ပြီး တခြားလူတစ်ယောက်နဲ့ ဖောက်ပြန်တတ်တယ်. . အဲဒီသောကစိတ်တွေကို မိတ်ဆွေမထိန်းနိုင်ရင် မိတ်ဆွေရူးသွပ်ပြီးတော့တောင် ကိုယ့်ကိုယ်ကို သတ်သေသွားနိုင်တယ်"

ပုဏ္ဏား စန္ဒကူးရဲ့ ဟောကိန်းတွေက ပြတ်သားလှချေလား။ ကြက်သီးမွေးညင်းတောင် ထဖို့ကောင်းတယ်။ ကျုပ်နှလုံးသားတွေကို ဆုပ်ချေမွလိုက်သလို ကျုပ် ခံစားလိုက်ရတယ်။

"ဖြစ်နိုင်ပါ့မလား"လို့လည်း ကျုပ်စိတ်ထဲမှာ သံသယတွေဝင်သွားမိတယ်။ကျုပ် နည်းနည်းတော့ အံ့သြသွားတယ်။

ကျုပ်အပေါ်မှာ ဒီလောက် ကျုပ်ကိုချစ်တဲ့မိန်းမက သစ္စာဖောက်ပြီး လူတစ်ယောက်နဲ့ ဖောက်ပြန်မယ်ဆိုတာ ကျုပ် ဘယ်လိုမှ မယုံနိုင်ဘူး။ပြီးတော့ ကျုပ်လို ပညာတတ်၊ ဥပဒေနား

www.burmeseclassic.com



လည်တဲ့အရာရှိတစ်ယောက်က ဘယ်လိုနည်းနဲ့မှ အချုပ်တို့ ထောင်တို့ မကျနိုင်ရဘူးလို့ ကျုပ်ထင်တယ်။

တစ်ခုတော့ရှိတယ်။ သမုဒ္ဒရာရဲ့ အတိမ်အနက်ကို ဘယ်သူမှ အတိအကျ မသိနိုင်သလို ဘုရားသခင်ရဲ့ အလိုတော် **GODS Will** ကိုတော့ ကျုပ်လည်းမသိနိုင်ဘူး။ ဒါကိုတော့ ဝန်ခံရလိမ့်မယ်။

ပေဒင်မှန်မယ် ၊ မမှန်မယ်တော့ မသိဘူး။ လောလောဆယ်တော့ ကျုပ် အကြီးအကျယ်စိတ်ဓာတ်ကျသွားတယ်။

ကျုပ်တို့နှစ်ယောက် ကျောက်ကုန်သည်နောက် လိုက်လာခဲ့မိတာ မှားပြီ ၊ နိမိတ်မကောင်းတဲ့ စကားတွေကို ကြားလိုက်ရတာ စိတ်တွေချောက်ချားသွားတယ်။အမှန်တော့ ပေဒင်ဆိုတာ စိတ်မခိုင်ရင် မမေးတာ အကောင်းဆုံးပဲ။ ကျုပ်တောင် အခုကြည့် ၊ ပျော်ရွှင်ကြည်နူးနေတဲ့စိတ်တွေ ပျောက်သွားတယ်။

အပြန်သုံးဦးသား ကားပေါ်ငြိမ်ပြီး လိုက်ပါလာကြတော့ မြတ်အောင်က ကျုပ်ကိုကြည့်ပြီး ရယ်ပါတယ်။

"ဟေ့ စံဗိုင်း . . ဘာလဲ ပေဒင်ဆရာက ကံကြမ္မာဖတ်လိုက်တာနဲ့ မင်း စိတ်ဓာတ်တွေကျသွားပလား . . လုပ်မနေနဲ့ ကိုယ့်လူ . . ကျုပ်ကတော့ ဟောချင်တာဟော ပျော်ပျော်ပဲ . .





ညနေ ဝီစကီတစ်ခွက်မော့လိုက်ရင် ဒါတွေအားလုံး ရင်ထဲက ပျောက်သွားမယ် ဟဲ့ . . ဟဲ"

မြတ်အောင်ပြောတာ မှန်တယ်။

ဟိုတယ်ပြန်ရောက်ပြီး ညနေ ဝီစကီပိုင်းလေးလည်း စ ဖွင့်လိုက်ရော ရင်ထဲမှာ မတင်မကျရှိနေတဲ့ စန္ဒကူးမုဋ္ဌားလေးရဲ့ ကံကြမ္မာဟောစာတမ်းလေးတွေဟာ တငွေ့ငွေ့လောင်ကျွမ်း ပျောက်ကွယ်သွားပါတော့တယ်။

◆ ◆ ◆

## (၅)

လူဆိုတာ မမြင်ရတဲ့ကံကြမ္မာအရိပ်ဆိုးကြီးကို ထိတ်လန့်ခြောက်ရွံ့နေကြပေမယ့်လည်း ၊ လူ့ဘဝရဲ့ အချိန်သံစဉ်တွေကြားမှာ မသိစိတ် (**UNCONSCIOUS**) နဲ့ ရုန်းကန်လှုပ်ရှား တိုက်ပွဲဝင်နေကြရင်းက ကံကြမ္မာဆိုတဲ့ မိတ်ဆွေရင်းကြီးကို မေ့ပျော့နေတတ်ကြတယ်။

ကျုပ်လည်း ဘာသားနဲ့ထုထားတာမို့လို့လဲ။ ဘဝစဉ်



www.burmeseclassic.com

www.burmeseclassic.com



တွေကြားမှာ ချစ်ခြင်း၊ မုန်းခြင်းဆိုတဲ့ ဘဝမှုဒယလှိုင်းတွေထဲ လွင့်မျောရင်း ဇါးနှစ်ဆိုတဲ့ မှတ်တိုင်လေးအတွင်းမှာ နောက်ထပ်သံစဉ်ပိုစရာ သမီးလေးနှစ်ဦး ထပ်တိုးခဲ့ပြန်ပါတယ်။

ဒီတော့လည်း အချစ်ရဲ့အပိုင်းအစလေးတွေထဲမှာ ကံကြမ္မာဆိုတဲ့ ဘဝမင်းသားလေးကို တစ်ဒင်္ဂမေ့ထားခဲ့မိရပါတယ်။

ကျုပ်လိုပဲ အနာဂတ်ကို စိတ်ကူးမယဉ်၊ ဆေးမခြယ်တတ်တဲ့ မြတ်အောင်တစ်ယောက်ဟာလည်း သူ့ဝါသနာအပိုင်းအစ သူ့ဘဝဒဿနတွေကြားမှာ လှုပ်ရှားကူးခတ်သွားလာနေရင်းက တစ်နေ့မှာ . .

"ဟေ့ကောင်ကြီး ငိုင်းမန်ဂရိုင်း . . ငါ မြစ်ကြီးနားကို ပရိုမိုးရှင်းနဲ့ သွားရတော့မယ်ကွ"

တစ်ခါတစ်ခါ သူကအဲဒီလို ရင်းရင်းနှီးနှီး ငယ်မူပြန်ပြီး ကျောင်းတုန်းကလို 'ငိုင်မန်ဂရိုင်း'လို့ ချစ်စနိုးခေါ်တတ်တယ်။ သူ အဲဒီလိုခေါ်လိုက်ရင် ဒီကောင့်စိတ်ထဲ တစ်ခုထူးလို့ပဲဆိုတာ ကျုပ်ကလည်း အတတ်သိနေတယ်။

အခုလည်း သတင်းထူးကြားလိုက်ရတာပဲ။

မြတ်အောင်ဘဝ တစ်ဆစ်ချိုးလေး မမျှော်လင့်ပဲ ပြောင်း





သွားခဲ့ပြီမဟုတ်လား။ ကျုပ်ရင်ထဲမှာလည်း ဝမ်းနည်းသလိုလို ဝမ်းသာသလိုလို တစ်မျိုးပဲခံစားလိုက်ရတယ်။ ငယ်ငယ်ထဲက တွဲလာခဲ့ကြတဲ့ သူငယ်ချင်းနှစ်ယောက် အခုတော့ ကံကြမ္မာ အလှည့်အပြောင်းကြောင့် ခွဲကြရတော့မှာပေါ့နော်"

ဒါလည်း ဘုရားသခင်အလိုတော် **GOD Will** ပေါ့။ အယ်လိုပဲဖြစ်ဖြစ် နောက်တစ်နေ့ သူ့ ဖဲဝဲလ်ပါတီ နှုတ်ဆက်ပွဲလေးတစ်ခုကို ဘုရားကျောင်း (**CHURCH**)မှာ ပြုလုပ်ကျင်းပပြီး ဆုတောင်းဧည့်ခံပွဲလေး ပြုလုပ်ခဲ့ပါတယ်။

ထုံးစံအတိုင်း အဲဒီညမှာ ကျုပ်တို့သူငယ်ချင်းတစ်စု ဝိုင်ကြီဝိုင်လေးတစ်ခု အကောင်းဆုံးစီစဉ်ပြီး သောက်ပွဲလေး ကျင်းပခဲ့ကြတယ်။

မြတ်အောင်က တောင်ခြေက သူ့တိုက်ဝါလေးမှာ အီးသန့်ကျင်းဧည့်ခံကာ ကျုပ်တို့ ကမ္ဘောဇကျောင်းထွက် သူငယ်ချင်းအရာရှိတစ်သိုက်ကို နှုတ်ဆက်ဧည့်ခံခဲ့တယ်။

ထူးထူးခြားခြား သူ အမဲလိုက်လို့ရထားတဲ့ အမဲတွေဖြစ်တဲ့ ကျုပ်ကင်ထားတဲ့ ချေသား ၊ ဆတ်သား ၊ မျောက်သား ၊ ဆမင်သားစတဲ့ အသားမျိုးစုံတွေကို ကြော်လှော်ချက်ပြုတ်ပြီး ဧည့်ခံတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီပွဲမှာ သူက ကျုပ်ကိုတစ်ခုတောင်းခံလာတယ်။

"သူငယ်ချင်း ခိုင်းမန်ဂရိုင်း . . မင်း ငါ့ကိုတစ်ကယ်ချစ်ရင် ဒီတစ်ခါ ငါ အမဲပစ်လို့ရထားတဲ့ အမဲတွေကို မင်း စားရမယ် ဒီတစ်ခါပဲ တစ်ခါတည်းပဲ. . ငါနဲ့ခွဲခွာတဲ့ အထိမ်းအမှတ်အဖြစ် အမှတ်တရပေါ့ကွာ. . စားရမယ်နော်. . ငါ့ကို တစ်ကယ် မင်း ချစ်တယ်ဆိုရင်ပေါ့ကွာ"

မြတ်အောင်စကား ကြားလိုက်ရတာ ကျုပ် အရမ်းဝမ်းနည်းသွားတယ်။မဆိုစဖူး တောင်းဆိုလာတဲ့ သူ့စကားကိုကြားလိုက်ရတာ ကျုပ် အရမ်းကို စိတ်ထိခိုက်သွားတယ်။မဆိုစဖူး တောင်းဆိုလာတဲ့ မြတ်အောင် အလွမ်းစကားတွေကို ကျုပ် မငြင်းရက်တော့ဘူး. . ချက်ချင်းပဲ လက်ခံလိုက်မိတယ်"

"စိတ်ချ ရစ်ချတ်. . ဒီတစ်ခါ ငါ ဂုဏ်ယူဝမ်းမြောက်စွာနဲ့ ငါ့အချစ်ဆုံးသူငယ်ချင်းအတွက် ငါ စားမယ်. . ချစ်မြတ်နိုးစွာ မင်း အမဲဟင်းတွေကို ငါစားမယ်ကွာ. . ကျေနပ်လား"

ဆိုတော့မှ သူ ကျေနပ်သွားတယ်။ပြုံးရွှင်စွာ သူ ခေါင်းညိတ်တယ်။

အဲဒီည . . .

မြတ်အောင်အတွက် ခွဲခွာရခြင်း ၊ ဂုဏ်ယူဝမ်းမြောက်





ခြင်းအဖြစ်နဲ့ ကျွန်တော်တွေအားလုံး "ဒေါင်း" သွားခဲ့ကြတယ်။

◆ ◆ ◆

(၆)

တစ်နှစ်လောက်ကြာတော့ . . .

ထူးဆန်းအံ့ဩဖွယ် စာရေးထားတဲ့ ရစ်ချတ်မြတ်အောင် ဆီက စာတစ်စောင်ကို ကျုပ် လက်ခံရရှိခဲ့ပါတယ်။အဲဒီစာကို ဘာသာ ပြန်ပြီး ဖော်ပြရရင်တော့ စာက အောက်ပါအတိုင်းဖြစ်တယ်။

× × ×

သူငယ်ချင်း ခိုင်းမန်ဂရိုင်း ..

မင်း ငါ့စာကိုရရင်တော့ ငါရောက်တဲ့ပြည်သူ့မှာပဲ ထင်ပါလိမ့်မယ်.. ငါ့ အမ

မှာ ငါရောက်တဲ့ပြည်ရောက်ကောင်းတဲ့ မြတ်ရဲ့ပထမ ဘုရားသခင် ဖန်

ဆင်းပေးလိုက်ကြတဲ့ မင်းသိကို ငါ ဝမ်းသာသလားမေးလိုက်ကြတယ်..ဒီ

လိုက္ခ..



www.burmeseclassic.com

www.burmeseclassic.com



ငါ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ကိုရောက်လာပြီး မကြာခင်မှာပဲ မိတ်ဆွေပေါင်းများတဲ့သူနာလေး မိတ်ဆွေတစ်ယောက်တွေ့ခဲ့ရတယ်။ သူလည်း ငါ့လိုပဲ အမဲလိုက်ဝါသနာကြီးတဲ့ ကချင်အမျိုးသားတစ်ယောက်ပေါ့ ... သူ့နာမည်က ဇော်ဆွန်း တဲ့ .. သူက ငါ့လက်ထောက်က သစ်တောဝန်ထောက်လေးတစ်ဦးပဲ.. သူနဲ့ငါ အမဲအတူလိုက်ကြရင်း အရင်းရင်းနှီးခင်မင်သွားခဲ့ကြတယ်.

ဒီ.. သူ့မှာ အလှတန်ချောတဲ့ ညီမတစ်ဦးရှိတယ်ကွ.. အမေရိကက ပြန်လာတာလဲ သိပ်မကြာသေးဘူး.. သူက သရာဝန်မတစ်ယောက်ပဲ.. သူ့နာမည်ကတော့ ဒေါက်တာ အယ်လစ်ဂျာနွန်းရီတဲ့ .. ငါပြောရင် မင်းယုံမှာတောင်မဟုတ်ဘူး .. ငါ အယ်လစ်ဂျာနွန်းရီကိုတွေ့တွေ့ချင်း အရမ်းကို ချစ်သွားမိတယ်ကွာ.. ငါ ဒီလို ငါ့ဘဝမှာ မိန်းမတစ်ဦးကို မြင်မြင်ချင်း ရူးရူးမူးမူးချစ်မိလိမ့်မယ်လို့ ငါ ဘယ်တုန်းကမှ မထင်ခဲ့ဘူး.. ဘုရားသခင်ကို အာမခံ ငါ ကျေးဇူးတင်မိတယ် မိုင်း ..

ငါ သူနဲ့တွေ့ပြီး မကြာခင်မှာပဲ သူကလည်း ငါ့အချစ်ကို မြတ်မြတ်နိုးနိုးလက်ခံခဲ့တာမို့ ငါတို့နှစ်ဦး ကချင်နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းမှာပဲ အကျဉ်းချုံးပြီးလက်ထပ်လိုက်ကြတယ်.

အခုဆို ငါတို့နှစ်ဦးဟာ ဘုရားရှင်ရဲ့ကြင်နာကြီးမားတဲ့ မေတ္တာတော်အရိပ်အောက်မှာ ပျော်ရွှင်ချမ်းမြေ့စွာရှိနေကြပြီဆိုတာ မင်း





သိစေချင် ငါ စာရေးလိုက်ပါတယ်.. မင်းလည်း မင်း ချစ်မြတ်နိုးတဲ့ မင်း မိသားစုနဲ့အတူ ဘုရားရှင်ရဲ့မေတ္တာတော်အောက်မှာ ချမ်းမြေ့သာယာပြီး ချမ်းမြေ့ရှိပါစေလို့ ဆုတောင်းလိုက်ပါတယ်.

မင်းရဲ့အချစ်ဆုံးသူငယ်ချင်း
ရစ်ချတ်မြတ်အောင်
ခေတ္တမြစ်ကြီးနားမြို့
(ကချင်ပြည်နယ်)

× × × ×

စာက တိုတိုပါပဲ။

မြတ်အောင်ရဲ့ဘဝဟာ မမျှော်လင့်ဘဲ လှပသာယာသွားခဲ့ပြီလို့ ကျုပ် ယုံကြည်မိလိုက်တယ်။ခုဆို သူ့ဘဝဟာ ပြည့်စုံသွားပြီ။ သံယောဇဉ် ပွင့်ဖတ်နုလေးတစ်ဖတ်က မြတ်အောင်ရဲ့နှလုံးသားမှာ ဖူးပွင့်သွားခဲ့ပြီ မဟုတ်ပါလား။

ဒါပေမယ့် ကျုပ်ထင်သလို မဟုတ်ခဲ့ဘူး။ ကံကြမ္မာမုန်တိုင်းဟာမြတ်အောင်ကို ရက်ရက်စက်စက် ချေမှုန်းပစ်လိုက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ဆီက စာကိုရရှိခဲ့ပြီး ခြောက်လအကြာ တစ်ညနေခင်းလေးမှာ . . .

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က ဝိစကီလေး ဘေးချပြီး ခပ်ပျင်းပျင်းရှိတာနဲ့ စန္ဒရားကို ဖြည်းဖြည်းလေး လျှောက်ခေါက်နေတယ်။အဲဒီတုန်းမှာပဲ အိမ်ရှေ့က ကားသံကြားလို့ ထွက်ကြည့်လိုက်တော့ မမျှော်လင့်ဘဲ မြတ်အောင်ဖြစ်နေတယ်။သူဟာ ကားပေါ်က ဒယိမ်းဒယိုင်နဲ့ လှမ်းဆင်းလာပြီး၊ ရှိုက်ကြီးတငင်နဲ့ ကျုပ်ကို လှမ်းပြောလိုက်ပါတယ်။

"သူငယ်ချင်း ဗိုင်း . . ငါ့မိန်းမ နွန်းရီ မရှိတော့ဘူး ဆုံးပြီး. . သူ ဆုံးသွားရှာပြီကွာ" တဲ့။

ကျုပ် အရမ်းအံ့ဩတုန်လှုပ်သွားတယ်။

သူဟာ ညေ့ခန်းထဲကို ဝင်လိုက်လာပြီး ၊ ဆိုဖာတစ်လုံးပေါ် မသက်မသာနဲ့ ထိုင်ချလိုက်ပါတယ်။ပြီးတော့ သူက ဝမ်းနည်းကြေကွဲဖွယ်ရာ သူ့အကြောင်းတွေကို ဆက်ပြောပါတယ်။

"ငါသာ တိရစ္ဆာန်တွေကို သတ်ဖြတ်တဲ့ ဝါသနာဆိုးကို စွန့်လွှတ်နိုင်ခဲ့ရင် ငါ ဒီလိုအဖြစ်မျိုး ဘဝမျိုးနဲ့ ကြုံတွေ့ရမှာမဟုတ်ဘူး ဗိုင်းရယ်. . ဒါဟာ ငါ့ကို ဘုရားသခင် 'ဒဏ်'ခတ်လိုက်တာပဲလို့ ငါ ထင်တယ်ကွာ" ဟုဆိုကာ နီဒါန်းပျိုးလိုက်ပြီး သူ့အကြောင်းများကို ဆက်ပြောနေပြန်တယ်။

"ငါ့ဇနီး အယ်လ်ဂျာနွန်းရီဟာ ဆရာဝန်မတစ်ဦးပီပီ





သတ္တဝါတွေရဲ့အသက်ကို ချမ်းသာရအောင် ကယ်တင်တယ်. . ဘုရား၊ တရားကိုလည်း အရမ်းယုံကြည်တယ်. . ငါ့ကိုလည်း ဒီဝါသနာကို စွန့်လွှတ်ဖို့ အမြဲနားချတယ်. . ဒါပေမယ့် ငါ နားမထောင်ခဲ့ဘူး. . ဝါသနာကို မစွန့်နိုင်ခဲ့ဘူး . .

တစ်နေ့တော့ကွာ . . .

ငါနဲ့ ဇော်နွန်းတို့နှစ်ယောက်ဟာ ဒူးဝါးတစ်ဦးပိုင်တဲ့နယ်မြေထဲက သစ်တောကြိုးဝိုင်းတစ်ခုကို မြင်းတွေနဲ့သွားပြီး အမဲပစ်ထွက်ကြတယ်. .

နောက်တစ်နေ့ မနက်စောစောမှာ ငါတို့နှစ်ဦးဟာ ဘိုတဲလေးထဲက ထွက်လာခဲ့ကြပြီး အညောင်းပြေ လမ်းလျှောက်ထွက်ခဲ့ကြတယ်. . ဘိုတဲနဲ့ တစ်မိုင်ကျော်ကျော်လောက်ဝေးတဲ့နေရာတစ်ခုကို ရောက်လာကြတော့ ကျောက်ဂူအေးတစ်ဂူရှေ့မှာ မြွေဟောက်ကြီးနှစ်ကောင်ဟာ တွန့်လိမ်ခွေယှက်ပြီး အိပ်ပျော်ရင်း နေပူစာလှုံနေကြတာ တွေ့လိုက်ရတယ်. . ဒါနဲ့ ငါလည်း အသင့်ပါလာတဲ့ ငါ့ ကာဘိုင်သေနတ်နဲ့ ပစ်မယ်အလုပ်မှာ မြွေနှစ်ကောင်ထဲက မြွေတစ်ကောင်က လန့်နိုးပြီး ငါ့ကို သေသေချာချာ စိုက်ကြည့်နေတယ်. .

ငါကလည်း အချိန်ဆွဲမနေတော့ဘဲ ဗိုင်းကနဲ ပစ်သည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်. . ငါ့လက်ညှိုးက သေနတ်မောင်းခလုတ်ကိုဆွဲညှစ်လိုက်တဲ့အချိန်မှာပဲ ငါ့ကို စားမတတ် ၊ ဝါးမတတ်စိုက်ကြည့်နေတဲ့ မြွေက မြက်ရိုင်းတောထဲ လျှာခနဲဝင်သွားတဲ့အတွက် ကျန်တဲ့ မြွေတစ်ကောင်ကိုပဲထိပြီး ကျောက်တုံးပေါ်က လွင့်ကျသေဆုံးသွားတော့တယ်. . မြက်ရိုင်းတောထဲ လျှောဝင်သွားတဲ့ မြွေကတော့ လွတ်မြောက်သွားတယ်. . ”

ကျုပ် အသက်မရှူဘဲ မြက်အောင်စကားတွေကို စိတ်ဝင်စားစွာနဲ့ နားထောင်နေမိတယ်။

“ငါ့ တစ်သက်မှာကွာ. . အဲဒီလောက်ကြီးတဲ့ မြွေဟောက်မျိုး တစ်ခါမှကို မမြင်ဖူးခဲ့ဘူး. . ငါတို့လည်း အဲဒီမြွေသေကြီးကို အဝတ်တစ်ခုနဲ့ ထုပ်ပြီး၊ ဘိုတဲကိုထမ်းယူလာခဲ့ကြတယ်. . ဘိုတဲကို ပြန်ရောက်တော့ အဲဒီဒေသခံဒူးဝါးက ဖြစ်ပျက်ပုံ မေးမြန်းပြီး ၊ ဒီမြွေဟာ 'အမ'ဖြစ်ပြီး မိတ်လိုက်နေတုန်းမှာ သေဆုံးသွားတာဖြစ်လို့ မကြာခင် 'မြွေထီးကြီး'ဟာ လက်စားချေဖို့ ငါ့နောက်ကို မတွေ့မချင်း ၊ ခြေရာခံ ၊ အနံ့ခံပြီး နေ့ရောညပါ လိုက် ရှာတော့မှာမို့ လွတ်အောင်သာ ထွက်ပြေးပါတော့လို့ ဒူးဝါးက ပြောပါတော့တယ်. .

ဒါပေမယ့် ငါက ရယ်ပြီး ကျုပ် ဂရုမစိုက်ပါဘူးဗျာ. . ဒါ



တာ စိတ်ကူးယဉ်ပုံပြင်တွေပါလို့ ပြောပေမယ့် ဒူးဝါးက လက်မခံဘူး . . မကြာခင် မြွေထီးလိုက်လာလို့ သူတို့ပါ အချောင်သေတုန်ကြလိမ့်မယ်ဆိုပြီး ချက်ချင်း ပြန်ဖို့ ပြင်ဆင်ကြတာနဲ့ ငါလည်း သူတို့နဲ့ ပြန်လိုက်လာခဲ့ရတယ်. . ဖော်နွန်းကလည်း အယုံအကြည်ရှိတော့ ငါ့ကို သတိထားပြီးနေဖို့ ပြောတယ်. . ငါ မကြောက်ပါဘူး. . ဒီအစွဲအလန်းကိုလည်း ငါ အကြည်မရှိခဲ့ဘူး. .

အဲဒီညနေ မြစ်ကြီးနားကို ပြန်ရောက်တော့ ငါက အဲဒီအကြောင်းတွေ ငါ့ဇနီးကို ပြန်ပြောပြတာပေါ့ . . ဒီတော့ သူ့အရမ်းကို ထိတ်လန့်သွားတာ ငါမြင်ရတယ်. . ငါ့ဇနီးကလည်း ဒီ အစွဲအလမ်းကို ယုံကြည်နေတော့ ငါ မနည်းဖျောင်းဖျယူရတယ်. . မင်းဟာ ခေတ်ပညာတတ် ဆရာဝန်မတစ်ဦးမဟုတ်ဘူးလား နှမ်းရီရယ်. . ဘာဖြစ်လို့ ဒီလိုအဓိပ္ပာယ်မရှိတဲ့ အယူသီး ၊ ယုံကြည်စွဲလန်းမှုမျိုးတွေကို မင်း လက်ခံနေရတာလဲကွာ စိတ်အေးအေးထားစမ်းပါကွာ . . လို့ဆိုပြီး သူ့ကို ငါ မနည်းချော့ပြောယူရတယ်. . ဒါတောင် သူ တစ်ညလုံးအိပ်မပျော်ဘူး”

မြတ်အောင်က စကားကိုရပ်လိုက်ပြီး သက်ပြင်းရှည်ကြီး ချလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က ဗီစကီတစ်ခွက်ငှဲ့ပြီး သူ့ကို ကမ်းပေးလိုက်တယ်။မြတ်အောင်က ဖျတ်ကနဲလှမ်းယူပြီး တစ်ရှိန်ထိုးမော့ချလိုက်ပါတယ်။

"အင်း. . ဆက်ပြောစမ်းပါဦး"

ကျုပ်က စကားထောက်ပေးလိုက်တယ်။

"သူက ကြောက်နေတော့ ငါက သူ မအိပ်မချင်း သူ့နံဘေးမှာ မီးတွေတစ်ခန်းလုံးလင်းနေအောင် ထွန်းထားပြီး ငုတ်တုတ်ထိုင်စောင့်ပေးနေခဲ့တယ်. . အဲ မနက်ဝေလီဝေလင်းလေးနာရီလောက်အချိန်ကျမှ သူ အိပ်ပျော်သွားတယ်. .

ဒီတော့မှ ငါလည်း အပေါ့အပါးသွားချင်တာနဲ့ သူ့နားက ကုတင်ပေါ်က ထလာခဲ့ပြီး ၊ ရေချိုးခန်းထဲဝင် အပေါ့သွားခဲ့တယ်. . ပြီးလို့ ခဏလေးပြန်ထွက်လာရော သူ အိပ်ပျော်နေတဲ့ ကုတင်ပေါ် ငါ လှမ်းကြည့်လိုက်တဲ့အခါ ငါ အရမ်းအံ့ဩထိတ်လန့်သွားတယ်. . ဘာလို့လဲဆိုတော့ ငါ မြင်လိုက်ရတာက မြွေဟောက်ကြီးတစ်ကောင် . .

ကုတင်ခေါင်းရင်း ပြတင်းပေါက်က သံဆန်ခါပေါက်ထနေ ဖျတ်ခနဲ လျှောဝင်လာတာ မြင်လိုက်ရလို့ပဲ ငါ ရှုတ်တရက် ကြောင်ငေးပြီး ရပ်ကြည့်နေတုန်းမှာ အဲဒီမြွေဟောက်ကြီးဟာ





ကုတင်ပေါ် လျှောခနဲရောက်လာပြီး နှွန်းရီမျက်နှာကို ပေါက်ချလိုက်တယ်. .

နှွန်းရီ အလန့်တကြားနဲ့ထအော်ပြီး ၊ ကုတင်ပေါ် ထထိုင်လိုက်တယ်. . ငါ ပြေးလာပြီး သူ့ကို ဆွဲပွေ့လိုက်တယ်. . ဒါပေမယ့် မြွေဆိပ်တွေက ချက်ချင်း သူ့ခေါင်းတစ်ခုလုံးထဲ ပျံ့နှံ့စိမ့်ဝင်သွားပြီကွာ. . ဘယ်လိုမှ မတတ်နိုင်တော့ဘူး. . သူ ငါ့ လက်ပေါ်မှာပဲ စက္ကန့်ပိုင်းအတွင်း လူးလွန့်ပြီး အသက်ပျောက်သွားတော့တယ်. .

နှွန်းရီအလောင်းကို မြစ်ကြီးနားမှာပဲ ဂူသွင်းပြီး မြှုပ်နှံထားခဲ့ရတယ်. . ငါ အင်မတန် အစွဲအလန်းကြီးခဲ့တဲ့ ငါ့ ဝါသနာဆိုးကိုလည်း ငါ အပြီးအပိုင် စွန့်လွှတ်လိုက်ပြီ သူငယ်ချင်း. . အလုပ်ကပါ ငါ ထွက်လာခဲ့ပြီကွာ"

အဲဒီနေ့က မြတ်အောင် မိုးချုပ်မှ သူ့ ဂျစ်ကားလေးနဲ့ ပြန်ထွက်သွားခဲ့တယ်။မြတ်အောင်ဘဝကလည်း နိဂုံးမလှခဲ့ပါ။

နောက် မကြာခင်မှာပဲ သူလည်း သူ့ဇနီးစိတ်နဲ့ အရက်ရဲ့ကျေးကျွန်ဖြစ်ပြီး နှလုံးရောဂါနဲ့ ရုတ်တရက် သေဆုံးသွားရှာတယ်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



## (၇)

မြတ်အောင် ဆုံးသွားပြီးတော့ ကျုပ်လည်း ရုတ်တ
အိပ်မက်က လန့်နိုးသွားသလို လန့်နိုးလာပါတယ်။

ဘာကြောင့်လည်းဆိုတော့ အခုမှ ကျုပ် သေသေချာ
ပြန်စဉ်းစားကြည့်မိတယ်။ မြတ်အောင်ရဲ့အဖြစ်က မန္တလေး
ပုဏ္ဏားပေဒင်ဆရာလေး စန္ဒကူး ဟောလိုက်တဲ့အတိုင်း သူ့
ကြမ္မာက ကွက်တိဖြစ်နေပြီမဟုတ်လား။

ကြည့်စမ်း . . ဒီအတိုင်းဆို ကံကြမ္မာရွှေမင်းသားက
ဘက်လှည့်လာတော့မလားမသိ ၊ ကျုပ် တွေးပူလာတယ်။ စန္ဒ
ဟောကိန်းတွေကို ပြန်စဉ်းစားမိပြီး ကျုပ် ကြက်သီးထလာတ
ရင်ထိတ်လာတယ်။

အသက်အရွယ်ကလည်း ရလာပြီမဟုတ်လား။အ
ခမ်းဝတီချို နဲ့ သမီးငါးယောက် ၊ သားတစ်ယောက်တောင်
လာခဲ့ပြီလေ။ဒါကြောင့်မို့ အသိတရားနဲ့ ဘုရားအလိုတော်
တိုင်း အသက်ရှင်နေထိုင်သွားတော့မယ်ဆိုပြီး ကျုပ်နှစ်သ
လမ်းတဲ့ 'ယဇ်ရွှေရည်စဉ်းစိမ်'လေးကိုလည်း လုံးဝစွန့်လွှ
လိုက်ပါတော့တယ်။





ခုတော့ ကျုပ်အားရင် အရင်ကစွန့်ပစ်ထားတဲ့ ကျုပ်ရဲ့ ဝါသနာ ဆေးခွက်တွေနဲ့ပဲ အဖော်ပြုပြီး စိတ်တည်ငြိမ်အောင် 'ပန်းချီ'ပဲ ရေးနေတော့တယ်။

ကျုပ်တစ်ခု ကံကောင်းနေတာက ကျုပ်ဟာ ရာထူးတွေ သာတစ်ဆင့်ပြီးတစ်ဆင့် တက်လာခဲ့တယ်။ဒီမြို့ကနေပြီး ဘယ်ကိုမှ ကျုပ် မပြောင်းရွှေ့ခဲ့ရဘူး။ဒီမြို့မှာပဲ ကျုပ် ဒီတစ်သက် ခေါင်းချရတော့မယ်လို့ ကျုပ် ယုံကြည်ထားခဲ့မိတယ်။

ဟော . . ဒါပေမယ့် ကံကြမ္မာကျားကွက်က ကျုပ်ကို ဖြန်းဆိုလှည့်စားပစ်လိုက်တယ်။

တည်ငြိမ်နေတဲ့ ကျုပ်ဘဝ လှိုင်းထန်သွားပါတယ်။ ဘယ်တော့မှ မပြောင်းရွှေ့ရတော့ဘူးလို့ ထင်ခဲ့တဲ့ ကျုပ် ပြောင်းမယ့် ပြောင်းရတော့ အင်းစိန်ထောင်ကြီးထဲကို မမျှော်လင့်ပဲ ဒါရိုက် ပြောင်းရွှေ့ခဲ့ရတယ်။

ကြည့်စမ်း . . လောကဓံတရားများ ဘယ်လောက် ကြောက်စရာကောင်းလဲဆိုတာနော်။

ဖြစ်ပုံက ဒီလိုဗျာ . .

ဖြစ်ချင်တော့ တစ်ညနေ . .

ကျုပ်က ရုံးကနေ အိမ်ကိုလမ်းလျှောက်ပြန်လာခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



မှောင်ရိပ်ဖုံးနေပြီ။ ရှမ်းပြည်နယ်ရဲ့ ထုံးစံအတိုင်း မြူနှင်းတွေက လည်း မှိုင်းပြာဝေလို့ပေါ့။

လမ်းကြားလေးတစ်ခုထဲကို ကျုပ် ချိုးကွေ့ပြီး အဝင်လိုက် ;. ခွေးတစ်ကောင်က ပြေးထွက်လာပြီး ကျုပ်ကို လိုက်ဆွဲတယ်။ ရုတ်တရက်ဆိုတော့ ကျုပ်လည်းကြောက်ကြောက်နဲ့ ခါးထဲက ခြောက်လုံးပြူးသေနတ်ကို ဆွဲထုတ်ပြီး ထိုးချိန်လိုက်တာ လက်ညှိုး ကခလုတ်ကို ဆွဲညှစ်ပြီးသားဆိုတော့ ကျည်ဆံက ဒိုင်းခနဲထွက် သွားတယ်။

ဒါပေမယ့် ခွေးကို မမှန်ဘဲ နောက်က လူတစ်ယောက်ကို သွားမှန်တယ်။အဲဒီ လူကလည်း ကျုပ်နဲ့ အဆင်မပြေတဲ့ ရှေ့နေ တစ်ဦးဖြစ်နေတယ်။ဖြစ်ချင်တော့ . .

နောက်ဆုံးတော့ အဲဒီအမှုနဲ့ပဲ ကျုပ် ထောင်ထဲ ရောက် လာခဲ့ရတယ်ဆိုပါတော့။ပုဒ်မ ၃၀၂ လူသတ်မှုပေါ့ဗျာ။ ဘယ်တတ် နိုင်ပါ့မလဲ။ကံကြမ္မာစီမံရာ ခံရတော့မှာပဲ။ ထောင် ဒဏ်က (၇)နှစ်လေ။

နောက်ဆုံးမှာ ကျုပ်ကြောင့် ကျုပ်မိသားစုအားလုံး လည်း ရန်ကုန်ကို အပြီးအပိုင် ပြောင်းရွှေ့လာခဲ့ကြရတယ်။

အဲဒီမှာ ကံကြမ္မာဂြိုလ်ဆိုးက ပိုဆိုးတော့တာပါပဲ။ ကျုပ်



ကံဇာတာမှေးမှိန်ပြီလေ။ ထပ်ပြီး ကံဆိုးတာက ကျုပ်ကလည်း ထောင်ထဲမှာဆိုတော့ ခမ်းဝတီချို့ ခမျာ အပြင်မှာ သားသမီး ခြောက်ယောက်နဲ့ ဘာမှ မလုပ်တတ်မကိုင်တတ်နဲ့ အားကိုးရာ မဲ့ဖြစ်နေရှာတယ်။ဘဝမီးတွေ တောက်လောင်နေရှာမှာပေါ့ လေ။

အဲဒီလို သူတို့မိသားစု စိတ်ကစင့်ကလျားနဲ့ အားငယ်နေ ချိန်မှာ ကျုပ်ဇနီးဟာ မမျှော်လင့်ပဲ သူ့ရဲ့ ငယ်ချစ်ဟောင်းနဲ့ ပြန်တွေ့ဆုံကြတယ်လေ။ အဲဒီမှာ မစွမ်းရင်းကလည်းရှိတော့ ကန်စွန်းခင်းနဲ့ ငြိကုန်ကြတော့တာပေါ့ဗျာ။

အမှန်က ဒီလူ့မှာလည်း သားကြီးမယားကြီးတွေနဲ့ မလွတ်မလပ်ပါဗျာ။ ဒါပေမယ့် ‘ကတ္တိဝက် ၊ နဒီဝက်’တဲ့ စာဆိုရှိ တယ်မဟုတ်လားဗျာ။ ပြီးတော့ ‘မိန်းမတို့သည် ဆောင်းလေ ပမာညီ ၊ အတွင်းသဘောတွေမညီ ၊ ပြောင်းလဲတတ်သည်’ ဆို တဲ့ ‘ခင်မောင်ရင်’ သီချင်းထဲကလိုပေါ့ဗျာ။ ကျုပ် မိန်းမကိုယ်တိုင် တပါနေတော့ ကျုပ် ဘာတတ်နိုင်မှာလဲ။ကျုပ် ကုသိုလ်ပေါ့ဗျာ။ ကျုပ်ဘဝ ဝဋ်ကြွေးလို့ပဲ မှတ်ရတော့မှာပေါ့။

“ခမ်းဝတီချို့ . . ခမ်းဝတီချို့”

သားသမီးတွေ မျက်နှာမှ မထောက်၊ ကျုပ်အပေါ် သစ္စာမဲ့

www.burmeseclassic.com

www.burmeseclassic.com



ရက်စက်ယုတ်မာရက်လိုက်တာ။ ကျုပ် အထင်ကြီးလေးစား မြတ်နိုးချစ်ခဲ့ရတဲ့ ခမ်းဝတီချိုရဲ့ အေးစက်မာကျောတဲ့ နှလုံးသားတွေကို ကျုပ် အံ့သြလိုက်မိပါရဲ့။

ကျုပ်နှလုံးသားတွေကတော့ အဲဒီ သတင်းတွေကိုကြားရပြီးတဲ့နောက်မှာတော့ တစ်စစီ ကွဲအက်ကုန်ပြီပေါ့ဗျာ။

ဒါပေမယ့် ကျုပ် ဘယ်သူ့ကိုမှ အပြစ်မတင်ပါဘူး။ ခမ်းဝတီချိုကိုလည်း ကျုပ် သဘောထားကြီးကြီးနဲ့ ခွင့်လွှတ်ခဲ့ပါတယ်။သူ့ကိုလည်း အပြစ်မတင်ရက်ပါဘူး။

ကျုပ် ထောင်ကထွက်လာတော့ သားသမီးကို ငဲ့ပြီး ရန်ကုန်မှာပဲ သူနဲ့အတူ ပြန်နေခဲ့ပါတယ်။ကျုပ်နဲ့ ခမ်းဝတီချိုနဲ့ကတော့ တစ်အိမ်တည်းမှာ အတူနေခဲ့ကြပေမယ့် မျက်နှာချင်းလည်းမဆိုင်ဘူး၊ စကားလည်း မပြောကြဘူး။ သပ်သပ်စီ နေခဲ့ကြတယ်။

ကျုပ်မှာလည်း ဘာအဆောင်အယောင်မှ မရှိတော့ဘူးလေ။ရာထူး ၊ ဂုဏ်ထူးတွေလည်း မရှိတော့ဘူးမဟုတ်လား။ ဝင်ငွေကလည်းမရှိတော့ဘူးဆိုတော့ ကျုပ်ဟာ ဘာမှအသုံးမဝင်တော့ဘူးလေ။ သူ ကျွေးသမျှစားပြီး မှေးမှိန်ကျဆင်းနေတဲ့ မိသားတစ်စုရဲ့ ပစ်ပယ်ထားမှု ၊ ဂရုမစိုက်မှုဆိုတဲ့ အထီးကျန်





ခြင်းအောက်မှာ ကျုပ်ဟာ ဘဝပျောက်နေတဲ့ ခံစားမှုမဲ့ လူယောက်အဖြစ်နဲ့ ကျုပ် အသက်ရှင်လျှက် သေနေခဲ့ရတယ်ပါတော့ဗျာ။

အဲဒါ . . ကျုပ်ဘဝရဲ့ အခုလက်ရှိ ကျုပ်ရဲ့အခြေအနေရဲ့ အစစ်အမှန် အတ္ထုပ္ပတ္တိ အကျဉ်းချုပ်လေးပါပဲ ဆရာထိုက်စိုးရယ်။

(၅)

မှန်ပါသည်။

စာရေးသူနှင့် 'ဝိုင်းမန်ဂရိုင်း'တို့နှစ်ဦး တွေ့ဆုံခဲ့ကြစဉ်က တ်ပါအတိုင်း သူ့ဘဝရင်နာဖွယ် အဖြစ်အပျက်တွေကို ပြောကြားခဲ့ပါသည်။

ထိုစဉ်က သူသည် သနားဖွယ်ရာ အထီးကျန်ဘဝနှင့် းစု၏ မထေမဲ့မြင် ၊ ဂရုမစိုက် ၊ လစ်လျူပြုမှုတို့ကို ခံစားရာက ထုံထိုင်းငေးမှိုင်လျှက် သူတစ်ဦးတည်း ပျင်းရိတ်သွေ့ဖွယ်ရာ နေခဲ့ရရှာသည်။

အမှန်တော့ သူသည် ထိုဒဏ်တွေကြောင့် စိတ်ထိခိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြေကွဲခံစားခဲ့ရသဖြင့် တဖြည်းဖြည်းနှင့် ဒီပရက်ရှင်း (DE-PRESSION) ခေါ် 'စိတ်ကျဝေဒနာ' ခံစားခဲ့ရသူတစ်ဦးဖြစ်လာခဲ့ရသည်။

ယင်းကြောင့် သူ့သားသမီးများကလည်း သူ့ကို ခပ်ကြောင်ကြောင်၊ စိတ်မနှံ့သည့် အဘိုးကြီး၊ ဦးနှောက်မမှန်သည့် အဘိုးကြီးအဖြစ် မှတ်ယူဆက်ဆံကာ ပစ်ပယ်ထားခဲ့ကြ၏။

ထို့ကြောင့် သူသည် အိမ်တွင်းပုန်း အခန်းအောင်းလျက် စိတ္တဇပန်းချီကားများကို ရေးဆွဲရင်း သူ့ဘဝကို စိတ်ထွက်ပေါက် ပေးခဲ့ရှာသည်။

တစ်ခါတစ်ရံ စာရေးသူနှင့်တွေ့လျှင် သူက စာရေးသူကို ဂုဏ်ယူဝင့်ကြွားစွာဖြင့် သူ့ အင်ပက်ရှင်းနစ် ပန်းချီကားများကို ထုတ်ပြလေ့ရှိပါသည်။

တစ်ခါ တစ်ခါ ညနေခင်းများတွင် သူတစ်ဦးတည်း အပြင်ထွက်လမ်းလျှောက်ကာ လှိုင်မြစ်ကမ်းနံဘေးဝယ် ဆွေးမြေ့ဆေးမှိုင်စွာ သွားထိုင်နေတတ်၏။သို့သော် တနင်္ဂနွေနေ့တိုင်း သူ့အိမ်နှင့် ခပ်လှမ်းလှမ်းရှိ ဘုရားရှိခိုးကျောင်း (CHURCH)လေးဆီ သွားရောက်ပြီး ညိုးငယ်စွာ ဝတ်ပြုဆုတောင်းလေ့ရှိသည်။

တစ်ခါတစ်လေတော့လည်း သူသည် စာရေးသူကိုတွေ့လျှင် နူးညံ့ရီဝေသော အပြုံးမှိုင်းများဖြင့် ပြုံးပြကာ. .

"ဆရာ နန်းထိုက်စိုးရေ. . ကျုပ်တော့ မိန်းမငယ်ငယ် ချောချောလေးတစ်ယောက် တွေ့ထားပြီဗျ. . မကြာခင် ကျုပ်သူနဲ့ လက်ထပ်တော့မှာဗျ" ဟု သနားစဖွယ် တိုးညည်းရွတ်ဆိုပြတတ်သည်။ အမှန်တော့ သူသည် အချစ်ငတ်မွတ်နေသည့် ဘဝမှဲ့ လူသားတစ်ဦး။ ယင်းအတွက်ကြောင့် သူသည် သူ့ရင်ထဲက မကျေနပ်သည့် စိတ္တဇစကားများ ဖွင့်အံထွက်လာခဲ့ရသည်ဟု စာရေးသူ ထင်ပါသည်။

စင်စစ်တော့ သူသည် ဘယ်မိန်းကလေးကိုမှ တွေ့လည်း မတွေ့၊ ယူလည်းမယူပါ၊ ချစ်လည်းမချစ်ပါ။ သူ့ အင်မတန်ချစ်မြတ်နိုးကာ စွဲလမ်းနေသည့် မိန်းမမှာ သူ့အသည်းအထဲ၌ 'ခမ်းဝတီချို'တစ်ဦးတည်းသာဖြစ်ပါသည်။ ခမ်းဝတီချိုကမူ နှလုံးသားမဲ့ရက်စက်လှစွာ တစ်ပါးသူရင်ခွင်ထက်၌ မိုက်မဲလွန်းစွာ မူးဝေခိုင်ဝင် မွေးစက်နေခဲ့ပါလေပြီ။

ဩော်. . အစွဲအလမ်း အချစ်မာန်ကြီးလေသော 'ဗိုင်းမန်ဂရိုင်း' သနားစရာပါ။

သူကား နောက်တစ်နှစ် နွေဦးကာလ မြူမှုန်တွေလွင့်ဝဲနေသောအချိန်မှာပင် သူ့နှလုံးသားခံစားချက်ဒဏ်များကို







www.burmeseclassic.com

www.burmeseclassic.com



မထိန်းနိုင်တော့ပဲ အိပ်ဆေးများ အလွန်အကျွံသောက်ကာ သူ့ဘဝသူ့ဇာတ်သိမ်းသွားခဲ့ရှာပါလေတော့သည်။

အမှန်တော့ လူသားအားလုံးသည် ကံကြမ္မာ၏ သားကောင်များသာဖြစ်ကြပါသည်။

'တိုက်ဆိုင်မှုတစ်ခု' ဟု ဆိုချင်ဆို၊ စန္ဒကူး ဝေဒပုဏ္ဏားလေး၏ ဗေဟာကိန်းတွေက သွေးထွက်အောင် မှန်နေသည်ကလည်း အလွန်အံ့သြစရာကောင်းပါ၏။

မည်သို့ဆိုစေ 'သမုဒ္ဒရာ၏ အတိမ်အနက်'ကို မည်သူမျှ အတိအကျမသိနိုင်ပါ။ ထို့အတူ ဘုရားရှင်၏ အလိုတော်ကိုလည်း မည်သူမျှ မလွန်ဆန်နိုင်ကြပါ။

❖ ❖ ❖

ချိုမွှေးသင်းပျံ့သော မေတ္တာရနံ့ဖြင့်. .

**နန်းထိုက်စိုး**

**(နိုင်ငံခြားဘာသာသိပ္ပံ)**



# စိတ်မာယာ

**(တာဓိ)**

နေလုံးကြီးက မြသပိတ်တောင်တန်းတစ်ဘက်သို့ ...င်နစ်မြုပ်သွားခဲ့ပြီ။ နေမိဒ္ဒရတောင်ခြေတစ်ဝိုက်တွင် ...်းဆာဝါကျင့်ကျင့်လေး လွှမ်းလာသည်။

"နေကြာ"သည် ကျောင်းကုန်းစုရပ်ကွက်ထဲမှ တောင်ခြေ...လေးအတိုင်း၊ နေမိဒ္ဒရာဘက်ဆီ တစ်ယောက်တည်း ...ည်လာနေသည်။ လှည်းလမ်းလေးပေါ်မှာ သူတစ်ယောက် ...း လျှောက်လာနေသည်။ ကုက္ကိုင်ရွက်ခြောက်ဝါဝါလေးတွေ ...ဝဲဝဲလွင့်ပျံသက်ဆင်းနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



နေကြာသည် လှည်းလမ်းကြောင်းလေးအဆုံးတွင် သချိုင်းဘက်သို့ ဦးတည်နေသည့် မြေနီလမ်းဆီသို့ ကွေ့ချိုး လိုက်ကာ ဆက်လျှောက်လာသည်။

မြေနီဖုန်လုံးတွေက အမှောင်လွှမ်းစဆည်းဆာ အောက် ဝယ် သူ့နောက်ပါးမှ လွင့်ပါလာကြသည်။

နေကြာသည် နွမ်းဖျော့ရီဝေစွာဖြင့် သချိုင်းဆီ လှမ်းမေး ကြည့်လိုက်သည်။ နေဝင်ရီသရော၊ အမှောင်လွှမ်းစ ညနီဒါန်း အောက်မှ သချိုင်းကုန်းတစ်ဝိုက်၏ ရှုခင်းက ကျော့ချမ်းစရာ ကောင်းလှသည်။

သို့သော် နေကြာ့မျက်နှာသည် ကြောက်စိတ်တို့ ကင်းမဲ့ စွာ၊ အပြုံးနုလေးငွေ့ငွေ့လွှမ်းနေ၏။ သူ့မျက်လုံးတွေက တောက်ပစိုလက်နေသည်။ သူ့မျက်နှာတွင် ဝမ်းသာကြည်နူး လေးများ ရွှန်းလက်နေသည်ကလည်း ထူးဆန်းလေစွ။

နေကြာသည် သချိုင်းဇရပ်နှင့် အုတ်ဂူဖြူဖြူလေးများ ကို လှမ်းကြည့်ကာ သွေ့ခြောက်စွာခပ်ဟက်ဟက်ကလေး ရယ်လိုက်သည်။

သချိုင်းဇရပ်ရှေ့ရှိ လက်ပံပင်နီနီရဲရဲပေါ်တင် ဆက် ရက်အုပ်က ဆူညံစွာ အော်ဟစ်လျက် အိပ်တန်းလုနေကြသည်





အသံက တိတ်ဆိတ်နေသည့် သချိုင်းကုန်းကို ခြောက်ခြား ထိတ်လန့်စရာ လွှမ်းမိုးထား၏။

သို့သော် နေကြာကမူ လက်ပံပင်ပေါ်မှ ဆက်ရက်အုပ် များကို အပျော်ငွေ့အပြုံးစတို့ဖြင့် မော့ကြည့်ရင်း ဇရပ် ခေါင်းရင်းဘက် အုတ်ဂူလေးများကြားသို့ လျှောက်လာခဲ့သည်။ ဆရောင်နုနုက သချိုင်းတစ်ခုလုံးလင်းလင်းချင်းချင်းလေး ဖြင့်နေရသည်။

နေကြာသည် အဖြူရောင်မွဲခြောက်ခြောက်၊ အုတ်ဂူ အဟောင်းလေးတစ်ခုပေါ် မှေးရပ်ထိုင်လိုက်သည်။ မျက်နှာကို အောက်ငုံ့ထားပြီး စပယ်သနပ်ဖက် ဆေးလိပ်လေးကို မီးညှိ သည်။ မျက်နှာပေါ် ဝဲကျနေသည့် ဆံပင်ရှည်များကို ဘယ်လက် နှင့် သိမ်းဖက်လိုက်ပြီး ဆေးလိပ်ကို ရှိုက်ဖွာနေသည်။

သူ ညာခြေထောက်ကို နောက်ခွင်လိုက်ပြီး အုတ်ဂူ ခေါင်းရင်းနံရံပေါ် ထောက်ထားလိုက်သည်။

နံရံပေါ်မှ ရေးထွင်းထားသည့် စာတန်းလေးတွေက မျက်သေး။

www.burmeseclassic.com

www.burmeseclassic.com



နေလွှာ
အသက် (၁၄)
(၁၃၂၄၊ သီတင်းကျွတ်လပြည့်နေ့)
ကွယ်လွန်သည်။

× × × ×

(နှစ်)

နေကြာသည် နေလွှာ၏ အုတ်ဂူခေါင်းရင်း... ဖုန်နှင့် အမှိုက်များကို ဘယ်လက်ဖြင့် ယုယစွာ ပွတ်သပ်... ပြီး တင်ပလ္လင်လေးတက်ထိုင်သည်။

နေကြာနှင့် နေလွှာသည် နှစ်မိနစ်ကြီး၊ နှစ်မိနစ်... အမွှာညီအစ်ကိုဖြစ်သည်။ နေလွှာက အကြီး၊ နေကြာ... အငယ်။

နေကြာနှင့် နေလွှာသည် အသားဖြူဖြူ၊ သွယ်... လျလျနှင့် ရုပ်ချင်းတစ်ထေရာတည်း ဆင်ကြသည့် ချစ်... အမွှာညီအစ်ကိုလူချောလေးတွေဖြစ်ကြသည်။

သို့သော် ရုပ်ချင်းကသာ ဆင်ကြသည်။ စိတ်ချင်း...



မဆင်။ တစ်ခြားစီ။ တစ်ဘာသာစီ။

နေကြာသည် စကားနည်းသည်။ အေးဆေးသည်။ ပြီးနောက် ကြင်နာသနားတတ်သည်၊ ကြောက်တတ်သည်။ အနေအထိုင်ကလည်း နူးညံ့သိမ်မွေ့သည့် စနေလူအေးလေး။

နေလွှာကမူ နေကြာနှင့် မတူ။ ဆန့်ကျင်ဘက်။ စကားပြောသွက်လက်သလို လူကလည်း သွက်လက်သည်။ ကြောက်စိတ်လန့်စိတ်မရှိ။ ထစ်ကနဲဆို နေလွှာ လက်က အရင်ဆော်ပြီးပြီ။ သတ္တိလည်းရှိသည်။ ထက်သည်။ နေလွှာကတော့ စနေသားပီပီ စိတ်မြန်လက်မြန်၊ တစ်ဇောက်ကန်း ဝါဒီသမား။

သူတို့ညီအစ်ကို ငယ်ငယ်က၊ မှတ်မိသေးသည်။ နှစ်တန်းကျောင်းသားဘဝက။ ဓမ္မမေမနိဘုန်းကြီးကျောင်းဝင်းထဲက မူလတန်းကျောင်းမှာနေစဉ်ကဖြစ်သည်။ တစ်နေ့ လယ်ခင်း၊ မုန့်စားကျောင်းဆင်း လွှတ်ချိန်။ သူတို့ညီအစ်ကို ထမင်းချိုင့်လေးတွေဖွင့်ပြီး ကျောင်းထောင့်က သစ်ပင်ရိပ်အောက်မှာ ထမင်းစားနေကြသည်။

ထိုစဉ် လေးတန်းမှ ကျောင်းသားကြီး 'ဝင်းကို' ရောက်လာသည်။ ဝင်းကိုသည် ကျောင်းမှာနာမည်ကြီး။ လူဆိုးကိုဗိုလ်ကျနေကျ။ သူ့ကို အားလုံးကြောက်ကြသည်။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



အဲဒီထဲမှာ နေလွှာတော့မပါ။

ယခုလည်း ဝင်းကို သူတို့နားရောက်လာသည်ကို နေလွှာက ဂရုမစိုက်သည့် ပုံနှင့် သူ့ထမင်း သူငုံ့စားနေသည်။ နေကြာကတော့ ဝင်းကို ကို မျက်လုံးလေး ပေကလပ် ပေကလပ်နှင့် မဝံ့မရဲမော့ကြည့်နေသည်။

"ဟော့ ညီလေး နေကြာ စားလေကွာ၊ ဟင်းထည့်စား ဘာငေးနေတာလဲ. ."

နေလွှာက သူ့ညီကို ခပ်ထန်ထန်လေးပြောရင်း ဝင်းကို ကို မသိမသာစွေမော့ကြည့်၏။ ဝင်းကို သူတို့ညီအစ်ကို နှစ်ဦးကြားမှာ ဆောင့်ကြောင့်လေး ထိုင်လိုက်ပြီး။

"ဟာ. . မင်းတို့ဟင်း တယ်ကောင်းပါလားကွာ. . ကြက်သားဟင်းပဲ ငါတစ်ဖတ်မြည်းမယ်. ."

ပြောရင်း ဝင်းကို လက်က ဟင်းခွက်ဆီ ရွယ်သည်။

"မင်းလည်း ထမင်းချိုင့်ပါရက်သားနဲ့ ကိုယ့်ဟာကို စားပေါ့. . ဒါ ငါတို့ညီအစ်ကိုစားဖို့ တို့အမေထည့်ပေးလိုက်တာ"

နေလွှာက ဘုဆတ်ဆတ်ပြန်ပြောပြီး ဝင်းကိုလက်ကို ပုတ်ထုတ်လိုက်သည်။



"အောင်မာ. . ငါစားချင်လို့စားတာ ဘာဖြစ်လဲ၊ မင်းကများ ငါ့ကို. ."

ပြောပြောဆိုဆို ဝင်းကိုက နေလွှာ့ကို စိုက်ကြည့်ကာ လှမ်းမိုက်ပုံစံဖြင့် ဟင်းခွက်ကို ဆွဲယူလိုက်သည်။ မျက်နှာက ခပ်ဖြဲဖြဲနှင့် ဟင်းခွက်ထဲက ကြက်သားတုံးကို နှိုက်သည်။

မြန်လိုက်သည့် နေလွှာ။ ဖြတ်ကနဲထရပ်လိုက်ပြီး အနီးရှိ သစ်ပင်အောက်တွင် ကိုရင်တွေ ရေနွေးအိုးတည်သည့် မီးဖိုမှ ထင်းစတစ်စပြေးဆွဲကာ ဝင်းကို ခေါင်းကို အားရှိပါးရှိ ရိုက်ချလိုက်သည်။

"အမလေးဗျ. ."

ဝင်းကို ရှေ့ကို ဟက်ထိုးမှောက်လျက် လဲကျသွားပြီး ငယ်ထိပ်မှ သွေးများ ဖြာကျလာသည်။ ဝင်းကို လက်ထဲမှ ကြက်သားခွက်လည်း လွင့်ကျသွား၏။

"အဲဒါ မှတ်ထားကွ. . ငါ့နာမည်. . နေလွှာ၊ နောက်သူများကို ဗိုလ်ကျချင်အုံး၊ ဒီမှာတွေ့လား ထင်းစ၊ ဒါနမူနာပဲရှိသေးတယ်။ လာ ညီလေး။ ဒီကောင့်ကို ဆရာကြီးနဲ့ သွားတိုင်မယ်. ."

ဝင်းကို သူ့ခေါင်းက ဖြာကျလာသည့် သွေးများကို

www.burmeseclassic.com

www.burmeseclassic.com



လက်နှင့်အုပ်ထားပြီး နေလွှာ့ကို ငေးကြည့်နေသည်။ နေလွှာ့သတ္တိကို သူ လန့်သွား၏။ ဘာမှ ပြန်မပြောရဲချေ။

နေလွှာက သူ့ညီနေကြာလက်ကတစ်ဘက်ကို ဆွဲကာ၊ လက်တစ်ဘက်က ထင်းစကို ကိုင်ပြီး ကျောင်းဘက်ဆီ ထွက်လာခဲ့သည်။

ထိုအချိန်ကစပြီး နေလွှာ နာမယ်ကြီးသွားသည်။ နေလွှာ၊ နေကြာညီအစ်ကိုဆိုလျှင် ဘယ်သူမှ အနားမကပ်ရဲတော့။

"ဓမ္မမေဓနီ မူလတန်းကျောင်း' က ညီအစ်ကိုနှစ်ယောက် လေးတန်းအောင်လာခဲ့ကြပြီး 'မြို့မ အစိုးရအလယ်တန်းကျောင်း' ကိုရောက်လာတော့လည်း နေလွှာက ဆတ်ဆတ်ထိမခံ။ ထစ်ကနဲဆို၊နေလွှာ။ ထစ်ကနဲဆို နေလွှာ။ ထစ်ကနဲဆိုနေလွှာမို့ သူ့ကို လူတိုင်း ဖြုန်ကြသည်။

မဟုတ်မခံ သတ္တိရှိသော နေလွှာ့ကို ဘယ်သူမှ အနိုင်မကျင့်ရဲ။ ဗိုလ်မကျရဲ။

သို့သော် ကံဆိုးချင်တော့ နေလွှာ 'ခုနစ်တန်း'နှစ်မှာ ဘောလုံးကန်ရင်း သံစူးပြီး မေးခိုင်ပိုးဝင်သွားရာ ရုတ်တရက် သေဆုံးသွား၏။





ထိုအချိန်မှစပြီး နေကြာတစ်ယောက်တည်း အားငယ်စွာ ကျန်ရစ်ခဲ့တော့သည်။ အရင်က တစ်ယောက်နှင့်တစ်ယောက် အလွန်ချစ်ခဲ့ကြသည့် သူတို့အမြွှာညီအစ်ကိုနှစ်ယောက်။ ယခု နေလွှာမရှိတော့သည့်အတွက် နဂိုကမှ အားငယ်ကြောက်လန့်တတ်သည့် နေကြာခမျာ ပို၍အားငယ်စိတ်ဝင် ကာ အဖော်မဲ့သည့် ကြိုးငှက်တစ်ကောင်လို အရာရာကို ကြောက်လန့် အားငယ်နေတော့သည်။ ထိုအချိန်က စပြီး နေလွှာမရှိတော့သည့်နောက်၊ နေကြာ၏ အားငယ်စိုးရွံ့မှုများက ပို၍ ဆိုးဝါးလာသည်။

ဘယ်သူနှင့်မှလည်း အပေါင်းအသင်းမလုပ်ပဲ နေကြာသူတစ်ယောက်တည်းနေသည်။ အိမ်မှာလည်း သူတစ်ယောက်တည်း။ စာဖတ်လျှင်ဖတ်။ မဖတ်လျှင် ဂစ်တာတစ်လုံးနှင့် ခြံထဲက ဝိတောက်ပင်အောက်မှာ သီချင်းဆိုသည့် သီချင်းတွေအားလုံးကလည်း အလွမ်းသီချင်း၊ အဆွေးသီချင်းတွေချည်းဖြစ်သည်။

သည်ကြားထဲ ပိုဆိုးချင်တော့ မမျှော်လင့်ပဲ၊ သူ့အဖေ "ဦးဆွေတင့်" ခရီးသွားရင်း ရုတ်တရက် လေယာဉ်ပျက်ကျပြီး သေဆုံးသွားပြန်သည်။ သူ့အမေ "ခေါ်ခင်ခင်ဦး" ငယ်ငယ်



www.burmeseclassic.com

www.burmeseclassic.com



နွယ်နွယ်ချောချော လှလှလေးနှင့် မုဆိုးမဖြစ်ခဲ့ရရှာသည်။

ဖခင်ကလည်း မရှိတော့။ နေကြာပိုပြီး စိတ်အား ငယ်သည်။ နှလုံးသားမှာ စိတ်ဒဏ်ရာတွေရလာသည်။ သည်တော့ နေကြာစန္ဒယားချစ်ဆွေရဲ့ "ချစ်အားငယ်ရသူမယ်" သီချင်းကိုပဲ သူအားအားရှိ ဆိုနေဖြစ်တော့သည်။ နေကြာတ ဂစ်တာတော့ ကျွမ်းသည်။ ပါရမီလို့ပဲဆိုရမလားတော့မသိ။ ဘယ်သီချင်းမဆို နေကြာဂစ်တာနှင့်တီးပြီး ဆိုလိုက်လျှင် အရမ်းကိုခံစားရအောင် ကောင်းသည်။

သည်သီချင်းကြောင့်ပဲ နေကြာနှင့် "နွယ်နွယ်"ဆုံဆည်း နီးစပ်ခဲ့ကြသည်။ နွယ်နွယ့်သူငယ်ချင်းတစ်ဦးက နေကြာတို့နှင့် တစ်တန်းတည်းသား "ခင်မမ"။

ခင်မမ၏ မွေးနေ့မှာ နေကြာ့ကို သီချင်းဆိုဖို့ ပွဲတောင်း ကြသည်။ နွယ်နွယ်က အ. ထ. က (၁) မှာ။ နေကြာနှင့်လည်း အတန်းတူသည်။ ဟိုက်စကူးဖိုင်နယ် (ကိုးတန်း)ပဲဖြစ်သည်။

နွယ်နွယ့်ကို မြင်မြင်ချင်း နေကြာအသဲစွဲချစ်ခဲ့မိသည်။ နွယ်နွယ်ကလည်း သူ့ကို မျက်လုံးလေးနှင့် ညှို့သက်ရှိဝေ အချစ် တွေ ချွေမွခဲ့သည်။ ခြွေချခဲ့သည်ဟုထင်သည်။

သို့ပေမယ့် နေကြာ ဖွင့်ဟမရဲ။ "ခင်မမ" တို့ အိမ်မှ





သာ တစ်ပတ်တစ်ခါ ဆုံဆည်းဖြစ်ခဲ့ကြသည်။

ဒါပေမယ့် နွယ်နွယ်က နေကြာ့အပေါ် အခွင့်အရေး ပေးသည်ကို မကျေနပ်သူက "ဇော်မင်း"။ သူက နွယ်နွယ့်ကို ကြွေနေသူ။ နွယ်နွယ်တို့ အတန်းထဲက ရေခဲစက်သူဌေးသား။

သူတို့အုပ်စုက နေကြာ့ကို တွေ့လျှင် မကြားတကြား ရှိသည်။ နေကြာ့ကို ရန်စသည်။ ဒါပေမယ့် နေကြာကတော့ ထုံးစံအတိုင်း ရန်ကို ရန်ချင်း မတုန့်နှင်း။ သတ္တိမရှိဘူးပဲ ပြောပြော။ သူဝေးဝေးက ရှောင်သည်။

တစ်နေ့ ခင်မမတို့ အိမ်မှာ နေကြာနှင့် နွယ်နွယ်တို့ သီချင်းဆိုပြီး စကားပြောနေတုန်း ဇော်မင်းတို့ အဖွဲ့ရောက်လာ သည်။ ဇော်မင်းက နေကြာ့ကို နွယ်နွယ်ရှေ့မှာ ရန်စပြီး ပြောင်စိန်ခေါ်သည်။ နေကြာ ရန်မဖြစ်ချင်တာနှင့် သူ့ဂစ်တာကို ဆွဲပြီး အိမ်ပေါ်က လှမ်းဆင်းလာသည်။

ဒါတောင် အိမ်ပေါ်ကနေပြီး ဇော်မင်းက နေကြာ့ကို ကြားတကြား "မိန်းမလျှာ၊ ချီးကြောက်" တဲ့ လှမ်းပြောလိုက် သေးသည်။

နေကြာ ခေါင်းငုံ့ပြီး ရှက်ရှက်နှင့် ပြန်လာခဲ့သည်။ ဒါပေမယ့် နေကြာ့ ခြေထောက်တွေက အိမ်မရောက်၊



www.burmeseclassic.com

www.burmeseclassic.com



ရှက်စိတ်၊ ဒေါသစိတ်၊ မကျေမနပ်စိတ် စသည့်အတွင်းစိတ် အားငယ်စိတ်တွေနှင့် မသိစိတ်တွေက နေကြာ့ကို သူ့အစ်ကို နေလွှာရှိရာ သင်္ချိုင်းကုန်းဆီ တရွေ့ရွေ့ခေါ်သွားနေသည်။

နေကြာမသိစိတ်၊ သိစိတ်တို့ဖြင့် သွေးဆူကာ လွင့်မျော လေပြီ။ အချိန်ကလည်း နေ့ခင်း ၂ နာရီ။ နေက ခြစ်ခြစ် တောက်ပူနေသည်။ သင်္ချိုင်းဇရပ်ရှေ့လက်ပံပင်ကြီးက လက်ပံပွင့်တွေ တစ်ပင်လုံး ရဲရဲတောက်နေ၏။

ဆက်ရက်အုပ်က လက်ပံပင်ပေါ်မှ ဆူညံနေသည်။

နေကြာ သူ့အစ်ကို နေလွှာ့အုတ်ဂူလေး နံဘေးမှာ ဂစ်တာကိုထောင်ပြီး ထိုင်နေသည်။ စပယ်သနပ်ဖက်ကို ဖွာရင်း အုတ်ဂူလေးတွေဆီ အသိမဲ့စွာငေးကြည့်နေမိ၏။

ပြီးနောက်တော့ သူ "ချစ်အားငယ်ရသူမယ်" သီချင်းကို ဂစ်တာနှင့် ခေါက်ရင်း တိုးဖွဖွလေးဆိုပြီးနေမိသည်။

သီချင်းဆိုပြီး မောသွားတော့ သူ အုတ်ဂူလေးနံဘေးမှာ လှဲအိပ်ချလိုက်သည်။ ခဏနေတော့ နေကြာမောမောနှင့် အိပ်ပျော်သွား၏။

သူ ဘယ်အချိန်ထိ အိပ်ပျော်သွားသည်မသိ။ နေကြာ လန့်နိုးလာတော့ အလင်းရောင်ဖျော့လေးသာရှိတော့သည်။



မှောင်ရီပျိုးနေပြီ။

နေကြာ၊ အုတ်ဂူလေးနံဘေး ထထိုင်လိုက်သည်။

အားငယ်သည့် မသိစိတ်ထဲမှနေပြီး နေကြာ သူ့အစ်ကို နေလွှာကို တောင့်တလိုက်သည်။

"နေလွှာ့သာရှိရင် ဘယ်လောက်ကောင်းမလဲ။ ငါ အားကိုးရတာပေါ့။ နေလွှာက သတ္တိရှိတယ်။ ထက်တယ်။ ဘယ်သူ့ကိုမှ မကြောက်ဘူး။ ငါ့ကိုလည်း အရမ်းချစ်တာ၊ သူရှိရင် ငါ့ကို ဘယ်သူမှ မစော်ကားရဲဘူး။ ခုတော့. ."

နေကြာ စိတ်အားငယ်စွာ ရင်ထဲက တိုးတိုးလေး၊ နေလွှာ့ကို တမ်းတလိုက်မိသည်။ သနားစရာ နေကြာ။ မသိစိတ်၊ သိစိတ်၊ အားငယ်စိတ်၊ နိုးတစ်ဝက်၊ အားငယ်မျှော်လင့်စိတ်တို့ နှင့် သူ့အစ်ကို နေလွှာ့ကို လွမ်းဆွတ်နေမိသည်။

ထိုစဉ် သူ့နား အကြား အာရုံထဲတွင်. . .

"နေကြာ" ဆိုသည့် အသံလှိုင်းလေးတစ်ခု၊ တိုးညှင်း စွာလေး ပေါက်ကွဲလွင့်စင်ပေါ်ထွက်လာသည်။ သူ အံ့ဩသွား သည်။

သူ့နာမည်ကို သေသေချာချာခေါ်လိုက်သည့်အသံ။

အသံကလည်း သူ့အစ်ကို နေလွှာ့အသံ။

www.burmeseclassic.com



နေကြာ။ သူ ဇဝေဇဝါဖြစ်သွားသည်။ ဟုတ်မှဟုတ်ရဲ့လား။ သူ နားကြားလွဲတာများလား။ သချိုင်းထဲမှာ ဘယ်သူမှ လည်းမရှိ၊ လူသားဆိုလို့လည်း သူတစ်ယောက်တည်း။

နေကြာ။ မယုံမရဲနှင့် သူ့ပတ်ဝန်းကျင်ကို ကပျာကယာ ဝေ့ဝဲကြည့်လိုက်သည်။ ဘယ်သူမှလည်း မမြင်ပါလား။

သူ. . မျက်မှောင်ကုတ်ပြီး သေသေချာချာ ပြန်စဉ်းစားလိုက်သည်။ ဒါ နေလွှာများလား. . မသိ။ သူပဲဖြစ်နိုင်သည်။

နေကြာ၊ ဝမ်းသာသွားသည်။ ငွေသက်သက်လေး ပြုံးလိုက်သည်။ ထိုစဉ် ခဏမှာပဲ။

"နေကြာ. . ငါပါကွ. ."

သဲသဲကွဲကွဲ. . အသံတစ်ခု နေကြာ့အနားမှာ ထပ်ဆင့် ထွက်ပေါ်လာသည်။ နေကြာ အရမ်းပျော်သွားသည်။ ဟုတ်တယ်။ ဒါ နေလွှာ့အသံ။ သူ. . ဖျတ်ကနဲအုတ်ဂူလေးပေါ် မော့ကြည့်မိလျက်သား ဖြစ်သွား၏။

ဟုတ်ပါသည်။ အုတ်ဂူလေးပေါ်မှာ နေလွှာ ပြုံးပြုံးလေး လက်ပိုက်ထိုင်နေသည်။ သူ့ကို ငုံ့ပြီး စိုက်ကြည့်နေသည်။ ခြေထောက်နှစ်ချောင်းကို တွဲလောင်းချပြီး နေလွှာက သူ့ကို အပြုံးတစ်ဝက်နှင့် စူးစူးလေး အေးတိအေးစက်ကြည့်နေသည်။





နေကြာ အရမ်းအံ့ဩသွားသည်။ ဝမ်းသာအားရနှင့် သူဆတ်ကနဲထရပ်လိုက်သည်။

နေလွှာက သူနှင့်ခွဲမရအောင်တူသည်။ အသက်အရွယ် တလည်း သူနှင့်တစ်ရွယ်တည်း ရုပ်ရှင်ထဲက နှစ်ကိုယ်ခွဲတွေ အတိုင်းဖြစ်သည်။

"ဟင်. . နေလွှာ. . မင်း နေလွှာ မဟုတ်လား. . ဟင်"

နေကြာ့အသံတွေက ဝမ်းသာလွန်းသဖြင့် တုန်နေသည်။ မျက်လုံးတွေကလည်း လက်တောက်နေပါသည်။

"ဟုတ်တယ်လေကွာ. . မင်း မြင်တဲ့အတိုင်းပဲလေ။ ငါ နေလွှာပေါ့. . ဘာဖြစ်လဲ ဘာဆန်းလို့လဲ"

နေလွှာ့ အသံက ထုံးစံအတိုင်း မာထန်ထန်၊ ဆတ်တတ်တတ်၊ သို့သော် သူ့အသံက ယောကျ်ားပီသခန့်ညားပြီး ဩဇာဓာတ်ပါသည့် အသံဝါကြီးဖြစ်သည်။ နေကြာ့အသံကို စူးအက်ရှရှလေး မဟုတ်။

"ဒါ. . ဒါပေမယ့် နေလွှာ။ မင်း သေ သေပြီ မဟုတ် လားကွ. ."

နေကြာ စိုးရွံ့စွာ အသံစူးနက်နက်လေးနှင့် မဝံ့မရဲလေး ပြန်မေးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား မင်း အဲဒါကြောင့် ခက်တာပေါ့ကွာ. . သေတယ်ဆိုတာ ခန္ဓာကိုယ်၊ ရုပ်ဝတ္ထုကြီးပဲသေတာကွ၊ နာမ်ဝိညာဉ်က ဘယ်တော့မှ မသေဘူး။ အဲဒါ မင်းမြဲမြဲမှတ်ထား။ လူတွေဟာ သေရင် ခန္ဓာကိုယ် ပျက်စီးသွားပေမယ့် ဝိညာဉ်လိပ်ပြာက ဘယ်တော့မှ မပျက်စီးဘူး။ ရှိနေတယ်ကွ. . နားလည်လား. ."

"ဟာ. . ဟုတ်လား"

နေကြာ အံ့ဩနေသည်။ နေလွှာ့ကို မျက်မှောင်လေးကုပ်ပြီး တွေတွေလေးစိုက်ကြည့်နေသည်။

"ဒါဆို မင်း မသေဘူးပေါ့နော် နေလွှာ. ."

သူ့မျက်နှာပေါ်မှ အပြုံးလှိုင်းလေးတွေ လွင့်ဝဲသွား၏။ ပြီးနောက် သူ နေလွှာ့ပခုံးကို ဝမ်းသာအားရ ပွေ့ဖက်လိုက်သည်။

သို့သော် နေလွှာ့ ခန္ဓာကိုယ်ကို သူမဆုပ်မိပဲ လေထဲကို ဖြတ်သန်းလိုက်ရသလို အားလွန်ပြီး ရှေ့သို့ ငိုက်ကျသွားပါသည်။

"ဟင်"

နေကြာ အံ့အားသင့်နေသည်။ နေလွှာ့ကို မှုန်တည်တည်လေး စိုက်ကြည့်နေလျက်က သူ့လက်များက နေလွှာ့ရုပ်ပုံထဲ ဝှေ့ရမ်းလွှဲခတ်နေသည်။ သို့သော် သူ့လက်များက



လေထဲတွင် ဝှေ့ရမ်းနေသလို နေလွှာရုပ်ပုံထဲ ဖြတ်ထွက်သွားနေသည်။

သူ့လက်များက လေထဲတွင် ဝှေ့ရမ်းနေသလို နေလွှာ့ရုပ်ပုံထဲ ဖြတ်ထွက်သွားနေသည်။

နေလွှာက သူ့ကိုကြည့်ပြီး သဘောကျစွာ ဟား ဟားရယ်နေသည်။

"ဟား ဟား ဟား မင်းရူးနေသလားကွ. . နေကြာ၊ ငါက သေပြီပဲကွ။ ခန္ဓာကိုယ်မှ မရှိတော့တာ။ မင်းဘယ်စမ်းလို့ မိပါ့မလဲ။ မင်းအခု ငါ့ကို မြင်နေရတာက ငါ့ဝိညာဉ်လိပ်ပြာ၊ နာမ်ဝိညာဉ်ပဲကွ. ."

နေကြာ ကြည်နူးစွာ ပြုံးပြီး ခေါင်းဆတ်ဆတ်ညိတ်သည်။

"ဘာပဲဖြစ်ဖြစ်ကွာ. . ငါ အရမ်းဝမ်းသာတယ်၊ မင်း ငါ့အနားမှာရှိနေရင် ငါဘာမှ မကြောက်ဘူး။ အားလုံးကို ပိုင်ဆိုင်ရဲတယ်။ ငါသတ္တိတွေ အားတွေရှိလာတယ်။ မင်း မရှိတော့ ငါအားငယ်တယ်။ အခု မင်းမသေဘူးဆိုတာ ငါသိတော့ ငါပျော်တယ်။ အရင် မင်းရှိတုန်းကလိုပဲ မင်းကို ငါအားကိုးတယ် နေလွှာ။ အခုလည်း မင်းကို အားကိုးပြီး ငါ

www.burmeseclassic.com



လာခဲ့တာ။ မင်းကို ငါပြောစရာရှိလို့. . ”

နေကြာ ပျော့လွှန်လွှန်းလို့ ကလေးလေးလိုပဲ ဝမ်းသာအားရနှင့် ရယ်မောပြီး ခေါင်းလေးတခါခါ ခါရမ်းလျှက် လက်နှစ်ဖက်ကို စုံပွတ်ပြီး စကားတွေ တစ်တွတ်တွတ်ပြောလိုက်သည်။

ဟုတ်သည်လေ။ နေလွှာသည် သူ့ဦးဏှောက်ထဲက အမြဲစွဲလန်းအားကိုးနေသည့် စိတ်စွမ်းအား ဖန်တီးရှင် တန်ခိုးသတ္တိတွေ ပေးနိုင်သူပဲ မဟုတ်လား။

“ဆိုစမ်းပါဦး. . မင်း အခုဘာတွေဖြစ်လာလဲ။ ဘာဖြစ်ချင်လို့လဲ။ ငါ ဘာလုပ်ပေးရမလဲ ပြော. . ”

နေကြာ၊ နေလွှာ့ မျက်နှာ ပြုံးမွှေ့မွှေ့လေးကို အားကိုးတစ်ကြီးလှမ်းကြည့်ပြီး. .

“ဒီလိုကွာ. . ငါ အခု သိပ်ချစ်နေမိတဲ့ ကောင်မလေး တစ်ယောက်ရှိတယ်. . နွယ်နွယ်တဲ့။သူကလည်း ငါ့ကို ချစ်နေတယ် ငါသိတယ်. . ဒါပေမယ့် ငါ ဖွင့်မပြောရဲဘူး။ ငါ့ကိုယ်ငါ အားငယ်နေတယ်။ ပြီးတော့ ငါကြောက်နေတယ်က ဟိုဇော်မင်း ဆိုတဲ့ သူဌေးသား။ဒီကောင်က ပိုက်ဆံလည်းရှိတော့ အဖွဲ့လည်း တောင့်တယ်။ သူက နွယ်နွယ့်ကို ကြွေနေတယ်။





ဒီကောင် ငါ့ကို ရန်ရှာမှာ စိုးတယ်။ အခုလည်း မွယ်နွယ့် ရှေ့မှာ ငါ့ကို သက်သက်ရန်စပြီး စိမ်ခေါ်တယ်ကွာ။ ငါရန်မဖြစ်ချင်တာနဲ့ ရှောင်ထွက်လာခဲ့တယ်။ ဒါတောင် ငါ့ကို မိန်းမလျှာ ခြိမ်းခြောက်တဲ့။ ငါအရမ်းရှက်တယ်။ မင်းသာရှိရင် ငါ မကြောက်ပါဘူး. . ဒီကောင်တွေကို။ ခုတော့ ငါက တစ်ယောက်တည်း ဆိုတော့”

“ဘာကွ နေကြာ။ မင်းကြောက်တယ် ဟုတ်လား။ ဟော့ကောင် မင်းယောကျ်ားမဟုတ်ဘူးလား။ လူဆိုတာ ကြောက်မှန်းသိရင် ဖြခြောက်တတ်တယ်။ ဘယ်နှစ်ယောက်ပဲဖြစ်ဖြစ် သတ္တိရှိဖို့ပဲလိုတယ်။ လက်ဦးဖို့ လက်မြန်ဖို့ပဲလိုတယ်။ မင်း ငါ့ညီ မဟုတ်ဘူးလား။ ကဲလာ. . ငါရှိတယ်။ မင်းအနားမှာ ငါရှိနေပြီပဲ. . မကြောက်နဲ့တော့. . ပြီးတော့ မင်းမချရဲရင်. . ငါချမယ်၊ မင်း နေလွှာ့စိတ်ကိုသိတယ် မဟုတ်လား။ လာသွားမယ်. . ခုဒီကောင်တွေ ဘယ်မှာလဲ. . ”

နေကြာ့သွေးတွေ ရှိန်းကနဲ နိုးကြွလာသည်။

“ဒီကောင်တွေ ခုချိန်ဆို ကျောင်းကုန်းစုထဲက ထန်းတောထဲရောက်နေရောပေါ့။ ဒါပေမယ့် ဖြစ်ပါ့မလားကွ၊ ဒီကောင်တွေက ငါးယောက်တောင် ငါတို့က နှစ်ယောက်တည်း”



www.burmeseclassic.com

www.burmeseclassic.com



"ငါးယောက်မကလို့ ငါးဆယ်ဖြစ်ဖြစ်ကွာ. . ဟောကောင် မင်းနေလွှာ့သတ္တိကို မယုံဘူးလား။ ဘာလဲ မင်းကြောက်လား"

"မင်းပါရင် ငါမကြောက်ပါဘူး နေလွှာ"

"ကဲ. . ဒါဆိုလာ။ ထန်းတောထဲ လိုက်သွားမယ်၊ ဟိုကျရင် ငါ့အခြေအနေကိုကြည့်. . ငါက ချဆို. . ချကွာ လာ"

နေလွှာက စိတ်မရှည်သလို စိတ်မြန် လက်မြန်နှင့် သူ့ညီနေကြာ့လက်ကို ဆောင့်ဆွဲလိုက်၏။ ဒီလိုတော့လည်း ရသားပဲ။ နေကြာ ငိုက်ကနဲစိုက်တျသွားသည်။ နေလွှာ့ လက်ထဲ ပါသွားသည်။

နေကြာ၊ တပျာကယာ သူ့နံဘေးက ဝစ်တာကို ကောက်ဆွဲလိုက်ပြီး နေလွှာခေါ်ရာနောက် ယက်ကန်ယက်ရန် ပါသွား၏။

ထူးဆန်းစွာပင် နေကြာ ရင်ထဲက စိုးရိမ်အားငယ် ကြောက်လန့်နေစိတ်လေးတွေ လွင့်ပျောက်သွားသည်။ သတ္တိ တွေရှိလာသည်။ ပျော်လည်းပျော်သွားသည်။ သူ့ရင်လေးကို ကော့ပြီး ခေါင်းလေးမော့လျက် ပြုံးပြုံးလေး လိုက်ပါလာသည်။

ဆက်ရက်အုပ်က လက်ပံပင်ထက် ဆူညံနေဆဲ။

ညီအစ်ကိုနှစ်ယောက် မှောင်ရီပျိုးစအလင်းရောင်





မှောင်မှောင်မှိုင်းမှိုင်းလေးထဲမှာ သချိုင်းကုန်းလေးထဲမှ လှမ်းထွက်လာခဲ့ကြသည်။

နောက်. . လှည်းလမ်းကြောင်းလေးအတိုင်း သူတို့နှစ်ဦး ယှဉ်ပြီး လျှောက်လာခဲ့ကြသည်။

× × × × ×

(ဧလေး)

လရောင်ဖွေးဖွေးက လှည်းလမ်းကြောင်းပေါ် လွှမ်းကျနေပြီ။

နေကြာသည် လက်တစ်ဘက်က ပခုံးပေါ်မှ ဂစ်တာကို ထမ်းလာသည်။ ကျန်လက်တစ်ဖက်က သူ့အစ်ကိုနေလွှာ၏ ပခုံးကို ဖက်မွေ့ပြီး ခြေထောက်ကို မြောက်ကြွမြောက်ကြွနှင့် မြူးမြူးရွှရွှလေး လျှောက်လာနေသည်။

ကျောင်းကုန်းစုထဲမှ လယ်သမားကိုလှဘော်က သူ့နွားနှစ်ကောင်ကို ဆွဲပြီး လမ်းနံဘေး ဝါးရုံတောထဲမှ ထွက်လာသည်။

လှည်းလမ်းဆုံမှာ နေကြာ့ကို ရုတ်တရက် တွေ့လိုက်

www.burmeseclassic.com



ရသဖြင့် ကိုလှဘော် အံ့အားသင့်ကာ လှမ်းနှုတ်ဆက်သည်။

"ဟော့. . နေကြာ မိုးချုပ်တော့မယ်။ ဒီအချိန်ကြီး မင်း ဂစ်တာ တစ်လက်နဲ့ ဘယ်က ပြန်လာတာလဲ. . "

နေကြာ မျက်နှာ မှုန်မှုန်ကုတ်ကုတ်ဖြစ်သွားပြီး ကိုလှဘော်ကို မကျေမနပ်သွားသည်ပုံနှင့်. . .

"သချိုင်းထဲက ပြန်လာတာလေ။ နေလွှာ့ဆီသွားပြီး စကားပြောနေတာ။ ခု သူ့ကိုခေါ်ပြီး ညီအစ်ကိုနှစ်ယောက် ပြန်လာခဲ့ကြတာ. . ရာဇဝင်ကြွေးလေးဆပ်စရာရှိလို့. . သွားမယ် ကိုလှဘော်. . ကျွန်တော်တို့ အရေးကြီးနေလို့. . လာ နေလွှာ"

ကိုလှဘော် လမ်းဆုံမှာ ကြောင်ပြီး နေကြာကို ရပ်ငေး ကြည့်နေမိ၏။ အကြီးချွတ်နှင့် ကိုလှဘော် ကျောချမ်းသွားပါ သည်။ ဒီအချိန်ကြီးမှာ နေကြာက သချိုင်းထဲက ပြန်လာခဲ့သည် ဟု ဆိုသည်။ သူ့အစ်ကို နေလွှာ့ကိုလည်း ခေါ်လာခဲ့သည်ဆို တော့ ကိုလှဘော် ကြက်သီးမွေးညင်းတွေ ထသွားပါသည်။

"ဗုဒ္ဓေါ မြတ်စွာဘုရား. . ဒီကောင် နေကြာ၊ စိတ်မှ ကောင်းသေးရဲ့လား. . ဒီကောင်လေးမကောင်းဆိုးဝါး အပတွေ ဘာတွေမှီလာသလား မသိ။ နေလွှာသေတာဖြင့် ကြာလှပြီ ခုလောက်ရှိ အရိုးတောင် ဆွေးရော့မယ်. . "



ကိုလှဘော် သူ့ဘာသာပြောလိုက်ပြီး သူ့နောက်ကျော သူမလှုံသလို ပတ်ဝန်းကျင်ကို လှည့်ကြည့်သည်။ ပြီးနောက် သူ့ခြွားနှစ်ကောင်ကို ဆွဲကာ ရွာဘက်သို့ခပ်သုတ်သုတ် လှမ်းလာ သည်။

နေကြာကတော့ ဟိုရှေ့ခပ်လှမ်းလှမ်းမှာ ဝေးသွားပြီ။ နောက်ကျောသာ လှမ်းမြင်လိုက်ရ၏။

လမ်းချိုးကွေ့လေး တစ်ခုရောက်လျှင် သူတို့ ညီအစ်ကို နှစ်ယောက် လမ်းကြားလေးထဲ ဖြတ်ဝင်လာခဲ့ကြ၏။ သုံးလေး ငါးအိမ်ကျော်လျှင် နေကြာတို့ ပျဉ်ထောင်အိမ်မဲမဲလေးရှေ့သို့ ရောက်လာသည်။

နေကြာက ခြံရှေ့တံခါးဝပေါက်နားမှာ ရပ်လိုက်ပြီး နေလွှာ့ဘက်လှည့်ကာ. .

"နေလွှာ. . ငါဂစ်တာ အိမ်ပေါ်မှာ သွားပြေးထား လိုက်ဦးမယ်. . မင်းဒီကပဲ စောင့်နေတော့. . မင်းကို အမေ မြင်သွားရင် စိတ်မကောင်းဖြစ်နေပါဦးမယ်. . ဒီမှာပဲ နေရစ် တော့. . "

သူပြောပြီး ခြံတံခါးပေါက် လှမ်းဝင်သွားတော့သည်။ အိမ်ပေါ်ကမန်းကတမ်းလှမ်းတက်သွားပြီး ဂစ်တာကို အိမ်ရှေ့

www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ် လှမ်းတင်ခဲ့သည်။ ပြီးနောက် ချက်ချင်းနေကြာ ပြန်ဆင်းလာခဲ့သည်။

"ဟဲ့. . သား။ နေကြာ. . ဘယ်လဲ. . ထမင်းမစားသေးဘူးလား. ."

သူ့ အမေ အခန်းထဲမှ ထွက်လာပြီး လှမ်းပြောသည်။ ထမင်းစားပြီးသွား၍ လက်ကို လက်သုတ်ပဝါနှင့် သုပ်နေသည်။

"မစားသေးဘူး အမေ။ ကိစ္စလေးရှိသေးလို့. . နေလွှာနဲ့ အပြင်ခဏသွားလိုက်ဦးမယ်. . ပြန်လာမှ စားတော့မယ်"

သူ့အမေ မျက်လုံးပြူးသွားသည်။

"ဘာပြောတယ်။ နေလွှာနဲ့ အပြင်သွားမလို့ ဟုတ်လား"

နေကြာ ခြံဝမှ နောက်လှည့်ကြည့်ပြီး. .

"ဟုတ်တယ် အမေ။ နေလွှာနဲ့"

ဟု ဆိုကာ အော်ပြောလိုက်ပါသေးသည်။

သူ့အမေ ခေါင်းခါခါဦး ရင်ဘတ်ကို ဖိလိုက်ပြီး "ဘုရား ဘုရား" ဟု ရေရွတ်လိုက်ပါသည်။

နေကြာ ခြံဝမှာရပ်စောင့်နေသည့် နေလွှာ့ကို လှမ်းကြည့်လိုက်ပြီး . .

"လာ နေလွှာ. . သွားမယ်. ."





ဟု ဆိုကာ နေလွှာ့ပခုံးကို ယုယုယယလေးဖက်လျှက် လှမ်းထွက်လာခဲ့သည်။

သူတို့နှစ်ယောက် ရွာထဲမှ ထွက်လာခဲ့ကြပြီး ကားလမ်းကို ဖြတ်ကူးကာ ထန်းတောထဲ ဝင်လာခဲ့ကြသည်။

နေကြာထင်သည့်အတိုင်း ထန်းတောထဲက တဲရှေ့မှာ ဇော်မင်းတို့အဖွဲ့ ရောက်နေကြသည်။ မြူအိုးတစ်အိုးနှင့် ဝိုင်းထိုင် ပြီး ထန်းရေသောက်နေကြ၏။

နေကြာက သူ့အစ်ကိုနေလွှာ့ နံဘေးက ပါလာသဖြင့် ဇော်မင်းတို့အဖွဲ့ကို ဂရုမစိုက်သည့်ဟန်ဖြင့် ခပ်မော့မော့လေး ရှင်ကော့ပြီး လှမ်းဝင်လာသည်။

မျက်နှာကလည်း မှုန်တည်တည်နှင့် ခပ်ထွေထွေ ဖြူးလျှက်. . ထန်းပင်တစ်ပင်ရှေ့မှာ ခါးထောက်ရပ်လိုက်သည်။

"နေကြာ. . တစ်ယောက်တည်းလား။ ထန်းရေသောက်မလို့လား. ."

နေကြာ မျက်လုံးတွေကျဉ်းစုသွား၏။ ဒေါသလေးဖြစ်သွားသည်။ ကိုဖိုးချက်ကို စိုက်ကြည့်ပြီး. . .

"ဟာ. . နှစ်ယောက်လာတာကို မြင်လျက်နဲ့ တစ်ယောက်တည်းလားတဲ့. . ကဲ. . လုပ်ဗျာ၊ မြူတစ်အိုး. ."



www.burmeseclassic.com

www.burmeseclassic.com



ကိုဖိုးချက် နေကြာ့ကို သေချာပြန်ငေးကြည့်၏။ ဘာမှ တော့မပြော။ ဟက်ကနဲတစ်ချက်ရယ်ပြီး ပြန်လှည့်ထွက်သွားသည်။ တဲထဲက မြူတစ်အိုးဆွဲပြီး ပြန်ထွက်လာသည်။

နေကြာ့ရှေ့မှာ ချပေးလိုက်သည်။

နေကြာ ထန်းလက်တွေပေါ်မှာ ထိုင်ချလိုက်သည်။ နေလွှာကလည်း နေကြာ့ကို ပြုံးပြုံးစိုက်ကြည့်နေလျက် သူ့ရှေ့မှာ ထိုင်သည်။

နေကြာ မြူအိုးကို မပြီး အားရပါးရ မော့ချလိုက်သည်။ ဝါးခွက်ထဲပင် ငှဲ့ထည့်မနေတော့။ နေလွှာက သူညီလုပ်နေပုံကို ကြည့်ပြီး သဘောကျစွာရယ်နေပါသည်။

"ဟာ ကိုယ့်လူက တယ်ဟုတ်ပါလား။ အိုးလိုက်မပြီး သောက်နေလိုက်တာ. . တစ်ယောက်တည်းလား လာလေ၊ ကိုယ်တို့နဲ့ လာချပါလား။ ကိစ္စလေးလည်း ဆွေးနွေးရအောင်"

ဇော်မင်းက ရှေ့မှာလာရပ်ပြီး ထန်းရေအရှိန်လေးနှင့် မထိတထိလာရီသည်။ နေကြာက မြူအိုးကို ပြန်ချလိုက်သည်။ နေလွှာ့ကို လှမ်းကြည့်သည်။ နေလွှာက ပြုံးငွေ့ငွေ့နှင့် ဆက်လုပ်ဟု မျက်စပစ်ပြလိုက်သည်။ နေကြာ ထရပ်လိုက်သည်။ ပြီး. . ခပ်ငွေ့ငွေ့ ပြုံးသည်။





"ဘာဆွေးနွေးမှာလဲ။ ငါတစ်ယောက်တည်း လာတာ မဟုတ်ဘူး။ ဒီမှာ ငါ့အစ်ကို နေလွှာနဲ့ လာတာ. ."

နေကြာက သူ့ရှေ့မှာ ထိုင်နေသည့် နေလွှာ့ကို လက်ညှိုးထိုးပြသည်။

"ဟား ဟား ဟား သောက်ရူး. . ငါ့ကို လာမခြောက်နဲ့ ငါ မကြောက်ဘူး။ မင်း အစ်ကိုနေလွှာ သေတာကြာပြီ"

နေကြာ ရုတ်တရက် ဘာ ပြန်ပြောရမှန်းမသိ။ ကြောင်သွားသည်။ သူနေလွှာ့ဆီ ဖျတ်ကနဲလှမ်းကြည့်လိုက်သည်။

နေလွှာက ဆတ်ကနဲ ထရပ်လိုက်ပြီး သူ့နံဘေးမှာ လာရပ်သည်။

"ဟေ့ကောင် နေကြာ၊ သိပ်ပြောမနေနဲ့ကွာ ကြာတယ်၊ ငါ လက်ယားတယ်။ ရှင်းစရာရှိ မြန်မြန်သာရှင်းလိုက်။ ဘာတွေ သာတွေပျိုးမနေနဲ့။ ဟိုရှေ့မှာ တွေ့လား တုတ်တစ်ချောင်း သွားယူပြီး ကောက်ရိုက်ထည့်လိုက် ကြာတယ်၊ သွားကွာ. ."

နေကြာ နေလွှာ့မျက်နှာကို မရဲတရဲလှမ်းကြည့်ပြီး တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေသည်။

"ဖြစ်ပါ့မလား ကွာ။ ငါမရိုက်ရဲဘူး. ."



www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ. . မင်း မရိုက်ရဲရင် ငါရိုက်မယ်။ တဲ မင်းခဏ ဖယ်နေကွာ သွား. ."

နေလွှာက သိပ်စိတ်မရှည်။ လက်တွေယားနေပြီ။ သူ့ညီကိုယ်စား ဒေါသတွေလည်း ပေါက်ကွဲနေပြီဆိုတော့ ပြောပြောဆိုဆို နေကြာ့ ကိုယ်ကို ဆောင့်တွန်းထည့်လိုက်ပါသည်။

ဘူးဆန်းစွာပင် နေကြာ့ကိုယ်ခန္ဓာက ဆတ်ကနဲ တွန့်လူပ်သွား၏။ ရွေ့တော့ရွေ့လျားမသွား။ သို့သော် နေကြာ့ကိုယ်ထဲမှ နေကြာ၏ ဝိညာဉ်လိပ်ပြာ ကိုယ်ပွားလေး တစ်ခုက နံဘေးသို့ ဖျတ်ကနဲ လွင့်ထွက်သွား၏။

စက္ကန့်ပိုင်းလေး အတွင်းမှာပင် တောင့်တောင့်လေး ရပ်နေသော နေကြာ့ကိုယ်ခန္ဓာလေးထဲသို့ ဖြတ်ဆို နေလွှာက လှမ်းဝင်လိုက်၏။

နေကြာ့ ဝိညာဉ်လိပ်ပြာလေးက နံဘေးမှာ အံ့အားသင့်ပြီး ရပ်ကြည့်နေသည်။ နေကြာ့ကိုယ်ခန္ဓာထဲက "နေလွှာ ဝိညာဉ်"ဖြစ်သွားလေပြီ။

နေလွှာ ဖျတ်ကနဲ ပြေးသွားပြီး တဲရှေ့က သစ်သားကန်းတုတ်ရှည်ကို လှမ်းကောက်ယူသည်။ နေရာမှာ ပြန်ရပ်





လိုက်ပြီး ခပ်ပြုံးပြုံးမျက်နှာနှင့် ဇော်မင်းကို စူးစူးရဲရဲစိုက်ကြည့်လိုက်သည်။ လက်ထဲက သစ်သားတုတ်ကို ဆလိုက်ပြီး. . .

"ဟေ့ကောင် ဇော်မင်း။ ငါ နေကြာ မဟုတ်ဘူးကွ၊ ငါနာမယ် နေလွှာ မင်းသိလား"

"ဘာ. . နေလွှာလဲ. . လာကြောင်မနေနဲ့. မင်းနေကြာပဲ. . နေလွှာက သေပြီ။ ငါးနှစ်လောက်ရှိပြီ. ."

"ဟေ့ ငါ နေလွှာကွ. . မသေဘူး. . တဲ ငါနေလွှာဆိုတာ မယုံရင် ယုံအောင်ပြမယ်. ."

နေလွှာအပြောနှင့် သက်ဒေသပြလိုက်သည်။ စကားဆုံးသည်နှင့် သူ့လက်က သွက်လက်စွာ လှုပ်ရှားလိုက်သည်။ မြန်လိုက်သည့် ဖြစ်ခြင်း။ သွက်လိုက်သည်မှ 'ဂျက်'လေး တစ်စင်းပစ်လွှတ်လိုက်သလား ထင်ရသည်။

ဇော်မင်းခေါင်းမှာ သွေးတွေဖြာကျလာသည်။ မြေကြီးပေါ်ပုံကျသွား၏။

တဲရှေ့က ဇော်မင်း၏ အုပ်စု။ သူတို့လည်း ရုတ်တရက် ကြောင်ပြီး ငေးကြည့်နေမိသည်။ ကိုဖိုးချက်လည်း တဲထဲက အလန့်တကြားပြေးထွက်လာကာ ရပ်ငေးကြည့်နေသည်။

ဝိညာဉ်လိပ်ပြာလေး နေကြာလည်း တွေတွေလေး



www.burmeseclassic.com

www.burmeseclassic.com



ရပ်ငေးကြည့်နေမိသည်။

"ဟော့ကောင်တွေ မင်းတို့ကော နေလွှာ့အကြောင်း သိချင်သေးရင် လာခဲ့ကြ . . လာကွာ ထ . . "

နေလွှာ တုတ်ကိုဆွဲပြီး သူတို့ဝိုင်းဆီပြေးသွားသည်။ လေးယောက်သားလန့်ပြီး ဖရိုဖရဲထရပ်လိုက်ကြသည်။ နေလွှာ ဘာမှမပြောပဲ တရစပ် တစ်ယောက်ပြီးတစ်ယောက် သစ်သား တုတ်နှင့် ဝှေ့ရမ်းရိုက်သည်။ လဲသူလဲ၊ ကျိုးသူကျိုး၊ ပြေးသူပြေး၊ အားလုံးကစဉ့်ကလျားဖြစ်ကုန်သည်။

အရေးထဲ တုတ်က ထက်ပိုင်းကျိုးသွားသည်။

နေလွှာ သွေးဆူသွားပြီ။ ဘာမှ မမြင်တော့။

"ခွေးမသားတွေ . . ငါ နေလွှာကွ . . အကုန်သတ်မယ်"

နေလွှာ ဒေါသတွေ မွှန်နေပြီ။ မရတော့။ သူတဲထဲ ပြေးဝင်သွားသည်။ ထရံမှာ ထိုးထားသည့် ငှက်ကြီးတောင် ဓါးကို ဆွဲယူပြီး ပြေးထွက်လာသည်။

ကိုဖိုးချက် မျက်လုံးပြူးသွားသည်။ နေလွှာ့ကို အတင်း ဝင်ဆွဲသည်။

"နေကြာ၊ မလုပ်နဲ့ ငါ့ညီမှားမယ် . . အစ်ကို့စကား နားထောင်"





"ဘာ နေကြာလဲ . . လာ်ပြန်ပြီလား တစ်ယောက်၊ ကျုပ် နေကြာမဟုတ်ဘူး။ နေလွှာ . . နေလွှာ။ ဖယ် ဖယ် ဒီကောင် တွေကို ကျုပ်သတ်မယ် . . လွှတ်"

နေလွှာ့ကို ကိုဖိုးချက်က အတင်းဆွဲပြီး ပွေ့ဖက်ထား သည်။ နေလွှာက ကိုဖိုးချက်ကို ဆောင့်တွန်းပြီး ရုန်းထွက်ဖို့ ကြိုးစားသည်။

ဇော်မင်း ဒယိမ်းဒယိုင်နှင့် ကုန်းထသည်။ ခေါင်းမှာ လည်း သွေးတွေက တန်းလန်း၊ သူနေကြာ့ကို လှမ်းကြည့်ရင်း အရမ်းလန့်နေသည်။ နေကြာ့ပုံက သရဲစီးနေသလို ထင်ရသည်။ ဘာမှ သူမြင်တော့ဟန်မတူ။ မဲမဲမြင်သရွေ့ လိုက်သတ် တော့မည်ပုံ။

"ဟော့ကောင်လေးတွေ။ ပြေး . . ပြေးတော့ မြန်မြန် ပြေး မင်းတို့ သေကုန်တော့မယ် . . ဒီကောင် စိတ်ဖောက်သွားပြီ . . ပြေးကြ . . ပြေးကြတော့ . . "

ကိုဖိုးချက် နေလွှာ့ကို အတင်းဖက်ထားရင်း ကုန်းအော် သည်။

ဇော်မင်းမျက်နှာ ဇီးရွက်လောက်ပဲရှိတော့သည်။ အရမ်း ကြောက်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ပြေး. . ပြေးတော့. ."

ဇော်မင်း အလန့်တကြားအော်ပြီး ပြေးတော့သည်။ သူလူလေးယောက်လည်း ဒယိမ်းဒယိုင်နှင့် တစ်ယောက်ကို တစ်ယောက်ဆွဲပြီး ပုဆိုးမနိုင် ပုဝါမနိုင်နှင့် ထန်းတောထဲမှ တစ်ကြိုးတည်း သုတ်ချေတင်ပြေးကြတော့သည်။

လရောင် မှုန်ဝါးဝါး၊ ထန်းတောအုပ်ထဲမှ မှောင်ရိပ်ထဲသို့ ဇော်မင်းတို့အုပ်စု ပြေးလွှားပျောက်ကွယ်သွားသည်ကို မြင်မှ ကိုဖိုးချက် နေလွှာ့ကို လွှတ်ပေးလိုက်သည်။

"ခွေးမသားတွေ နေလွှာကွ. . နေလွှာ။ ဒီလို လာစမ်းလို့ဘာရမလဲ. . ဟင်း ဒီမှာ ကိုဖိုးချက် နောက်တစ်ခါ ဒီကောင်တွေ လာရင် ပြောလိုက်. . နေလွှာ ဘယ်တော့မှ မသေဘူး။ နေကြာအသက်ရှင်နေသရွေ့ နေလွှာလည်း အမြဲရှိနေမယ်ဆိုတာ ပြောပြလိုက်စမ်းပါ ဟုတ်လား. ."

"အေး ပြော ပြောလိုက်ပါ့မယ်ကွာ"

ကိုဖိုးချက် နေကြာ့ကို နားမလည်သလို ငေးကြည့်ရင်း ခပ်လန့်လန့်ဖြေလိုက်သည်။ နေလွှာ လက်ထဲက ဓားကြီးတောင်ခါးကို ကပျင်ပေါ် ပစ်ချလိုက်ပြီး တဲရှေ့က လှမ်းထွက်လာသည်။

နာမ်ဝိညာဉ်လေး နေကြာ။ ထန်းပင်ရင်းနား၌ရပ်ပြီး





သူ့အစ်ကို နေလွှာ့ကို အပြုံးလေးနှင့် စောင့်ကြိုနေသည်။ သူ့မျက်နှာက အလွန်ကြည်နူးပြီး ကျေနပ်ဟန်နှင့် ဂုဏ်ယူနေသည့်ဟန်။

"လာ နေကြာ။ ပြန်ကြစို့. . မင်းကို အမေမျှော်နေလိမ့်မယ်. . မိုးချုပ်လှပြီ. . ကဲ ငါလည်းပြန်မယ်. . လာ"

နေလွှာက သူ့ကိုဆောင့်ဆွဲလိုက်ရာ သူ့နာမ်ဝိညာဉ်လိပ်ပြာလေးက သူ့ခန္ဓာကိုယ်လေးထဲ ငွေ့ကနဲ ပြန်ဝင်လာသည်။

နေလွှာ့နာမ်ဝိညာဉ် လိပ်ပြာလေး၊ ဘေးသို့ ပြန်လွင့်ထွက်လာသည်။ ခုမှ နေရာမှန် လူမှန်ပြန်ဖြစ်သွားသည်။

နေကြာ ကျေနပ်အားရဟန် ပျော်ရွှင်နေဟန်နှင့် သူ့အစ်ကို နေလွှာပခုံးကို လှမ်းဖွဲ့လိုက်ပြီး တရွေ့ရွေ့လရောင်အောက်မှ ထွက်သွားနေသည်။

တဲရှေ့မှ သူ့ကို ရပ်ကြည့်နေသည့် ကိုဖိုးချက်က သက်ပြင်းရှည်ကြီးတစ်ချက်ချပြီး ညည်းလိုက်သည်။

"အင်း. . နေကြာ။ ဒီကောင်ပေါက်သွားပြီ ထင်တယ်။ ကြာရင် မလွယ်ဘူး ထင်တယ်. ."

× × × × ×



www.burmeseclassic.com

www.burmeseclassic.com



**(ငါး)**

နေကြာ ပြန်စဉ်းစားနေမိသည်။

ဒါက လွန်ခဲ့သည့် သုံးနှစ်ကျော်ကျော် လေးနှစ်လောက်ဆီက အဖြစ်အပျက်. . ဒီတုန်းကတော့ နွယ်နွယ့်ကိစ္စ အချစ်ကိစ္စနှင့် ပတ်သက်ပြီး နေကြာ နေလွှာ့ဆီကို ရောက်ခဲ့တာ။

အခု နေကြာ။ နေလွှာ့ဆီလာခဲ့ရခြင်းကတော့ နှလုံးသား ကိစ္စမဟုတ်။ ဘဝကိစ္စ။ မိသားစုပြဿနာ။ မေ့မေ့ အိမ်ထောင်ရေးက ရိုက်ခတ်လာသည့် ဒဏ်ရာဒဏ်ချက်တွေ. .

အချစ်ငတ်မွတ်နေသည့် နေကြာ။

အပူရောင် မေတ္တာတွေကြောင့် အေးမြငြိမ်သက်နေသည့် နေလွှာ၏ ကမ္ဘာလေးဆီ ရောက်လာခဲ့ပြန်ပါပြီ။

ပထမတော့ နွယ်နွယ်၏ အချစ်က အေးမြသလိုပါပဲ။ အနှောင့်အယှက်တွေ ကင်းပြီး သာယာနေခဲ့ကြသည်။ ဇော်မင်းကလည်း နေကြာ့ကို ဝေးဝေးက ရှောင်သွားသည်။ နွယ်နွယ်နှင့် နေကြာ စိတ်ကူးယဉ် အချစ်ကမ္ဘာလေးထဲမှာ နှစ်နှစ်လောက် လွင့်မျောနေခဲ့သည်။





သို့သော် အဆောင်အယောင် ဂုဏ်ပကာသနတွေကင်းသည့် နေကြာ့ကို ကြာရှည်လက်မတွဲနိုင်။ နွယ်နွယ်. . သထုံကို ပြောင်းရွှေ့လာသည့် မြို့ပိုင်လေးတစ်ဦးနှင့် လက်ထပ်သွား သည်။

နေကြာ. . ဂစ်တာလေးတစ်လက်နှင့် အထီးကျန်ကမ္ဘာလေးထဲမှာတစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။

သူက ချစ်သူသစ်မရှာခဲ့ပေ။ သူ့အမေ ဒေါ်ခင်ခင်ဦးက အချစ်သစ်ရှာသည်။ ရွှေစာရံဘုရားလမ်းက ဆိုင်တစ်ဆိုင်မှာ အပ်ချုပ်နေသည့် သူ့အမေက ဆိုင်နားက ပန်းတိမ်ဆရာတစ်ခုလပ်တစ်ဦးနှင့် တွေ့ပြီး လက်ထပ်လိုက်သည်။

နောက်တစ်နေ့ ပန်းတိမ်ဆရာ နေကြာတို့အိမ်ပေါ် ရောက်လာသည်။ ဦးရွှေကြိုင်က ပန်းတိမ်ဆရာသာ ဆိုသည် ရွှေတစ်ရွေးသားမျှမရှိ။ အသားမဲမဲ၊ လူက ထောင်ထောင်မောင်းမောင်း။ ရုပ်ရှင်ထဲက 'ဦးလှဖေကြီး' နှင့်တူသည်။ လူကြမ်းရုပ်ပေါက်နေသည်။

စိတ်ကလည်း ကြမ်းသည်။ ညနေတိုင်း အရက်မူးပြီး မူးပြန်လာသည်။ အရက်မူးနေလျှင် အမေ့ကိုရန်ရှာသည်။ အိမ်ထဲမှာ တွေ့သမျှ ဆွဲပစ်၊ ကန်ကြောက် ပေါက်ခွဲတတ်သည်။ မကြာခဏ အမေနှင့် ရန်ဖြစ်တတ်သည်။ ဟင်းမကောင်းလျှင်



www.burmeseclassic.com

www.burmeseclassic.com



အမေ့ကိုဆဲသည်။

နေကြာ့ကိုလည်း အကြောင်းမရှိ အကြောင်းရှာ မာန်မဲနေတတ်သည်။ အဆိုးဆုံးက နေကြာ ဂစ်တာတီးသည်ကို သူကြည့်မရ။ နေကြာသီချင်းဆိုသံ ကြားလျှင် ကျက်သရေမရှိ ဘူးလာဘ်ပိတ်တတ်ဟု ဆိုသည်။

သီချင်းဆိုတာ တစ်ကမ္ဘာ. . လူတိုင်းနှစ်သက် လက်ခံကြသည့် အနုပညာတစ်ခု၊ သူကမှ မခံစားတတ်တာ၊ဒီလူလူမဟုတ်ဘူး။ တိရစ္ဆာန်ပဲ ဖြစ်ရမည်ဟု နေကြာထင်သည်။

ဒီနေ့လည်း အရက်တွေမူးပြီး အစောကြီးပြန်လာသည်။ အမေနေမကောင်းလို့ ဆိုင်မထွက်တာကို ရန်ရှာပြီး အမေ့ကိုရိုက်သည်။ နေကြာပြန်လာတော့ ပါးစပ်မှာ သွေးတွေနဲ့ မျက်နှာလည်း ညိုမဲဖူးယောင်နေသည်။ နေကြာ အမေ့ကို မြင်တော့ စိတ်မကောင်း၊ ထမင်းမစားပဲ ထွက်လာခဲ့သည်။

နေကြာ အရမ်းစိတ်မကောင်းဖြစ်ရသည်။ အရမ်းစိတ်ထိခိုက်သည်။ ဒါကြောင့်မို့ အေးချမ်းတဲ့ သချိုင်းထဲက နေလွှာ့အုတ်ဂူလေးဆီ နေကြာထွက်လာခဲ့သည်။

လရောင်လေးက မှုန်မှုန်ဆမ်းထားသည်။

နေကြာ. . နေလွှာ့အုတ်ဂူလေးပေါ် ထိုင်ရင်း စိတ်ညစ်





ညစ်နှင့် ဆေးလိပ်ထိုင်ဖွာနေသည်။

ရင်ထဲမှာ ပေါက်ကွဲခံစားနေရတာတွေကို သူမျိုသိပ်ထား၏။

"ဟေ့ကောင်. . နေကြာ မင်း ဘာဖြစ်လာပြန်ပြီလဲ"

နေကြာ မချိတရိလေးပြုံးလျက် ခေါင်းကို ညင်သာစွာရမ်းသည်။ ပြီးတော့ နံဘေးကို ဖြေးဖြေးလှည့်ကြည့်သည်။

နေလွှာ။ သူ့နံဘေးမှာ အုတ်ဂူလေးကိုမှီပြီး ရပ်နေသည်။ သူ့မျက်နှာက ညှိုးလျော်နေသည်။ သူ့အတွက် နေလွှာစိတ်မကောင်းဖြစ်နေမှန်းသိသည်။ လရောင်နှင့် ဟပ်ပြီး နေလွှာ့မျက်လုံးတွေက စိမ်းလက်နေကြ၏။

"ဘာမှမဖြစ်ပါဘူးကွာ. . ငါ မင်းဆီ သက်သက်လာတာ"

သူ ညာပြောလိုက်သည်။

"မညာနဲ့. . မင်း တစ်ခုခုဖြစ်လာပါတယ်. . ငါသိတယ်၊ မင်းဘာဖြစ်လာလဲ. . မှန်မှန်ပြော. . ငါနဲ့ မင်းဟာ ဘဝတူစိတ်တူ၊ အမြွှာညီအစ်ကိုပဲကွာ။ ပျော်ရင်လည်းအတူတူ စိတ်ညစ်တော့လည်း အတူတူပေ့ါ။ ဝေမျှခံစားကြရမှာပဲ ပြော ဘာဖြစ်လဲ. . "



www.burmeseclassic.com

www.burmeseclassic.com



နေကြာ သက်ပြင်းရှိုက်ချလိုက်သည်။ ဆေးလိပ်တိုကို ရှိုက်ဖွာလိုက်ပြီး မီးခိုးငွေ့များကို လေထဲ ဖူးကနဲ ပြန်မှုတ်ထုတ်လိုက်သည်။

လရောင်အောက်မှာ မီးခိုးငွေ့ ပြာပြာတွေ ဝဲလွင့်ပျံထွက်သွားကြ၏။

"အမေ့အတွက် ငါ စိတ်မကောင်းဘူးကွာ။ ဦးရွှေကြိုင် သိပ်ရက်စက်တာပဲ။ သူ အမေ့ကို သိပ်အနိုင်ကျင့်တယ်။ ဒီညနေလည်း သူအမေ့ကို ရိုက်ထားတာ မျက်နှာတစ်ခုလုံး ညိုမဲနေတာပဲ။ ငါအရမ်းဝမ်းနည်းတယ်။ ဒါကြောင့် ငါ မင်းဆီထွက်လာခဲ့တာ. . ငါဘာလုပ်ရမလဲ. . နေလွှာ. . "

"ငါနားလည်ပြီ. . နေကြာ။ မင်းဘာလုပ်ချင်သလဲ ပြော. . "

နေကြာ လက်ထဲက ဆေးလိပ်တိုကို လွှင့်ပစ်လိုက်သည်။ သူနှာကျင်စွာ တွန့်ကွေးကွေးလေး ပြုံးလိုက်ပြီး ဖြေးဖြေးအေးအေးဆေးဆေးလေးပြန်ပြောလိုက်သည်။

"ငါ. . သူ့ကို သတ်ချင်တယ် နေလွှာ"

"မင်းတကယ်ပြောတာလား. . နောက်တော့မှ တွန့်ဆုတ်တွန့်ဆုတ် လုပ်မနေနဲ့နော်။ မင်း သေသေချာချာ





စဉ်းစားဆုံးဖြတ်. . "

"ငါဆုံးဖြတ်ပြီးပြီ. . . နေလွှာ ငါသူ့ကို သတ်မယ်"

"အေး ဒါဆိုလည်း ကြာတယ်ကွာ။ လာသွားကြမယ်"

နေလွှာက စိတ်မြန်သည်။ နေကြာ့လက်ကို ဆတ်ကနဲ တွတ်ဆွဲပြီး အုတ်ဂူလေးတွေကြားထဲမှ ကွေ့ပတ်ထွက်လာသည်။

လရောင်က ဝင်းစက်ဖွေးနေသည်။

သင်္ချိုင်းထဲက သူတို့ညီအစ်ကို ထွက်လာခဲ့ကြသည်။

လေက တိုက်နေသဖြင့် သူတို့ဆံပင်နှင့် အဝတ်အစားတွေက လေထဲလွင့်နေကြသည်။ အဝေးကကြည့်လျှင် ဝိညာဉ်လိပ်ပြာလေးတွေ လေထဲလွင့်လာနေသလို ထင်မှတ်ရသည်။ သူတို့ညီအစ်ကိုယှဉ်ပြီး လှည်းလမ်းအတိုင်း ကျောင်းကုန်းစုရပ်ကွက်ထဲသို့ လျှောက်လာခဲ့ကြသည်။

× × × × ×

## (ခြောက်)

ညီအစ်ကိုနှစ်ဦး။ ခြံရှေ့က ဝိတောက်ပင်လေးအောက်မှာ ယှဉ်ရပ်လိုက်လေသည်။ ရှတ်တရက် သူတို့ လှမ်းမြင်သေး

www.burmeseclassic.com



ပဲ ခြံဝတံခါးပေါက်ရှေ့မှ ခုံတန်းရှည်အနီးတွင် ရပ်နေကြသည်။

ရောက်ရောက်ချင်း အိမ်ထဲမှ သူတို့ပထွေး ဦးရွှေကြိုင်၏ အရက်သံနှင့် အသံဆိုးကြီးကို လှမ်းကြားလိုက်ရတော့သည်။

"ဟော့ ဘာလဲ။ မင်းလင်နဲ့ရတဲ့ သားလေးကို မျှော်နေတာလား။ ပြန်မလာလည်း အေးတယ်။ သူ မစားရင် ခွေးကျွေးပစ်လိုက်. . ဘာသောက်လုပ်မှမလုပ်ပဲ. . ဆယ်တန်းတဖုံးဖုံးကျနေတဲ့ကောင်ကိုများ။ အားအားရှိ. . သူတောင်းစားသံနဲ့ အော်နေတဲ့ အကောင်. ."

ပထွေးပီပီ မိုက်ရိုင်းလှသည်။

"ရှင် မမိုက်ရိုင်းနဲ့နော် ကိုရွှေကြိုင်။ ကျွန်မသားက သူ့ဟာသူ အေးအေးဆေးဆေးနေတာ။ ရှင် ဘာမှသားတို့ ထည့်ပြောစရာမလိုဘူး"

"ပြောတယ်. . ပြောတော့ ဘာဖြစ်လဲ"

နေကြာ. . သူ့အစ်ကို နေလွှာ့မျက်နှာကို ခပ်စိမ်းစိမ်းလေးစိုက်ကြည့်ပြီး သက်ပြင်းချသည်။ နေလွှာ ခပ်မဲ့မဲ့လေး ပြုံးလိုက်သည်။

ထိုအပြုံးက ကြောက်စရာကောင်းသည်။

"နေလွှာ မင်းကြားတဲ့အတိုင်းပဲ တွေ့တယ် မဟုတ်



လား. . ငါတို့ရွှေပထွေးကြီး အသားလွတ်ရမ်းနေတာ"

"ကြားတယ်လေ. . အဲဒီတော့ မင်းဘာတွေဝေနေတာလဲ၊ ကိုယ့်အမေကို ဒါလောက် ညှင်းဆဲနေရှုမကသေးဘူး၊ တို့ကိုပါ စော်ကားနေတာ၊ မင်းကြည့်နေရက်သလား နေကြာ. . သွားလေ၊ မင်း ဒီကောင်ကြီးကို သတ်မယ်ဆို. . ဘာလဲ ရှေ့လည်းကျရော မင်းကြောက်နေပြီလား. ."

"မဟုတ်ဘူး နေလွှာ၊ ငါ အမေ့ကို သနားလို့. . တော်ကြာ ငါသူ့ယောကျ်ားကို သတ်လိုက်ရင် အမေ ငါ့ကို မုန်းသွားမှာလည်း ငါစိုးတယ်. ."

"ဟော့ကောင် နေကြာ၊ အဲဒီလို စိုးရိမ်နေရင် ဘာအလုပ်မှမင်းလုပ်ဖြစ်မှာ မဟုတ်ဘူး။ ဒါဆိုလည်း မင်းဘာဖြစ်လို့ ငါ့ကို ခေါ်လာတာလဲ၊ ယောကျ်ားဆိုတာ ဆုံးဖြတ်ပြီးရင် လုပ်ရဲရတယ်ကွ. . အိုကွာ ကြာတယ်. . မင်း မသတ်ရဲရင် နေခဲ့ ငါသွားသတ်မယ်။ ဖယ် မင်း. ."

နေလွှာက ဖျတ်ကနဲ နေကြာ့ကို လှမ်းပြီး တွန်းပစ်လိုက်သည်။

နေကြာ့ နာမ်ဝိညာဉ်လိပ်ပြာလေး သူ့ခန္ဓာကိုယ်ထဲမှ ဘေးသို့ ငွေ့တနဲ လွင့်ထွက်သွား၏။ နေလွှာ ဖျတ်ကနဲ နေကြာ့

www.burmeseclassic.com



ကိုယ်ထဲ ဝင်ပူးကပ်လိုက်သည်။

နေကြာ ဝိညာဉ်လိပ်ပြာလေး ကြောင်ငေးရပ်ကြည့်နေစဉ်မှာပဲ နေလွှာက ခြံတံခါးကို တွန်းဖွင့်ပြီး လှမ်းဝင်လာခဲ့သည်။

ပြီးနောက် အိမ်ပေါ်သို့ လှမ်းတက်လာခဲ့သည်။ အိမ်ထဲမှာ မီးတွေလင်းနေသည်။ သူစည့်ခန်းထဲသို့ လှမ်းဝင်လိုက်သည်နှင့် သူ့ပထွေး၏ မိုးချိမ်းသံကြီး ဟိန်းထွက်လာသည်။

"ဟော့ကောင် နေကြာ၊ မင်းဘယ်သင်္ချိုင်းက ပြန်လာတာလဲ. ."

နေလွှာ ဆတ်ကနဲ ကိုယ်ကို တစ်ခြမ်းစောင်းလှည့်ပြီး ဦးရွှေကြိုင်ကို လှမ်းကြည့်လိုက်သည်။ သူ့အကြည့်က မိုက်ကြည်း၊ သူ့မျက်လုံးတွေကလည်း စူးရဲပြီး အရောင်တွေ တောက်နေသည်။

နေလွှာ စတိုင်ကမိုက်သည်။ ရုပ်ရှင်ထဲက ဖိုက်တင်မင်းသားစတိုင်မျိုးဖြစ်သည်။ ကြည့်ကောင်းသည်။

ဦးရွှေကြိုင် နည်းနည်းဖြုံသွား၏။ အံ့သြသွားပုံလည်းရသည်။ နေလွှာက မခို့တရို့လေးရယ်လိုက်ပြီး. . .

"နေမိန္ဒရသင်္ချိုင်းထဲက လာတာလေ. . အဟဲ ဒါပေမယ့်



ကျုပ်က နေကြာ မဟုတ်ဘူး. . ဦးရွှေကြိုင်။ ကျုပ်က နေလွှာဗျ. . နေလွှာ. ."

ဟု ဆိုလိုက်ရာ. . .

ဦးရွှေကြိုင် ကြောင်သွားသည်။ အခန်းဝတွင် ရပ်နေသည့် ဒေါ်ခင်ခင်ဦးလည်း လန့်သွား၏။ မျက်လုံးပြူး ဝင့်ဝင့်လေးနှင့် သူ့သားကို ငေးကြည့်နေသည်။ ဟုတ်သည်။ သူ့စတိုင်က နေကြာလို ပျော့ခွေ့ခွေ့မဟုတ်။ နေလွှာလို ခပ်ကြမ်းကြမ်းစတိုင်။

"ဘာ နေလွှာလဲ၊ မင်းရူးနေလား။ နေလွှာသေတာ ဘယ်လောက်ကြာပြီလဲ. . ငါ မသိဘူး မှတ်လို့လား။ အေး နေလွှာဖြစ်ဖြစ် နေကြာဖြစ်ဖြစ်၊ ငါဂရုမစိုက်ဘူး သိလား။ ငါ့ကို လာမစမ်းနဲ့ ဘယ်ကောင်မှ မကြောက်ဘူး. ."

နေလွှာ ခါးထောက်ပြီး ခပ်စိမ်းစိမ်းစိုက်ကြည့်လိုက်သည်။

"ဟုတ်လား. . ကြိုက်တယ်. . ကျုပ် နေလွှာဆိုတဲ့ အကောင်ကလည်း ဘယ်ကောင်ကိုမှ မကြောက်ဘူး။ ကျုပ်ညီနဲ့ ကျုပ်အမေကို အနိုင်ကျင့်ရက်စက်နေတဲ့ ခင်ဗျားကို စာရင်းရှင်း မလို့ သင်္ချိုင်းထဲက ထလာတာ နားလည်လား"

www.burmeseclassic.com



"ဘာပြောတယ်ကွ။ ခွေးတိရစ္ဆာန်ကောင်"

ဦးရွှေကြိုင် ယုတ်ယုတ်မာမာတွေဆဲပြီး ဒေါသတွေပွင့်ထွက်သွားကာ ထိုင်ရာမှ ဝေါက်ကနဲထလိုက်သည်။ နေလွှာကို ထိုးကြိတ်ရန် ကုန်းထလိုက်ခြင်းဖြစ်သည်။ သို့သော် ဦးရွှေကြိုင်က အရက်လည်း မူးနေသည်။ စိတ်ထင်တိုင်းမပေါက်။ သူ့လှုပ်ရှားမှုတွေက လေးလံနေ၏။

လျှင်မြန်သွက်လက် သူက နေလွှာ။ အိမ်ထရံမှာ အမြဲချိတ်ထားသည့် သူ့အဖေ ဓား။ သူ့အဖိုးလက်ထက်က အမြဲတမ်းတောက်ပြောင် ပြောင်နေအောင် အမြဲသွေးထားသည့် မြန်မာ့ဓား ထိုဓားကို နေလွှာ ပြေးဆွဲသည်။

"သား နေကြာ မလုပ်နဲ့ . . မလုပ်နဲ့ . . "

ဒေါ်ခင်ခင်ဦး သူ့သားကို လှမ်းအော်တားသည်။ ကြောက်လန့်တကြားနှင့် တုန်နေသည်။ သို့သော် နောက်ကျသွားပြီ။ မမှီလိုက်တော့။

နေလွှာ . . ဓားအိမ်ထဲက ဓားကို ဆွဲချွတ်ပြီး သူ့ဆီလှမ်းလာနေသည့် သူ့ဖထွေးဆီ ဓားကိုမြှောက်ပြီး ပြေးဝင်သွားသည်။

"အံမာလေး လာကြပါဦး၊ လာကြပါဦးတော် . . ဒီမှာ





နေကြာ ဦးရွှေကြိုင်ကို သတ်နေပါပြီတော့ အံမာလေး"

ဒေါ်ခင်ခင်ဦး ဆက်မကြည့်ရဲတော့၊ နေလွှာက ဦးရွှေကြိုင်ကို ဓားနှင့်တစ်ချက်ပြီး တစ်ချက်ဆက်ဆက် ခုတ်နေသည်။ ဦးရွှေကြိုင် တစ်ကိုယ်လုံး သွေးတွေလူးနေသည်။

နောက်ဆုံးတွင် ဦးရွှေကြိုင် ကြမ်းပေါ်သို့ ခွေခွေလေး လဲကျသွားပါတော့သည်။

ဦးရွှေကြိုင် တစ်ချက်မျှ မလှုပ်တော့။ သွေးအိုင်ထဲမှာ အသက်ပျောက်သွားပြီဖြစ်သည်။

ဒေါ်ခင်ခင်ဦး အခန်းထောင့်တွင် မျက်နှာကို လက်နှစ်ဖက်နှင့်အုပ်ပြီး တစ်ကိုယ်လုံးတစ်ဆက်ဆက် တုန်ရီနေသည်။

ဒေါ်ခင်ခင်ဦး အသံနက်ကြီးနှင့် ကုန်းအော်လိုက်သံကြောင့် တစ်ရပ်ကွက်လုံး လူတွေ ဝိုင်းအုံလာပြီး ခြံထဲပြေးဝင်လာကြသည်။ အိမ်ရှေ့ခြံတစ်ခြံလုံး လူတွေပြည့်နေသည်။

နေလွှာ . . ငှက်ကြီးတောင်ဓားကို လက်တစ်ဖက်ကဆွဲပြီး အိမ်ခန်းထဲက ထွက်လာသည်။ ဓားတစ်ခုလုံး သွေးတွေရွှဲနေသည်။ သူ့တစ်ကိုယ်လုံးလည်း သွေးစက်တွေ စွန်းပေနေသည်။

"ဟော့ ခင်အုန်းနဲ့ တင်မြ၊ ရဲစခန်းကို သွားအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြား. . ”

လူကြီးတစ်ဦးက လူအုပ်ထဲမှ လှမ်းပြောလိုက်သည်။ ကျောင်းတုန်းစုသူကြီး ဦးထွားစုအသံဖြစ်သည်။

“အံမာလေး။ နေကြာရယ် မင်း မင်း လူသတ်လိုက်ပြီ”

ဒေါ်ခင်ခင်ဦး နေလွှာ့ကို ကြောက်ကြောက်လန့်လန့် မော့ကြည့်နေသည်။ သူ့သားကို အံ့ဩသလို ငေးကြောင်ကြည့်နေသည်။

နေလွှာ. . လက်ထဲက ဓားကိုကြမ်းပြင်ပေါ် ပစ်ချလိုက်ပြီး အိမ်ပေါ်မှ လှမ်းဆင်းလာခဲ့သည်။ သူ့မျက်လုံးများကလည်း ဂနာမငြိမ်။

ထိုစဉ်တွင် လူအုပ်တွေကြားထဲမှ နေကြာ လှမ်းထွက်လာပြီး နေလွှာ့နံဘေးမှာ တုန်တုန်ရီရီလေး လာရပ်သည်။

“ကဲ နေကြာ. . ငါ့ကိစ္စပြီးပြီ။ ကျန်တာ မင်းဆက်ရှင်းတော့. . ငါသွားမယ် ငါဒီမှာ ကြာကြာနေလို့ မဖြစ်တော့ဘူး”

“ဟာ မင်းသွားတော့ မလား။ ငါ့တစ်ယောက်တည်း ထားခဲ့တော့မှာလား၊ နေဦးလေကွာ. . ”

နေကြာ မျက်နှာငယ်လေးနှင့် နေလွှာ့ကို တောင်းပန်သည်။





“ဟာ. . ငါက ဘာကိစ္စနေနေရမှာလဲ. . ငါ့ကိစ္စပြီးပြီလေ။ ငါတာဝန်ကျေပြီပဲ၊ ငါသွားမယ်. . ”

ပြောပြောဆိုဆို နေကြာ့ကိုယ်ထဲမှ ဖျတ်ကနဲ နေလွှာ လှမ်းထွက်သွား၏။ နေကြာ့ကိုယ်လေး ယိုင်သွားသည်။ နေကြာ ဝိညာဉ်လိပ်ပြာလေးက အလိုလို ရှုပ်ကနဲ သူ့ ခန္ဓာကိုယ်လေးထဲသို့ စုပ်ယူလိုက်သလို လွင့်ဝင်သွား၏။

နေကြာ ကြောင်ရပ်နေစဉ် စက္ကန့်ပိုင်းအတွင်းမှာပင် နေဖွား လူအုပ်တွေကြားထဲမှ တိုးထွက်သွားပါတော့သည်။ ပြီးနောက် နေလွှာ့ဝိညာဉ်လေး ဖျတ်ကနဲပျောက်ကွယ်သွား၏။

ထိုအချိန်လေးမှာပင် နေကြာတို့ ခြံရှေ့သို့ ရဲကားပြာလေးထိုးဆိုက်ရောက်လာသည်ကို လရောင်ဖြင့် မြင်ရသည်။ ကားထဲမှ ရဲအရာရှိ ရဲသားတွေဆင်းလာကြပြီး ခြံထဲဝင်လာကြသည်။

“ဟာ နေလွှာ. . နေဦးလေ၊ နေလွှာ. . နေလွှာ. . ရဲတွေလာနေကြပြီ၊ ငါ့ကိုဖမ်းတော့မယ်။ လုပ်ပါဦးကွ. . အမေ အမေ။ လုပ်ပါဦး။ ကျွန်တော့်ကို ဖမ်းကြတော့မယ်၊ ကျွန်တော် သတ်တာ မဟုတ်ဘူး၊ ဦးရွှေကြိုင်ကို ကျွန်တော် မသတ်ဘူး၊ နေလွှာ သတ်တာ နေလွှာ သတ်တာပါ. . ”

www.burmeseclassic.com



နေကြာ ကြောက်ကြောက်လန့်လန့်နှင့် အရှုးလိုဖော် နေသည်။ အိမ်ရှေ့လှေကားထစ်ပေါ် သူထိုင်ချလိုက်ပြီး ခေါင်းကို ဖြေးဖြေးခါရမ်း၏။ ယခုတော့ သူ့စိတ်ရိုင်းများက လွင့်ပျယ်သွား ပြီမို့ ကြောက်စိတ်တွေ ရင်ထဲဝင်လာသည်။

ရဲတွေက လူအုပ်တွေကြားထဲမှ ဖြတ်ဝင်လာပြီး နေကြာ ဆီကို ပိုင်းလာကြသည်။ ပြီးနောက် ရဲသားတစ်ဦးက ကြောင်ငေး တုန်ရီနေသည့် နေကြာ့ကို လက်ထိပ်ခတ်လိုက်သည်။ ရဲအရာရှိ က အိမ်ပေါ် လှမ်းတက်သွားပြီး ဦးရွှေကြိုင်အလောင်းကို ကြည့်ရှုစစ်ဆေးနေသည်။

"အမေ သားကို ခွင့်လွှတ်ပါ။ သား သူ့ကို မသတ်ပါဘူး။ တကယ်ပါ အမေရဲ့ . . သူ့ကို သတ်တာ နေလှသာပါ၊နေလှသာပါဗျ။ အဟင့်ဟင့်။ အမေရေ သားကို ကယ်ပါဦးဗျာ"

သနားစရာ နေကြာ့အသံက လရောင်အောက်မှာ တရွေ့ရွေ့ဝေးရင်းဝေးရင်း ပျောက်ကွယ်သွားပါလေသတည်း။

တကယ်တော့ စိတ်သည် အလွန်ဆန်းကြယ်ပါသည်။ ပြီးတော့ ကြောက်စရာလည်း ကောင်းပါသည်။

မသိစိတ်၊ သိစိတ်၊ စိတ်၏ မာယာတို့က နေကြာ နှလုံးသားကို လွှမ်းမိုး အနိုင်ယူခဲ့ခြင်းပဲဖြစ်ပါသည်။ စိတ်၏





လှည့်ဖြားမှု မာယာကြောင့်ကွင်းမှာ နေကြာအမိဖမ်းခံလိုက်ရခြင်း ဖြစ်သည်။

သြော် သနားစရာ နေကြာ။ စိတ်ဝေဒနာသည်လေး နေကြာ။

ချိုမွှေးသင်းပျံ့သော မေတ္တာရနံ့ဖြင့်

နန်းထိုက်စိုး

(နိုင်ငံခြားဘာသာသိမှု)

ဝန်ခံချက်။ ၁၉၆၈ ခုနှစ် ဝန်းကျင်ခန့်က သထုံကျောင်းကုန်း တွင် ဖြစ်ပွားခဲ့သော စိတ်ဝေဒနာရှင် လူငယ်တစ်ဦး၏ ဖြစ်ရပ်မှန် လူသတ်မှုအကြောင်းကို သူ့ကိုယ်စား 'စာရေးသူ'က ပြန်လည် ဖန်တီးခံစားတင်ပြလိုက်ခြင်းဖြစ်ပါသည်။

(စာရေးသူ)



www.burmeseclassic.com

www.burmeseclassic.com

# ဗို့ဆေးနှင့်ညို့ပြေးသူ

## (တစ်)

မီးရောင် ထိန်ထိန်လင်းနေသည့် "မန္တလေးမီးရထား ဘူတာရုံကြီး"က နောက်မှာ **တစ်ရိပ်ရိပ်** ဝေးကျန်ရစ်ခဲ့၏။

"မြနှင်းအေး" က ညရထားစီးရတာကို ချစ်သည်။ ညနွေးနွေးထဲမှာ ပြတင်းပေါက်က ကြွမ်းကြွမ်းရမ်းရမ်း လွင့်ဝင်လာသည့် လေစိမ်းများ၏ ဆီးပွေ့ဖက်ရမ်းဖြတ်သန်းသွားခြင်းကို ခံစားရတာ ပျော်သည်။ ပြီးနောက် ညမှောင်မှောင် ဝိုးတဝါးထဲမှာ ရိပ်ကနဲရိပ်ကနဲ မြင်လိုက်ရသည့် မသဲမကွဲရှုခင်းတွေကို ကြည့်ရတာကလည်း ရင်ဖိုကြည်နူးစရာကောင်းသည်ဟု ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခုလည်း ညရထားကို တမင်ရွေးပြီး "မြနှင်းအေး" ရန်ကုန်ဆင်းလာခဲ့ခြင်းဖြစ်သည်။ ရည်ရွယ်ချက်က ကားလှလှလေးတွေကိုချစ်မြတ်နိုးတတ်သည့် မြနှင်းအေး နောက်ဆုံးပေါ် ကားလှလှသန့်သန့်လေးတစ်စီးကို ကိုယ်တိုင်စိတ်ကြိုက်ရွေးပြီး ဝယ်ရန်ဖြစ်သည်။

မြနှင်းအေးက "ဥပဒေဝိဇ္ဇာဘွဲ့" ကို ရထားပြီးပြီ။ သူမနှင့် ကျောင်းဆင်းဖက် သူငယ်ချင်းတွေကတော့ ရှေ့နေတို့၊ ဥပဒေ ဝန်ထမ်းတို့၊ တရားရေးဝန်ထမ်းတို့ ဝင်လုပ်နေကြသည်။ ဒါပေမယ့် မြနှင်းအေးက ဝန်ထမ်းဘဝကို စိတ်မဝင်စား။ ကုန်သည်မျိုးရိုးပီပီ စီးပွားရေးလုပ်ငန်းပဲ စိတ်ဝင်စားသည်။ သည်တော့လည်း မိဘလက်ငုပ်လက်ရင်းဖြစ်သည့် ရတနာလုပ်ငန်းကိုပဲ မြနှင်းအေး ရွေးသည်။

ယခုဆိုလျှင် ဈေးချိုထဲမှာ မြနှင်းအေးပိုင် "နှင်းစက် ရွှေရည်ဦး" ဆိုသည့် ရတနာရွှေဆိုင်တစ်ခုကို ခန့်ထည်စွာ ဖွင့်လှစ် ထားနိုင်ခဲ့ပြီ။ ဒါပေမယ့် လက်ရှိ သူမစီးနေသည့် "အက်စ်အီး" ကားလေးကို စိတ်မဝင်စားတော့။ လုပ်ငန်းနှင့် ထိုက်ထိုက်တန် တန်ထည်ထည်ဝါဝါ ကားလေးတစ်စီး စီးချင်သည့် ဆန္ဒပြင်းပြ နေသည်။





မနေ့က သူမ ဆက်သွယ်ထားသည့် ရန်ကုန်က သူငယ်ချင်း အမျိုးသမီးရှေ့နေတစ်ဦးက မြနှင်းအေးမှာထားသည့် နောက်ဆုံးပေါ် ဗင်ကားလှလှလေးတစ်စီး တွေ့ထားပြီ၊ အမြန်လာခဲ့ပါဆို၍ သူမသည် ညရထားနှင့် ချက်ချင်းကမန်းကတန်းလိုက်လာခဲ့ခြင်းဖြစ်သည်။

အခုမှ မြနှင်းအေး သူမစီးလာသည့် အထက်တန်းတွဲ မြူမြူလေးကို သတိထားမိကြည့်ဖြစ်သည်။

သူမရှေ့ မျက်နှာချင်းဆိုင် ဆိုဖာခုံနှစ်လုံးထဲမှာ အသက် လေးဆယ်ကျော်အရွယ်ဇနီးမောင်နှံစုံတွဲနှစ်ဦးက တည်ငြိမ်စွာ လိုက်ပါလာသည်ကို တွေ့ရသည်။

မြနှင်းအေး သူမ၏ ဝဲဘက်ခုံမှ ခရီးသည်ကို မိုးစွဲစွာ မသိမသာလေး ဝေ့ပြီးအကဲခတ်ကြည့်လိုက်သည်။ ခရီးသွားလျှင် ကိုယ့်ပတ်ဝန်းကို ပထမဦးဆုံး ဂရုစိုက်သတိထားရမည့် သတိသမ္ပဇဉ်က မြနှင်းအေးဦးနှောက်မှာ အစဉ်စွဲနေသည်။

မီးရောင်နှင့် လင်းချင်းနေသည့် တွဲထဲမှာ အမြင်တစ်ဝက်နှင့်ပင် သူမနံဘေးမှ ခရီးသည်၏ အသွင်သဏ္ဌာန်ကို သဲကွဲစွာ ဆင်ခြင်မိလိုက်ပါသည်။

ခရီးသည်က လူရွယ်တစ်ဦး။ မြနှင်းအေးနှင့် ရွယ်တူ



www.burmeseclassic.com

www.burmeseclassic.com



မတိမ်းမယိမ်း။ အသက် အစိတ်ပတ်ဝန်းကျင်ခန့်။ စတစ်ကော်လာအကျီအဖြူအောက်ခံနှင့် အနက်ရောင် ဘက်ထရက်စ်တိုက်ပုံအကျီကို သေသေကြော့ရှင်းသပ်ရပ်စွာဝတ်ထားသည်။ ပုဆိုးက ပိုးကျစ်ယောလုံချည်အစိမ်းကွက်နုနုလေး။ မျက်နှာပေါ်မှာ အဘိုးတန် ရောင်မျက်မှန်ရွှေရောင်ကိုင်းနှင့် ပြီးတော့ မန္တလေးစောင်းကော် ကတ္တီပါညှပ်ဖိနပ်အသစ်တို့က လူရွယ်၏ ဥပဓိရုပ်နှင့် အဆင့်အတန်းတို့ကို ဖော်ပြနေသည်။

နှာတံပေါ်ပေါ် အသားလတ်လတ်နှင့် ကြော့ရှင်းသည့် လူရွယ်၏ အနေအထားကို အကဲခတ်လိုက်ပြီး မြနှင်းအေး စိတ်အေးသွားသည်။ ပညာတတ်ဘွဲ့ရ ခေတ်အမျိုးသမီးပီပီ သူမနံဘေးက ခရီးသည်လူရွယ်သည် စိတ်ချရသည့် ခေတ်ပညာတတ် အထက်တန်းလွှာထဲက ဖြစ်ရမည်ဟု မြနှင်းအေး တစ်ထစ်ချယုံကြည်မိလိုက်သည်။

မြနှင်းအေး သူမကိုယ်သူမ ပတ်ဝန်းကျင်အနေအထားကို အကဲခတ်လိုက်ပြီး စိတ်ချယုံကြည်သွားသည်။

ရထားသည် မူလအတိုင်း တရိပ်ရိပ်အရှိန်နှင့် ခုတ်မောင်းနေသည်။ ပြတင်းပေါက်မှ လေနုကြမ်းစိမ်းစိမ်းရှိုင်းရှိုင်းတွေက အထွေးလိုက် မြနှင်းအေးကို လှမ်းပက်ကျီစယ်လာကြ





သည်။

မြနှင်းအေး နံဘေးမှ လူရွယ်က **NEWS WEEK** မဂ္ဂဇင်းတစ်စောင်ကို ထုတ်ပြီး ဖတ်လာနေသည်။ သူ့လက်မှ ရွှေရောင်အိုမီဂါနာရီနှင့် မြပွင့်ကို စိန်ရံထားသည့် လက်စွပ်တစ်ကွင်းတို့ကိုလည်း မြနှင်းအေး သတိထားလိုက်မိသည်။

မြနှင်းအေး သူမရင်ခွင်ထဲမှ ပွေ့ထားသည့် ဆလင်းဘက်အိတ်ညိုညိုကြီးကို ဖွဖွလေး ဖြေလျှော့ကာ ပြင်ပွေ့လိုက်သည်။

မန္တလေး အမြန်ရထားကြီးသည် ညလွှာရုံအမှောင်ထုထဲမှာ တာဝန်ကျေပြွန်စွာ တစ်ဟုန်ထိုး ခုတ်မောင်းလာနေသည်။

မြနှင်းအေး မျက်နှာချင်းဆိုင်မှ လင်မယားကတော့ ငိုက်မြည်းပြီး ပါလာကြသည်။ အမျိုးသမီးက သူ့အမျိုးသားပခုံးပေါ် ခေါင်းမှီပြီး အိပ်လိုက်လာသည်။

× × × .. ×



www.burmeseclassic.com

www.burmeseclassic.com



(၁၆)

"ဒီမှာခင်ဗျာ"

နံဘေးမှ ရုတ်တရက် တိုးညှိမ်စွာခေါ်လိုက်သည့်အသံ။ လူရွယ်၏ ခွင့်တောင်းလိုက်သည့်အသံ။ မြနှင်းအေး လှည့်ကြည့်ဖြစ်သွားသည်။

"ဝန်မလေးဘူးဆိုရင် ကျွန်တော် စီးကရက်တစ်လိပ်လောက် သောက်ပါရစေ၊ ကျွန်တော် ပါးစပ်အရမ်းချဉ်နေလို့ပါ။ ဒီက ညမကို အားနာလို့"

ယဉ်ကျေးစွာ သူက ခွင့်ပန်နေသည်။ မြနှင်းအေး ကိုယ်တိုင်က တက္ကသိုလ်ကျောင်းသူဘဝကို ဖြတ်သန်းလာသူ။ ယခုလည်း ရတနာကုန်သည် စီးပွားရေးလောကထဲမှာ ကျင်လည်နေရသူတစ်ဦးဆိုတော့ ခေတ်ဆန်သလို ခေတ်လည်း မီပါသည်။ မြနှင်းအေး ဒီလောက် မရိုင်းပါ။ ဒါ ဒီနေ့ခေတ် ယဉ်ကျေးမှုတစ်ခုပဲ။ မြနှင်းအေး နားလည်ခေတ်မီပါသည်။

"အို. . သောက်ပါရှင်။ ကိစ္စမရှိပါဘူး၊ အားနာဖို့ မလိုပါဘူး၊ နဲဗားမိုင်. . နဲဗားမိုင်၊ အဟင်း ဟင်း. . "

ရှောရှောရှူရှူပင် မြနှင်းအေး ခွင့်ပြုလိုက်သည်။ လူရွယ်





အနေမကျပ်စေရန် အရယ်အပြုံးလေးပင်စွက်ပြီး ခေတ်မီတဲ့ အမျိုးသမီးပုံစံ စတိုင်လ်လေးနှင့် ခပ်ဟော့ဟော့လေး ဘိုလို မှတ်လိုက်ပါသေးသည်။

လူရွယ် ကျေနပ်စွာ အပြုံးပွင့်လေး မျက်နှာပေါ် လွှမ်းသွားသည်။

"သင့်ခယူးနော်"

ဟုဆိုပြီး လူရွယ် သူ့အင်္ကျီထဲက ငါးသုံးလုံးဘူးကို ထုတ်ပြီး စီးကရက်တစ်လိပ်ကို ဖြည်းညှင်းစွာ ထုတ်ယူလျက် ရွှေရောင်ဂက်စ်လိုက်တာလေးနှင့် မီးညှိသည်။

"ဟို. . မီးလွင့်မှာစိုးလို့ ကျွန်တော်ပြတင်းပေါက်နားကို ခဏထိုင်ပါရစေလား။ ခဏလေးပဲ။ ပြီးရင် နေရာပြန်လဲပေးပါ့မယ်. . "

"ရပါတယ်. . "

မြနှင်းအေးကလည်း လူရွယ်၏ ယဉ်ကျေးမှုအပေါ် ကျေနပ်သည်။ သူ့ဆက်ဆံရေးပြေပြစ်ညက်ညောမှုကလည်း မြနှင်းအေးအတွက် စိတ်ဝင်စားစရာတစ်ခုဖြစ်သည်။ စီးပွားရေး ဈေးကွက်အရတွက်လျှင်လည်း မြနှင်းအေးအတွက် မိတ်ဆွေတစ်ဦးတိုးသည်။ ကံကောင်းလျှင် **"Customer"** တစ်ဦးဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



နိုင်သည်။

အကယ်၍ ဒီလူရွယ်က မတော် “မန်းနေဂျင်းဒါရိုက်တာ” တစ်ဦးဦးဖြစ်နေရင်ကော။ သူမဦးနှောက်က သည်မျှပြေးသည်။

မြနှင်းအေး စိတ်ထဲက စိတ်ကူးယဉ်ကြည့်မိတာလေ။

ချက်ချင်းပဲ မြနှင်းအေးက ကြည်ဖြူစွာ ထပေးပြီး နေရာချင်း လဲပေးလိုက်သည်။

“သင့်ခယူးပဲဗျာ”

လူရွယ်က စီးကရက်ကို ကျင်လည်စွာ ရှိုက်ဖွာပြီး ဖိမ်ယူနေသည်။ စီးကရက်မီးခိုးငွေ့တွေက အထွေးလိုက် မြနှင်းအေး မျက်နှာနှင့် ရင်ခွင်တစ်ဝိုက်ဆီ လွင့်ပြေးဝင်လာနေသည်။

မြနှင်းအေး ကျေနပ်ကြည်နူးနေပါသည်။ သူလွတ်လပ်စွာ သောက်ပါစေလေ။

မြနှင်းအေး ဆလင်းဘတ်အိတ်ကို ပွေ့ပြီး ဆိုဖာနောက်မှီကို မှီကာ မှိန်းနေလိုက်သည်။ သူ့မီးခိုးငွေ့အနံ့လေးတွေက တစ်မျိုးပဲ။ စိမ်းပြန့်ပြန့်လေးတွေ။ အရင် သူမ တစ်ခြားသူတွေဆီက ရဖူးတဲ့ စီးကရက်နံ့မျိုးတွေလည်း မဟုတ်ဘူး။ ထူးခြားနေသလိုပဲ။



မြနှင်းအေးစိတ်ထဲမှာ တစ်မျိုးပဲ။ လေးလံထိုင်းမှိုင်းလာသည်။ မျက်ခွံလေးလည်းလေးပြီး စင်းလာသည်။ မြနှင်းအေး အာရုံတွေ ဆိုင်းလာပြီး အဝေးဆီ လွင့်သွားနေသလိုပဲ။ နှုတ်ခမ်းတွေ၊ အာတွေလည်း ထုံအမ်းပြီး လေးလာသည်။ အသိစိတ်တွေ တဖြည်းဖြည်းဝေဝါးလာပြီး မြနှင်းအေး ဖျတ်ကနဲမေ့သွားတော့သည်။

မြနှင်းအေး ဘာမှ မသိတော့။

သိစိတ်အာရုံတွေ ခန္ဓာကိုယ်မှာ လွင့်သွားတော့သည်။

အမှောင်ထုကြီးတစ်ခုထဲ မြနှင်းအေးလွင့်ပါသွားခဲ့သည်။ လူရွယ်တို့သွားသည့် သူ့ စီးကရက်လေးကို ဖြည်းညှင်းစွာ နှုတ်ခမ်းမှချွတ်ပြီး ပြတင်းပေါက်မှ တောက်ပစ်လိုက်သည်။

သူ့လက်ဝဲဘက်ဆီ ညှင်သာစွာ လှမ်းကြည့်၏။ မြနှင်းအေး နှစ်မြိုက်စွာ အိပ်ပျော်နေပြီ။ သူ လေတစ်ဖြူးဖြူး တိုက်နေသည့် ပြတင်းပေါက်မှန်တံခါးကို ပိတ်ချလိုက်သည်။ ပြီးနောက် သူ့ခေါင်းပေါ်ရှိ စင်မြင့်လေးပေါ်မှ သားရေဂျာကင်နက်တစ်ထည်ကို ထယူပြီး မြနှင်းအေးရင်ဘတ်ပေါ်သို့ ကြင်နာယုယစွာ ညှင်ညှင်သာသာလေး လွှမ်းခြုံပေးလိုက်ပါသည်။

ရထားကြီးကတော့ ဘာမျှမသိရှာ။ ညလွှာရှုံထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ဆူညံစွာ အော်မြည်ပြေးလွှားခုတ်မောင်းနေလျက်ရှိပါသည်။

× × × × ×

**(သျှ:)**

မြနှင်းအေး မည်မျှကြာကြာ အိပ်ပျော်မေ့မျောသွားခဲ့သည်မသိ။

"မိန်းကလေး ထတော့လေ။ ပဲခူးလွန်လာပြီကွဲ့။ မင်းလည်း တစ်ညလုံးအိပ်လာလိုက်တာ ရန်ကုန်ရောက်တော့မယ်. ."

တစ်စုံတစ်ယောက် သူမကို လှုပ်နှိုးလိုက်တော့မှ မြနှင်းအေး လန့်နိုးလာသည်။ ခေါင်းတွေလည်း မူးနောက်နေသည်။

"မင်းအမျိုးသားကတော့ ညထဲက ပျဉ်းမနားမှာ ဆင်းသွားပြီကွဲ့. . ကျွန်တော့် အမျိုးသမီး ခရီးပမ်းပြီး အိပ်ပျော်နေတယ်။ လမ်းမှာ စောင့်ရှောက်သွားပါနော်တဲ့။ အန်တီတို့ကို မှာသွားတယ်။ သူတော့ နောက်နေ့မှပဲ ရန်ကုန်လိုက်လာမယ် ပြောသွားတယ်. ."



မျက်နှာချင်းဆိုင်မှ အန်တီကြီး၏ စကားများကြောင့် မြနှင်းအေး ယောင်ယမ်းပြီး ဆတ်ကနဲ ထထိုင်လိုက်မိသည်။

"ဟင်. . ဟာ မဟုတ်ဘူး အန်တီ၊ အဲဒါ ကျွန်မနဲ့ ဘာမှမဆိုင်ဘူး. . သူ့ကို ကျွန်မ သိလည်း မသိဘူး. ."

ပြောပြောဆိုဆို ထိုင်းမှိုင်းမူးဝေနေသည့်ကြားမှ လူးလဲထပြီး ကိုယ်ပေါ်က သားရေဂျာကင်ကြီးကို ဆွဲခွာချလိုက်ပါသည်။

"ဟင်. . သွားပြီ။ မရှိတော့ဘူး၊ ကျွန်မ ဆလင်းဘတ်အိတ်ကြီးလည်း မရှိတော့ဘူး၊ အိတ်ထဲမှာ ကျွန်မ ကားပယ်ဖို့ ယူလာတဲ့ ငွေဆယ်သိန်းနဲ့ လက်ဝတ်လက်စားရတနာ ပစ္စည်းတွေလည်းပါတယ်၊ ကျွန်မ ဘေးနားက လူ အလစ်သုတ်သွားပြီ။ ဟုတ်မယ်. . သူပဲ ဖြစ်မယ်။ သွားပါပြီ အန်တီရယ်၊ ကျွန်မ လူကဲခတ်မှားသွားပြီ. ."

မြနှင်းအေး ရှိုက်ငိုနေမိပါတော့သည်။

ငိုနေရင်းမှ မြနှင်းအေး စဉ်းစားနေမိသည်။ သူမကို နေရာချင်းလဲခိုင်းပြီး လေတင်ကနေ စီးကရက် သောက်ခြင်းမှာ ထိုသူ၏အကြံဖြစ်ရမည်။ သူ့စီးကရက်နံ့လည်း စိမ်းပြန့်ပြန့် ရနံ့တစ်မျိုး။ မော်ဖီးယားလို ထုံထိုင်းမူးယစ်စေသည့် မေ့ဆေးတစ်မျိုး

www.burmeseclassic.com



ပဲဖြစ်ရမည်။ ထိုအနံ့ကိုရပြီး မြနှင်းအေး မှေ့သွားခဲ့ခြင်းဖြစ်သည်။

ဒီလူရုပ်ကိုလည်း မြနှင်းအေး မှတ်မိသည်။

ဘာပဲဖြစ်ဖြစ် ရန်ကုန်ရောက်ရောက်ချင်း နီးရာရဲစခန်း တစ်ခုခုသို့သွားပြီး မြနှင်းအေး အမှုဖွင့်မည်။ မြနှင်းအေး လူတစ်ယောက်၏ အဝတ်အစားနှင့် ရုပ်ရည်ကို ကြည့်ပြီး အထင်ကြီးလေးစားယုံကြည်မိခဲ့တာ မှားသွားပြီ။

ဒါပေမယ့် မြနှင်းအေးလည်း ဥပဒေ နားလည်သည့် ပညာတတ်တစ်ဦးပဲ။

တရားဥပဒေဆိုတာ ဆိတ်ကွယ်ရာမရှိပါဘူး။

"တို့ဆေးနဲ့ ညှို့ပြေးနေတဲ့သူ"ရယ်။ ရှင့်လွတ်အောင် ပြေးဦးပေါ့။ မြနှင်းအေး စိတ်မချမ်းသာရသလို ရှင်လည်း စိတ်မချမ်းမသာ တစ်နေ့ဖြစ်ဦးမှာပါ။ ငိုရှိုက်နေရင်းက မြနှင်းအေး ရင်ထဲမှ ကျိန်ဆဲနေမိလိုက်သည်။

× × × × ×





([illegible])

"ကေသီတင့်နွယ်" သည် "ပွင့်ရတနာ" ရွှေဆိုင်ရှေ့မှ ခပ်သွက်သွက် လှမ်းထွက်လာသည်။ ဗိုလ်ချုပ်ဈေး အလယ်ပေါက်ဆီ တန်းတန်းမတ်မတ်လျှောက်လာသည်။

သူမ ပင်မအဆောက်အဦးကြီး၏ အဝင်ဝမှာ လှမ်းအထွက်လိုက်တွင် အရှေ့ဘက်ဖင်စီစတိုးဆိုင်လေးတစ်ခုထဲမှ လှမ်းထွက်လာသည့် အနောက်တိုင်းဝတ်စုံနှင့် လူရွယ်တစ်ဦးနှင့် ဆုံမိသည်။

"မင်း ပန်းတော်ဝင် အနန်ကယ်လ် ဦးတင့်နွယ် သမီး ကေသီမဟုတ်လား။ စောစောကလည်း ဘဏ်ထဲမှာ ကိုယ် မျှတ်ကနဲ မြင်လိုက်သေးတယ်"

ကေသီ ထိုလူရွယ်ကို တစ်ချက်မျှ စိုက်ငေးကြည့်ဖြစ်သွားသည်။ လူရွယ်က ဖြူဖြူသွယ်သွယ် နှာတံပေါ်ပေါ်နှင့် ခပ်ဖြောင့်ဖြောင့်ပုံစံ။ ဖိုတိုဂရေး "ပရင့်စ်" ရွှေရောင်မျက်မှန်နှင့် လက်တစ်ဖက်မှာလည်း "အတက်ချိကေစ်" သေတ္တာပြားလေး ဆွဲထားသည်။ ဘယ်ဘက်လက်က "ဟန်းချိန်း"ကလည်း ရွှေနှစ်ကျပ်သားလောက်ရှိမည်။



www.burmeseclassic.com

www.burmeseclassic.com



ကေသီ သူ့ကို အံ့အားသင့်နေစဉ် . . .

"ကိုယ့်ကို မင်း မသိဘူးထင်တယ်၊ ကိုယ်က ဂျပန်က ပြန်လာတာ မကြာသေးဘူး။ ဒေါက်တာစံဦးသားအလတ် ချစ်မင်းစံဦးလေ . ."

ချစ်မင်းစံဦး၊ ဒေါက်တာစံဦးသား။

ဒေါက်တာစံဦးဆိုတာက ကေသီတို့ မိသားစုဆရာဝန်ကြီး။ ဖေဖေ့မိတ်ဆွေ။ သူ့သားတစ်ယောက် ဂျပန်မှာရှိသည်ဟု ကြားဖူးသည်။ အင်ဂျင်နီယာဟု ကေသီပြောသံကြားသည်။ သူပဲဖြစ်မှာပဲ။ စောစောကဟုတ်သည်။ သည်ကိုလူချော့တို ဘဏ်ထဲမှာ သူမငွေထုတ်နေရင်း သေသေချာချာ နှစ်ကြိမ်သုံးကြိမ်လောက် မြင်လိုက်သေးသည်။

"အော် . . ဟုတ်လား၊ ကေသီကြားတော့ ကြားဖူးတယ်"

"အခု မင်းဘယ်လဲ၊ ကားမပါဘူးလား၊ ဖိုးစိန်လမ်း ပြန်မှာလား . ."

"ဟုတ်တယ်၊ ဖေဖေက ဘဏ်မှာ ငွေထုတ်ခိုင်းလိုက်တာ။ ကြာနေလို့ ကားပြန်လွှတ်လိုက်တာ။ ဈေးထဲမှာလည်း ကေသီ့ စိန်ဆွဲကြိုးအပ်ထားတာ ဝင်ယူနေလို့ . ."

"ကိုယ်လည်း စိတ်မရှည်တာနဲ့ ကားပြန်လွှတ်လိုက်တာ။ ဒါဆို အတော်ပဲ။ ကိုယ်လည်း ဖိုးစိန်လမ်းထဲက ဂရင်းဟောက်စ်မှာ ဂျပန်တစ်ယောက်နဲ့ ချိန်းထားတာ သွားမလို့။ လာ . . တက္ကစီပဲ စီးသွားကြတာပေါ့"

ကေသီ ဘာမှမပြောင်းနေတော့။ ချစ်မင်းစံဦးနောက်မှ သုတ်သုတ်လေး လှမ်းလိုက်လာခဲ့သည်။

ချစ်မင်းစံဦးက အနောက်ဘက်သို့ ချိုးကွေ့လာခဲ့ပြီး တက္ကစီစတင်းမှ "ကာကာ" ကားတစ်စီးကို ငှားလိုက်သည်။

"ကားဆရာ ဖိုးစိန်လမ်းထဲက ပန်းတော်ဝင် ဟိုတယ်ကို အရင်ဝင်ပို့နော်။ ကဲ . . လာ ကေသီ၊ ကိုယ် အချိန်သိပ်မရှိဘူး။ ကိုယ့်ဂျပန်က အချိန် သိပ်တိကျတာ . ."

ပြောပြောဆိုဆို နောက်ကားတံခါးချပ်ကို ဖွင့်ပေးသည်။ ကေသီ ချက်ချင်းနောက်ခန်းမှာ ဝင်ထိုင်လိုက်သည်။ သူက ကေသီနံဘေးမှာ ဝင်ထိုင်လိုက်သည်။ "ကာကာ" အဲကွန်းကားဖြူလေးငြိမ့်ကနဲလှမ်းထွက်လာသည်။ကားဝန်းထဲတွင် ရက်ပ်သီချင်း အနောက်တိုင်းတေးတစ်ပုဒ်ကလည်း မြူးပျံ့လွင့်ထွက်လာပါသည်။

ချစ်မင်းစံဦး သူ့ဘက်က မှန်တံခါးချပ်ကို ဖွင့်ချ၍ အော်တိုခလုတ်လေးကို ကျင်လည်စွာ နှိပ်လိုက်သည်။ မှန်တံခါး





www.burmeseclassic.com

www.burmeseclassic.com



ချပ်လေး လျှောကနဲအောက်ထဲ တိုးဝင်သွားသည်။ အပြင်က လေစိမ်းတွေကားထဲဝေါကနဲ ပြေးဝင်လာသည်။

ကားက သမ္မတရုံဂုံးတံတားပေါ်မှ ကျော်ဖြတ်လာပြီး အောင်ဆန်းကွင်းကို ပတ်သည်။ ပြီးနောက် အထက်ပန်းဆိုးတန်းလမ်းပေါ် ရောက်လာသည်။

ချစ်မင်းစံဦး သူ့ကုတ်အင်္ကျီထဲက လက်ကိုင်ပဝါကို ဖြန့်ရမ်းလိုက်ပြီး သူ့ ဘယ်ဘက်မှ လည်ပင်းရှိချွေးကို ဖွဖွတို့နေသည်။ ကေသီဘက် ဖြည်းဖြည်းလှည့်ကာ. .

"အန်တီလွင်ကော အိမ်မှာပဲလား။ နေကောင်းလား"

"ကောင်းပါတယ်။ မေမေက သိပ်အပြင်မထွက်ဘူး။ အိမ်မှာပဲ. ."

ချစ်မင်းစံဦးက သူ့ လက်ကိုင်ပဝါကို ရင်ဘတ်ရှေ့မှာ တစ်လှုပ်လှုပ်ရမ်းလျက် ပါလာသည်။ ဂျပန်က ပြန်လာတာ သိပ်မကြာသေးတော့ အဲကွန်းကားထဲမှာပင် ပူနေပုံရသည်။

ကေသီ့နှာခေါင်းထဲမှာ ရေမွှေးနံ့လို ပြင်းရှရှ စူးစိမ်းစိမ်း အနံ့တစ်မျိုးရသည်။ ချစ်မင်းစံဦးကိုယ်ထဲက စိမ့်ပျံ့ထွက်လာသည့် ပေါင်ဒါနံ့လား၊ သူ့အင်္ကျီ ဆွတ်ထားသည့် ဂျပန်ရေမွှေးနံ့လားမသိ။ အနံ့လေးက တစ်မျိုးလေး၊ သင်းစွေစွေ၊ စိမ်းရှရှနှင့်။





ကေသီ့အာရုံထဲ ဝေ့ကနဲ. . ဝေ့ကနဲဖြစ်လာသည်။ ခေါင်းထဲက မူးဝေ့ဝေ့ရီဝေဝေဖြစ်လာသလိုပဲ။ သို့သော် သည်အသိခံစားသိရှိလိုက်သည့် တဒင်္ဂလေးမှာပင် ကေသီ့ နှုတ်ခမ်းတွေ လေးလာပြီး သိစိတ်နှင့် ဖျတ်ကနဲ လွတ်သွားတော့သည်။ ကေသီ အိပ်ပျော်သွားသလို ဝေ့ကနဲဖြစ်သွားသည်။

× × × × ×

(ငါး)

ကေသီ ဘယ်လိုဖြစ်သွားမှန်းမသိ။ ပြန်သတိရလာတော့ ခုံတန်းရှည်လေးတစ်ခုပေါ်မှာ ရောက်နေသည်။

"ဟင်. . ငါ ဘယ်ကိုရောက်နေပါလိမ့်. ."

ကေသီ မျက်လုံးတွေ လန့်ဖျန့်ပြူးကျယ်သွားပြီး ဆတ်ကနဲ ထထိုင်လိုက်မိသည်။ ခေါင်းထဲမှာတော့ မူးနောက်ပြီး ရီဝေထိုင်းမှိုင်းနေသလို ရှိသည်။ သူမ ပတ်ဝန်းကျင်ကို စူးစမ်းကြည့်လိုက်တော့ ကန်တော်ကြီးစောင်းတစ်နေရာဟု နားလည်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခပ်လှမ်းလှမ်းတွင် ကရဝိတ်ဟိုတယ်ကို လှမ်းမြင်နေရ၏။ ကေသီ ရင်တွေ ဟုန်သွား၏။ သူမ၏ ဂျင်းအိတ်ပြာပြာလေးကို အရင်သတိရသည်။ မရှိတော့။ ဂျင်းအိတ်ထဲမှာ ဘဏ်က ထုတ်လာသည့် ငွေရှစ်သိန်းက နှစ်ရာတန်တွေချည်း အုပ်လိုက်။ ပြီးတော့ နှစ်သိန်းခွဲတန် သူမ၏ အသစ်စက်စက်စိန်ဘယက်လေး။ သွားပြီ။ ပါသွားပြီ။

သူမ ဘယ်လိုကနေ ဘယ်လို ကားပေါ်ကနေ ဒီကန်တော်ကြီးစောင်းကို ရောက်နေရပါလိမ့်။ ဟင်. . သတိရပြီ။ ဟို. . ချစ်မင်းစံဦးဆိုတဲ့လူ။ သူနဲ့ကားအတူ စီးလာခဲ့ကြတာ။ အခု သူကော ဘယ်မှာလဲ။

ကေသီ့အာရုံထဲမှာ တဖြည်းဖြည်း ပြန်သတိရလာသည်။ ဟုတ်ပါပြီ။ ဟို ချစ်မင်းစံဦးဆိုတဲ့လူဟာ အတုပဲဖြစ်ရမယ်။ ဓာတ်သိထဲက လူလိမ်တစ်ယောက်ပဲဖြစ်မယ်။ သူ ကေသီ့ကို တို့ဆေးနဲ့တို့ပြီး ကေသီမေ့နေတုန်း ပစ္စည်းတွေ လစ်ယူသွားတာပဲဖြစ်မယ်။

မှန်ပါသည်။ ချစ်မင်းစံဦးအတု လူလိမ်တတော့ မြေချိုး မှိုးပျံသွားပြီလားမသိ။ ကေသီ နောက်ကျသွားပါပြီ။

ယခုတော့ ကေသီဘာမှ မတတ်နိုင်တော့။ မိန်းမတို့၏





လက်နက်ကို အဖော်ပြုလျက် တရှိုက်မက်မက် ငိုနေမိပါတော့၏။

ရှိုက်ငိုနေမိလျက်က ကေသီ ခုံတန်းလေးပေါ်မှ ထရပ်လိုက်သည်။ သူမ ဖေဖေ ဦးတင်နွယ်ကတော့ စိတ်ပူနေတော့မည်။ သူမ ပန်းတော်ဝင်ဟိုတယ်သို့ မြန်မြန်ပြန်ပြီး ဖေဖေ့ကို ရှင်းပြရမည်။ ပြီး အနီးဆုံး ရဲစခန်းသို့ သွားပြီး တို့ဆေးနှင့် ညို့ပြေးသွားသည့်လူကို အမှုဖွင့်ရန်သာရှိတော့သည်။

× × × × ×

(ခြောက်)

သူ့နာမည်က ဦးချမ်းမြေ့အောင်ဟု ဆိုသည်။

ကမာရွတ် သုခလမ်းထဲရှိ တိုက်ခန်းတစ်ခန်းတွင် နေသည်။ သူ့တွင် (ဈ)နံပါတ်တိုယိုတာစပရင်တာ ကားဖြူလေး တစ်စီးလည်းရှိသည်။ သူ့အလုပ်အကိုင်က ရတနာကုန်သည်ဟု ဆိုသည်။ မန္တလေး၊ မြစ်ကြီးနား၊ တောင်ကြီး၊ မိုးကုတ်နှင့် ရန်ကုန်သို့ ကူးချီသန်းချီသွားလာနေရသည်ဟု ဆိုသည်။

သူ သုခလမ်းထဲသို့ ပြောင်းရွှေ့လာခဲ့သည်မှာ



www.burmeseclassic.com

www.burmeseclassic.com



မကြာသေး။ ခြောက်လခန့်သာရှိသေး၏။

အမှန်က ယင်းမှာ အပေါ်ယံဟန်ပြ လူမြင်ကောင်းအောင်သာပြထားခြင်းဖြစ်၏။ သူ့ဘဝအမှန်က ဒါတွေမဟုတ်။

သူ့နာမည်အရင်းက "အောင်ဗကွန်း"။ သူ့ဇာတိက မိတ္ထီလာမြို့နယ်ရွာလေးတစ်ရွာမှဖြစ်သည်။ ငယ်စဉ်ကတည်းက သူ့မိဘများကွယ်လွန်ခဲ့ကြသည်။ မိတ္ထီလာမြို့မှ ဆွေမျိုးနီးစပ် ဘုန်းကြီးတစ်ပါးက ခေါ်ယူမွေးစားခဲ့သည်။

ထို့နောက် ရန်ကုန်မြို့ရှိ မိဘမဲ့ကျောင်းတစ်ကျောင်းတွင် ပညာသင်ခဲ့ရသည်။ ထိုကျောင်းတွင် ကလေးချင်းရန်ဖြစ်ရာမှ အောင်ဗကွန်းက ဂျင်ဖြင့် ခေါင်းလေးနားထင်ကို ပေါက်ချလိုက်ရာ ကလေးတစ်ဦး ဂျင်သံစူးပြီး သေသွားခဲ့ရ၏။

အောင်ဗကွန်းကို လူငယ်ပြုပြင်ထိန်းသိမ်းရေးကျောင်းသို့ပို့လိုက်သည်။ ထိုကျောင်းတွင် အောင်ဗကွန်း ငါးနှစ်ကျော်ကျော်နေလိုက်ရပြီး ရန်ကုန်ပြန်ရောက်လာသည်။ ရန်ကုန်တွင် ဆိပ်ကမ်းကုန်ထမ်းအလုပ်သမား၊ လက်ဖက်ရည်ဆိုင် စားပွဲထိုး၊ ဆိုက်ကားနှင့် လမ်းဘေးဈေးရောင်း ရုပ်ရှင်ရုံလက်မှတ်မှောင်ခို စသည့်အလုပ်မျိုးစုံလုပ်ရင်း လွင့်မျောနေခဲ့သည်။

သို့ဖြင့် ရုပ်ရှင်ရုံ လက်မှတ်မှောင်ခိုရောင်းသည့်အလုပ်





ကို လုပ်ကိုင်နေရင်းက တစ်ရက်တွင် သူတို့အချင်းချင်း စကားများ ရန်ဖြစ်ကြပြီး အောင်ဗကွန်း လက်ချက်ဖြင့် လူတစ်ယောက် အကြီးအကျယ် ဒဏ်ရာရသွား၏။ အမှုက ဓားထိုးမှု၊ ထိုအမှုဖြင့် အောင်ဗကွန်း အင်းစိန်ထောင်တွင် ထောင်သုံးနှစ်ကျသွားခဲ့သည်။

ထောင်ထဲတွင် အောင်ဗကွန်း အလွန်အဘိုးတန်သည့် ပညာတစ်ခုရခဲ့သည်။ တခြားတော့ မဟုတ်။ ယခု လူတွေပြောပြောနေသည့် "တို့ဆေး" ဆိုသည့် ပညာရပ်ပဲဖြစ်သည်။

အမှန်က "တို့ဆေး" ဆိုသည်မှာ လူတွေထင်နေသည့်အသားကို လက်နှင့် တို့ထိလိုက်ရုံလေးနှင့် မူးမေ့သတိလစ်သွားသည်ဆိုကာ မှောင်အတတ်လိုလို၊ အောက်လမ်းပညာရပ်လိုလို တန်ခိုးစွမ်းအားရှိသည့် စိတ်ညှို့ပညာရပ်လိုလို ထင်နေကြသည်။ ယင်းမှာ မဟုတ်ပါ။ မော်ဖိန်းခေါ် ဘိန်းဆီတစ်မျိုးနှင့် ပေါင်းစပ်ဖော်စပ်ထားသည့် မေ့ဆေးတစ်မျိုးသာဖြစ်သည်။

ယင်း တို့ဆေးခေါ် မေ့ဆေးတစ်မျိုးကို အောင်ဗကွန်း ဖော်စပ်တတ်ခဲ့သည်။ သူ့ဆရာက ရှမ်းပြည်နယ် မြို့တစ်မြို့မှ ဆေးမှောင်ခိုမှုဖြင့် ထောင်ကျလာခဲ့သည့် လူတစ်ယောက်ဖြစ်သည်။ ထိုလူသည် ဆေးရုံတစ်ရုံမှ "ကွန်ပေါင်ဒါ" တစ်မျိုးလည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ဆေးမျိုးစုံဖော်စပ်ရာတွင် ကျွမ်းကျင်သူတစ်ဦးဖြစ်သည်။

အောင်ဗကွန်း ထောင်မှ လွတ်လာသောအခါ လူတစ်ယောက်နှင့် ပေါင်းပြီး ထိုမေ့ဆေးကို ဖော်စပ်ခဲ့သည်။ သို့သော် ထိုလူကိုတော့ သူ ထိုဆေးအကြောင်း ဖွင့်မပြော။ လုပ်ငန်းတစ်ခု စပ်တူလုပ်မည်။ ငွေထုတ်ချေးလျှင် ဝေစုကောင်းကောင်းပေးမည်ဟုဆိုကာ မက်လုံးများပေးခဲ့သည်။

ထိုတို့ဆေးဖြင့် အောင်ဗကွန်းက ပထမတော့ အလွယ်တကူ အသေးစားလုပ်ငန်းလေးတွေမျှလောက်သာ စမ်းလုပ်ခဲ့သည်။ အလုပ်ကလည်း မခဲယဉ်းပါ။ ရုပ်ရှင်ရုံထဲတွင် လက်ကိုင်ပဝါထဲ ထိုမေ့ဆေးကို ဆွတ်ပြီး နံဘေးက အမျိုးသမီးမျက်နှာရှေ့ကမသိမသာ လှုပ်ပေးရုံဖြင့် ထိုအမျိုးသမီး မိနစ်ပိုင်းအတွင်း ဖျတ်ကနဲမေ့သွားသည်။ ထိုအခါ အမျိုးသမီး ကိုယ်ပေါ်မှ ဆွဲကြိုး၊ လက်ကောက်၊ ပိုက်ဆံအိတ်တို့ကို ဖြုတ်ယူပြီး ရုံထဲက ထွက်လာရုံသာဖြစ်သည်။

ဒါဖြင့် တစ်ခုတော့ မေးစရာရှိ၏။ ထိုမေ့ဆေးထိုအောင်ဗကွန်းကော အနံ့မရနိုင်ဘူးလား။ သူကော ဘာကြောင့်မမေ့သလဲဟု မေးစရာ မရှိနိုင်ဘူးလား။





မှန်ပါသည်။ အောင်ဗကွန်း ဘာမှမဖြစ်နိုင်ပါ။ သူ့မှာဖြေဆေးရှိသည်။ ထိုဖြေဆေးက ဥပမာကေရာဇ်မြစ်ကို ပါးစပ်ထဲမှာ ငုံထားပြီး အရက်သောက်လျှင် မမူးသလိုပေါ့။ ဗိုက်ထရွန်ကိုစားထားပြီး ချက်ချင်းအရက်သောက်ကြည့်ပါ။ သိပ်မမူးတော့ပါ။ ခံနိုင်ရည်ရှိ၏။ ထိုနည်းတူ အောင်ဗကွန်းမှာလည်း ထိုမေ့ဆေးနံ့ရလျှင် သတိမလစ်သွား၊ မမေ့မမူးသွားအောင် ပျယ်စေနိုင်သည့် နိုင်ငံခြားမှလာသော **B.6** လို ဆေးတစ်မျိုးရှိသည်။ ထိုဆေးကို မြိုလိုက်လျှင် နာရီဝက်အတွင်း ထိုမေ့ဆေးနံ့ ရပေမယ့်သူ ဘာမှမဖြစ်နိုင်ပါ။

အောင်ဗကွန်းသည် ထိုမေ့ဆေးကို စီးကရက်ထဲတွင် ထည့်ပြီး မီးခိုးငွေ့ဖြင့် အနားရှိ အမျိုးသမီးတစ်ဦးဦးကို အနံ့ပေးပြီး မူးမေ့ကာ ထုံထိုင်းကြောင်အမ်းဖြစ်နေစဉ်တွင် ထိုအခွင့်အရေးကိုယူကာ ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် လုယက်မှုများကို လျှို့ဝှက်ပိရိစွာ ကြံစည်ခဲ့တော့၏။

မြို့ရွာအနှံ့အပြားသို့သွားပြီး ထိုသို့ အောင်ဗကွန်းတို့ဆေးဖြင့် လုယက်မှုအသေးစားတွေ ကျူးလွန်ပြီး တိမ်ရှောင်ပြေးနေခဲ့သူဖြစ်သည်။

ယခုတော့ အောင်ဗကွန်း ဘဝပြောင်းသွားပြီ။ သည်လို



www.burmeseclassic.com

www.burmeseclassic.com



အသေးအဖွဲလေးတွေ မလုပ်တော့။ သူကိုယ်သူ သူဌေးသားလိုလို၊ သူဌေးတစ်ဦးလိုလို၊ ရှိုးအပြည့်နှင့်နေကာအကွက် ကောင်းကောင်းကို စောင့်သည်။ ပိုင်မှလုပ်သည်။ အချီကောင်းတိုတွယ်သည်။

ပထမဦးဆုံးအကြိမ်အဖြစ် အချီကြီးတစ်ချီ အောင်ဗကွန်းစားလိုက်ရ၏။ ခြောက်လလောက် ဒုက္ခခံပြီး အသေးစိတ်လေ့လာချဉ်းကပ်လျက် သူအပိုင်တွယ်လိုက်နိုင်သည်။ သူစားခဲ့သည့် သားကောင်က မန္တလေးက "နှင်းစက်ရွှေရည်ဦး" ရတနာဆိုင်ပိုင်ရှင် "မြနှင်းအေး"ဆိုသည့် သူဌေးမလေး။ မန္တလေးညရထားပေါ်မှာ သူ ပညာသားပါပါလေး လက်စွမ်းပြခဲ့နိုင်သည်။

နောက် ကောင်မလေးတစ်ဦးကတော့ ရန်ကုန်က "ပန်းတော်ဝင်ဟိုတယ်"ပိုင်ရှင်၏ သမီးချောလေး "တေသီတင့်နွယ်"ဆိုသည့် ကောင်မလေး၏ ခြေလှမ်းများကို အသေးစိတ်လေ့လာပြီးနောက် အကွက်ကျကျသူ ဖန်တီးအောင်မြင်ခဲ့သည်။

ယခု အောင်ဗကွန်း လက်ထဲမှာ သိန်းသုံးလေးဆယ်လောက်ဖြစ်သွားပြီ။ ဒီလောက်ဆို မှုခင်းရဲတပ်ဖွဲ့ကလည်း "တို့ဆေးနဲ့ ညို့ပြေးနေတဲ့" နာမည်ကြီး လူတစ်ယောက်နောက်ကို အပူတပြင်းခြေရာခံလိုက်နေကြရောပေါ့။ အောင်ဗကွန်းနောက်တစ်ချီအပွကြဲဖို့ အေးအေးဆေးဆေး အနားယူ ဇိမ်ခံလိုက်ဦးမည်။ ဒီတစ်ချီ ခပ်ထောထောလေးပွလိုက်ပြီးရင်တော့ သူ ဒီလုပ်ငန်းကို စွန့်လွှတ်လိုက်တော့မည်။ ကောင်းရောင်းကောင်းဝယ်လုပ်ငန်းတစ်ခုခု လုပ်တော့မည်ဟု သံဓိဋ္ဌာန် ချထားမိလိုက်ပါသည်။

သို့ရာတွင်. . . . .

× × × × ×

ရတနာကုန်သည် ဦးချမ်းမြေ့အောင်အမည်ခံ "တို့ဆေးသမား" အောင်ဗကွန်း အမိဖမ်းရန် ချောင်းမြောင်းကြံရွယ်ထားသည့် ယခုသားကောင်တစ်ဦးကတော့ မော်လမြိုင်မြို့မှ စက်လှေပိုင်ရှင်၊ ပွဲရုံလုပ်ငန်းပိုင်ရှင် "ဒေါ်သင်းသင်းလှိုင်"ဆိုသည့် သူဌေးမတစ်ဦးဖြစ်သည်။

အောင်ဗကွန်း မော်လမြိုင်တွင် အပမ်းဖြေအနားယူတာ ဇိမ်ခံရင်း ဆွမ်းခံသွားငှက်သင့်။ မမျှော်လင့်ဘဲ ဒေါ်သင်းသင်းလှိုင်ကို မော်လမြိုင်ဈေးကြီးက ရွှေဆိုင်တစ်ဆိုင်

www.burmeseclassic.com



မှာ တွေ့ဆုံခဲ့ရ၏။ ဒေါ်သင်းသင်းလှိုင်သည် အသက် (၄၀)ဝန်းကျင် မုဆိုးမလေးတစ်ဦးဖြစ်သည်။ စီးပွားရေးကို အသက်နှင့်မမျှအောင် ကြိုးစားရှာဖွေသည်။ သူမ၏ ဝါသနာက ငွေထက်"စိန်"များကို စုဆောင်းခြင်းဖြစ်သည်။ နောက်တစ်ခုက ခရီးမကြာခဏထွက်တတ်သည်။ သူမက ခရီးထွက်လျှင်လည်း"မီးရထား"ကိုသာ စီးချင်သည့် အစွဲအလမ်းကကြီးသည်။ မီးရထားစီးလျှင် အထက်တန်းတွဲက ဇိမ်နှင့်စီးကာ အစားအသောက်မျိုးစုံစားပြီး လမ်းဘေးက ရှုခင်းတွေ ငေးရင်းတစ်ရေးတမော အိပ်သွားတတ်သည့် ပါသနာရှိသည်။

ပြီးနောက် ဒေါ်သင်းသင်းလှိုင်က စီးကရက်ကို ကြိုက်သည်။ အထူးသဖြင့် မီးရထားစီးရင်း အထက်တန်းတွဲထဲတွင်လန်ဒန်စီးကရက်ကို တစ်လိပ်ပြီးတစ်လိပ် ခဲသွားရသည့် အရသာကို သူမ အရမ်းနှစ်သက်ခုံမင်သည်။

သည်အိထာအားလုံးကို သုံးလအတွင်း အောင်ဗကွန်းကျေညက်စွာ လေ့လာထားပြီးဖြစ်သည်။ ပြီးနောက် အချိန်အခါနှင့် အကွက်ကောင်းကို ချောင်းနေသည်။

ယခုတွေ့ပြီ။ ဒေါ်သင်းသင်းလှိုင် ဒီအပတ်ထဲမှာ သူမကိုယ်တိုင် ရန်ကုန်တက်ပြီး စိန်များ သိန်းနှစ်ဆယ်ဖိုးလောက်





တက်ဝယ်မည်။ ဈေးကြီးထဲက သူမမိတ်ဆွေ ရွှေဆိုင်ပိုင်ရှင်ဆီမှသတင်းအတိအကျ အောင်ဗကွန်း ရထားပြီးပြီ။

ဒေါ်သင်းသင်းလှိုင်သွားမည့်နေ့ မုတ္တမမှစီးမည့် အမြန်ညရထားတွင် ဒေါ်သင်းသင်းလှိုင်နံဘေးမှ ထိုင်ခုံနေရာလည်း အောင်ဗကွန်း ရထားပြီးနေပြီ။ ထိုင်ခုံနေရာကလည်း သိပ်မခဲယဉ်းပါ။ အဲ. . ငွေတော့နည်းနည်း ပုံအောရသည်ပေါ့။ ကိစ္စမရှိ။ ဒီလောက်တော့ မျှောရမည်လေ။ ပြီးတော့ ထိုင်ခုံလက်မှတ်တလည်း သူ့နိုင်ငံသားစီစစ်ရေးကဒ်အတုထဲက "ဦးတင်ဝင်းကျော်" နာမည်နှင့် ဖြစ်သည်။ သူ့မှာ ဒီလို နာမည်အမျိုးမျိုးနှင့်နိုင်ငံသားစီစစ်ရေးကဒ်အတုတွေ လေးငါးခုရှိသည်။ ဒါကြောင့်လည်း ရဲက သူ့ကို ခြေရာခံမလိုက်နိုင်ခဲ့ခြင်းဖြစ်သည် မဟုတ်လား။ ဒါကလည်း သူ့အထင်လေ။

x x x x x

မုတ္တမ ဘူတာရုံလေးက ဆူညံလှုပ်ရှားအသက်ဝင်နေ၏။ ၇ နာရီထိုးတော့မည်မို့ ညအမြန် ရထားမကြာခင်ထွက်တော့မည်။ ခရီးသည်များက အားလုံး မီးရထားတွဲများပေါ်



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေကြပြီ။

အထက်တန်းတွဲတစ်တွဲထဲတွင် ဒေါ်သင်းသင်းလှိုင် အေးအေးဆေးဆေး ထိုင်နေသည်။

ထိုစဉ် လူတစ်ယောက် ခရီးဆောင်လက်ဆွဲအိတ်တစ်အိတ်ကိုဆွဲလျက် သူ့နံဘေးထိုင်ခုံရှေ့မှာ လာရပ်သည်။ လက်ဆွဲအိတ်ကို စင်ပေါ်ထိုးတင်လိုက်ပြီး ထိုင်ခုံမှာ ဝင်ထိုင်သည်။

ထိုလူက လူလတ်ပိုင်းအရွယ် နှုတ်ခမ်းမွေးနှင့် စာကြည့်မျက်မှန်အနက်ကို တပ်ထားသည်။ ဆံပင်ကို နောက်ပြန်လှန်ဖီးထားပြီး Yachika စပို့ရှပ်မီးခိုးရောင်လတ်ရှည်၊ သက္ကလပ်ဘောင်းဘီပွပွ၊ ရှူးဖိနပ်အနက်တို့နှင့် ဆရာဝန်တစ်ဦးလား၊ အင်ဂျင်နီယာတစ်ဦးလားတော့မသိ။ အရာရှိတစ်ဦးဦးဖြစ်နိုင်သည်ဟု ဒေါ်သင်းသင်းလှိုင် ထင်သည်။ သူ့ကိုယ်ထဲမှ ပေါင်ဒါနံ့သင်းသင်းလေး စိမ့်ထွက်နေသည်။

ထိုလူက ဆိုဖာပေါ် စတိုင်ကျကျထိုင်ချလိုက်ပြီး. . .

"ဟာ. . ပူတယ်ဗျာနော်။ ရထားကလည်း မထွက်သေးဘူးလား မသိ. ."

ဟုဆိုကာ ဒေါ်သင်းသင်းလှိုင်ကို တစ်ချက်လှည့်ပြောပြီး သူ့လက်က ရွှေရောင်တီတိုနီနာရီကို မြှောက်ကြည့်လိုက်



သည်။

"ဟုတ်ပါရဲ့။ ပူလိုက်တာရှင်။ ရထားထွက်တော့မှာပါ။ ဟော. . ပြောရင်းဆိုရင်း ရထားထွက်ပြီ။ ရထားထွက်ရင် အေးသွားမှာပါ"

ဒေါ်သင်းသင်းလှိုင် ပြုံးလျက် အလိုက်သင့် ပြန်ဆိုသည်။

ထိုစဉ် ရထားက မုတ္တမဘူတာရုံလေးထဲမှ ခုတ်မောင်းထွက်လာနေသည်။ သူတို့နှစ်ဦး၏ ရှေ့နှစ်ယောက်တွဲ ဆိုဖာထိုင်ခုံထဲမှာတော့ ညားကာစဟု ထင်ရသည့် လူငယ်စုံတွဲတစ်တွဲက ကြည်နူးစွာ အပြုံးချင်တီးတိုးဆိုလျက် ပတ်ဝန်းကျင်ကမ္ဘာလေးကို မေ့ကာ လိုက်ပါလာပါသည်။

ဒေါ်သင်းသင်းလှိုင်က ရထားပြတင်းပေါက်မှ လှမ်းမျှော်ကြည့်ရင်း သံလွင်မြစ်ဆွယ်ချောင်းပေါ်မှ လရောင်အောက်ရှိ ရွှေဒဂုံကျွန်းရိပ်ရိပ်လေးဆီ အငေးလွင့်နေသည်။

ကြည့်စမ်း၊ ဟုတ်ပါရဲ့. . လရောင်က ချစ်စရာဝင်းလက်ဖြာကျနေပါသည်။ စိမ်းစိုသည့် လယ်ကွင်းတွေကို လရောင်အောက်မှာ လှမ်းမက်ဖွယ် မြင်နေရ၏။

ဒေါ်သင်းသင်းလှိုင် ကြည်နူးသွား၏။ သူမ လသာပွေ့

www.burmeseclassic.com

www.burmeseclassic.com



အိတ်အကြီးစားကြီးထဲမှ လန်ဒန် စီးကရက်ဘူးကို မြတ်နိုးစွာ ဆွဲထုတ်ယူလိုက်သည်။ စီးကရက်တစ်လိပ် ထုတ်ယူသည်။ စီးကရက်ဘူးကို ပြန်မပိတ်သေးဘဲ နံဘေးမှ လူဆီလှည့်ပြီး ကမ်းပေးသည်။

"စီးကရက် သောက်ပါဦးလား. . ကျွန်မကတော့ စီးကရက် ကြိုက်တယ်. ."

"ဟာ ကျွန်တော့်မှာ ပါတယ်။ ကျွန်တော်လည်း လန်ဒန်ပဲ ကြိုက်တယ်. ."

"အို. . ဒါဆို အကြိုက်ချင်း တူနေပြီရှင်။ ကဲ. . ထုတ်မနေပါနဲ့တော့ သောက်ပါ။ ဒီကပဲ. ."

"သင့်ခယူပဲ"

ထိုလူက လန်ဒန်စီးကရက်တစ်လိပ် လှမ်းယူလိုက်ရင်း သူ့ဘောင်းဘီအိတ်ထဲက ရွှန်ဆွန်ရွှေရောင်မီးခြစ်ကို ဆွဲထုတ်သည်။ ပထမ ဒေါ်သင်းသင်းလှိုင်ကို လက်နှင့်အုပ်ပြီး ဖျောက်ကနဲခြစ်ပေးသည်။ လေတိုက်နေသဖြင့် ဒေါ်သင်းသင်းလှိုင် ကိုယ်နှင့်ကွယ်ပြီး ခက်ခက်ခဲခဲလေး မီးညှိရသည်။ ပြီးတော့မှ ထိုလူက သူ့စီးကရက်ကို မီးညှိသည်။

ချက်ချင်း လန်ဒန်မီးခိုးငွေ့ပြာပြာလေးတွေ သူတို့နှစ်ဦး ရှေ့မှာ ဝဲလွင့်နေကြတော့သည်။ သူတို့နှစ်ဦး၏ ရင်နှီးမှုက လည်း မြန်ဆန်သွားကြ၏။ အပြုံးချင်း တုံ့ပြန်လဲလှယ်ကာ စီးကရက်ကို ရှိုက်ဖွာရင်း လရောင်အောက်မှ ရှုခင်းများကို ခံစားငေးမော လိုက်ပါလာခဲ့ကြသည်။





သထုံမရောက်မီ အချိန်လေးမှာပင် ဒေါ်သင်းသင်းလှိုင် နှင့် ထိုလူမှာ သိကျွမ်းခင်မင်သွားခဲ့ကြသည်။ ထိုလူက သူ့ကိုယ်သူ ရန်ကုန်ဆေးရုံကြီးမှ "ဒေါက်တာ တင်ဝင်းကျော်"ဖြစ်ကြောင်း၊ မကြာသေးခင်ကမှ နိုင်ငံခြားမှ ပြန်လာခြင်းဖြစ်ကြောင်း၊ အိမ်ထောင်မရှိသေးကြောင်း ဒေါ်သင်းသင်းလှိုင် သိရသည်။

မုဆိုးမ ချောချောလေး၊ စက်လှေပိုင်ရှင် သူဌေးမလေး စိတ်ကူးယဉ်အိပ်မက်လေးထဲ လွင့်မျောသွားပြီထင်သည်။ နဂိုကပင် သဘောကောင်းသူပီပီ ဆရာဝန် လူပျိုချောကို အချိုရည်ဘူးတွေ ထုတ်တိုက်ဧည့်ခံပြီး စကားတွေ ဖောင်ဖွဲ့လာကြသည်။

လရောင်က တဖြည်းဖြည်း ရင့်မှည့်လာသည်။ ရထားက ကျိုက်ထိုကို ကျော်လာခဲ့ပြီ။ သူတို့ရှေ့က စုံတွဲအသစ်လေးနှစ်ဦး လည်း ငိုက်မျဉ်းရီဝေစွာ အိပ်ပါလာကြ၏။

"ဒေါက်တာ တင်ဝင်းကျော် သူ့ စပို့ရှပ်အကျႌအိတ်ထဲမှ လန်ဒန်စီးကရက်ဘူးကို ထုတ်လိုက်ပြီး ဖွင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ခါ ကျွန်တော့်အလှည့် ရော့ မမသင်း။ အိပ်ချင်ပြေ လန်ဒန်စီးကရက်လေးတစ်လိပ် ခဲလိုက်ပါဦး. ."

ဒေါ်သင်းသင်းလှိုင် ငြင်းဖို့မကြိုးစား။ ကြည်နူးကျေနပ်စွာ ဆရာဝန်လူရွယ်ချော ပေးသည့် ဝတ်ပြုသည့် လန်ဒန်စီးကရက်တစ်လိပ်ကို လှမ်းယူပြီး တစ်ရှိုက်မက်မက် မီးညှိရှိုက်ဖွာလိုက်သည်။

ဆရာဝန်လူရွယ်က ဒေါ်သင်းသင်းလှိုင်အလစ်မှ ဖျတ်ကနဲ ဆေးပြားလေးတစ်ပြားကို ပါးစပ်ထဲ ပစ်ထည့်ပြီး မျိုချလိုက်သည်။ ပြီး အသင့်ပါလာသည့် ရေသန့်ဘူးကို မော့ချလိုက်သည်။

ထိုလူက စီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကို သေသေချာချာ ရွေးယူပြီးမှ မီးညှိသည်။

ဒေါ်သင်းသင်းလှိုင် စီးကရက်ကို အားရပါးရလေးဖွာရင်း ရှုခင်းတွေဆီ ငေးရီလာသည်။ စိတ်ထဲမှာ စီးကရက်က အရသာတစ်မျိုးဟု ထင်သည်။ စိမ်းမြမြ သင်းပျံ့ပျံ့လေး။ အရသာရှိတတဟု ခံစားမိသည်။

"ဒေါက်တာ့ လန်ဒန်အရသာက တစ်မျိုးလေးပဲ"

သူမ ထိုစကားကို မနည်းအားယူပြောနေရသည်။





စိတ်ထဲမှာ လေးလံထိုင်းမှိုင်းနေသလိုပ။ အာရုံတွေလေးပြီး မျက်ခွံပါ စင်းလာသည်။ သိစိတ်တွေ ဖြည်းဖြည်းချင်း ဝေဝါးလာသည်။ ဒေါ်သင်းသင်းလှိုင် သိစိတ်အာရုံတွေ ဖျတ်ကနဲ ကိုယ်ခန္ဓာကိုယ်ထဲမှ လွင့်သွားတော့သည်။

ဒေါ်သင်းသင်းလှိုင် လက်ထဲက စီးကရက်တိုလေး လွင့်ကျသွားပြီး ခေါင်းငိုက်ကနဲစိုက်ကျသွားသည်။ ဆိုဖာနောက်ခုံပေါ် လန်ကျပြီး မေ့သွားတတ်သည်။

ရထားက မကြာမီ စစ်တောင်းတံတားကြီးပေါ်မှ တဝေါဝေါခုတ်မောင်းလာနေသည်။

ဒေါက်တာ တင်ဝင်းကျော်အမည်ခံ ရတနာကုန်သည် သူဌေးလေး ချမ်းမြေ့အောင်ခေါ် "တို့ဆေးမင်းသားအောင်ဗကွန်း" သူ့လုပ်ငန်းစတော့သည်။

ပထမ ပြတင်းပေါက်မှန်တံခါးကို အရင်ပိတ်ချလိုက်သည်။ ပတ်ဝန်းကျင်ကို မသိမသာဝဲကြည့်လိုက်၏။ အိုကေ။ ခရီးသည်တွေအားလုံး အိပ်ပျော်သူပျော်၊ ငိုက်သူငိုက်၊ အားလုံး ငိုက်မှေးရီဝေ ပါလာကြသည်။ သူတို့နှစ်ဦးကို ဘယ်သူမှ သတိမထားနေကြချေ။ သေချာပြီ။

သူဌေးက စုံတွဲလေးတစ်တွဲကလည်း ခေါင်းမှီးယှဉ်



www.burmeseclassic.com

www.burmeseclassic.com



လျက် အိပ်မက်ပွင့်လေးထဲ လွင့်မျောနေကြပြီ။ မကြာမီ ရထားက ပဲခူးရောက်တော့မည်။ ပဲခူးရောက်လျှင် သူအသာလေးဆင်းနေလိုက်ရုံသာရှိသည်။

အောင်ဗကွန်း. . ဒေါ်သင်းသင်းလှိုင်ကို လှည့်ကြည့်ပြီး ပြုံးလိုက်သည်။ သူ ထရပ်လိုက်ကာ စင်ပေါ်မှ သူ့ခရီးဆောင်လက်ဆွဲအိတ်ကို လှမ်းယူပြီး အထဲမှ သားရေဂျာကင်နက်ကို ဆွဲထုတ်ယူလိုက်သည်။

ပြီးနောက် ဂျာကင်ကို ဒေါ်သင်းသင်းလှိုင် ကိုယ်ပေါ်သို့ လွှမ်းခြုံပေးပြီး ဒေါ်သင်းသင်းလှိုင်ကိုယ်ပေါ်မှ ဆွဲကြိုး၊ ဟန်းချိန်း၊ လက်ကောက်၊ စိန်လက်စွပ်တို့ကို တစ်ခုချင်း ကျင်လည်စွာ ချွတ်ယူလိုက်သည်။ ပြီးနောက် ဟမ်းဘက်အိတ်အကြီးစားကြီးကို အသာလေးဆွဲယူလိုက်သည်။ သေချာအောင်လို့ ဟမ်းဘတ်အိတ်ဇစ်ကို ဆွဲပြီး ဖွင့်ကြည့်လိုက်တော့ အထဲမှာ စိန်ဝယ်ဖို့ယူလာသည့် ငါးရာတန်အုပ်လိုက်ငွေများက အပြည့်။

အောင်ဗကွန်း ပစ္စည်းများကို ဟမ်းဘတ်အိတ်ကြီးထဲ ထိုးထည့်လိုက်ပြီး ဇစ်ကို ပြန်ဆွဲပိတ်လိုက်သည်။ နောက်ဆယ်မိနစ်လောက်ဆို ရထားက ပဲခူးဘူတာထဲ ဝင်တော့မည်။ အားလုံးကွက်တိချိန်ကိုက်ပြီးသား ဖြစ်နေ၏။



သူ ဟမ်းဘတ်အိတ်ကြီးကို ရင်ခွင်ထဲ ပွေ့ထားပြီး အသက်ကို ဖြည်းညှင်းစွာ ရှူရင်း နေရာမှ ညင်သာစွာ ထရန် ဟန်ပြင်လိုက်၏။

ထိုစဉ် သူ့ရှေ့ထိုင်ခုံမှ စုံတွဲနှစ်ဦးက တိုင်ပင်ထားသလို ပင် ဖျတ်ကနဲ ခုန်ထလိုက်ပြီးလျှင် လူရွယ်က သူ့လက်ထဲမှ ပစ္စတိုသေနတ်နှင့် အောင်ဗကွန်းကို ထိုးချိန်လိုက်ပါသည်။

"ဟေ့လူ အောင်ဗကွန်း၊ မလှုပ်နဲ့နော်. . ငါတို့ မှုခင်းရဲတစ်ဖွဲ့က လှုပ်တာနဲ့ ပစ်ထည့်လိုက်မယ်။ ထိုင်. . ပြန်ထိုင်။ ငြိမ်ငြိမ်လေးနေ. ."

ပြောပြောဆိုဆို ထိုလူက ဇက်ကနေ အောင်ဗကွန်း ရင်ထဲမှ ဒေါ်သင်းသင်းလှိုင်၏ ဟမ်းဘတ်အိတ်ကြီးကို ဆတ်ကနဲ ဆွဲယူလိုက်ပါသည်။

တစ်ဆက်တည်းမှာပဲ ဒုရဲအုပ် နေရဲအောင် နံဘေးရှိ အမျိုးသမီး ဒုရဲအုပ် သန္တာချိုကလည်း အောင်ဗကွန်း၏ လက်နှစ်ဘက်ကို ဖျတ်ကနဲ ဆွဲယူပြီး လက်ထိပ်ခတ်လိုက်ပါတော့သည်။ စက္ကန့်ပိုင်းအတွင်းမှာပင် လျင်မြန်ဖျတ်လက်စွာ ပြီးဆုံးသွား၏။

တို့ဆေးနှင့် ညို့ပြေးနေသူ အောင်ဗကွန်း။ အင်း. အခုတော့ မင်း ရာဇဝတ်ဘေး ပြေးမလွတ်တော့ပါလား။

www.burmeseclassic.com



ဒေါ်သင်းသင်းလှိုင် သူ့ဖွေးမလေးကမူ ဘာမျှမသိရှာ၊ လန်ဒန်စီးကရက်ထဲမှာ ခတ်ထားသည့် မေ့ဆေးများမိပြီး ဆိုဖာထဲတွင် ခွေခွေလေး မေ့နေပါလေသည်။

ချိုမွှေးသင်းပျံ့သော ချစ်ရနံ့များဖြင့်
**နန်းထိုက်စိုး**
**(နိုင်ငံခြားဘာသာသိပ္ပံ)**



# မြဝတီ၏ လွမ်းချစ်သက်ဝေ

**([illegible])**

ကြာတော့လည်း ကြာမြင့်ခဲ့ပါပြီ။

လွန်ခဲ့သော နှစ်ပေါင်း (၃၀)ကျော်ခန့်၊ ၁၉၆၀ ခုနှစ် …တ်ဝန်းကျင်လောက်ဆီက ဖြစ်ပျက်ခဲ့သော ထူးဆန်းသော …ဆန် ဆန်ဖြစ်ရပ်မှန်မှုခင်းဇာတ်လမ်း' တစ်ခုပဲ ဖြစ်ပါ…ည်။

လူ့လောကကြီးသည် အလွန်ဆန်းကြယ်လှ၏။ ထို့နည်း …လူတို့၏ နှလုံးသားသည်လည်း ပို၍နားလည်ရခက်၊ အသိရ …်လှပါသည်။ လူသည် အစွဲအလမ်းလွန်၊ အချစ်လွန်တဲ့ချောင်



www.burmeseclassic.com

www.burmeseclassic.com



လည်း ကြောက်စရာကောင်းပေါ့။ သိစိတ် (Sub conscious mind) နှင့် မသိစိတ် (unconscious mind) တို့ ရောထွေးကာ ဖောက်ပြန်ဝေါက်ကွဲမှုင်းထွက်တတ်လေသည်။ ထိုအခါ အမှားနှင့် အမှန်ကို ဝေခွဲ၍မရတော့ဘဲ အလွန်သိမ်မွေ့နူးညံ့သည့် အချစ်သည် နှလုံးသား၏ အဆိပ်ဖြစ်သွားရတော့သည်။

ထိုထူးဆန်းသည့် အဆိပ်ရည်လွှမ်းသော အချစ်ဇာတ်လမ်းဖြစ်ရပ်မှန် မှုခင်းလေးက စာရေးသူ၏ အသည်းစိုင်မှာ ယနေ့တိုင်အောင် မေ့မရနိုင်စွာ စွဲထင်ကျန်ရစ်နေဆဲရှိပါသည်။

× × × × ×

နေရာက သထုံခရိုင် ဘီးလင်းမြို့လေးဖြစ်သည်။ စိမ်းညို့မှိုင်းဝေသော လေးခင်တောင်တန်းနှင့် ပြာလွင်လှ... ဘီးလင်းမြစ်ကြော၏ ကြားဝယ်တည်ရှိသော ဘီးလင်းမြို့... သည် ပြဝင်းစက်သည့် လရောင်အောက်တွင် နိုးထ၍နေ... သည်။

မှန်ပါသည်။ တန်ဆောင်မုန်းလပြည့်နေ့ညမို့ လမင်းကြီး... ဝင်းဆက်လှပစွာ လင်းထိန်နေလျက် ဘီးလင်း တစ်မြို့လုံး... ဘော်ငွေရောင်ဖြင့် လွှမ်းခြုံထားပါ၏။





မြို့လယ်ခေါင် ဓာတ်ရုံးကွင်းကြီးထဲမှာလည်း စိန်ကျော်လွင်ဇာတ်အဖွဲ့က ဂီတသံတို့ဖြင့် စိုးမိုးထားသောကြောင့် ပွဲခင်းကြီးတစ်ခုလုံး ခြိမ့်ခြိမ့်သဲစည်းကားနေသည်။ ယနေ့ညပွဲတာ ဒုတိယမြောက်ညာ။

ထိုသို့ ဆိုင်းသံဗုံသံဖြင့် ဆူညံဝေစော ဂီတလွှမ်းသည့် ချစ်မြတ်နိုးစရာ ညချမ်းလေးကို အရှုပ်ဆိုးအကျည်းတန်အောင် ထိတ်လန့်ခြောက်ခြားစရာ သတင်းတစ်ပုဒ်က ဖျက်ဆီးဝါးမြိုပစ်လိုက်ပါတော့သည်။

ထိုသတင်းကား တစ်ခြားမဟုတ်။ မြဇာတ်မြိုင်ချိန်နှင့် နှစ်ပါးသွားမထွက်သေးမီ အားလပ်ချိန်၊ လူတွေပွဲခင်းထဲမှာ ဆူညံစွာ သွားလာလှုပ်ရှားနေစဉ် ည (၁၂)နာရီနှင့် (၁)နာရီကြား။ ထိုအချိန်လေးကြားမှာပဲ ခေါင်းဆောင်မင်းသမီး မြစပယ်ဝေ တစ်ယောက် ပွဲခင်းနောက်ဘက် ခပ်လှမ်းလှမ်းက ဓရုမ်းပင် အမှောင်ရိပ်အောက် သွေးအိုင်ထဲ၌ အသက်ပျောက်နေသည့် သတင်းပဲဖြစ်ပါသည်။

မင်းသမီး မြစပယ်ဝေ အသတ်ခံရမှု သတင်းက ချက်ချင်းပွဲခင်းထဲ ပြန့်နှံ့သွားသည်။ ကြောက်လန့်တကြား ပြေးသူပြေး၊ ပြန်သူပြန်၊ ပွဲခင်းနောက် မင်းသမီးအလောင်းနားမှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း လူတွေအုံသူအုံနှင့် ပွဲခင်းတစ်ခုလုံး ရှုတ်ရှုတ်သဲသဲ ဆူဆူညံညံတွေဖြစ်ကုန်သည်။

ဇာတ်မန်နေဂျာနှင့် တာဝန်ခံလူကြီးတွေက ပွဲကိုထိန်းထားပြီး ဘီးလင်းရဲဌာနသို့ အကြောင်းကြားသဖြင့် ရဲဌာနအုပ်ကြီး ဦးမောင်မောင်စိန်နှင့် ရာဇဝတ်အုပ် ဦးဝင်းအောင်တို့ ရောက်လာကြသည်။ ရဲသားသုံးဦးလည်း ပါလာကြသည်။

အလောင်းက ဇာတ်စင်နောက်ကိုက် ၁၀၀ ကျော်ခန့်ရှိ မရမ်းပင်ခြေရင်း အမှောင်ရိပ်အစပ်တွင် ရင်ညွန့်၌ ဓားဒဏ်ရာတစ်ချက်တည်းနှင့်ပင် ခွေခွေလေးလဲကျ သေဆုံးနေခြင်းဖြစ်သည်။

လရောင်ဖြင့် မသဲမကွဲမြင်နေရသည့် မြစပယ်ဝေ၏ ဖွဲ့မက်ချစ်စရာ မျက်နှာလေးက မိတ်ကပ်ရောင်စုံတွေနှင့် အိပ်မောကျနေသည့်နှယ် ဖြူးယဲ့ယဲ့လေး သေနေရှာသည်။

ရဲဌာနအုပ်ကြီး ဦးမောင်မောင်စိန်နှင့် အဖွဲ့သားများက အလောင်းကို သေချာစွာ စစ်ဆေးပြီး ဘီလင်းတိုက်နယ်ဆေးရုံသို့ ညတွင်းချင်း အလောင်းကို သယ်ဆောင်သွားကြသည်။

× × × × ※





(နှစ်)

နောက်တစ်နေ့မနက် ဆေးရုံဝင်းလေးထဲတွင် လူတွေက တရုံးရုံး မင်းသမီးအလောင်းကို လာကြည့်ကြသူတွေက တိုးဝှေ့နေသည်။

မင်းသမီးအလောင်းကို ပထမဦးဆုံး တွေ့ရှိခဲ့သူက လက်ထောက်မင်းသမီး ခင်စိုးမြင့်။ သူက ပြဇာတ်အပြီး နှစ်ပါးသွားထွက်ရန် မင်းသမီး အဝတ်အစားများဝတ်ပြီး မျက်နှာကို မိတ်ကပ်ဖို့နေသည်။ ပြီးနောက် မှန် ရှေ့မှခွာကာ အပေါ့အပါး သွားချင်သဖြင့် ဇာတ်စင်နောက်ဘက်ရှိ အမျိုးသမီးအိမ်သာဆီ ထွက်လာခဲ့သည်။

လတာလည်း သာသဖြင့် တစ်ယောက်တည်း သီချင်းလေးညည်းပြီး အလာ ခပ်လှမ်းလှမ်း ရေမ်းပင်ရိပ်ထဲမှ လဲကျနေသည့် လူရိပ်တစ်ခုကို လရောင်ဖြင့် မသဲမကွဲလှမ်းမြင်လိုက်ရသည်။

ခင်စိုးမြင့် ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ အဝတ်အစားများကလည်း အဖြူရောင်တွေမို့ အမှောင်ရိပ်ထဲမှ ပြူထွက်နေသည်။ ပထမတော့ လူကြမ်းကိုဘဂျမ်းများ အရက်မူးပြီး လဲနေ



www.burmeseclassic.com

www.burmeseclassic.com



သလားထင်လိုက်သည်။ နောက်မသက်သာသဖြင့် အနားတိုးပြီး သွားကြည့်လိုက်တော့ မြစပယ်ဝေ၏ ဖြူဖွေးသည့် မျက်နှာလေးကို အွားကနဲမြင်တွေ့လိုက်ရတော့သည်။

"အမလေး. . မစပယ်ပါလား။ လာကြပါဦး. . လာကြပါဦး. ."

သည်တော့မှ ခင်စိုးမြင့် လန့်အော်လိုက်ပြီး အူယားဖားယား ဇာတ်ဝင်နောက်ကို ပြန်ပြေးဝင်လာသည်။ ဇာတ်သမားတွေလည်း ခင်စိုးမြင့်အော်သံကြောင့် ပြေးထွက်လာကြပြီး. .

"ဟဲ့. . ခင်စိုးမြင့်၊ ဘာဖြစ်လို့လဲ. ."

"ဟိုမှာ. . မရမ်းပင်အောက်မှာ မစပယ်. . မစပယ်"

သူစကားမဆုံးမီ လူပျက်ချက်ကြီးနှင့် ဇာတ်သမားတွေ မရမ်းပင်အောက်သို့ ပြေးထွက်သွားကြသည်။

သည်မှာပင် မြစပယ်ဝေ၏ အလောင်းကို သူတို့တွေ့ကြရသည်။

× × × × ×

ဆန်းတော့လည်းဆန်းသည်။

မြစပယ်သည် အလွန်ချောမောလှပသလောက် အင်မတန်စိတ်သဘောထားကောင်းသူ မင်းသမီးဖြစ်သည်။



တစ်ဇာတ်လုံးကလည်း သူ့ကိုချစ်ကြသည်။ နှာတံချွန်ကော့ကော့လေးနှင့် မျက်ခုံးက နက်မှောင်နေကာ မျက်လုံးတွေက ဝင်းတောက်စိုလဲ့နေသည်။ ပါးပြေပြေနှုတ်ခမ်းလေးကလည်း သဘာဝအတိုင်း ရဲရဲနေကာ စားစုသီးအလှအပလိုက်ပုံသဏ္ဍာန်ချစ်စရာလေး ဖြစ်နေသည်။ ပါးထက်မှ မှဲ့နက်ကလေးက မြစပယ်ဝေ၏ အလှကို ယပ်ဖြည့်ထားသလို ကျက်သရေရှိနေသည်။

မြစပယ်ဝေအသားက တအားအဖြူကြီးမဟုတ်။ ဝင်းစိုပြီး အဝါဘက်လုကာ စိမ့်စိမ့်လေးချောမွေ့လွန်းလှသည်။ ကိုယ်လုံးကိုယ်ပေါက်ကလည်း ဘာမှပြောစရာမရှိအောင် ပြည့်တင်းကျစ်လစ်နေပြီး အချိုးအဆစ်ကျသည်။ ပြီး မြစပယ်ဝေက ခေတ်ပညာတတ် ၁၀ ကျောင်းသူ ပန်တျာကျောင်းဆင်း။

ဒါကြောင့်လည်း ဂီတလောကသားတွေ နှုတ်ဖျားမှာ မြစပယ်ဝေ၏ အလှက ကဗျာတစ်ပုဒ်လို ဖွဲ့နွဲ့စရာဖြစ်နေသည်မှာ မဆန်းချေ။

ဆန်းသည်က သည့်လောက်ချောမောလှပပြီး ချစ်ခင်သူတွေက ဝိုင်းဝိုင်းလည်နေ သည့် မင်းသမီးလေးကို ဘယ်သူက ရက်ရက်စက်စက် သတ်သွားပါလိမ့်ဟူသော ပဟေဠိပင်။

ရဲဌာန အုပ်ကြီး ဦးမောင်မောင်စိန်အတော် ဦးနှောက်

www.burmeseclassic.com



ခြောက်သွားသည်။ စဉ်းစားရအလွန်ခက်နေသည်။ သူ့အလိုင်နယ်ထဲမှာ ပွဲခင်းကြီးထဲ ညကြီးမင်းကြီး ဝင်သတ်သွားသည့်တရားခံ၏ သဲလွန်စက ပျောက်နေသည်။ တရားခံ၏ လက်ရာခြေရာကိုပင်လည်း ဘာမှရှာမတွေ့ရ။ ဇာတ်အဖွဲ့သားအားလုံးတို့လည်း တစ်ဦးချင်း အားလုံးခေါ် စစ်ပြီးပြီ။ အယ်သူမှသေချာမသိ။

ဇာတ်မန်နေဂျာ ကိုအေးဝင်း ပြောပြချက်အရဆိုရင်တော့ မသက်ာစရာ လူနှစ်ယောက်တော့ တွေ့ရှိထား၏။ တစ်ယောက်က ပြဇာတ်မင်းသား ရေနံ့သာ ဝင်းမြင့်။ သူ့ အသက်က ၃၀ ခန့်ရှိ လူငယ်တစ်ဦး။ အသားညိုညို၊ နှာတံပေါ်ပေါ်မေးရိုးမသိမသာလေးကားပြီး မျက်ခုံးထူထူ၊ ဆံပင်တောက်တောက်နှင့် လူကြမ်းမင်းသားချော ချောသူ။ ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့်၊ အရပ်မြင့်မြင့်။ မိန်းမတွေ ကျလောက်သည့်ရုပ်ရှိသည်။

စိန်ကျော်လွင် ဇာတ်အဖွဲ့ထဲကို ဒီနှစ်မှ ရောက်ရှိလာသူ။ ပြဇာတ်မင်းသား။ သူကလည်း ခေတ်ပညာတတ်၊ ကုန်သည်မျိုးနွယ်က ဆင်းသက်လာသူ။ ဝါသနာအလျောက် ဇာတ်ထဲရောက်လာသူဖြစ်သည်။ သူက မြစပယ်ဝေကို ချစ်နေသည်။





ချစ်ခွင့်လည်း ဆိုထား၏။ သို့သော် မြစပယ်ဝေက သူ့ကို ချစ်တုန့်မပြန်။ အစ်ကိုလိုပဲ ခင်ပါရစေဟု ဖြူးဖြူးလေးပဲ မြစပယ်ဝေက ပြောခဲ့သည်ဟု ဆိုသည်။

နောက်တစ်ဦးကတော့ ဂီတစာဆို စန္ဒယားဆရာတစ်ခုလပ် တင်အောင်သူ။ သူက ဖြူဖြူပိန်ပိန်နွဲ့နွဲ့။ အသက် ၂၈ နှစ်ခန့်။ ဆံပင်ရှည်ရှည်နှင့် မိန်းမချောချောသည်။ တစ်ဇာတ်လုံး သီချင်းတွေကို သူကပဲရေးပေးသည်။ သူက ဒီဇာတ်ထဲရောက်လာတာ ၃ နှစ်ရှိပြီ။ သူ့မိန်းမက အရင်က ပြဇာတ်မင်းသမီးတစ်ဦးဟု ဆိုသည်။ မိန်းမနှင့်ကွဲပြီး သူ ဒီဇာတ်ထဲရောက်လာသည်။ သီချင်းဆိုလည်းကောင်းသည်။ သူ့အသံကြားလျှင် တော်ရုံမိန်းကလေး စွဲသွားနိုင်သည်။ ကျသွားနိုင်သည်။

သို့သော် သူက စန္ဒယားအတီးကောင်းသလို အရက်ကိုလည်း စွဲမက်ခုံမင်သည်။ စန္ဒယားတီးနေရင်း အရက်ပုလင်းကိုလည်း ဘေးမှာချထားသည်။ သူက အချစ်ကို အရက်နှင့်စတေးနေသူ။

သူကလည်း မြစပယ်ဝေကို ချစ်သည်။ ရင်ပွင့်မတတ် မြစပယ်ဝေကို ချစ်ပါသည်ဟု ဆိုပါသည်။ သူချစ်နေမှန်းကိုလည်း တစ်ဇာတ်လုံး သူပြောထားသဖြင့် အားလုံးက သိနေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော် ကာယကံရှင် မြစပယ်ဝေကိုတော့ သူမှင့်မပြော။ သူကတော့ အံ့ပုန်းချစ်သမား။

သူကလည်း အရက်သောက်တာ တစ်ခုကလွဲလျှင် လေးစားစရာကောင်းသည်။ သူစည်းနှင့်သူနေသည်။ ဝင်းမြင့်တလည်း သူ့ကိုလေးစားသည်။ သူတို့နှစ်ဦးစလုံး မြစပယ်ဝေကို ချစ်နေကြသော်လည်း ဘယ်တော့မှ သူတို့နှစ်ဦးတွေ့လျှင် မြစပယ်ဝေအကြောင်းကို စကားမပြောကြ။

သူတို့နှစ်ဦးက တစ်ဦးဦးများ မြစပယ်ဝေကို အချစ်မွန်ပြီး ဒေါသအလျှောက် လက်လွန်သွားလေသလား။ ကြည့်ရတာကတော့ တစ်ယောက်မျှ မှုမပျက်။ ဌာနခအုပ်ကြီး တော်တော် စဉ်းစားရခက်နေသည်။

× × × × ×

## (သုံး)

ဆရာဝန်စစ်ချက်အရဆိုလျှင်လည်း အသွားခြောက် လက်မခန့်ရှိ ချွန်ထက်သော ဓားမြှောင်လို အရာဝတ္ထုဖြင့် တစ်ချက်တည်း ရင်ညွန့်ကို အနီးကပ်ထိုးခဲ့ပုံရသည်ဟု ဆိုထား





သည်။ တခြားဘာထူးခြားချက်မှ မတွေ့ရ။ မြစပယ်ဝေ ကိုယ်မှာ ဝတ်ဆင်ထားသည့် ဆွဲကြိုး၊ လက်ကောက်၊ လက်စွပ်၊ နားကပ်၊ မြဘယက်စသည့် လက်ဝတ်ရတနာများကိုလည်း ဘာတစ်ခုမှ ယူမသွား။

ထူးတော့ထူးဆန်းသည်။ တရားခံ လူသတ်သမားသည် မည်သည့် အညိုးနှင့်များ မြစပယ်ဝေကို ရက်ရက်စက်စက် သတ်သွားပါလိမ့်။ မြစပယ်ဝေ ရှုန်းကန်လှုပ်ရှားကာ တရားခံကို ပြန်လည်ခုခံသတ်ပုတ်ထားသည့်အရာလည်း မတွေ့ရ။ သေဆုံးပုံကလည်း ညှင်ညှင်သာသာ ပြုံးမွေ့မွေ့လေး။ မရိုးမဆန့် အံ့ဩစိတ်ထိတ်လန့်ခဲ့သည့် အမူအရာအဖြစ်ပုံမျိုးလည်း မဟုတ်။ သူ မထင်မှတ်သူ သူနှင့် ရင်းနှီးချစ်ခင်သူတစ်ဦးဦးထဲကပေလား။

ခက်သည်က ဓာတ်စင်နောက်ဘက်နား မရှမ်းစင်ရိပ် တွင်ဆိုတော့လည်း တစ်နေ့လုံး အဲဒီနားမှာ သွားလာနေကာ ချက်ပြုတ်စားသောက်နေကြသဖြင့် ခြေရာတွေက ရှုပ်နေသည်။

သဲလွန်စ တစ်ခုခု တွေ့လိုတွေ့ငြား ရာဇဝတ်အုပ် ဦးဝင်းအောင်နှင့် ရဲသားနှစ်ဦးတို့ကိုလွှတ်ပြီး အခင်းဖြစ်ပွားခဲ့သည့် နေရာတစ်ဝိုက်ကိုတော့ သေသေချာချာ ပြန်စစ်ဆေး ကြည့်ရှုခိုင်းထားသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီး လူဆိုးထိန်း ချစ်ဆွေနှင့်အဖွဲ့ကိုလည်း နှဝ်းပုလဲ ရွှေလှေ၊ လိပ်သင်၊ ဒေါက်ရပ်စသည့် ရွာများသို့သွားပြီး စုံစမ်းပေးဖို့မှာထားသည်။

သို့သော် ညနေဘက်တွင် မမျှော်လင့်ဘဲ ဇာတ်အဖွဲ့မန်နေဂျာကိုအေးဝင်းရောက်လာပြီး သတင်းတစ်ခုပေးသည်။

"ဌာနာပိုင်ကြီး ကျွန်တော် သတင်းတစ်ခုပေးချင်လို့ လာခဲ့တာပါ။ အရေးတော့ နည်းနည်းကြီးမလားမသိဘူး။ ကျွန်တော် လူကြမ်း ဘဂျမ်းနဲ့ လူပျက်ချက်ကြီးတို့နှစ်ယောက်ကို သိပ်မသင်္ကာဘူး။ ဌာနာပိုင်ကြီး၊ ဒီနှစ်ကောင်ကြည့်ရတာ နည်းနည်း မူပျက်နေသလိုပဲ"

ဌာနာပိုင်ကြီးက ညနေစာ ထမင်းစားပြီး ညနေ့ခန်းထဲထိုင်ကာ အမှုအကြောင်းစဉ်းစားရင်း ရေနွေးကြမ်းသောက်နေသည်။ ထိုစဉ် မန်နေဂျာကိုအေးဝင်းရောက်လာပြီး သတင်းလာပေးခြင်းဖြစ်သည်။

"ဆိုပါဦး. . ဘယ်လိုမူပျက်နေတာလဲ. ."

"ဘဂျမ်းအရင်က အရက်မသောက်ပါဘူး။ ချက်ကြီးကတော့ သောက်တတ်တယ်။ ဒီညနေတော့ ချက်ကြီးနဲ့ ဘဂျမ်း အရက်အတူတူသောက်နေကြပြီး မီးဖိုနားမှာ တိုးတိုး တိုးတိုးနဲ့





တိုင်ပင်နေကြတာတွေ့တယ်။ ဘဂျမ်းမုံကြည့်ရတာလည်း တစ်ခုခုကို ထိတ်လန့်နေသလိုပဲ၊ အဲဒါ ကျွန်တော် သိပ်မသင်္ကာတာနဲ့ ဌာနာပိုင်ကြီးကို လာပြောတာ။ ဒီကောင်တွေ လူသတ်မှုနဲ့ ပတ်သက်ပြီး တစ်ခုခုတော့ တစ်ခုခုပဲ။ ပြီးတော့ ဘဂျမ်းဟာ အရင်ကလည်း ဇရှိဘူးတယ် ကြားဖူးတယ်. ."

"ဟုတ်လား. . ဘယ်လိုဇရှိတာလဲ. ."

"အရင် သူလိုက်ခဲ့ဘူးတဲ့ တိုင်းချစ်သန်းစိန်ဇာတ်ထဲမှာ ဇာတ်မင်းသားတစ်ယောက်နဲ့ ရန်ဖြစ်ပြီး ဓားထိုးမှုဖြစ်ခဲ့ဖူးတယ် ကြားတယ်။ ပြီးတော့ လူပျက်ချက်ကြီးကလည်း ခပ်ရှုပ်ရှုပ်၊ အရင်က ဖဲသမား. ."

"ကောင်းပြီ ကိုအေးဝင်း။ ကျေးဇူးပဲ။ ဒီကောင်နှစ်ကောင်ကို ကျွန်တော့်ဆီ ခုချက်ချင်းလွှတ်လိုက်ဗျာ။ နေဦး. . ကျွန်တော့် ရဲသားအုန်းလွင်ပါ ထည့်လိုက်မယ်။ ရဲဌာနာထဲက ကျွန်တော် စောင့်နေမယ်"

ဌာနာအုပ်ကြီးက ကိုအေးဝင်းကို ခေါ်ပြီး အိမ်ထဲမှထွက်လာခဲ့ကြသည်။ ဌာနာအုပ်ကြီးအိမ်က ရဲဌာနာဝင်း အရှေ့ထောင့်တွင်ရှိသည်။ လေးခင်တောင်နှင့် ကားလမ်းလေးသာခြားသည်။ ဘီးလင်းရဲဌာနာက ဘီးလင်းအချုပ်ထောင်ကြီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



တွဲထားသည့်မှီ အကျယ်ကြီးဖြစ်သည်။ ရဲဌာနက အချုပ်ထောင်နှင့်ကပ်လျက် ရဲဌာနဝင်းအလယ်တွင်ရှိသည်။

ခဏကြာတော့ လူကြမ်းဘဂျမ်းနှင့် လူမျက်ချက်ကြီးတို့နောက်ဦး ရဲသားအုန်းလွင်နှင့်အတူပါလာသည်။ ပထမ ဘဂျမ်းကိုအရင်ခေါ်ပြီး ဌာနာပိုင်ကြီးက သူ့သီးသန့်ရုံးခန်းထဲ ခေါ်စစ်သည်။

ဘဂျမ်းပါးစပ်က ချက်အရက်နံ့သင်းသင်းထွက်နေသည်။ လူကလည်း နည်းနည်းထွေနေပုံရသည်။ မူးပျံ့နေသည်။ မျက်နှာက ထိတ်ထိတ်ပြာပြာနှင့် ကြောက်လန့်နေသည့်အသွင်ပေါ်နေသည်။

"ကဲ.. ဟော့ ဘဂျမ်း မင်းကို သိပ်ရှည်ရှည်ဝေးဝေးတွေမမေးချင်တော့ဘူး။ မင်းအကြောင်းတွေ ငါတို့အားလုံး စုံစမ်းထားလို့သိပြီးနေပြီ။ မင်းလည်း မင်းကိုမင်း သိမှာပေါ့။ ကဲ.. လူသတ်မှုနဲ့ ပတ်သက်ပြီး မင်းမှန်မှန်ပြောမလား။ မင်းဖုံးကွယ်ထားရင် ဒီထက်ပိုဆိုးမယ်.. ကဲ.."

ဘဂျမ်းမျက်နှာကြီးက ရှာတော့မည့် မိုးလိုအုံ့မှိုင်းသွားသည်။ ငိုမဲ့မဲ့တွန့်ရှုပ်ရှုပ်ကြီးဖြစ်သွားပါသည်။ တစ်ကိုယ်လုံးဇောချွေးတွေပြန်လာပြီး တုန်တုန်ရီရီဖြစ်လာသည်။





"မိုးကြိုးပစ်၊ ဘုရားစူးရပါစေရဲ့။ ဌာနာပိုင်ကြီးရယ်။ ကျွန်တော်ဇာတ်ထဲမှာ လူကြမ်းလုပ်စားနေပေမယ့် ငှက်ကလေးတစ်ကောင်တောင် မသတ်ဖူးပါဘူး။ အရင်တစ်ခါ ကျွန်တော်မားထိုးမှုဖြစ်တာလည်း အရက်မူးပြီး ကြောက်ကြောက်လန့်လန့်နဲ့ ပြန်လုပ်ခဲ့မိတာပါ၊ သတ္တိရှိလို့ မဟုတ်ပါဘူး၊ ဒါကြောင့် ခုဖြစ်ပယ် ဓားထိုးခံရပြီး သေရတာဟာ ငါ့ကိုတော့ အမှုပတ်တော့မှာပဲဆိုပြီး ချက်ကြီးကိုပြောမြနေမိတာ။ အဲဒါ အရမ်းကြောက်တာနဲ့ ချက်ကြီး အရက်တိုက်လို့ သောက်.. သောက်နေတာပါ ဌာနာပိုင်ကြီးရယ်။ ကျွန်တော် လူသတ်မှုကိစ္စ ဘာမှမ.. မသိပါဘူး တကယ်ပါဗျာ.."

ဘဂျမ်းအမူအယာကိုကြည့်ရတာ တကယ်ဖြစ်နိုင်သည်။ ဟန်ဆောင်လုပ်ပြနေတာမဟုတ်မှန်း ဌာနာအုပ်ကြီးနားလည်သည်။ တရားခံတွေကို ကိုင်တွယ်ခဲ့သည်မှာ များပြီမို့ အတွေ့အကြုံအရ ချက်ချင်းသိလိုက်သည်။ ဘဂျမ်းမဖြစ်နိုင်။ သို့သော် တရားခံဆိုသည်များမှာ ဗရိယာယ်တော့များသည်။ လျှော့တွက်ထား၍တော့မဖြစ်။

"အေး.. မင်းစဉ်းစားပေါ့ကွာ။ ကဲ.. အုန်းလွင်ရေ၊ ဒီကောင့်ကို အချုပ်ထဲ ထည့်ထားလိုက်ကွာ။ ချက်ကြီးကို

www.burmeseclassic.com

www.burmeseclassic.com



ဒီလွှတ်လိုက်. . ”

ဘဂျမ်းငိုမဲ့မဲ့မျက်နှာနှင့် အုန်းလွှင်နောက်ပါသွားသည်။ လူပျက်ချက်ကြီးဝင်လာပြီး စားပွဲရှေ့ခုံမှာ ဝင်ထိုင်သည်။

သူ့ပုံစံက ခပ်အေးအေး။ အရက်နံ့က မွှန်နေပေမယ့် ကြွေရသည်။ မျက်လုံးတွေကတော့ ဂနာမငြိမ်။ မျက်တောင် တစ်ဖျတ်ဖျတ်ခတ်ပြီး ချိုတုံ့ချတုံ့ဖြစ်နေပုံရသည်။

ဌာနာအုပ်ကြီးက စီးကရက်ကို မီးညှိပြီး ဖြည်းညှင်းစွာ ဖွာသည်။ မီးခိုးများကို ဖြည်းညှင်းစွာ မြန်မှုတ်ထုတ်ရင်း ချက်ကြီး ကို ခပ်စူးစူးစိုက်ကြည့်ပြီး မေးသည်။

“ကဲ. . ချက်ကြီး ဒီလူသတ်မှုနဲ့ ပတ်သက်ပြီး မင်းသိ ထားတာ ဘာရှိလဲပြောစမ်း။ မလိမ်နဲ့နော်”

ချက်ကြီးက ချောင်းတစ်ချက်ဟန့်လိုက်ပြီး မျက်မှောင် တွန့်ကုပ်လိုက်ကာ. .

“ဌာနာပိုင်ကြီး မြစပယ်ဝေက အနေအေးတယ်။ လျှို့ဝှက်သိပ်သည်းတယ်ဆိုရပေမယ့် ရည်းစားတော့ရှိတယ်လို့ ကျွန်တော်ထင်တယ်။ သူ့ရည်းစားကိုလည်း သူတော်တော် ချစ်မြတ်နိုးပုံရတယ်. . ”

“အင်း. . ဆိုပါဦး။ အဲဒါနဲ့ လူသတ်မှုနဲ့ ဘာဆိုင်လဲ”





“ဒီလိုပါ ဌာနာပိုင်ကြီး။ တစ်ခါ တစ်ခါ သူမှန်ကြည့်ရင်း ဖီးလိမ်းပြင်ဆင်နေတုန်း တစ်ယောက်ထဲပြုံးနေတာတို့ တစ်ခါ တစ်ခါလည်း ပွဲခင်းထဲကို လှမ်းကြည့်ပြီး ကြည်နူးနေတဲ့ ပုံစံလေး တွေ သတိထားမိတယ်. . ”

“ဟား ဒါကတော့ သူလည်း ပုထုဇဉ်ပဲ။ မိန်းမသား အပျိုအရွယ်လေးပဲဟာ စိတ်ကူးယဉ်မှာရပေါ့။ ရည်းစားလည်း ရှိချင်ရှိမှာပေါ့။ ဒါ ဆန်းလား။ ဒါတွေထားပါ။ ငါသိချင်တာက လူသတ်မှုနဲ့ ပတ်သက်ပြီး သိချင်တာကွ”

ဌာနာအုပ်ကြီးက စိတ်မရှည်တော့ပဲ ချက်ကြီးကို ခပ်တည်တည်အော်ထည့်လိုက်သည်။ သည်တော့မှ ချက်ကြီး ငြိမ်သွားပြီး မျက်နှာမဲ့သွားကာ. .

“ဒီ. . ဒီလိုပါ ဌာနာပိုင်ကြီး။ မနေ့ည စောစောပိုင်းမှာ ပြဇာတ်ထွက်နေတုန်း ကျွန်တော် နောက်ဖေးဘက် ခဏထွက် ပြီး ဆီးသွားတော့ မြစပယ်ဝေ ဇာတ်စင်နောက်မီးဖိုလေးနားမှာ ကလေးလေး ဆယ်နှစ်အရွယ်လောက်ချာတိတ်ကလေးတစ် ယောက်နဲ့ စကားရပ်ပြောနေတာတွေ့တယ်။ ပွဲခင်းထဲက ကလေးတစ်ယောက်ထင်တာပဲ။ အဲဒီကောင်လေးက စာရွက် ခေါက်လေးတစ်ခု မြစပယ်ဝေကို လှမ်းပေးလိုက်တာ ရိပ်ကနဲ

www.burmeseclassic.com



မြင်လိုက်ရတယ်။ ကျွန်တော်က ပရိသတ်ထဲက ကာလသားတွေ မိတ်ဆက်စာပေးခိုင်းတာလား။ သီချင်းဆိုခိုင်းတာပဲလား ထင်မိတာ။ ဒါမျိုးက ဇာတ်သမားတွေအတွက်တော့ မဆန်းတော့ဘူး မဟုတ်လား. ."

ချက်ကြီးက သူ့စကားကို ခဏရပ်လိုက်ပြီးမှ တစ်ဖန်ဆက်ပြော၏။

"ဒါပေမယ့် ညက အဲဒီလို မြစပယ်ဝေ အသတ်ခံရပြီး ဒီမနက် ဌာနာပိုင်ကြီး အမိန့်နဲ့ ဇာတ်သမားတွေ ဒီရဲဌာနာဝင်းထဲ ပြောင်းရွှေ့ကြတော့ ကျွန်တော်ပစ္စည်းတွေ ဝိုင်းသိမ်းရင်း ဇာတ်စင်ပေါ် တက်ကဲ့ ပွဲနောက်က လှေခါးရင်းနားမှာ ဒီစာလေးကို ကောက်ရခဲ့တယ်။ ပထမတော့ ဘာမှမထင်မိဘူး။ အခုတော့ ဒီစာက မြစပယ်ဝေနဲ့များ သက်ဆိုင်နေမလားလို့. ."

ချက်ကြီးက သူ့ပုဆိုးခါးပုံကြားထဲမှာ လိပ်ထားသည့် စာရွက်ခေါက်လေးကို ထုတ်ယူပြီး ဌာနာအုပ်ကြီးကို ကမ်းပေးသည်။ ဌာနာအုပ်ကြီးက စာရွက်ခေါက်ဖြူဖြူလေးကို လှမ်းယူပြီး စိတ်ဝင်စားစွာဖြင့် ဖြန့်ဖတ်လိုက်သည်။ စာက တိုတိုလေးပဲဖြစ်သည်။ စာလုံးလေးတွေက ပန်းချီစာလုံးလေးတွေ။ ဝိုင်းစက်ညီညာသည့် ပန်းဂလုံးလက်ရေးလေးတွေဖြစ်သည်။



*အချစ်စပယ်*

*ပြဇာတ်ပြီးရင် ထွက်ခဲ့နော်။ မောင်ဇာတ်စင်နောက်က မရမ်းပင်အောက်မှာ စောင့်နေမယ်။*

*လွမ်းချစ်*

စာကိုဖတ်ကြည့်ပြီး ဌာနာအုပ်ကြီးက ဖျတ်ကနဲ ချက်ကြီးကို လှမ်းစိုက်ကြည့်သည်။ ဒေါသလည်း ထောင်းခနဲ ထွက်သွားသည်။

"ဟင်. . ဒါအရေးကြီးတာပေါ့ကွ။ ဘာဖြစ်လို့ မင်း စောစောကတည်းက ဒီစာကိုမပြတာလဲ။ ဒီအကြောင်းတွေကို ဘာလို့မပြောတာလဲကွ။ ဟေ. ."

"ကျွန်. . ကျွန်တော်လည်း အမှုပတ်မှာ ကြောက်လို့၊ ဒါကြောင့် စောစောက ဘဂျမ်းနဲ့ အရက်သောက်ရင်း ဒီကိစ္စကို တိုင်ပင်နေတာ။ ကျွန်တော်က ကြောက်ကြောက်နဲ့ မီးရှို့ပစ်လိုက်မလို့ လုပ်နေတာ၊ ဘဂျမ်းက မလုပ်ပါနဲ့ကွ၊ ငါလည်း ကြောက်တယ်. . ရဲဌာနာသာသွားအပ်လိုက်လို့ ပြောနေတုန်း ဌာနာပိုင်ကြီးခေါ်ခိုင်းတယ်ဆိုလို့ ကျွန်တော်တို့လည်း ထလိုက်လာခဲ့ကြတာ. ."

"ဒါ အမှန်တွေပဲလား"

www.burmeseclassic.com



"သွားအံ့ပြီး သေရစေတော့။ ဒါ အားလုံး အမှန်တွေပါပဲ ဌာနာပိုင်ကြီး"

"အေး. . ကောင်းပြီ။ ကဲ. . အုန်းလွင်ရေ သူ့ကိုလည်း ဘဂျမ်းနဲ့တွဲပြီး အချုပ်ထဲထည့်ထားလိုက်. ."

ချက်ကြီးလည်း မျက်နှာငယ်လေးနှင့် အုန်းလွင်နောက် ပါသွားပါသည်။ ဌာနာအုပ်ကြီးလည်း စာရွက်လေးကို သေချာ ပြန်ဖတ်ကြည့်ပြီး စဉ်းစားနေသည်။ လွမ်းချစ်ဆိုတာ ဘယ်သူလဲ၊ မြစပယ်ဝေကို ချိန်းတာသေချာသည်။ သို့သော် ဒီစာက အစစ် အမှန်ကောဟုတ်ရဲ့လား။ လုပ်ကြံဖန်တီးထားတဲ့စာလား။ တွေးစရာဖြစ်သည်။

မည်သို့ဖြစ်စေ၊ မြစပယ်ဝေနှင့် ပတ်သက်ပြီး စဉ်းစား စရာဖြစ်လာသည်။ 'လွမ်းချစ်'ဆိုတာ လျှို့ဝှက်နာမည်တစ်ခုသာ ဖြစ်ရမည်။ သို့မဟုတ် ကလောင်နာမည်။ သို့မဟုတ် မြစပယ်ဝေ တစ်ဦးတည်းသာ သိနိုင်သည့် ချစ်သူချင်းဆက်သွယ်ကြသော သင်္ကေတနာမည်တစ်ခုလည်းဖြစ်နိုင်သည်။

x x x x x





(လေး)

ဌာနာအုပ်ကြီး အိမ်ပြန်လာပြီး ပတ်လက်ကုလားထိုင်မှာထိုင်ရင်း စဉ်းစားနေသည်။

ဒီစာဟာ လုပ်ကြံဖန်တီးထားသည့်စာမဖြစ်နိုင်။ လရောင်အောက်မှာ စိတ်ကူးယဉ်ချစ်သူနှစ်ဦး ချိန်းဆိုကြသည့် စာပဲဖြစ်သည်။ လွမ်းချစ်သည် မြစပယ်ဝေ၏ ချစ်သူသာဖြစ်ရမည်။

သို့သော် လွမ်းချစ်သည် ပြင်ပမှ လူတစ်ဦးလည်းဖြစ်နိုင်သည်။ ဇာတ်ထဲမှ ဇာတ်အဖွဲ့သားတစ်ယောက်ယောက်လည်း ဖြစ်နိုင်သည်။ သူ ဘယ်သူလဲ၊ စန္ဒယား ဆရာတင်အောင်သူလည်းဖြစ်နိုင်သည်။ ပြဇာတ်မင်းသား ရေနံ့သာ ဝင်းမြင့်လည်း ဖြစ်နိုင်သည်။ ဟုတ်ပြီ။ ဒီလက်ရေးကို ဇာတ်မန်နေဂျာ ကိုအေးဝင်းကိုခေါ်ပြီး ပြကြည့်ရမည်။

ဌာနာအုပ်ကြီးကို ဇာတ်မန်နေဂျာ ကိုအေးဝင်းကို ခေါ်နိုင်းပြီး လွမ်းချစ်၏ စာလေးကိုပြသည်။

"ကဲ. . မန်နေဂျာကြီး ဒီလက်ရေးကို ခင်ဗျားသိလား၊ ဘယ်သူ့လက်ရေးဖြစ်နိုင်မလဲ။ ခင်ဗျားတို့ဇာတ်ထဲမှာ ဒီလက်ရေး မျိုးရေးတတ်တာ မြင်ဖူးလား။ လွမ်းချစ်ဆိုတာ ဟိုပြဇာတ်



www.burmeseclassic.com

www.burmeseclassic.com



မင်းသားနဲ့ စန္ဒယားဆရာထဲက တစ်ယောက်ယောက်တော မဖြစ်နိုင်ဘူးလား”

ဇာတ်မန်နေဂျာက စာကိုသေသေချာချာကြည့်ပြီး ခေါင်းကိုလေးလံစွာခါသည်။

“ဒီလက်ရေးမျိုး ကျွန်တော်တို့ ဇာတ်အဖွဲ့သားတွေထဲမှာ တစ်ယောက်မှရေးတာ မတွေ့ဖူးဘူး။ ဌာနာပိုင်ကြီး ဒီလက်ရေးက ဇာတ်သမားလက်ရေးနဲ့လည်း မတူဘူး။ သိပ်လှတယ်။ ပြီးတော့ ကဗျာတွေလည်းဆန်းတယ်။ ဝင်းမြင့်လက်ရေးက ရှည်ရှည်လေးတွေ။ စန္ဒယားဆရာလက်ရေးကတော့ ပဲဒီပင်ပေါက်တွေ ကနေသလိုပဲ ဌာနာပိုင်ကြီး။ ဟဲ. . ဟဲ. . ”

“ဟုတ်လား။ လွမ်းချစ်ဆိုတာရော သိလား။ မြစပယ်ဝေရဲ့ ရည်းစား ခင်ပွန်းသိလား. . ”

“ကျွန်တော် မသိဘူး။ မကြားဖူးဘူး ဌာနာပိုင်ကြီး။ မြစပယ်မဝက ဇာတ်မင်းသမီးသာဖြစ်နေတာ။ သူက ဇာတ်သမားကိုတော့ အိမ်ထောင်ဘက်အဖြစ် ရွေးချယ်မယ့်ပုံ မပေါ်ဘူး။ သူက သိပ်လျှို့ဝှက်တာ။ ရည်းစားရှိတယ်လို့လည်း ကျွန်တော်တော့ မကြားမိပါဘူး။ အဲနေဦး။ အရင်ကတော့ မပြောတတ်ဘူး။ ဪ. . ဒါနဲ့ ဌာနာပိုင်ကြီး သူ့အမေတော့



ရောက်လာပြီ။ စောစောလေးကပဲ။ ဆေးရုံက ရင်ခွဲရုံမှာ သူ့သမီးအလောင်းကို ဝင်ကြည့်ပြီး ဇာတ်အဖွဲ့တွေ ဌာနာဝင်းထဲမှာ ရှိတယ်ဆိုတာနဲ့ လိုက်လာတာ. . ”

“ဟာ. . ဒါဆို အတော်ပဲဗျာ။ ကျွန်တော့်ဆီ လွှတ်လိုက်စမ်းပါ။ ကျွန်တော် နည်းနည်းပါးပါး မေးကြည့်ချင်လို့ ပြီးတော့ ခင်ဗျား မြစပယ်ဝေရဲ့ ပစ္စည်းလေးတွေ သူ့အမေနဲ့ပြောပြီး နည်းနည်းပါးပါးရှာကြည့်ခဲ့စမ်းပါ။ ဘာများ ထူးခြားတာလေးတွေ တွေ့ရမလဲလို့။ ဥပမာ စာတို့ ဓာတ်ပုံတို့ တစ်ခုခုပေါ့ဗျာ”

“ကောင်းပါပြီ ဌာနာပိုင်ကြီး”

ဇာတ်မန်နေဂျာ ပြန်သွားပြီး နာရီဝက်လောက်အကြာတော့ ပြန်ရောက်လာသည်။ သူနှင့်အတူ အသက် ၅၀ ခန့် အသားဖြူဖြူသွယ်သွယ်လျလျအမျိုးသမီးကြီး တစ်ဦးလည်းပါလာသည်။ မျက်နှာက မြစပယ်ဝေနှင့် တော်တော်ဆင်သည်။ မျက်ခုံးထူထူ၊ ဆံပင်တွေက နက်မှောင်ပြီး ကျက်သရေရှိလှ၏။ မျက်နှာက ငိုထားပုံရသည်။ မျက်လုံးတွေနီရဲပြီး မျက်ခွံများက မို့အစ်နေသည်။

“ထိုင်. . အစ်မကြီး. . ထိုင်ပါ. . ”

“ဌာနာပိုင်ကြီးရေ ဒီမှာ လွမ်းချစ်တော့ တွေ့ပြီ။ မြစပယ်

www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားသေတ္တာထဲက သူ့လက်ဝတ်လက်စားတွေ ထည့်ထားတဲ့ ငွေသေတ္တာလေးထဲမှာ တွေ့တာ။ ဓာတ်ပုံလေးတစ်ပုံ နောက်မှာ စာရေးထားတယ်. . ”

“ဟာ ဟုတ်လား။ ပြစမ်းပါဦးဗျာ”

ဌာနာအုပ်ကြီးက မန်နေဂျာကိုအေးဝင်း လှမ်းပေးသည့် ပို့စကတ်အရွယ် ဓာတ်ပုံလေးကို လှမ်းယူပြီး ဝမ်းသာသွားသည့် အမူအယာဖြင့် ကြည့်လိုက်သည်။

ဓာတ်ပုံထဲမှ လူရွယ်မျက်နှာက အံ့ဩလောက်အောင် ချောလှ၏။ နှာတံစင်းစင်း၊ မျက်လုံးကစူးနက်ပြီး အရောင်တောက်နေသည်။ ညို့အားတွေ ဝင်နေသလား ထင်ရသည်။ ပြီး မျက်ခုံးက နက်မှောင်သွယ်တန်းနေကာ နှုတ်ခမ်းထူထူတော့ စူစူလေးနှင့် ပြုံးရောင်ဝေ့ဝေလေး ကြည့်နေပုံက လူတစ်ယောက်၏ နှလုံးသားထဲကို စူးနင့်သွားလောက်အောင် ဆွဲဆောင်မှု ရှိလှသည်။ သူ့ဆံပင်တွေကလည်း ဆံနွယ်လှိုင်းလေးတွေထပြီး နဖူးပေါ် တစ်ဝက်ဝဲကျနေသည်ကလည်း ကဗျာဆန်စွာလှသည်။

ဌာနာအုပ်ကြီး ရင်ထဲမှာ. .

“ဟာ. . ချောလှချည်လား”

ဟုပင် ပွင့်ထွက်သွားသည်ထိ လူရွယ်၏ ချောနုပုံက



စံတင်လောက်သည်။

ဓာတ်ပုံနောက်ကျောကို ဌာနာအုပ်ကြီး လှန်ကြည့်လိုက်သည့်အခါမှာတော့. . .

*အချစ်စပယ်အတွက်*

*အမြဲတမ်းလွမ်းချစ်*

ဆိုသည့် စာတန်းလေးကို တွေ့ရသည်။ ထိုစာတန်းလေးကလည်း ချက်ကြီး ကောက်ရခဲ့သည့် စာရွက်ထဲက လက်ရေးနှင့် တစ်ထေရာတည်းဖြစ်နေသည်။

ဌာနာအုပ်ကြီး ကျေနပ်သွားသည်။ သူဖြည်းဖြည်းလေး ခေါင်းညိတ်လိုက်ပြီး ပြုံးသည်။

“အင်း. . သူ့ပုံစံကြည့်ရတာ စိတ်ကူးယဉ်သမားပဲ။ အနုပညာသည်ဖြစ်ရမယ်။ အစ်မကြီး သူ့ကိုသိသလား”

ကောက်ကာငင်ကာနှင့် ဌာနာအုပ်ကြီးက မြစပယ်ဝေ အမေဘက် လှည့်ပြီး တစ်ဆက်တည်း မေးလိုက်သည်။

“သိပါတယ် ဌာနာပိုင်ကြီး။ ဒီကောင်လေးက ကျွန်မတို့နဲ့ တစ်မြို့တည်းသား။ သမီးနဲ့ကျောင်းနေဘက် သူငယ်ချင်းပဲ။ သူနဲ့သမီးက ဆယ်တန်းအထိ တောင်စွန်းအထက်တန်းကျောင်းမှာ နေလာခဲ့ကြတာ. . ”

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ပြောပါဦး အစ်မကြီး"

ဌာနာအုပ်ကြီး စိတ်ဝင်စားသွားသည်။

"သူက အင်မတန် နူးညံ့သိမ်မွေ့တဲ့ကလေးပါ။ ပညာလည်းတော်ပါတယ်။ သူ့မိဘတွေလည်း ပိုက်ဆံရှိတယ်။ ဆန်စက်ပိုင်ရှင်တွေပဲ၊ သမီးနဲ့သူ လူငယ်ချင်းမေတ္တာရှိနေကြတယ်ဆိုတာတော့ ကျွန်မလည်း ရိပ်မိပါတယ်။ ဒါပေမယ့် သမီးက ဆယ်တန်းအောင်တဲ့နှစ်မှာ သူဝါသနာပါတဲ့ ပန်းချီကျောင်း တက်ချင်တယ်ဆိုတာနဲ့ ကျွန်မလည်း ခွင့်ပြုလိုက်ပါတယ်။ အဲဒါကို ဟိုသူငယ်က သဘောမတူဘူးထင်ပါ့။ ဇာတ်မင်းသမီးလုပ်တာကို မကြိုက်တော့ လူငယ်ချင်း စိတ်ကောက်ပြီး အဆက်အသွယ်ပြတ်သွားကြတာပဲ။ ကောင်လေးကတော့ ဆယ်တန်းအောင်ပြီး တက္ကသိုလ်ဆက်တက်တယ်လို့ ပြောသံကြားရတာပဲ ဌာနာပိုင်ကြီးရယ်. ."

"နောက်ထပ်ကော သူတို့ အဆက်အသွယ်ရှိကြသေးလား. ."

"ဒါတော့ ကျွန်မလည်း မပြောတတ်တော့ဘူး ဌာနာပိုင်ကြီးရယ်။သမီးဟာ မင်းသမီးဖြစ်သွားတော့ ဇာတ်တွေနောက်လိုက်နေရတော့ ကျွန်မလည်း မသိတော့ဘူး။သူ့နောက်တို





ညီမဝမ်းကွဲသမီးလေးကလိုက်ပြီး အဖော်လုပ်ပေးနေတယ်။ ကျွန်မက ကလေးအငယ်တွေရှိသေးတော့ မလိုက်အားဘူးလေ။ ခုတော့ ဘယ်လိုဖြစ်သွားတာလဲဆိုတာ ကျွန်မ မစဉ်းစားတတ်အောင်ပါပဲ။ ကြားကြားချင်း ကျွန်မ ယုံတောင်မယုံဘူး။ ကျွန်မသမီးဟာ အင်မတန် လူချစ်လူခင်ပေါတဲ့ မိန်းကလေးပါ။ ဘယ်လို အညိုးနဲ့ ဒီလိုရက်ရက်စက်စက် လုပ်ရက်တယ်မသိပါဘူးရှင်။ အဟင့် ဟင့်. . ."

ပြောရင်းက မြစပယ်ဝေအမေ ငိုပါလေတော့သည်။ ဌာနာအုပ်ကြီးကလည်း စိတ်မကောင်းဖြစ်သွားသည်။

"အင်း. . ကဲတရားမေ့ပါလေ။ ဒါနဲ့ ဒီကောင်လေးနာမည်က ဘယ်သူလဲ လွမ်းချစ်ပဲလား. ."

မြစပယ်ဝေအမေက ရှိုက်သံကို ရပ်လိုက်ပြီး လက်ကိုင်ပုဝါနှင့် မျက်ရည်တို့သုတ်ကာ မော့ကြည့်သည်။

"မဟုတ်ပါဘူး။ သူ့နာမည်က မောင်သက်ဝေတဲ့"

"ဪ. . ခု သူဘယ်မှာလဲ"

"တလောက သမီးပြောသံကြားရတာတော့ သူဒီနှင်းပုလဲမှာ ကျောင်းဆရာလုပ်နေတယ်ဆိုလား ပြောတာပဲ. ."

နှင်းပုလဲမြို့လေးက ဘီးလင်းမြို့တောင်ဘက်ဆယ်မိုင်



www.burmeseclassic.com

www.burmeseclassic.com



အကွာ မီးရထားလမ်းပေါ်တွင် တည်ရှိသည်။

"ဟုတ်ပြီ။ ဒါဆို ကျွန်တော်တို့ မနက်ဖြန်ခါ နှင်းပုလဲ လိုက်သွားပြီး မောင်သက်ဝေကို သွားစုံစမ်းမယ်။ ကဲ.. အစ်မကြီး ဘာမှမပူပါနဲ့။ စိတ်အေးအေးသာထားပါ.."

ထို့နောက် မြစပယ်ဝေ အမေနှင့် ဇာတ်မန်နေဂျာတို့ နှစ်ဦး ဌာနာအုပ်ကြီး အိမ်မှ ပြန်သွားကြပါသည်။

အပြင်မှာတော့ လက ဝင်းဝင်းစက်စက် သာနေပါသည်။

× × × × ×

**(ငါး)**

သူ မှေးကနဲ အိပ်ပျော်သွားသည်။

အပြင်ဘက်မှ တံခါးခေါက်သံနှင့်အတူ ဆရာကြီး.. ဆရာကြီးဟူသော အသံကိုကြားရသဖြင့် ဌာနာအုပ်ကြီး ဦးမောင်မောင်စိန် ဖျတ်ကနဲ လန့်နိုးလာသည်။ အချိန်က ညသန်းခေါင်ယံ ၁၂ နာရီခွဲ ရှိနေပြီ။

"ဟော့.. ဘယ်သူလဲကွ"





"ကျွန်တော်ပါ ဆရာကြီး အရေးကြီးလို့ပါ"

"အေး.. အေး.. လာမယ်"

ဌာနာအုပ်ကြီး အိပ်ခန်းထဲမှ ထလာပြီး တံခါးဖွင့်ပေးလိုက်သည်။ လူဆိုးထိန်းချစ်ဆွေနှင့် လူတစ်ယောက် တံခါးပေါက်မှာ ရပ်နေကြသည်။

"ဆရာကြီး သူက ဆေးရုံက အစောင့် စောထူးတဲ့"

ဌာနာအုပ်ကြီးက လူစိမ်းကို တစ်ချက်လှမ်းကြည့်လိုက်သည်။ မျက်နှာ ပြားပြားနှင့် ကရင်အမျိုးသားဖြစ်ပုံရသည်။

"ကဲ.. အထဲဝင်ကြလေ.."

"မဝင်တော့ဘူး ဆရာကြီး၊ ကဲ.. စောထူး မင်းတွေ့ခဲ့ရတာ ဆရာကြီးကို ပြောပြလိုက်.."

"ဒီလိုပါ ဌာနာပိုင်ကြီး။ ကျွန်တော်က ညစောင့်တာဝန်ကျလို့ ဆေးရုံကို စက်ကြည့်တာ။ ဆယ့်နှစ်နာရီထိုးခါနီးလောက်မှာ လူတစ်ယောက် လွယ်အိတ်တစ်လုံးနဲ့ ရင်ခွဲရုံထဲဝင်သွားတာ ရိပ်ကနဲ တွေ့လိုက်ရလို့ ကျွန်တော်လည်း မသင်္ကာတာနဲ့ နောက်က လိုက်ချောင်းကြည့်တော့ မင်းသမီးမြစပယ်ဝေအလောင်းပြင်ထားတဲ့ အလောင်းရဲ့ နံဘေးမှာ အဲဒီလူရပ်ပြီး စကားတိုးတိုး ပြောနေတာ တွေ့ရတယ်။ ဘာတွေပြောနေမှန်းတော့ မသိဘူး။

www.burmeseclassic.com



ကောင်းကောင်းမကြားရဘူး။ သူက မြစပယ်ဝေရဲ့ မျက်နှာပေါ်မှာ ဖုံးထားတဲ့ အဝတ်ကိုလှပ်ကြည့်ပြီး မောင့်ကို ခွင့်လွှတ်ပါ။ မောင့်ကိုခွင့်လွှတ်ပါ မြစပယ်ဝေလို့ ပြောလိုက်သံကိုတော့ ခပ်သဲ့သဲ့ကြားလိုက်မိတယ်။ အဲဒါနဲ့ ကျွန်တော်လည်း တာဝန်ကျတဲ့ နာ့စ်မလေးမေရီကို သွားပြောပြလိုက်တော့ သူကရဲဌာနကို သွားပြီး အကြောင်းကြားလိုက်ဆိုတာနဲ့ အဲဒါ ကျွန်တော်လာပြီး ပြောတာ. ."

"ဟာ. . ဒါဆို မောင်သက်ဝေပဲဖြစ်မယ် ထင်တယ်၊ ကဲ. . လာချစ်ဆွေ၊ မင်း ဦးဝင်းအောင်ကို သွားနိူးပြီး ဌာနာ ရှေ့ကစောင့်။ ငါ အပေါ်အင်္ကျီဝတ်ပြီး ခုပဲနောက်က လိုက်ခဲ့မယ်. ."

ထို့နောက် ဌာနာအုပ်ကြီးနှင့် ရာဇဝတ်အုပ် ဦးဝင်းအောင် လူဆိုးထိန်းချစ်ဆွေ၊ ရဲသားတစ်ယောက်နှင့် စောထူးတို့ ငါးဦး ဆေးရုံသို့ လိုက်သွားခဲ့ကြသည်။

ဆေးရုံနှင့် ရဲဌာနာကလည်း သိပ်မဝေး။ ကိုတ်သုံးရာ ခန့်လောက်သာ ဝေးပါသည်။ လကလည်း သာနေသဖြင့် နေ့ခင်းလိုပင် လင်းလင်းချင်းချင်းဖြစ်နေရာ ရှုခင်းက လှပ သာယာနေပါသည်။ ဆေးရုံဝင်းထဲသို့ အဝင် ဆောင်တော်ကူး



ပန်းရနံ့က လရောင်ကိုထိုးဖောက်ပြီး သင်းပျံ့စွာ ဆီးကြိုမွှေ့လိုက်သည်။

ဌာနာအုပ်ကြီးက ရှေ့ဆုံးမှ ဦးဆောင်ပြီး ရင်ခွဲရုံရှိရာ အဆောင်လေးဆီသို့ တန်းသွားကြသည်။

သို့သော် မီးရောင်အောက်ကျောက်သားအလောင်းစင်ပေါ်မှာ အဝတ်ဖြူလွှမ်းထားသော မြစပယ်ဝေ၏ အလောင်း သာလျှင်ရှိနေသည်။

"ဟာ. . ဟိုလူမရှိတော့ဘူး"

ကရင်လေး စောထူးက အံ့ဩသွားပြီး သူ့နှုတ်က လွှတ်ကနဲထွက်သွားသည်။ သူတို့ဖြည်းညှင်းစွာ မြစပယ်ဝေ အလောင်းနား တိုးကပ်သွားကြသည်။

စပယ်နံ့သင်းသင်းလေးတွေက မွှေးပျံ့စွာ သူတို့ရင်ထဲ တိုးဝင်လာသည်ကို သူတို့သတိထားလိုက်မိကြသည်။

"ဟာ. . စပယ်ပန်းရနံ့ရသလိုပဲ"

ဦးဝင်းအောင် မသင်္ကာသလို အခန်းကို ဝေ့ကြည့်ရင်း ဆိုသည်။ ပထမတော့ သူတို့မမြင်။ အလောင်းပေါ် လွှမ်းထားသည့် အဝတ်ကအဖြူမို့ စပယ်ပန်းတွေကို သူတို့သတိမထားမိကြသေး။ နောက်မှ ဌာနာအုပ်ကြီး အရင်တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာ အလောင်းရင်ညွန့်ပေါ်မှာ စပယ်ပန်းတွေ"

ဟုတ်ပါသည်။ သူတို့အလောင်းနားတိုးကပ်သွားပြီး ငုံ့ကြည့်လိုက်ကြသည်။ မြစပယ်ဝေ၏ အလောင်းပေါ်ရှိ ရင်ညွန့်ထက်မှာ စပယ်ပွင့်တွေ။ ထမင်းစားပန်းကန်နီးပါးခန့် အပုံကြီးကို လှပညီညာစွာ ဖြန့်ကျဲခင်းထားသည်ကို မြင်ရသည်။

သေချာကြည့်လိုက်တော့ စပယ်ပွင့်တွေအပုံက စာလုံး တစ်လုံး၏ ပုံသဏ္ဍာန်ဖြစ်နေသည်။ ဟုတ်ပါသည်၊ စပယ်ပွင့်နှင့် ရေးထားသည့်စာ။

"လွမ်း"

"ဟာ. . လွမ်းဆိုပါလား။ စပယ်ပွင့်တွေနဲ့ ရေးထားတဲ့ စာပဲ. ."

ဦးဝင်းအောင်က အံ့သြစွာပြောလိုက်ရင်းက ဌာနာအုပ် ကြီးမျက်နှာကို လှမ်းကြည့်သည်။

"အင်း. . လူသတ်သမားဟာ သူပဲဖြစ်ရမယ်။ လာ ကျွန်တော်တို့ ဇာတ်စင်နောက်က လူသတ်မှုဖြစ်တဲ့နေရာကို သွားကြည့်ရအောင်။ ကျွန်တော်အထင် မှန်ရင်တော့ ဒီလူ အဲဒီ နေရာကို သွားမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ တစ်ချို့လူသတ် သမားတွေဟာ ကိုယ်အခင်းဖြစ်ပွားခဲ့တဲ့ နေရာကို နောက်တစ်ခါ





လာပြန်ကြည့်တတ်တယ်။ ပြီးတော့ ဒီလူဟာ အစွဲအလမ်းကြီး သူတစ်ဦးလည်းဖြစ်နိုင်တယ်"

ဌာနာအုပ်ကြီးပြောစကားကို သူတို့အားလုံးက ခေါင်း ညိတ်ပြလိုက်ကြပြီး ရင်ခွဲရုံလေးထဲမှ ပြန်လှည့်ထွက်လာခဲ့ကြ သည်။ ပြီးနောက် ဆေးရုံစောင့် ကရင်လေးစောထူးမှလွဲပြီး သူတို့လေးယောက်စလုံး ဆေးရုံဝင်းလေးထဲမှ ထွက်လာခဲ့ကြ သည်။

ဘောလုံးကွင်းက ဆေးရုံ၏ တောင်ဘက်တွင်ရှိသည်။ ခင်တန်းတောအုပ်ကလေးတစ်ခုသာခြားသည်။ ဆယ်မိနစ်ခန့် သူတို့ရာဘာတောတန်းလေးထဲမှ ဖြတ်လာခဲ့ကြသည်။ ဝင်းစက် သည့် လရောင်ပျောက်တိပျောက်ကြားက ရာဘာတောအုပ် လေးထဲမှာ ဖြာကျနေသည်။

ရာဘာတောထဲက ထွက်လာတော့ ဘောလုံးကွင်းထဲ ရောက်လာကြသည်။ ကွင်း၏ အနောက်တောင်ဘက်မှာ ဇာတ်စင်ရှိသည်။ ဇာတ်စင်က မဖျက်ရသေး။ လရောင်အောက် မှာ ဖရိုဖရဲဖြစ်နေသည်။

သူတို့လေးယောက် ဇာတ်စင်တောင်ဘက်မှ ကွေ့ပြီး ဝင်လာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်မှာ လရှောင်တွေထဲ၌ ဝဲလွင့်လာသည့် အသံထစ်ခုက သူတို့ခြေလှမ်းများကို ရှုတ်တရက်တုန့်ရပ်သွားစေတော့သည်။

အသံက ထူးဆန်းသည့် ချွဲနွဲ့နွဲ့တယောသံလေးတစ်ခု။ လရောင်ကို ဖောက်ပြီး နူးညံ့စွာထွက်ပေါ်လာနေသည်။တယောသံက ဇာတ်င်နောက် မရမ်းပင်ကြီးအောက်ဆီမှ စီးမျောထွက်ပေါ်လာနေခြင်းဖြစ်သည်။

သူတို့လေးဦးစလုံး ခြေလှမ်းတွေ ရပ်တန့်လိုက်ကြပြီး မရမ်းပင်ကြီးအောက်ဆီ ပြိုင်တူလှမ်းကြည့်လိုက်မိကြသည်။

မရမ်းပင်အောက် ခုံတန်းရှည်လေးပေါ်မှာ လူတစ်ယောက်ကျောပေးပြီး ထိုင်နေသည်။ ပခုံးထက်မှာ တယောပြားလေးကိုတင်ပြီး လရောင်ဆီငေးကာ တယောကို ဆွေးဆွေးမြေ့မြေ့ထိုးနေသည်။

တစ်ဆက်တည်းမှာပဲ တယောသံနှင့်အတူ ဆွေးမြေ့အက်ကွဲနေသည့် သီချင်းသံနွဲ့နွဲ့လေးကလည်း လွင့်ဝဲထွက်ပေါ်လာလေသည်။

"စပယ်. . စပယ်. . စပယ်ပန်းရယ်၊ သင်းရနံ့ ဖြူဖြူဖွေးရယ်၊ မွှေးမွှေးလေးပေးချင်အောင်ကွယ်၊ မူယာစုံကြွယ်ညာတယ်





သွဲ့သွဲ့နွဲ့နွဲ့ကာသာရယ်၊ စိမ်းစိမ်းလန်းနန်းသူမယ်။ ခိုင်ပန်းငုံဆန်ရောင်စုံလွှမ်းခြယ်၊ ရောယှက်ကာ လွှမ်းမြိုင်စခန်းလယ်. . "

သီချင်းသံနှင့် တယောသံက လရောင်လွှင်ပြင်ထဲ စီးမျောကာ ရင်နင့်စွာ လွင့်လာနေသည်။

ဌာနာအုပ်ကြီးတို့လေးဦးသား မှင်သက်ကာ ရပ်ငေးနားထောင်နေမိကြသည်။ခြေလှမ်းများ မရွေ့။

"မူမှန်တမင်ပွင့်၊ အဖြူခံအဆင်နှင့် အသွင်တင့်ယဉ်ကျေးပါပေတယ်၊ ငွေရည်ငွေသွေးရှိုးရှိုးလေးနဲ့ မြင်သူငေးဖွယ်ဘယ်ရှေးဆုတောင်းလဲကွယ် စပယ်ရယ်၊ အဖို့ဖော်ဝင့်အရွယ်၊ ချစ်ချစ်ဖို့ကောင်းလွန်းတယ် စပယ်. . စပယ်. . စပယ်. . စပယ်. . ဖြူစင်ကြွယ်သူလေးကို ဒီနာခြည် ပေးချင်ပါပေတယ်. . . "

သီချင်းက ဆုံးသွားပေပြီ။ တယောသံကမူ ငွေမျှင်မျှင်တျန်ရစ်နေဆဲရှိသည်။

သည်တော့မှ လေးဦးသား အသက်ဝင်လာသလို လှုပ်ရှားလာသည်။ ဌာနာအုပ်ကြီးက သူ့လူတွေကို မျက်ရိပ်ပြလိုက်သည်။မရမ်းပင်ရိပ်ဆီ သူတို့လေးဦးသား ဖြည်းညင်းစွာရွေ့တိုးလျှောက်လာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သစ်ရွက်များ ပွတ်တိုက်သွားသံနှင့် ခြေသံဖွဖွ ထွက်ပေါ် လာသော်လည်း တယောရှင်အလွမ်းသမားကမူ သတိမထားမိ သေးချေ။ လရောင်ဆီ အငေးလွင့်ရင်း တယောကို မှျင်မှျင်လေး ထိုးနေပါသည်။

ဌာနာအုပ်ကြီးတို့ လေးဦးသား ဘွားကနဲတယောသမား ရှေ့မှာ ဝိုင်းရပ်လိုက်ကြသည်။

တယောရှင်လက်ထဲမှ ဘိုးတံလေး တန်းလန်းရပ်သွား သည်။ တယောသံမှျင်းမှျင်းလေး ဖျတ်ကနဲပျောက်သွား၏။ တယောသမားလူရွယ်၏ မျက်နှာနု ဖွေးဖွေးလေးက ဖွာကျနေ သည့် ဆံနွယ်ရှည်များကြား၌ ချောမွေ့ချစ်စရာကောင်းလွန်း နေသည်။ ရက်ရက်စက်စက် ချောလွန်းလှသည့် လူရွယ်ပါလား။

သူ ငွေ့ငွေ့လေးပြုံးလိုက်ပြီး ဌာနာအုပ်ကြီးတို့ လေးဦး ကို ငေးစက်စက်လေး လှမ်းစိုက်ကြည့်နေသည်။ အကြည့်ချင်း စက္ကန့်ပိုင်းလေးမျှအကြာဝယ် သူတယောပြားလေးကို ပခုံးထက်မှ ဖြည်းညှင်းစွာ ချလိုက်ကာ လွင်လွင်မွေ့မွေ့လေး ခပ်သိမ့်သိမ့် ရယ်လိုက်ပါသည်။

“ဆရာတို့ ကျွန်တော့်ဆီ လိုက်လာကြတာလား”

သူကတည်ငြိမ်စွာ ခပ်အေးအေးလှမ်းမေးသည်။



အပြုံးက သူ့မျက်နှာပေါ် မှာ မပျောက်ပျက်။ သူ့မျက်လုံးများက အဝေးဆီ ခံစားချက်နှင့် လွင့်နေသလို ရည်ဝေမှုံးစင်းနေသည်။ သူ့တယောပြားလေးကို သူ့နံဘေးခုံတန်းရှည်ပေါ် ညှင်သာစွာ ချသည်။

“ဟုတ်ပါတယ် ဦးတို့. . . . ”

ရဲဌာနာအုပ်ကြီးက အားတုန့်အားနာနှင့် စကားဆက် မည့်ဆဲဆဲ သူက ခပ်ဟက်ဟက်လေး ခြောက်သွေ့စွာရယ်လိုက် ပြီး သွက်လက်စွာဖြတ်ပြောသည်။

“ဘီးလင်းရဲဌာနာက မဟုတ်လား။ ကျွန်တော် နားလည် ပါတယ်လေ။ ဒီလိုပဲဖြစ်လာမယ်ဆိုတာ ကျွန်တော်ကလည်း မိုးမလင်းခင်ပဲ ရဲဌာနာကိုလာပြီး ဖြောင့်ချက်ပေးမလို့ ဆုံးဖြတ် ထားပြီးသားပဲ။ ဘာဖြစ်လို့လဲဆိုတော့ မြပယ်မရှိတော့တဲ့နောက် ကျွန်တော့်ဘဝဟာလည်း ဘာမှအဓိပ္ပယ်မရှိတော့ပါဘူးလေ”

သူ့စကားကိုဖြတ်လိုက်ပြီး ခင်ပြင်းပြင်း သက်ပြင်းတင် ချက်ကို ရှိုက်ချလိုက်သည်။ ပြီး သူခေါင်းကို ငိုက်စိုက်ချလိုက် သည်။

“ဒီလိုဆို . . . မောင်ရင်ဟာ. ,”

ရဲဌာနာအုပ်ကြီး အံ့သြသွားသည့် အသံစကား

www.burmeseclassic.com

www.burmeseclassic.com



မဆုံးလိုက်ပါ။ သူ့အသံက ရင်နင့်စွာ ဖောက်ထွက်လာသည်။

"ဟုတ်ပါတယ် မြစပယ်ကို သိပ်ချစ်တဲ့ လွမ်းချစ်ဆိုတာ ကျွန်တော်ပါ။ အဲ. . ပြီးတော့ မြစပယ်အပေါ် သိပ်သဝန်တိုပြီး **Jealous-Heart** နဲ့ သတ်လိုက်တဲ့ သတ်ဝေလေ။ အဟင်း. . ဟင်း. . ."

သူမချိတရိလေး ရယ်လိုက်ပြီးနောက်. . .

"ကိုယ်အသည်းနင့်အောင်ချစ်ရတဲ့ ကိုယ့်ချစ်သူကို ပြန်သတ်တဲ့ လူသတ်သမား လွမ်းချစ်သက်ဝေ။ မြစပယ်ရဲ့ လွမ်းချစ်သက်ဝေဆိုတာ ကျွန်တော်ပါ။ အဟက်. . ဟက်. ."

သူလှိုက်မောခြောက်သွေ့စွာ ရယ်နေလေသည်။ သူ့ရယ်သံက အသက်မပါသလို သတိလက်လွတ် ရယ်နေပုံမျိုး။ မသိစိတ်နှင့် စိတ္တဇဆန်စွာ သူရယ်နေပါသည်။

ဩော်. . နှလုံးသားမှာတော့ လွမ်းချစ်သက်ဝေ ထိခိုက်နာကျင်စွာ ငိုကြွေးနေမည်လားမသိ။ သူ တယောပြားလေးကို လွယ်အိတ်ထဲပြန်သွင်းပြီး ပခုံးမှာ သိုင်းလွယ်လိုက်သည်။ သူ မွေ့မွေ့ရယ်သည်။

"ကျွန်တော့်ကို ဖမ်းကြပါ။ ကျွန်တော်ရဲ့ဒွာနာကို လိုက်ခဲ့ပါ့မယ်။ အားလုံးအမှန်အတိုင်း ကျွန်တော်ဝန်ခံပါ့မယ်"



ရယ်သံလှိုင်းလေးတွေ တုန်ခါစွာရပ်သွားတော့ သူ့အသက်မပါသလို ထရပ်ကာ အေးစက်စက် ပြန်ပြောသည်။ ပြီးနောက် သူ့လက်နှစ်ဖက်ကို ဆန့်တန်းပေးသည်။ ရာဇဝတ်အုပ် ဦးဝင်းအောင် စိတ်မကောင်းစွာနှင့် အသင့်ပါလာသည့် လက်ထိပ်ဖြင့် လွမ်းချစ်သက်ဝေကို လက်ထိပ်ခတ်လိုက်သည်။

ပြီးနောက်လရောင်ဝင်းစက်စက်အောက် ရော်ဘာတောတန်းလေးကို ဖြတ်ကာ လွမ်းချစ်သက်ဝေကို သူတို့ရဲ့ဌာနသို့ ခေါ်လာခဲ့ကြသည်။

x x x x x

**(ခြောက်)**

"ကျွန်တော်နဲ့ မြစပယ်တို့နှစ်ဦးဟာ ငယ်ငယ်ကလေးထဲက အင်မတန် သံယောဇဉ်ကြီးခဲ့တဲ့ ကျောင်းနေဖက် သူငယ်ချင်းတွေပါ ဆရာ. ."

လွမ်းချစ်သက်ဝေဆိုသည့် လူသတ်တရားခံ လူချောလေးက သူ့ဘဝနိဒါန်းအစကို ဤသို့လျှင် ရင်ဖွင့်လိုက်ပါလေသည်။

www.burmeseclassic.com



"သူနဲ့ ကျွန်တော်ဟာ ဆယ်တန်းအယ် တောင်စွန်း၊ အထက်တန်းကျောင်းလေးမှာ အတူနေလာခဲ့ကြတာပါ။ ခုနှစ်တန်းရောက်တော့ သူနဲ့ကျွန်တော်တို့နှစ်ဦးက အဖို့ပေါက် လူပို့ပေါက်အရွယ်တွေပေါ့။ အထူးသဖြင့် သူက အရမ်းချော အရမ်းလှလာတယ်လေ။ ဖြူသန့်တဲ့ စပယ်ပန်းလေး တစ်ပွင့်လိုပဲ အရမ်းကိုချောပြီး အင်မတန်ကို မြတ်နိုးစရာပန်းလေးတစ်ပွင့် ဖြစ်လာတယ်ဆိုပါတော့။ ပြီးတော့ ကျွန်တော်တို့နှစ်ဦးစလုံးကလည်းစပယ်ပန်းကို အရမ်းမြတ်နိုးကြတယ်။ အဲဒီအချိန်မှာ ကျွန်တော့်စိတ်ထဲမှာ သူကအရမ်းလှလာတော့ သူတစ်ခြားသူတစ်ဦးဦးကို စိတ်ဝင်စားသွားမှာ ချစ်သွားမှာကို အမြဲတွေးပြီး ကြောက်လန့်နေတယ်။ သူ့ကိုလည်း အဲဒီအချိန်မှာ စိတ်ဝင်စားကြတဲ့သူတွေ၊ သူ့အလှကို ယစ်မူးနေကြသူတွေကလည်း ဝိုင်းဝိုင်းလည်နေတာပဲဆိုတော့ ကျွန်တော် အရမ်းစိုးရိမ်ခဲ့မိတယ်. ."

"ဒါပေါ့. . ဒါပေါ့. ."

သူ သက်ပြင်းငွေ့ငွေ့ချသည်။ သူ့မျက်လုံးများသည် ဆွေးမြေ့ရီဝေနေသည်။

"ကျွန်တော်က စိုးရိမ်နေပေမယ့် သူကတော့ ကျွန်တော် ကလွဲပြီး ဘယ်ယောကျ်ားလေးမှ စိတ်မဝင်စားခဲ့ပါဘူး။



ဒီလိုနဲ့ ကျွန်တော်တို့ ကိုးတန်းရောက်တဲ့နှစ်မှာတော့ ကျွန်တော့်စိတ်တွေ မထိန်းချုပ်နိုင်တော့ဘူး။ ပေါက်ကွဲသွားပြီ။ သူနဲ့ကျွန်တော် ချစ်သူတွေဖြစ်ခဲ့ကြတယ်။ အဲဒီအချိန်ကစပြီး သူ့ကိုကျွန်တော်က စပယ်လို့ခေါ်ခဲ့တယ်။ သူကလည်း ကျွန်တော့်ကို လွမ်းတတ် ချစ်တတ်လွန်းလို့တဲ့ လွမ်းချစ်လို့မှည့်ခေါ်ခဲ့တယ်။ အဲဒီနှစ်က ကျွန်တော်တို့နှစ်ဦးဟာ ပျော်လိုက်ကြတာ ဘယ်တော့မှ မေ့နိုင်တော့မှာမဟုတ်ဘူး။ ဒါပေမယ့် သူက အကသိပ်ဝါသနာပါတယ်၊ ကျောင်းကပွဲမှာလည်း စပယ်က နာမည်ကျော်ပဲ။ သူ့ပါရမီပဲ ဆိုရမှာပေါ့။ ဆယ်တန်းကိုလည်း ကျွန်တော်တို့နှစ်ယောက်စလုံး ပဲအောင်ကြတာ။ ဒါပေမယ့် ကျွန်တော်မျှော်လင့် အိပ်မက်ခဲ့ သမျှတွေ အားလုံးပျက်စီးကုန်တယ်. ."

သူ့စကားကို ရပ်ထားလိုက်ပြီး မဲ့စူးစူးလေးသူပြုံး၏။ သူ့အပြုံးက မှိုင်းညို့နေသည်။

"ဘယ်လိုကြောင့်လဲ မောင်သက်ဝေ၊ အဲ. . မောင်လွမ်းချစ်"

ဥာနာအုပ်ကြီးက စကားကို ဝင်ထောက်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ဆရာ၊ ကျွန်တော့်ကို သက်ဝေလို့ခေါ်ပါ။ ကျွန်တော့်နာမည်က သက်ဝေပါ။ ဆရာလည်းသိပြီးသားဖြစ်မှာပါ။ အဲ. . စပယ်နာမည်ရင်းကလည်း မြမြသင်းပါ။ အဲ. . ဖြစ်လာတဲ့ကံကြမ္မာက ဒီလိုပါ။ ကျွန်တော်က မစပယ်နဲ့ တက္ကသိုလ်ကို အတူတက်ချင်တယ်။ တက္ကသိုလ်မှာ ကျွန်တော်တို့နှစ်ဦး ပညာအတူသင်ပြီး ဘွဲ့အသီးသီးရမှ လက်ထပ်ကြမယ်၊ ဒီလိုစိတ်ကူးယဉ်အိပ်မက်ခဲ့တာလေ။ ဒါပေမယ့် မစပယ်က သူ့ဆန္ဒအလျောက် သူဝါသနာပါတဲ့ ပန်တျာကျောင်းကို တက်ချင်တယ်ဆိုတာနဲ့ နောက်ဆုံးသူ့ဆန္ဒကို ကျွန်တော် လိုက်လျောခဲ့ရပါတယ်. . "

"ဩော်. . "

သည်တစ်ခါတော့ ဌာနာအုပ်ကြီးက ကြားဖြတ်ပြီး ညည်းသံလေးနှင့် ဝင်ထောက်ပေးလိုက်၏။

"ကျွန်တော်တို့ချင်းကတော့ စာချင်းအဆက်အသွယ် မပြတ်ကြပါဘူး။ တိုတိုပြောရရင်တော့ သူက ပန်တျာကျောင်းဆင်းပြီး ဇာတ်သဘင်လောကထဲ ခြေစုံပစ်ဝင်ခဲ့တယ်။ သူ့နာမည်ကလည်း မြစပယ်ဝေလို့ ကျွန်တော်တို့နှစ်ဦးတိုင်ပင်ပြီး ပေးခဲ့ကြတယ်။ ကျွန်တော်လည်း ဘွဲ့ရပြီးတာနဲ့ ကျွန်တော်





ဝါသနာပါတဲ့ ကျောင်းဆရာအလုပ်ကို ဝင်လုပ်ခဲ့တယ်။ ကျွန်တော်က မြစပယ်ကို လက်ထပ်ဖို့ပြောပါတယ်။ ဒါပေမယ့် သူက ငါးနှစ်စောင့်ပါဆိုတာနဲ့ ကျွန်တော်စောင့်နေခဲ့ပါတယ်။ အဲ. . ငါးနှစ်ပြည့်လို့ ကျွန်တော်က လက်ထပ်ဖို့ ထပ်တောင်းဆိုပြန်တော့ သူကငြင်းဆန်တယ်။ ဘာကြောင့်လဲဆိုတော့ အခုနေမှာ သူဟာသူကိုယ်သူ မပိုင်တော့ဘူးတဲ့။ ပရိတ်သတ်က ပိုင်နေပြီတဲ့။ သူလက်ထပ်လိုက်လို့ အပျိုမဟုတ်တော့မှန်း သိသွားရင် ပရိသတ်က သူ့ကိုအချစ်လျော့သွားမှာ သူ့နာမည်ကျသွားမှာကို စိုးရိမ်နေတယ်။ သူက ကျွန်တော့်ထက် သူ့အနုပညာနဲ့ သူ့ပရိတ်သတ်ကို ပိုချစ်တယ်။ ပိုတန်ဖိုးထားတယ်။ ဒီမှာ သူနဲ့ ကျွန်တော် အယူအဆတွေကွဲ ငြင်းခုန်ကြပြီး စကားများခဲ့ကြတယ်။ နောက်ဆုံး သူကနောက်ထပ် သုံးနှစ်စောင့်ပါလို့ဆိုပါတယ်။ ကျွန်တော် သဘောတူကျေနပ်ခဲ့တယ်။ တကယ်တော့ သူ ကျွန်တော့်ကို လှည့်စားသွားတာပါ။ အချိန်နဲ့သတ်သွားတာပါ"

"သူ ဘယ်လိုလှည့်စားသွားတာလဲ မောင်သက်ဝေ"

"ဒီလိုလေ မြစပယ်ဟာ အောင်မြင်လာတော့ ကျွန်တော့်လို သာမန်ကျောင်းဆရာလေးတစ်ယောက်ကို လက်မခံပဲရဲ တော့ဘူး။ သူ့အောင်မြင်မှုနောက်ကို မက်မောစွာနဲ့လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးမှာ သူ့ကိုငွေတွေ ဈက်ရက်ရောရောပေး၊ တိုက်တွေ၊ အိမ်တွေ၊ ကားတွေဝယ်ပေးပြီး ရန်ကုန်မှာ တိတ်တိတ်ပုန်း ယူထားတဲ့ သူဌေးတစ်ဦးက သူ့ကိုရုပ်ရှင်မင်းသမီးဖြစ်အောင် တောင် လုပ်ပေးတော့မယ်ဆိုတာ ကျွန်တော်စုံစမ်းသိခဲ့ရတယ်။ ဒါကြောင့် ကျွန်တော် သူ့ကို အောက်ကို့ခယတောင်းပန်ပြီး သူနဲ့ပြန်ဆက်သွယ်ခဲ့တယ်။ ချိန်းတွေ့ခဲ့ကြတယ်။ လွန်ခဲ့တဲ့ သုံးလလောက်စပြီး သူနဲ့ကျွန်တော် ပြန်တွေ့ခဲ့ကြတာ။ ဒီတုန်းမှာပဲ သူဟာ ဘီလင်းမြို့မှာ ပထမဦးဆုံးညက ပြဇာတ်ကအပြီးမှာ သူနဲ့ကျွန်တော် ချိန်းတွေ့ကြပြီး သူက ရုပ်ဖျက်ပြီး ကျွန်တော်နဲ့ ပွဲခင်းထဲလျှောက်လည် စားသောက်ကြသေးတယ်. . ကျွန်တော်က မြစပယ်ပျော်လား၊ ကျွန်တော့်ကို လက်ထပ်ပါလားဆိုတော့ သူငိုတယ်။ သူ့ကိုခွင့်လွှတ်ပါတဲ့။ ဒီတစ်ခါ နောက်ဆုံးတွေ့ခြင်းပဲတဲ့။ နောက်ဘယ်တော့မှ ကျွန်တော့်ကို သူမတွေ့ပါရစေနဲ့တော့တဲ့။ သူ့အစ်ကိုကြီး သူ့ယောကျ်ားကို သစ္စာမဖောက်ချင်ပါဘူးတဲ့လေ။ ကျွန်တော် ဘယ်လောက်ရင်နာရသလဲ။ ကျွန်တော့် နှလုံးသားတွေ ပေါက်ကွဲတုန်တယ်။ ဒါကြောင့် ကျွန်တော် မြစပယ်ကို တခြားယောကျ်ားရဲ့ ရင်ခွင်ထဲတော့ မထည့်နိုင်ဘူး။ မြစပယ်ကို လက်လွှတ်ဆုံးရှုံးရမယ့်အစား သေတာကမှ





ကောင်းဦးမယ်လို့ ကျွန်တော်ဆုံးဖြတ်ပြီး နောက်နေ့ညမှာ သူ့ကို ချိန်းတွေ့ပြီး ကျွန်တော်အသင့်ယူလာတဲ့ ကျွန်တော် စပယ်ပွင့်လေးတွေဖြတ်ရင် သုံးတဲ့ဓားနဲ့ ကျွန်တော် စပယ့်ကို ထိုးသတ်ခဲ့ပါတယ် ဆရာ။ ဟောဒီမှာ အဲဒီဓား. . ."

ကျောင်းဆရာလေး မောင်သက်ဝေက ဆို့နစ်စွာပြောရင်း သူ့ရင်ဘတ်ရှပ်အကျႌအောက်ထဲမှာ သိမ်းယူလာခဲ့သည့် သတင်းစက္ကူပါးနှင့် ပတ်ထားသော ပန်းလှီးဓားလေးကို ထုတ်ပေးပါသည်။

"ကျွန်တော်. . ကျွန်တော် မြစပယ်ကို ချစ်လွန်းမြတ်နိုးလွန်းလို့ သတ် သတ်ခဲ့ရတာပါ ဆရာရယ်။အဟင့်. . ဟင့်. ."

သူ့ကြွေကွဲထိခိုက်စွာဖြင့် စားပွဲပေါ်မှောက်ချပြီး ရှိုက်ငိုနေပါတော့သည်။

ဩော်. . . အလွန်သိမ်မွေ့နူးညံ့သော အချစ်၏ နှလုံးသားသည် အတ္တလွန်ကဲမှုကြောင့် ယခုတော့ အဆိပ်အတောက်ဖြစ်သွားရလေပြီတကား။

× × × × ×



www.burmeseclassic.com

www.burmeseclassic.com



(ချုန္ဒမိ)

ထိုနေ့ နေ့လည်ခင်း နှစ်နာရီခွဲမှာ ဘီးလင်းပြည်သူ့ဆေးရုံလေးမှနေ၍ မင်းသမီးလေးမြစပယ်၏ အသုဘအခန်းအနားကို ရင်နာကြေကွဲစွာဖြင့် ဘီးလင်းသုသာန်သို့ ပို့ဆောင်ခဲ့ကြပါသည်။

မမျှော်လင့်စွာ အသုဘအခန်းအနားလေးက စည်းကားသိုက်မြိုက်ခဲ့လေသည်။ ရင့်နင့်စရာကောင်းသည်က ထိုည ဆယ့်တစ်နာရီခန့်လောက်အချိန်တွင် ရွှန်းမြမြလရောင်ထဲတွင် လွင့်ထွက်လာသည့် တယောသံတစ်ခုကလည်း ဆွေးမြေ့နာကျင်ဖွယ်ကောင်းလှပါသည်။

တယောသံက ဘီးလင်းရဲဌာနာဝင်းအတွင်းရှိ အချုပ်ထောင်ကြီး၏ ထောင့်စွန်းအခန်းရှိ တရားခံမောင်သက်ဝေ၏ အချုပ်ခန်းလေးဆီမှဖြစ်ပါသည်။ တစ်ဆက်တည်းမှာပင်။ မောင်သက်ဝေ၏ စပယ်သီချင်းသံလေးကလည်း တယောသံနှင့်အတူ လရောင်ကိုထိုးဖောက်ပြီး လွမ်းလွမ်းမြေ့မြေ့ထွက်ပေါ်လာနေပါသည်။

"စပယ်. . စပယ်ပန်းရယ်၊ သင်းရနံ့ကြူ ဖြူဖြူဖွေးရယ်၊





မွှေးမွှေးလေးပေးချင်အောင်ကွယ်၊ မူယာစုံကြွယ်. . "

ဩော်. . အချစ်လွှမ်းကဲလွန်းသည့် မောင်သက်ဝေ။ မသိစိတ်နှင့် လွင့်မျောနေလေရော့သလား။

မနက်ဖြန်ဆိုလျှင် သူ့ကို သထုံမြို့ (၁)ရာဘက် တရားသူကြီးရုံးသို့ ပို့ဆောင်ပြီး တရားရုံး၏ ဆုံးဖြတ်ချက်အပြစ်ဒဏ်ကို သူခံယူရရှာတော့မည်။

သူ့ဘဝ၏ အကျည်းတန်သည့် အနာဂတ်ခုရိုးကား. .

ချိုမွှေးသင်းပျံ့သောမေတ္တာရနံ့ဖြင့်
ရန်နိုင်ထိုက်စိုး
(နိုင်ငံခြားသော သာသိမ့်)

(ထိုစဉ်က ဘီးလင်းရဲဌာနာအုပ်ကြီး ဦးမောင်မောင်စိန်မှာ စာရေးသူ၏ ဖခင် ယခု သထုံခရိုင်အငြိမ်းစား ရဲအရာရှိ ဦးမောင်မောင်စိန်ဖြစ်ပါကြောင်း ဝန်ခံအပ်ပါသည်။)

စာရေးသူ



www.burmeseclassic.com

www.burmeseclassic.com

# အိုက်ကီခိုခန်တင်စိုးနှင့် စိတ္တဇပန်းဝတ်ရည်

(ထားဆီ)

ကျွန်တော်၏ နံနက်စာကို ကြည်ဥမကျက်တကျက် ကြော်တစ်ပွဲနက်စ်ကော်ဖီခါးခါးတစ်ခွက်တို့ဖြင့် စည်းစိမ်ခံ၍ ရှုညီညာတွိမ်း (Shania Twain) ၏ (You're Still The One) ထဲ လွင့်ပါစီးမျောသွားနေသည်။

ရှန်ညာတွိမ်းသည် ကျွန်တော့်၏ မသိစိတ်၊ စိတ္တဇ အိပ်မက်တွေကို သိမ်မွေ့စွာ ဖောက်ခွဲပစ်နေသည်။

ထိုစဉ် . . ကျွန်တော့်နားထဲသို့ တံခါးခေါက်သံ နူးညံ့ညံ့လေးတစ်ခု ရုတ်တရက် ဝင်ရောက်လာသည်။ ခါနကတ်



www.burmeseclassic.com

www.burmeseclassic.com



ဆက်တို လှမ်းဝီစ်ပြီး နေရာမှ ထလိုက်သည်။ အိမ်ရှေ့ဧည့်ခန်း တံခါးကို သတိနှင့် ဆွဲဖွင့်လိုက်သည်။

အခန်းတံခါးရှေ့မှာ. . အနီရောင် နှင်းဆီကဗျာ နတ်သမီးလေးတစ်ဦး မခို့တရို့လေး ရပ်နေသည်။ ကျွန်တော် အသက်ရှူမှားပြီး ငေးကြည့်နေမိသည်။

"ကျွန်မနာမည် ပန်းဝတ်ရည်ပါ သတင်းထောက် အိုက်ကီဒိုဒန်တင်စိုးဆိုသူနဲ့ တွေ့ချင်လို့ပါ"

ဖျတ်တနဲ ကျွန်တော် ပြုံးဖြစ်သွားပြီး .

"ကျွန်တော် ဒန်တင်စိုးပါ။ အထဲဝင်ပါ"

ဟု နှင်းဆီကဗျာ နတ်သမီး နီရဲရဲလေးကို ဖိတ်ခေါ် လိုက်သည်။

"အော်. . ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်၊ ဒါနဲ့. . ရှင်က အိုက်ကီဒိုဒန် အဆင့်ရထားတယ်ဆို"

"ဟုတ်ပါတယ်၊ ကျွန်တော် ဘာကူညီရမလဲ ဝန်းဝတ်ရည်. ."

"ဝမ်းသာပါတယ်၊ ကျွန်မဖြစ်ချင်တာကတော့ တစ္ဆေ လေး တစ္ဆေကို ပျောက်သွားအောင် လုပ်ပေးဖို့ပါပဲ"

"ဗျာ. . ဘယ်လို၊ တစ္ဆေ ဟုတ်လား. ."





ကျွန်တော် အရမ်းအံ့ဩပြီး ရယ်ချင်သွားသည်။ စိတ်ကို မနည်းထိန်းထားရသည်။

"ဟုတ်ပါတယ်၊ ကျွန်မမှာ ဒီကိစ္စအတွက် သေချင်ရ လောက်အောင် ခံစားနေရလို့ပါရှင်၊ အဲ. . အဲဒီတစ္ဆေဟာ လူတစ်ယောက်ကို သတ်ပြီး နောက်ထပ်လူနှစ်ယောက်ကိုလည်း သတ်ပစ်ဖို့ ခြိမ်းခြောက်နေတဲ့ တစ္ဆေပါ။ တကယ်ပါရှင်"

"ခင်ဗျားပြောသလို တစ္ဆေက လူတစ်ယောက်ကို သတ်သွားတယ်ဆိုရင် ဒါလူသတ်မှုပဲ. . ရဲစခန်းကိုသွားပြီး အကြောင်းကြားပါ. ."

"ဟာ. . ကျွန်မ ရဲစခန်းကို မသွားချင်လို့ ရှင့်ဆီလာခဲ့ တာပေါ့၊ ရှင် ကျွန်မကို အကူအညီမပေးဘူးလား"

"ဘာဖြစ်လို့ မသွားချင်ရတာလဲ၊ ဒါလူသတ်မှုပဲ"

"ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ရဲ့ အဖြစ်အပျက်တွေ ကို ရဲကိုဖွင့်ပြောလိုက်ရင် ကျွန်မနဲ့ ကျွန်မအစ်ကို နှစ်ယောက် လည်း ဒီအမှုထဲမှာ ဘယ်နည်းနဲ့မှ အပြစ်ကင်းမှာ မဟုတ်ဘူး"

"ဒါဆို မင်းရဲ့အဖြစ်တွေကို ကိုယ့်ကို ဖွင့်ပြောပြနိုင် မလား"

"ဟုတ်ကဲ့ ရှင့်ကိုတော့ ကျွန်မ ဖွင့်ပြောပြပါ့မယ်၊

www.burmeseclassic.com



ဘာကြောင့်လဲဆိုတော့ ရှင်က ကျွန်မကို တစ်ခုခု ဆောင်ရွက်ပေးနိုင်လိမ့်မယ်လို့ ကျွန်မယုံကြည်မျှော်လင့်မိတယ်၊ ကျွန်မပြောတာတွေကို ရှင်က ရဲကို ပြန်ပြောပြမယ်ဆိုရင်လည်း ကျွန်မ လွယ်လွယ်လေး ငြင်းလိုက်နိုင်ပါတယ်၊ စဉ်းစားကြည့်လေ၊ ရှင့်ကို ကျွန်မပြောတယ်ဆိုတာ ဘယ်သူက သက်သေခံမှာလဲ. . ”

ပန်းဝတ်ရည်က မဆိုးပါလား။ အကွက်ကျကျ စီစဉ်ဆောင်ရွက်လာခဲ့သည့် သူမ၏ ဉာဏ်ရည်ကို စိတ်ထဲက ချီးကျူးလိုက်မိသည်။ ပြီး. . ပြုံးလိုက်မိသည်။

“ကဲ. . ကောင်းပြီ၊ ပန်းဝတ်ရည်. . အမှန်အတိုင်းသာ ပြောပေတော့”

“လွန်ခဲ့တဲ့ တစ်နှစ်. . နိုဝင်ဘာလောက်ကပေါ့။ ပန်းဝတ်ရည်တို့မှာ မောင်နှမလေးယောက်ရှိခဲ့တယ်၊ အဲ. . အရင်က ရှိခဲ့တာ၊ ကျွန်မမှာ အစ်ကိုသုံးယောက်ရှိတယ်၊ အစ်ကိုအကြီးဆုံးက သန်းမြတ်ဦး၊ သူသေဆုံးစဉ်က အသက် ငါးဆယ်ရှိပြီ. . ”

“အင်း. . ဆက်ပြောပါဦး”

“အဲဒီတုန်းက ကျွန်မ အစ်ကိုလတ်၊ အဲ. . ဝင်းထွဋ်ဆွေက သုံးဆယ့်ခြောက်နှစ်၊ နောက်အစ်ကို အငယ်ဆုံး၊ မင်းသုခကတော့ သုံးဆယ့်နှစ်နှစ်ရှိပြီ။ ပန်းဝတ်ရည်က နှစ်ဆယ့်ကိုးနှစ်ထဲမှာ. . ၊ ကျွန်မတို့ အစ်ကိုအကြီးဆုံး သန်းမြတ်ဦးဟာ ကျွန်မတို့ မောင်နှမသုံးဦးကို ဖခင်ကြီးတစ်ယောက်လို စောင့်ရှောက်ခဲ့ပါတယ်၊ သူက လူပျိုကြီးပါ၊ ချမ်းလည်းချမ်းသာတယ်. . ရတနာကုန်သည်ကြီးပါ။ ဘဏ်မှာလည်း သူ့ငွေတွေ အများကြီးရှိတယ်၊ အဲဒီအချိန်မှာ ပန်းဝတ်ရည်တို့မောင်နှမသုံးဦးကတော့ ချို့ငဲ့ပါတယ်၊ ရရစားစားပေါ့”

ပန်းဝတ်ရည်က ပြောလက်စ စကားကို ခေတ္တဖြတ်ပြီး အသက်ကို ဖြည်းညှင်းစွာရှူက်သည်။ ပြီးနောက်မှ ဆက်၍ ပြောသည်။

“အစ်ကိုလတ် ဝင်းထွဋ်ဆွေက ကုမ္ပဏီတစ်ခုမှာ လက်ထောက်မန်နေဂျာပါ။ ပန်းဝတ်ရည်အထက်က အစ်ကိုအငယ်ဆုံးကတော့ ဆေးဆိုင်ကြီးတစ်ဆိုင်က အရောင်းကောင်တာ ဝန်ထမ်းလေ၊ အဲ. . ပန်းဝတ်ရည်ကတော့ **Restaurant** တစ်ခုကို နိုက်ကလပ်မှာ အပျော်တမ်း အဆိုတော်တစ်ယောက်ပေါ့။ ဝင်ငွေသိပ်မဆိုးလှပါဘူး။ ဒါပေမယ့် ပင်ပန်းတယ်. . ”

“အော်. . ပန်းဝတ်ရည်တို့ အစ်ကို အကြီးဆုံးက ချမ်းသာတယ်ဆို၊ ပြီးတော့ လူပျိုကြီးဆိုတော့ ကျန်ခဲ့တဲ့ သူ့ငွေ







www.burmeseclassic.com

www.burmeseclassic.com



တွေကို ပန်းဝတ်ရည်တို့ မောင်နှမသုံးဦးပဲ ရမှာပေါ့၊ မဟုတ်ဘူးလား. . ”

“ဟုတ်ကဲ့ ဒါပေမယ့် သူက ငွေနဲ့ပတ်သက်လာရင် သိပ်တိကျတယ်၊ သဘောကောင်းပေမယ့် အရမ်းကပ်စေးနှဲ ခြစ်ခြုပ်တယ်၊ ပန်းဝတ်ရည်တို့ မောင်နှမသုံးဦးကို ငွေကြေးနဲ့ ပတ်သက်လို့ လုံးဝမကူညီနိုင်ဘူး၊ အင်မတန်အရေးကြီးတဲ့ အကြောင်းကိစ္စမျိုးက လွဲလို့ပေါ့လေ၊ သူနဲ့ပတ်သက်ပြီး ‘သေတမ်းစာ’ အကြောင်းနည်းနည်းပြောပြချင်တယ်. . ”

“သေတမ်းစာဟုတ်လား၊ ဘယ်လိုသေတမ်းမျိုးလဲ၊ ပြောစမ်းပါဦး. . ”

ကျွန်တော် ဖွဲ့ပြသွားသည်။

“ဟုတ်ပါတယ်၊ နောက်ဆုံးသေတမ်းစာနဲ့ ဖော်ပြချက်ဆိုပါတော့၊ ပန်းဝတ်ရည်တို့ မောင်နှမလေးဦးစလုံးမှာ အမြန်အလှူ့သဒ္ဓါမျိုး သေတမ်းစာ တစ်စောင်စီထားရှိခဲ့ကြတယ်၊ ဘယ်လိုသေတမ်းစာမျိုးလဲဆိုတော့ ပန်းဝတ်ရည်တို့လေးဦးထဲက တစ်ယောက်ယောက်ဟာ သေသွားခဲ့ရင် သူ့မှာ ကျန်ရစ်ခဲ့တဲ့ ပစ္စည်းဥစ္စာတွေကို ကျန်တဲ့လူသုံးဦးက အညီအမျှဝေယူကြစတမ်းလို့ သဘောတူခဲ့ကြတယ်. . ”





“အော်. . ဟုတ်ပြီ၊ ကိုယ်နားလည်ပြီ၊ အင်း. . ဆက်ပြောစမ်းပါဦး”

“တစ်နေ့တော့ အစ်ကိုကြီး သန်းမြတ်ဦးက ပန်းဝတ်ရည် တို့ မောင်နှမသုံးဦးနဲ့ လာတွေ့ပြီး ဆောင်းရာသီ ခရီးရှည်လေး တစ်ခုသွားကြဖို့ သူစီစဉ်ထားကြောင်းနဲ့ အားလုံးကုန်ကျစရိတ် ကို သူကပဲ ထုတ်ပေးမှာဖြစ်ကြောင်း ပြောပါတယ်၊ ဒါနဲ့ တိုတို ပြောရရင် ပန်းဝတ်ရည်တို့ မောင်နှမသုံးဦး ခွင့်ရည်ရှည်ယူပြီး ‘တောင်ကြီးမြို့’ ကို အပန်းဖြေခရီး အစ်ကိုကြီးနဲ့ ထွက်လာခဲ့ ကြတယ်ဆိုပါတော့၊ တောင်ကြီးမြို့က ‘တောင်ခြေ’ ဟိုတယ်မှာ ပန်းဝတ်ရည်တို့လေးဦး တည်းခိုခဲ့ကြတယ်. .

အဲဒီအချိန်မှာ. . ကျွန်မတို့ရဝထဲကို အဆိပ်အတောက်ဖြစ်စေမယ့် ရာဇဝတ်မှုတစ်ခုက မြူနံဆိုမကျော်လင့်ဘဲ ရောက်လာခဲ့တယ်၊ ဒီရာဇဝတ်မှုကို ပထမဦးဆုံး လှုံ့ဆော်ခဲ့သူက အစ်ကိုလတ် ဝင်းထွဋ်ဆွေပါပဲ. . ”

“သူက ဘယ်လို လှုံ့ဆော်ဖန်တီးခဲ့တာလဲ”

“ဒီလိုပါ သူက အစ်ကိုကြီး သန်းမြတ်ဦးကို အမြန်ဆုံး ဖျောက်ဖျက်ပစ်ဖို့ တိုက်တွန်းတယ်၊ ပန်းဝတ်ရည်တို့ သုံးယောက်



www.burmeseclassic.com

www.burmeseclassic.com



ဟာ ဒီအကြံအစည်ကို ခပ်မြန်မြန်ပဲ သဘောတူ လက်ခံလိုက်ကြတယ်၊ ပန်းဝတ်ရည် ဘယ်သူ့ကိုမှ အပြစ်မတင်ချင်ပါဘူး၊ သုံးဦးစလုံးမှာ အပြစ်ရှိပါတယ်၊ ပန်းဝတ်ရည်တို့မှာ ငွေမရှိကြဘူးမဟုတ်လား၊ သုံးယောက်လုံး ချမ်းသာချင်တယ်လေ၊ ဒါကြောင့် ရုတ်တရက် ကြံမိကြံရာကြံလိုက်ကြတာပေါ့၊ ဒီကိစ္စသာ အောင်မြင်ခဲ့ရင် ပန်းဝတ်ရည်တို့ သုံးဦးပြည့်ပြည့်စုံစုံနဲ့ နေထိုင်သုံးစွဲသွားနိုင်ကြတော့မယ်ပေါ့နော်. . "

ပန်းဝတ်ရည်၏ ကိုယ်ကလေးက မသိမသာ သိမ့်သိမ့်လေးတုန်သွားသည်။ သူမမျက်နှာဝင်းနုနုလေးပေါ် လက်ချောင်း ဖြူဖြူလေးတွေနှင့် ငါးစက္ကန့်မျှ ဖုံးထားလိုက်ပြီး လက်များကို ဖယ်လိုက်ကာ စကားကို တစ်ဖန်ဆက်ပြောသည်။

"နောက်တစ်နေ့ မနက်စောစောမှာ ပန်းဝတ်ရည်တို့ လေးဦး၊ တောင်ချွန်းတောင်ထိပ်ပေါ် တက်လာခဲ့ကြတယ်၊ တောင်ချွန်းတောင်ထိပ်က မတ်စောက်ပြီး တောင်ကမ်းပါးစောက်ကြီးက ပေထောင်ကျော်မြင့်တယ်၊ အဲဒီအချိန်ကလေးမှာပဲ အခွင့်ကောင်းကို စောင့်နေတဲ့ အစ်ကိုလတ်ဟာ ဖြုန်းကနဲဆို အစ်ကိုကြီးအနား ရုတ်တရက် ချဉ်းကပ်သွားပြီး နောက်ကနေ တွန်းချလိုက်တယ်၊ အစ်ကိုကြီး သန်းမြတ်ဦးဟာ တောင်ကမ်းပါး





ထိပ်ကြီးပေါ်က လွင့်ကျသွားပြီး ကြောက်လန့်တကြား လှမ်းအော်လိုက်တဲ့ အသံနက်စူးစူးကြီးက ပဲ့တင်ဟိန်းပြီး ပေါ်ထွက်လာတာ ကြားလိုက်ရတယ်၊ ပန်းဝတ်ရည်တို့ သုံးဦးလည်း တောင်ပေါ်က ခပ်မြန်မြန် ပြန်ဆင်းလာခဲ့ကြပြီး သက်ဆိုင်ရာကို အကြောင်းကြားလိုက်တယ်၊ ရဲတွေ အဲဒီနေရာကို တက်သွားပြီး စုံစမ်းစစ်ဆေးကြတယ်၊ သူတို့ကလည်း အဲဒီအတိုင်းပဲ ဆိုခဲ့ကြတယ်. . "

"ဘယ်လို ဆိုခဲ့ကြတာလဲ၊ ပန်းဝတ်ရည်"

"အော်. . ရဲတွေက အစ်ကိုကြီး မတော်တဆ တောင်ပေါ်က လိမ့်ကျပြီး သေဆုံးရခြင်းဖြစ်တယ်လို့ပဲ ယုံကြည်သွားတယ်ဆိုတာကို ပြောတာပါ"

ကျွန်တော့်ရင်ထဲတွင်တော့ အတွေးတွေ တစ်သီတစ်တန်းကြီး ပေါ်လာသည်။ ကျွန်တော် လေးလေးနက်နက်စဉ်းစားနေသည်။ ပန်းဝတ်ရည်က သူမနေရာမှာ မလှုပ်မရှက်ထိုင်နေသည်။ သို့သော် ဆင်စွယ်နုရောင် သူမ၏ လက်ချောင်းလေးတွေက မသိမသာတုန်ရီနေသည်ကို ကျွန်တော် သတိထားမိသည်။

"ဟဲ. . ဟုတ်ပြီ၊ ထားပါတော့. . ဒါဆို တစ္ဆေဟာ ဘယ်ကပေါ်လာတာလဲ၊ ဘယ်တစ္ဆေက ဘယ်သူ့ကို သတ်ခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



လဲ. . ပန်းဝတ်ရည်ပြောစမ်းပါဦး. . ”

ပန်းဝတ်ရည်၏ နှုတ်ခမ်းလေးတွေ ရှုံ့လေးလှုပ်လာသည်။ အသံကလည်း တုန်တုန်ရီရီလေးဖြစ်နေသည်။

“အစ်ကိုကြီး တစ်ယောက် သန်းမြတ်ဦးက အစ်ကိုလတ် ဝင်းထွဋ်ခေါင်ကို သတ်လိုက်တယ်”

“ကဲဗျာ. . ထားတော့၊ ဒါပေမယ့် ခင်ဗျားက ဘယ်လို အထောက်အထားနဲ့ ပြောတာလဲဆိုတာ၊ ကျွန်တော် သိချင်တယ်. . ”

“ကျွန်မနေတာက သုံးဆယ့်လေးထဲက တိုက်ခန်းနံပါတ် (. . .) လေးထပ်မှာ နေပါတယ်၊ လွန်ခဲ့တဲ့ နှစ်လလောက်က အစ်ကိုကြီးဆုံးပြီး တစ်နှစ်တိတိပြည့်တဲ့ နိုဝင်ဘာလ (၂၆)ရက်နေ့မှာ အစ်ကိုကြီး သန်းမြတ်ဦး ကျွန်မဆီရောက်လာတယ်. . ”

“သန်းမြတ်ဦး မင်းဆီရောက်လာတယ်၊ နေပါဦး. . ပန်းဝတ်ရည် သူက သေသွားပြီးမှ ဘယ်လိုပြန်ရောက်လာတာလဲ၊ မင်းတို့ပဲ သူ့ကိုသတ်ခဲ့ကြတယ်ဆို၊ သူသေသွားတာ မဟုတ်လား”

“ဟုတ်ပါတယ်၊ သူပါပဲ”





“ဘယ်လိုပုံ ပြန်ရောက်လာတာလဲ၊ ပန်းဝတ်ရည်. . ”

“သူက တစ်ယောက်ပါ၊ လူအစစ်ကသေပြီပဲလေ၊ သူ့ကို သူသေတဲ့နေ့တုန်းက တွေ့ခဲ့တာနဲ့ တစ်ပုံစံတည်းပဲ၊ အဝတ်အစားတွေကလည်း အဲဒီနေ့က သူဝတ်လာတဲ့အတိုင်း၊ အနွေးထည်အစိမ်းရောင်၊ နှင်းခဲဦးထုပ်အစိမ်းရောင်တွေကိုပဲ ဝတ်လာပါတယ်. . ”

“သူက ဘာပြောလဲ”

“သူက ပန်းဝတ်ရည်တို့ သုံးဦးကို ကလဲ့စားချေဖို့ ပြန်လာတာတဲ့. . ပထမ ဝင်းထွဋ်ခေါင်ကို သတ်မယ်၊ နောက်. . မင်းသုဓေကို သတ်ပြီးတော့ နောက်ဆုံးမှာ ပန်းဝတ်ရည်ကို သတ်မယ်လို့ပြောပြီး ထရပ်လိုက်တယ်၊ နောက် နှုတ်တောင်မဆက်ဘဲ တံခါးကိုဖွင့်ပြီး ထွက်သွားတယ်. . ”

“အဲဒီတော့ ပန်းဝတ်ရည် ဘာဆက်လုပ်လဲ”

“ကျွန်မချက်ချင်းပဲ အစ်ကိုနှစ်ယောက်ဆီကို ဖုန်းလှမ်းဆက်လိုက်တယ်၊ မကြာခင် သူတို့ ပန်းဝတ်ရည်အခန်းကို ရောက်လာကြတယ်၊ ကျွန်မဖြစ်ပျက်ခဲ့သမျှတွေကို သူတို့နှစ်ယောက်ကိုပြန်ပြောပြတယ်၊ ဒါပေမယ့် သူတို့က မယုံကြဘူး၊ ကျွန်မ မြင်ချင်ရာတွေမြင်ပြီး ထင်ချင်ရာတွေထင်၊ ကြောက်ယောင်



www.burmeseclassic.com

www.burmeseclassic.com



ခြောက်ခြားလှောက်ပြောနေတယ်လို့ သူတို့ထင်တယ်၊ ကျွန်မ အာရုံကြောတွေ ချို့ယွင်းနေတယ်၊ ဆရာဝန်ဆီသွားပြကြည့်ဖို့ တိုက်တွန်းကြတယ်၊ ကျွန်မက သူတို့ပြောတာကို နားမထောင်ခဲ့ဘူး။ အစ်ကိုလတ် အသတ်ခံရတဲ့ အချိန်ထိဆိုပါတော့ရှင်"

ကျွန်ုပ်တော် စီးကရက်အသစ်တစ်လိပ်ကို မီးညှိပြီး တစ်ချက်ရှိုက်ဖွာလိုက်သည်။

"ဒီကိစ္စနဲ့ပတ်သက်ပြီး ခင်ဗျား ဘာမှမလုပ်ခဲ့ဘူး မဟုတ်လား၊ ဒါဖြင့် အခုခင်ဗျား ကျွန်တော့်ဆီကိုကော ဘာအတွက်လာတာလဲ. ."

"ဒီလိုပါရှင်၊ ညက. . အစ်ကိုကြီး၊ ပန်းဝတ်ရည်ဆီ တစ်ခေါက်ပြန်လာလို့ ကျွန်မသီချင်းဆိုပြီး ပြန်လာတော့ သူဟို တစ်ခါထိုင်သွားတဲ့ ခုံပေါ်မှာပဲထိုင်ပြီး စောင့်နေတယ်၊ အဝတ်အစားတွေလည်း အရင်တစ်ခါအတိုင်းပဲ သူက ပန်းဝတ်ရည် ကို ဘာပြောလဲသိလား။ ဝင်းထွန်းနွေကိုတော့ ငါကြံစည်ပြီးသွား ပြီတဲ့ ဒီတစ်ခါ မင်းသုဝေအလှည့်ပဲတဲ့. . အဲဒီလိုလည်းပြောပြီး ရောသူဆတ်ခနဲ ထရပ်ပြီးနောက် နှုတ်မဆက်ဘဲ တံခါးကို ဆွဲဖွင့်ပြီး ထွက်သွားတယ်. ."

"ဒီတော့ ခင်ဗျားက. ."





"ကျွန်မ ဒီတစ်ခါတော့ ကြောက်လန့်ပြီး မေ့မျောသွားတယ်၊ သတိပြန်ရလာတော့ ကျွန်မငိုချင်သလို ရယ်ချင်သလို ကျွန်မစိတ်တွေ ကယောင်ခြောက်ခြားဖြစ်နေတယ်၊ နောက် စိတ်ကို တည်ငြိမ်အောင်ထားပြီး အဝတ်အစားလဲပြီးတော့ အစ်ကို မင်းသုဝေဆီကို ထွက်လာခဲ့တယ်၊ အချိန်က ညဉ့်နက်နေပြီ ဒါပေမယ့် ဘာကိုမှ ဂရုမစိုက်နိုင်တော့ဘူး၊ သူနေတာက သုံးဆယ့်ခြောက်လမ်းထဲမှာ ကျွန်မသီချင်းဆိုတဲ့ ပန်းဆိုးတန်းက စားသောက်ဆိုင်နဲ့ ကျောချင်းကပ်ပဲ သိပ်မဝေးဘူး။ ညကြီး အချိန်မတော်မှာ ကျွန်မ သူ့ဆီရောက်လာတော့ သူအရမ်း အံ့သြသွားတယ်၊ ကျွန်မက အစ်ကိုကြီး သန်းမြတ်ဦး ကျွန်မဆီကို လာသွားတဲ့အကြောင်း ပြောပြတယ်၊ ဒါပေမယ့် သူက ဘယ်လိုပြောပြော မယုံဘူး၊ ကျွန်မကို ဆရာဝန်ဆီသွားပြီး အစစ်ဆေးခံကြည့်ဖို့ပဲ ပြောနေတယ်၊ ဒီနေ့တော့ ဘာပဲဖြစ်ဖြစ် ကျွန်မ တစ်ခုခုလုပ်ဖို့ ဆုံးဖြတ်လိုက်ပြီး ကျွန်မကို ကူညီမယ် မဟုတ်လား ကိုဒန်တင်စိုး ကျွန်မ တောင်းပန်ပါတယ်. ."

"အင်း. . အတတ်နိုင်ဆုံးကြိုးစားပြီး ကျွန်တော် ကူညီပါ့မယ် ပန်းဝတ်ရည်"

"ကဲ. . ဒါဆိုရင်ကျွန်တော်တို့ သွားကြရအောင်"

www.burmeseclassic.com

www.burmeseclassic.com



"သွားကြမယ် . . ဘယ်ကိုလဲ"

"ခင်ဗျား . . တိုက်ခန်းကို လိုက်ကြည့်ချင်တယ်၊ ခွင့်ပြုမယ်ဆိုရင်ပေါ့ . ."

"အော် . . ခွင့်ပြုပါတယ်၊ ရှင်က မြန်မယ့်မြန်တော့လည်း ချက်ချင်းကြီးပါပဲလား . ."

ပန်းဝတ်ရည်လည်း ထိုင်ရာမှ ယို့ယို့လေး ထရပ်သည်။

"ကျွန်တော်က အလုပ်လုပ်ရင် ဒီအတိုင်းပဲ . ."

* * * *

(၁၅)

ပန်းဝတ်ရည်ငှားနေသည့် တိုက်ခန်းလေးက သိပ်တော့ မကျယ်ဝန်းလှပါ။ ဧည့်ခန်း၊ ရေချိုးခန်းနှင့် မီးဖိုခန်းလေး သီးသန့်ရှိသော အခန်းလေးတစ်ခုဖြစ်သည်။ ရေချိုးခန်းတွင် ပြတင်းပေါက်တစ်ပေါက်ရှိပြီး ဧည့်ခန်းတွင် ပြတင်းပေါက်နှစ်ပေါက်၊ စုစုပေါင်း ပြတင်းပေါက် သုံးပေါက်သာရှိပြီး တံခါးရွက်အတွင်းဘက်များတွင် ခိုင်ခန့်သော ကြေးသော့ဂလန့်များ တပ်ဆင်ထား



ရှိ၏။

"ပြတင်းပေါက်တွေကတော့ စိတ်ချရတယ်၊ ဒါပေမယ့် အိမ်ရှေ့တံခါးမကြီးက သော့အိမ်ကို အသစ်လဲရင်ကောင်းမယ်၊ ပန်းဝတ်ရည် . ."

ကျွန်တော်က အခန်းကို လျှောက်ကြည့်ပြီး ပန်းဝတ်ရည် ကို အကြံပေးသည်။

"ဘာဖြစ်လို့လဲ . . ဟင် . ."

"အို . . ဒီမှာကြည့်လေ၊ သေသေချာချာကြည့်စမ်းပါဦး၊ ခင်ဗျားဆီလာသွားတဲ့လူဟာ တစ္ဆေပဲလား . . ဝိညာဉ်လားတော့ မသိဘူး၊ သော့ဟောင်းတစ်ခုနဲ့ ဖွင့်ဝင်လာနိုင်တာတော့ အမှန်ပဲ၊ ခင်ဗျားအတွက် လုံခြုံမှုမရှိဘူး။ ချက်ချင်းပြင်လိုက်ရင် ကောင်းမယ် . ."

ထို့နောက် ကျွန်တော်က ကျွန်တော့်မိတ်ဆွေ ကုမ္ပဏီတစ်ခုကို ဖုန်းလှမ်းဆက်ပြီး အကူအညီတောင်းလိုက်သည်။ ခရိုဝက်အတွင်းတွင် ကုမ္ပဏီမှ သော့ပြင်ဆရာတစ်ဦးရောက်လာခဲ့မည်ဟု ဆိုသည်။

သော့ပြင်ဆရာရောက်မလာခင် အချိန်လေးတွင် ပန်းဝတ်ရည်က ကျွန်တော့်ကို ကော်ဖီပွဲနှင့် တည်ခင်းဧည့်

www.burmeseclassic.com

www.burmeseclassic.com



သည်။ သိမ်မွေ့လှပပြီး ချစ်မက်ဘွယ်ကောင်းသည့် ပန်းဝတ်ရည်၏ အိပ်မက်ဆန်သော အရိုးခံအလှများကိုယခုမှ ကျွန်တော်တစိမ့်စိမ့်မြင်ရသည်။ အသားအရည်က ရွှေဝါရောင်လွှမ်းပြီးဝင်းမွတ်နေသည်။ ပြာလဲ့သော မျက်ဝန်းတစ်စုံနှင့် နီထွေးသောနှုတ်ခမ်းပါးလေးတွေက ယှဉ်၍ပြုံးလိုက်လျှင် ကြည်နူးစရာပန်းချီကားလေးတစ်ချပ် ဖြစ်သွားပါသည်။

"ညကျရင် ကျွန်မ သီချင်းဆိုတဲ့ ရက်စက်တော့ရင့်မှာ ကျွန်မကို ရှင်လာတွေ့နိုင်မလား၊ ပန်းဆိုးတန်းက 'DREAM NIGHT' လေ သိတယ် မဟုတ်လား"

"သိပါတယ်၊ နာမည်ကြီး စပိန်စတိုင် စားသောက်ဆိုင်ပဲ ဘယ်အချိန်ပို့အဆင်ပြေလဲ. ."

"ဘယ်အချိန် ဖြစ်ဖြစ်ရတယ်၊ အေးဆေးပဲ"

"ကောင်းပြီလေ၊ လာဖြစ်လိမ့်မယ် ထင်ပါတယ်"

ခဏလေးကြာတော့ သော့ဖြင့်ဆရာ ရောက်လာသည်။ ကျွန်တော်က စိတ်တိုင်းကျစေခိုင်းပြီး ခေတ်မှီခိုင်ခန့်စိတ်ချရသည့် သံမဏိသော့အိမ်အသစ် တစ်ခုတပ်ဆင်ပေးလိုက်သည်။ တျသင့်ငွေကို ကျွန်တော်ပဲ စိုက်ပေးလိုက်သည်။

"ကဲ. . ခင်ဗျားလုံခြုံမှုအတွက်တော့ စိတ်ချသွားရပြီ၊





ခင်ဗျားကို သူနောက်ထပ်ပြီး လာမနှောင့်ယှက်နိုင်တော့ပါဘူး"

"ကျွန်မလည်း ဒီလိုပဲ ဖြစ်ပါစေလို့ မျှော်လင့်ပါတယ်၊ ရှင့်စေတနာကိုလည်း ကျေးဇူးတင်ပါတယ်၊ ကျွန်မရဲ့ ဆောင်းတွင်းအိပ်မက် ကယောက်ကယက်လေးလည်း ဒီမနက်မိုးလင်းမှာပဲ ပျောက်သွားပါစေတော့လို့ ဆုတောင်းလိုက်ပါတယ်"

"ကိုလည်း ဒီလိုပဲ ဆုတောင်းပါတယ်၊ ပန်းဝတ်ရည်"

* * * *

(သုံး)

မင်းသုဇေ အလုပ်လုပ်နေသည့် ဆေးဆိုင်တာ နိုင်ငံခြားဆေးမျိုးစုံနှင့် မြန်မာ့ဆေးမျိုးစုံရောင်းသည့် မြေညီထပ်ရှိ နှစ်ခန်းတွဲဆိုင်တစ်ဆိုင်ဖြစ်သည်။ သပ်ရပ်ခန့်ငြားသည့် ခေတ်မှီဆေးဆိုင်ဖြစ်၏။ ဆိုင်ထဲတွင် အရောင်းစာရေးမလေးနှစ်ဦးနှင့် မင်းသုဇေသာရှိပြီး လူရှင်းနေသည်။

မင်းသုဇေက ကိုယ်လုံးသေးသေးနှင့် အရပ်ရှည်ရှည်ဖြစ်သည်။ မျက်လုံးကျဉ်းကျဉ်းနှင့် အသားညိုသည်။ သူက



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို ပြုံးလျှက် ကြိုဆိုသည်။

"ကျွန်တော်က မှုခင်းသတင်းထောက်၊ ဒန်တင်စိုးပါ၊ ခင်ဗျားက ပန်းဝတ်ရည် အစ်ကို မင်းသုဇ ဖြစ်ပါတယ်. ."

"ဟုတ်ပါတယ်"

သူ့မျက်နှာချက်ချင်း ညှိုးသွားပြီး စိုးရိမ်ထိတ်လန့်သွားသည့် အရိပ်အယောင်မှုလေးတွေ တွေ့လိုက်ရသည်။

"ကျွန်တော် ပန်းဝတ်ရည်နဲ့ ပတ်သက်ပြီး ခင်ဗျားကို နည်းနည်းမေးစရာရှိလို့"

သူ့အပြုံးတွေ ဘယ်လို ပျောက်ကွယ်သွားသည်မသိရတော့။

"လာဗျာ၊ ကျွန်တော့်အခန်းထဲမှာ အေးအေးဆေးဆေး စကားသွားပြောကြတာပေါ့ ကိုဒန်တင်စိုး"

သူက အတွင်းဘက်၊ သီးသန့်အခန်းတစ်ခုထဲ ကျွန်တော့်ကို ခေါ်သွားခဲ့သည်။ စားပွဲမှာ မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်ကြသည်။

"တစ်ကယ်တော့ ကျွန်တော့်ညီမ ပန်းဝတ်ရည်ဟာ ကောင်းတောင်းမကျန်းမာဘူးဗျ၊ ခင်ဗျား တွေ့ခဲ့မှာပေါ့. ."

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။





"တောင်ချွန်းပေါ်က အဖြစ်အပျက်အမှန်ကို ခင်ဗျား ကျွန်တော့်ကို ပြန်ပြောပြနိုင်မလား. ."

"အစ်ကိုကြီး သန်းမြတ်ဦး အကြောင်းကို ဆိုလိုတာလား. ."

"ဟုတ်ပါတယ်၊ ကိုမင်းသုဇ သိသလောက်ပေါ့"

"အမှန်က တောင်ချွန်းတောင်ထိပ်ပေါ် ရောက်တော့ ကျွန်တော်တို့သုံးဦးနဲ့သူဟာ တော်စောက်လေးဝေးဝေးမှာ ရှိနေခဲ့ကြပါတယ်၊ သူက တောင်ထိပ်အစွန်းပေါ်ကို တက်ပြီး အောက်ကိုရပ်ငုံ့ကြည့်နေတယ်၊ သူ့မှာ ရှုတ်တရက် မူးဝေတတ်တဲ့ဝေဒနာရှိတယ်၊ မကြာခဏဖြစ်တတ်တယ်၊ အဲဒီအချိန်လေးမှာပဲ သူရပ်နေရင်းက ဖြုန်းဆို တောင်ထိပ်ပေါ်ကနေ ရှုတ်အရက် ခြေချော်ကျသွားပြီး တောင်ကမ်းပါးကြီးအောက်ကို ထိုးကျသွားတာပဲ၊ ရဲတွေလည်း ကျွန်တော်တို့ သတင်းပို့ချက်အရ အဲဒီနေရာသွားပြီး စစ်ဆေးကြပါတယ်၊ နှင်းတွေလည်း ကျနေတော့ တောင်စွန်းပေါ်မှာ အရာတောင်ရှာမတွေ့ကြပါဘူး၊ သူ့အလောင်းတို့ သင်္ဂြိုလ်မြှုပ်နှံပြီးမှ ကျွန်တော်တို့လည်း ပြန်လာခဲ့ကြတာပဲ. ."

"ဒါဆို ခင်ဗျား ညီမ ပန်းဝတ်ရည် ကျွန်တော့်ဆီ



www.burmeseclassic.com

www.burmeseclassic.com



လာပြောသွားတဲ့ တစ္ဆေပုံမြင်ကိုတော့ ခင်ဗျား ဘယ်လိုယူဆမလဲ. . ”

“အမှန်အတိုင်းပြောရရင်တော့ဗျာ ကျွန်တော့် ညီမ ပန်းဝတ်ရည်ဟာ ပျက်စီးနေတယ်ဆိုရမယ်၊ သူဟာ. . နိုက်ကလပ်တွေမှာ အလုပ်လုပ်ရင်း ရှုပ်ရှုပ်ပွေပွေရှိခဲ့တာမို့ သူ့ အာရုံတွေက ချို့ယွင်းပျက်စီးနေပြီလို့ ကျွန်တော်ထင်တယ်၊ ပြောရတာရှက်တော့ ရှက်ပါတယ်ဗျာ၊ ပြီးတော့ ကျွန်တော်တို့ လေးဦး ထားခဲ့ကြတဲ့ သေတမ်းစာအကြောင်းလည်း သူခင်ဗျားကို ပြောပြပြီးရောပေါ့. . ”

“ဟုတ်တယ် ပြောပြတယ်”

“အစ်ကိုကြီးက သူ့သေတမ်းစာထဲမှာ ဘယ်လိုရေးထားသလဲဆိုတော့ အကယ်၍ သူသေသွားခဲ့ရင် အစိုးရက ရသင့်ရထိုက်တဲ့ အခွန်တွေနုတ်ပြီး ကျန်တဲ့ ဘဏ်စာရင်းထဲက ကျွန်တော်တို့သုံးဦးကို သိန်းတစ်ရာစီခွဲပေးဖို့ ဖော်ပြထားခဲ့တယ်၊ ကိုဝင်းထွဋ်ဆွေက ကလေးမရှိတဲ့ မုဆိုးဖို၊ သူကအေးတယ်၊ ကျွန်တော်လည်း တိုယ့်ဝင်ငွေလေးနဲ့ကိုယ် အေးအေးချမ်းချမ်း ပဲနေတယ်၊ ပန်းဝတ်ရည်က ဒီလိုမဟုတ်ဘူး၊ အရမ်းသုံးဖြုန်းတယ်၊ ဘွဲ့ရပြီး ဘာအလုပ်မှ မလုပ်ဘူး၊ နိုက်ကလပ်တွေမှာ





သီချင်းလိုက်ဆိုတယ်၊ အဖျော်အပါးအရမ်းမက်တယ်၊ သူနေချင်သလိုနေခဲ့တယ်. . အဲဒီလိုကနေ ဘာစိတ်ကူးပေါက်လာသလဲ မသိဘူး၊ အစ်ကိုကြီး သန်းမြတ်ဦးကို ရုပ်းပစ်ဖို့ အကြံသူယူလာခဲ့တာပဲ၊ ဟော. . ခုနောက်ဆုံး အစ်ကိုကြီးရဲ့ ထိတ်လန့်စရာ တစ္ဆေပုံမြင်ကြီးကို သူဖန်တီးယူလာပြန်ပြီ”

“အင်း. . ခင်ဗျားတို့ အဖြစ်ကလည်း ခပ်ဆန်းဆန်းပဲ၊ ဒါနဲ့ ဝင်းထွဋ်ဆွေ အသတ်ခံရတယ်ဆိုတာက. . ”

“ဝင်းထွဋ်ဆွေဟာ ချစ်စရာကောင်းတယ်၊ အေးတယ်၊ ဒါပေမယ့် သူက အဆာကျယ်တယ်၊ သူ့မှာ ‘**Hypochondriac**’ လို့ခေါ်တဲ့ စိတ်ညစ်တတ်တဲ့ ရောဂါရှိတယ်၊ ခက်တာက သူ့ဆရာဝန်တွေကို ပြရမှာကြောက်တယ်၊ လွန်ခဲ့တဲ့ ခြောက်လလောက်က သူ့ဗိုက်အောင့်တဲ့ရောဂါဖြစ်လာပြီး မကြာခဏ အော့အန်တတ်တယ်၊ သူ့ကို ကျွန်တော် ဆရာဝန်ဆီ အတင်းခေါ်သွားပြီးပြတယ်၊ ဒါကို သူက မယုံဘူး၊ နောက် သူ့ဗိုက်ကို ခွဲစိပ်ကုသဖို့ စိစဉ်နေတုန်း သူ့ကိုယ်သူ သတ်သေသွားတာပဲ”

“ရဲအဖွဲ့ကလည်း ဒီအမှုနဲ့ပတ်သက်ပြီး သံသယကင်းခဲ့ပါတယ်၊ ကျွန်တော်ပြောပြမယ်၊ သူအရင်ကလည်း ဒီလိုတစ်ခါသေကြောင်း ကြံစည်ခဲ့ဖူးတယ်လေ”



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . အကြောင်းစုံသိရလို့ ကျေးဇူးတင်ပါတယ် . . ကိုမင်းထူးရေ၊ နောက်တွေ့ကြသေးတာပေါ့ သွားမယ်နော်"

"ကောင်းပါပြီ ကိုဒန်တင်စိုး"

ကျွန်တော် သူ့ကို နှုတ်ဆက်ပြီး သူ့ဆေးဆိုင်လေး ထဲမှ ပြန်ထွက်လာခဲ့သည်။

✱ ✱ ✱ ✱

([illegible])

ထိုည ကိုးနာရီခွဲခန့်တွင် ကျွန်တော် ပန်းဝတ်ရည် သီချင်းဆိုသော ပန်းဆိုးတန်းရှိ 'DREAM NIGHT' သို့ ထွက်လာခဲ့သည်။ စားသောက်ဆိုင်တစ်ခုလုံး အပြာရောင်မီးလွန်မီးတွေအောက်တွင် လွင့်မြူးနေသည်။ ကျွန်တော် ထောင့်ကျကျ အလယ်ခုံ ဘေးပုံကပ်ခုံမှာ ဝင်ထိုင်ပြီး အမြည်းနှင့်ဘီယာများ မှာလိုက်သည်။

မြူးကြွကြွတေးယောသံများနှင့်အတူ တေးဂီတစင်မြင့် ထက်ဆီမှ ပန်းရောင်ပိုးလိုက်ကာကြီး တဖြည်းဖြည်း မြင့်တက်





သွားသည်။ တယောသံများအဆုံးတွင် စင်မြင့်တစ်ဖက်ထောင့်မှ ညကလပ်အဆိုတော် ပန်းဝတ်ရည် ပြေးထွက်လာသည်။ သူမ၏ ဝတ်ဆင်ထားသည့် ဒီဇိုင်းက 'ဖျန်ဖာလိုပက်ဇ်' လို့ တီရှပ်အနက်၊ ဂျင်းခေါင်းလောင်းဘောင်းဘီအပြာ၊ လည်သာရှာကင်အနက်ရောင်နှင့် ငွေခါးပတ်ပြားကို ခါးမှာပတ်ထားသည်။

ပန်းဝတ်ရည်က ပရိသတ်ကိုဦးညွှတ်လိုက်၏။ ချက်ချင်း ဂီတသံက ကြွမ်းကြွမ်းရမ်းရမ်းလေး လွင့်ဖြောတ်ပေါက်ကွဲထွက်လာသည်။ သူမကို မီးရောင်စုံဆလိုက်တွေ လျှပ်စစီးလက်နေသလို ဝိုင်းထိုးလာသည်။ သီချင်းက ရော့ခ်အင်ရိုးလ်အလို စိုတွဲသီချင်း။ ပန်းဝတ်ရည် သူမတစ်ဦးတည်း ယောက်ျားသံမျိုးနှင့် အသံအောရှရှ ဟဲထီးသံဖြင့်နှင့်ရော သူမ၏အသံ အမျိုးသမီးအသံနှင့်ပါ တစ်ကြော့စီ ပြောင်းဆိုသွားခဲ့သည်။

စင်အောက်ဝိုင်းများမှ ပရိသတ်များကလည်း ဆူညံ မြူးလက် အော်ဟစ်အားပေးနေကြသည်။ နောက်ထပ် အသံသုံးမျိုးနှင့် သီချင်းသုံးပုဒ်ဆက်တိုက် ခုန်ပေါက်မြူးကြွလှုပ်ရှားလျက် ပန်းဝတ်ရည်လိပ်ပြာတစ်ကောင်လို ပျံဝဲပြီး သီချင်းဆိုသွားခဲ့သည်။

ကျွန်တော် ပန်းဝတ်ရည်ဘာစနှင့် စိတ်နေစိတ်ထားရေး



www.burmeseclassic.com

www.burmeseclassic.com



ကို သဘောပေါက်နားလည်သွားခဲ့သည်။ တော်တော်လေး တွေနှပ်သွားပြီ၊ ကျွန်တော် ထပြန်လာခဲ့သည်။

ကျွန်တော့် ဂျိတ်ကားနီနီလေးကို ကမ်းနားလမ်းဆီ ဦးတည်မောင်းလာခဲ့ပြီး လှိုင်မြစ်ကို မေးတင်ကာ သီးသန့်နေရာ လေးတစ်ခုမှာ ထိုးရပ်လိုက်သည်။

ကားပေါ်မှ ဆင်းလာပြီး ကားနံဘေးတွင် ရပ်တာ အမြင်ကို ငေးကြည့်နေသည်။ စီးကရက်ကို မီးညှိပြီး ရှိုက်ဖွာ လိုက်သည်။ လှိုင်းစွင့်လေးတွေ ရယ်မောသံကို ကျွန်တော် ဂရုမစိုက်အား။ ဆယ့်တစ်နာရီထိုးရန် ငါးမိနစ်လောက်အလိုမှာ ကျွန်တော် ဂျိတ်ကားနီလေးကိုစက်နှိုးပြီး မြို့ထဲသို့ ပြန်မောင်း ထွက်လာခဲ့သည်။

မင်းသုဝေနေသည့် (၃၆)လမ်းထဲရှိ သူ့တိုက်ခန်းရှေ့တွင်ငါ ထိုးရပ်လိုက်သည်။ ပထမထပ်သို့ ကျွန်တော်လှမ်းတက် လာခဲ့သည်။ တံခါးကို ညင်သာစွာ ခေါက်လိုက်သည်။ အတွင်းမှ ဘာသံမှ မကြားရ။ ဒုတိယအကြိမ် ကျွန်တော် တံခါးကို ထပ်ခေါက်သည်။ ဘာသံမှမကြားရ။ ရင်ထဲမှာ စိုးရိမ်စိတ်တွေ ဝင်လာသည်။ တံခါးကို ကျွန်တော် ချက်ချင်းကိုယ်လုံးနှင့် ပစ်တိုက်ထည့်လိုက်သည်။ တံခါးပွင့်ထွက်သွားသည်။



ကျွန်တော် ရှေ့တည့်တည့်ဆက်တီခုံတစ်လုံးပေါ်မှာ ဇက်ကြီးကျိုးပြီး ငုတ်တုတ်ထိုင်နေသည့် မင်းသုဝေကို တွေ့လိုက် ရသည်။ သူ့ရှေ့စားပွဲပေါ်တွင် ဖန်ခွက်ခပ်ကြီးကြီးနှစ်လုံးကို တွေ့ရသည်။ တစ်လုံးက ချယ်ရီဝိုင်တစ်ခွက်သာရှိပြီး ကျန်တစ်လုံး က အပြည့်အတိုင်းရှိနေသည်။ ကျွန်တော် သူ့အနားတိုးကပ် သွားပြီး စမ်းသပ်ကြည့်လိုက်သည်။ မင်းသုဝေ အသက်မရှိ တော့ပါ။

ကျွန်တော်ခါးမှာ ချိတ်ထားသည့် ဟမ်းဖုန်းကို ဆွဲထုတ် ပြီး ရဲတပ်ဖွဲ့စခန်းသို့ လှမ်းအကြောင်းကြားလိုက်သည်။

ကျွန်တော့်မိတ်ဆွေ မြို့နယ်ရဲတပ်မှူးနှင့် ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိလာကြပြီး မင်းသုဝေအလောင်းကို စစ်ဆေးကြသည်။ ရဲတပ်ဖွဲ့မှူးက မင်းသုဝေ အဆိပ်ခတ်ခံရပြီး သေဆုံးကြောင်း ထုတ်ပြောသည်။

ချယ်ရီဝိုင် တစ်ဝက်သာရှိသည့် ဖန်ခွက်ထဲ၌ ဆိုင်းယ နိုက်အဆိပ် (Cyanide Poison)များကို တွေ့ရှိရကြောင်း၊ ဖန်ခွက်ပေါ်တွင် မင်းသုဝေ၏ လက်ဗွေရာများတွေ့ရှိရပြီး အခြားဖန်ခွက်တွင်မူ မည်သည့်လက်ဗွေရာမှလည်း မတွေ့ရ၊ အဆိပ်လည်းမရှိချေ။ အခန်းထဲတွင်လည်း မည်သည့်အဆိပ်

www.burmeseclassic.com

www.burmeseclassic.com



ဝင်းမှ ရှာမတွေ့ရ။ ထူးတော့ ထူးဆန်းသည်။

ရဲတပ်ဖွဲ့ဝင်များ ပြန်သွားကြပြီးနောက် အခန်းထဲတွင် ကျွန်တော်နှင့် ရဲမှူးဦးနေဒွန်းတို့နှစ်ဦးထဲသာ ကျန်ခဲ့ကြသည်။

"ကိုဒန်တင်စိုး၊ ကျွန်တော်တို့ ဘာဆက်လုပ်ကြမလဲ၊ ...များကကော ဒီကိုဘယ်လိုရောက်နေတာလဲ"

"ခင်ဗျား တစ္ဆေနဲ့ပတ်သက်ပြီး အယုံအကြည်ရှိသလား ...နေဒွန်း . ."

"ဘာလဲ ခင်ဗျားက ဝိညာဉ်ဆန်တဲ့ ပုံပြင်တွေအ ...ကြောင်း ပြောပြဦးမလို့လား . ."

"ဟုတ်တယ်၊ ဒီလူသတ်မှုနဲ့ပတ်သက်ပြီး အင်မတန် ...ဝင်စားစရာကောင်းတဲ့ တစ္ဆေပုံပြင်လေးတစ်ပုဒ် ခင်ဗျားကို ...ပြောပြမယ်"

"ဆိုစမ်းပါဦး"

"ဒီလိုဗျ"

ကျွန်တော်က သူ့ကို ပန်းဝတ်ရည်၏ တစ္ဆေပုံပြင်လေး ...ကြောင်း၊ အကျဉ်းချုပ်ရှင်းပြလိုက်သည်။ ကျွန်တော့် ...တ်လမ်းအဆုံးတွင် သူပါးစပ်ကြီး အဟောင်းသားနှင့် ...နတော့်ကို စူးစိုက်ငေးကြည့်နေသည်။ ပြီးနောက် ရုတ်တရက်



သူက စကားတစ်ခွန်းဆိုလိုက်သည်။

"ကဲ . . လာ၊ ဒါဆို ဒီကောင်မလေးကို ကျုပ်တို့ ခုပဲ သွားတွေ့ကြရအောင်"

✱ ✱ ✱ ✱

(ငါး)

ကျွန်တော်တို့ ရောက်သွားချိန်တွင် ပန်းဝတ်ရည် သူ၏ အဝတ်အစားလဲခန်းထဲတွင် ရှိနေသည်။

သူမက . . စင်မြင့်ထက်တွင် သီချင်းဆိုနေသည့် အချိန် ကလွဲလျှင် တစ်ညလုံး အဝတ်အစားလဲခန်းထဲ၌သာရှိခဲ့သည်ဟု ဖြောင့်ချက်ပေးသည်။ သို့သော် အဝတ်အစားလဲခန်း နောက်ဖေး တံခါးပေါက်က ဖွင့်လျက်သားရှိနေသည်။ ထိုတံခါးပေါက်မှ စကြံ်န်အတိုင်း လျှောက်သွားလျှင် လမ်းကြားထဲသို့ တိုက်ရိုက် ရောက်သွားနိုင်သည်။ ဟိုတယ် ဝန်ထမ်းများကိုခေါ်၍ စစ်မေး ကြည့်သော်လည်း ပန်းဝတ်ရည်၏ ထွက်ဆိုချက်ကို မည်သူမျှ သက်သေမပြနိုင်။

www.burmeseclassic.com

www.burmeseclassic.com



ရဲမှူးဦးနေဒွန်းက ပန်းဝတ်ရည်ကို ရဲစခန်းသို့ ခေါ်လာခဲ့သည်။ နှစ်နာရီကြာမျှ သူမကို ကြားဖြတ်မေးခွန်းတွေ စစ်ဆေးမေးမြန်းခဲ့သည်။ သို့သော် သူမက စောစောလေးက ဖြောင့်ချက်ပေးခဲ့သည့်အတိုင်းသာ တွင်တွင်ငြင်းနေခဲ့သည်။

ထို့နောက် ဦးနေဒွန်းက သူတို့ချင်း နည်းနည်းဆွေးနွေးပြီး ပန်းဝတ်ရည်ကို ပြန်ခွင့်ပြုလိုက်သည်။

"ကဲ. . ပန်းဝတ်ရည် မင်းပြန်နိုင်ပြီ၊ ဒါပေမယ့် မင်းအခန်းမှာ ကောင်းကောင်းမွန်မွန်ပြန်နေပါ။ တို့ မင်းကို ဘယ်မှာ လာတွေ့နိုင်မယ်ဆိုတာ တို့သိပါတယ်. ."

"ဟုတ်ကဲ့ ကောင်းပါပြီ. ."

ပန်းဝတ်ရည် ပြန်သွားပြီးနောက် ကျွန်တော်တို့ အတွေးကိုယ်စီနှင့် ကျန်ရစ်ခဲ့ကြသည်။

"ခင်ဗျား ဘယ်လို သဘောရလဲ၊ ကိုဒန်တင်စိုး"

"ကျွန်တော့်အထင်တော့ ဒီကောင်မလေးဟာ နေရောင် ခြည်ကို ယင်းလိပ်လေးတစ်ခုနဲ့ ကာထားရှုနဲ့ လုံဖြိုဆင်နေတာ၊ တကယ်တော့ ယင်းလိပ်ကလေးတွေ ကြားထဲက အလင်းရောင် ကိုမြင်နေရပါတယ်၊ အားလေ. . လက်ပူးလက်ကြပ် ဆုပ်ကိုင် မပြနိုင်သေးတော့



ဒီလိုပဲ ခဏ ကြည့်နေရဦးမှာပေါ့ဗျာ. ."

"ခင်ဗျား ဘယ်လို ယူဆထားလို့လဲ"

"ကိုနေဒွန်း၊ သူတို့လေးဦးရဲ့ အပြန်အလှန်သေတမ်းစာတွေသိပြီးပြီနော်. ."

"သိတယ်လေ"

"အင်း. . အဲဒီသေတမ်းစာကြောင့်ပဲ ပထမ ဝင်းထွဋ်ဆွေ သေခဲ့ရတာပေါ့၊ နောက်အခု ဟော ဒုတိယ မင်းသုဝေသေခဲ့ရပြန်ပြီ၊ အစ်ကိုနှစ်ယောက်စလုံး သေသွားတော့ သူ့အတွက် ငွေသိန်းနှစ်ရာ ထပ်တိုးလာရတာပေါ့. ."

"သိပ်ဟုတ်တာပေါ့ဗျာ"

"တကယ်တော့ ဝင်းထွဋ်ဆွေ သူ့ကိုယ်သူ သတ်သေခဲ့တယ်လို့သာ ကျွန်တော်တို့ သိခဲ့ရတယ်၊ ဘာလက်နက်မှ ရှာမတွေ့ခဲ့ဘူး။ ဒါ တကယ်တော့ အသတ်ခံရတာ၊ ပြီးတော့ မင်းသုဝေ အဆိပ်သောက်ပြီး သတ်သေခဲ့တယ်လို့သာ ဆိုတယ်၊ ဘယ်မှာလဲ အဆိပ်ပုလင်းရှာမတွေ့ခဲ့ရဘူး။ အဲ. . သူလည်း အသတ်ခံခဲ့ရတာပဲ၊ ဘယ်တွေ့မှာလဲ မကောင်းဆိုးဝါးက ယူသွားခဲ့ပြီလေ. ."

"တစ္ဆေလား. ."

www.burmeseclassic.com



"အဲဒါ တစ္ဆေမဟုတ်ဘူးဗျ၊ ဟိုဥစ္စာစောင့်မလေးပဲ သူ့အစ်ကိုနှစ်ယောက်ကို သူမပဲ သတ်ပစ်လိုက်တာ၊ ဒါကိုပဲ သူက တစ္ဆေကပဲလာပြီး သတ်သွားသလို ဇာတ်ဖော်ပါဖြစ်အောင် သူကပဲ တမင်တစ္ဆေပုံပြင်ကို လုပ်ကြံဖန်တီးပြီး ယူလာခဲ့တာပဲ ခက်တာက သူ့ကို ဖမ်းဆီးဖို့ကလည်း ကျွန်တော်တို့မှာ စွပ်စွဲရရာ သာအထောက်အထားမှလည်း မပြနိုင်ဘူး၊ မကြာခင် ကျွန်တော်တို့ ဒီကောင်မလေးကို ဖမ်းဆီးနိုင်တော့မှာပါဗျာ၊ ကဲ . . ကျွန်တော်လည်း ပင်ပန်းနေပြီဗျာ၊ ပြန်ပြီးအနားယူလိုက်ဦးမယ်"

"ကျေးဇူးပါပဲ၊ ကိုဒန်တင်စိုး . ."

* * * *

## (ခြောက်)

ကျွန်တော့်တိုက်ခန်းကို ပြန်ရောက်တော့ မနက်သုံးနာရီ ထိုးတော့မည်။ အခန်းတံခါးကို ဆွဲဖွင့်ပြီး အိမ်ထဲလှမ်းဝင်လိုက် စဉ်မှာပဲ ခါးမှ တယ်လီဖုန်းသံက မြည်လာသည်။ စောစောစီးစီး ဒီအချိန်ကြီးမှာ ဘယ်သူက ဖုန်းဆက်ပါလိမ့်၊ စိတ်ပျက်စွာနှင့်





စကားပြောစက်လေးကို နားမှာဆွဲကပ်လိုက်သည်။

"ကို . . ကိုဒန်တင်စိုး၊ အို ကိုဒန်တင်စိုးရယ် . . ကျေးဇူး ပြုပြီး နားထောင်ပေးပါရှင်"

ပန်းဝတ်ရည်၏အသံ၊ သူမအသံက ခြောက်ခြားလျှက် ရှိသည်။ တစ်စုံတစ်ရာကို အလွန်အမင်း ကြောက်ရွံ့နေဟန် တုန်ရီနေသည်။ ကျွန်တော်ပင် လန့်ဖျန့်သွား၏။

"ဘာလဲ၊ ဘာကိစ္စထူးလို့လဲ . . ပန်းဝတ်ရည်"

"သူ . . သူ ကျွန်မကို လာခေါ်နေပြီရှင့် . ."

"အစ်ကိုကြီး သန်းမြတ်ဦးလေ . ."

"ဘယ်တုန်းကလဲ . ."

"အခုပေါ့၊ အခု သူကပြောတယ်၊ သူ ပန်းဝတ်ရည် ဆီလာတာ ပန်းဝတ်ရည်ကို သတ် . . သတ် . ."

သူမအသံ တစ်ဝက်တစ်ပျက်မှာ ပျောက်ကွယ်သွား သည်။

"ပန်းဝတ်ရည်"

ကျွန်တော် ခပ်ကျယ်ကျယ်အော်လိုက်သည်။

"ရှင်"

သူမ အသံ မျှင်ယဲ့ယဲ့လေးပြန်ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ပြောနေတာ ကြားရဲ့လား.."

"ဟုတ်..ဟုတ်ကဲ့ ကြားပါတယ်.."

"ဒီမှာ ခင်ဗျားအခန်းပြတင်းပေါက်တွေ အားလုံး ဂလန့်ထိုးပြီး ပိတ်ထားစမ်းပါ၊ ပြီးရင် အတွင်းက သေသေချာချာ သော့ခတ်ထား.."

"တံခါးတွေအားလုံး သော့ခတ်ထားပါတယ်.."

"ကောင်းပြီ၊ ဒါဆို ဘယ်သူလာလာ ဖွင့်မပေးနဲ့၊ ကျုပ်အခုလာခဲ့မယ်၊ ကျုပ်ရောက်လာရင် အပြင်ကနေ လှမ်းခေါ် လိုက်မယ်၊ ကျုပ်အသံကို မှတ်မိတယ် မဟုတ်လား.."

"ဟုတ်..မှတ်မိတယ်.."

ကျွန်တော် ဖုန်းစက်ကို ပိတ်လိုက်သည်။ နောက်..ရဲမှူးဦးနေဖွန်းဆီ ဖုန်းနှင့်ဆက်ပြီး လှမ်းအကြောင်းကြားလိုက်သည်။

"ကိုဖုန်တင်စိုး၊ ကျုပ်တို့ အခုပဲလာခဲ့မယ်၊ ဒါဆို မကြာခင်မှာပဲ ဒီလူသတ်သမားကို ဖမ်းမိတော့မယ်၊ ကျုပ်တို့ အဖွဲ့နဲ့ ခင်ဗျားကောင်မလေးရဲ့ တိုက်အောက်ဆုံးထပ်မှာ ဆုံကြတာပေါ့၊ ခုချက်ချင်းလာခဲ့မယ်.."





"[illegible]"

• • • •

([illegible])

[illegible]

"[illegible].."

[illegible]

"[illegible].."

"[illegible]"



www.burmeseclassic.com

www.burmeseclassic.com



ခုချက်ချင်းထွက်သွား၊ ပြောမရရင် ဗိုလ်ချုပ်ထဲက သေနတ်ကျည် ဆံတွေ ပစ်လွှတ်လိုက်မယ်ဟေ့. . ”

အသံဝါကြီးက [illegible] နေသည်။

“အေး ဒါဆိုလည်း ကောင်းပြီး မင်းတံခါးမဖွင့်ရင် တို့အပြင်က တစ်. . နှစ်. . သုံး [illegible] ရေလိုက်မယ်၊ သုံးရောက်လို့မှ အဖွင့်ရင် ကာဘိုင်ကျည်ဆန်တွေ ပစ်သွင်းလိုက်မယ်. . ”

ဦးနေဒွန်းက ပြန်လှမ်းအော်ပြောလိုက်သည်။

“အေး . ဒါလူသတ်သမားတွေ . . မဖွင့်ဘူး၊ မင်းတို့ ပစ်ချင် ပစ်လိုက်ကွာ . ”

လူသတ်သမားက အထဲမှနေ၍ ပြန်အော်ပြောနေ သည်။

“အေး . . ရေလိုက်ကွ၊ ကဲ . . တစ် . ”

ဦးနေဒွန်းက ဒေါသဖြစ်ဖြစ်နှင့် ကြိမ်းဝါလိုက်ပြီးလျှင် [illegible] အော်လိုက်ပါသည်။ [illegible] မှ အဖြေထွက်မလာ။

“နှစ် . ”

ဤတွင် . . နက်ရှိုင်းစွာ ထွက်ပေါ်လာသည်ကား အသံ ဝါလူသတ်သမား၏ ဟောင်ရယ်လိုက်သံကြီးသာဖြစ်ပါတော့၏။

“ဟား . ဟား . ဟား . [illegible] . ”



“သုံး . ”

ထို့နောက် . . အဖြေအထဲမှ ထွက်ပေါ်မလာ၊ ရယ်သံတွေ ပျောက်ကွယ်သွား၏။

“ဒါနောက်ဆုံးပဲ ကဲ . . ဖွင့်မလား မဖွင့်ဘူးလား ပြော” ပစ်တော့မယ် ကျွန်တော်တို့ ခုလိုပဲ ကြောက်ကြားစရာကောင်း လှောက်အောင် အော်ဆိုကြသွား၏။ သူတို့အားလုံး အသက်ရှူသံ သံ့ပဲ ကြားနေရသည်။ ဦးနေဒွန်း အံကို တင်းတင်းကြိတ်ပြီး သူလူများကို ဖြေကြည့်လိုက်သည်။ ဆုံးဖြတ်သွားစွာ ဆုံးဖြတ်လိုက်သည်။

ဦးနေဒွန်းက ရဲသားနှစ်ဦးကို တံခါးဖွင့်ရန် အချက်ပြ လိုက်သည်။ ရဲသားနှစ်ဦးက ကိုယ်လုံးနှင့် တံခါးကို ဆောင့်တွန်း ပြီး ချိုးဖျက်လိုက်သည်။ တံခါးရွက် ကျိုးကျက်ပွင့်ထွက်သွား၏။

ကျွန်တော်တို့ သေနတ်ကိုယ်စီနှင့် အခန်းထဲ လှမ်းဝင် လိုက်ကြသည်။ ထိုနောက် . . ကျွန်တော်တို့အားလုံး မြင်လိုက်ရ သည့် အနိဋ္ဌာရုံ ရှုခင်းက . . အံ့သြထိတ်လန့်ဖွယ်ရာဟု ဆိုရ မလား။ [illegible] ချည်းတန်လွန်းသည်ဟုပဲ ဆိုရမလား။ ဆိုမဟုတ် လည်း [illegible] မဆိုနိုင်။

ရှုခင်းက မည်သူမျှ မျှော်လင့်မထားသည့် ပုံစံခု



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေရုံမျှ မှန်ပါသည်။ အခန်းထဲရှိ ကြမ်းခင်းပေါ်တွင် ဖိုကျိုးသော အနက်ရောင်နှင့် ခွေးတိုင်ထဲတွင် ခွေခွေလေး လဲကျနေသည့်နေရာသူလေးကား.. ဥစ္စာစောင့် မိန်းမချောလေး 'ဝန်းဆောင်ရှည်' ဖြစ်နေခဲ့ပါသည်။

ချက်ချင်းပင် လူတို့အားလုံး အသံဝါ လူသတ်သမားကို အခန်းအနှံ့အပြားတွင် ရှာနေကြ၏။ တရိုင်အယောင်မျှ မတွေ့ကြပါ။ အသံဝါလူသတ်သမား တရားခံကား မည်သူပါနည်း။ ဘယ်မှာနည်း။

ဗိုလ်မှူး ဦးစနေရွှန်း လှေတွေကြီးရှုပ်ပြီး ကျွန်တော့်ကို စိုက်ကြည့်နေသည်။

"ဟာ.. သိပ်တိုးဆန်းတယ်၊ ကိုစန်းဝင်းရေ.."

ကျွန်တော်ခေါင်းကို ညှင်သာစွာခါရမ်းလိုက်ပြီးနောက် စိတ်မကောင်းစွာနှင့် တိုးတိုးလေးပြန်ပြောလိုက်မိပါသည်။

"အော်.. သနားစရာ မိစ္ဆာမပန်းဝတ်ရည်.."

မှုန်ရိုးကျိုး
(မြို့မကြီးမဏ္ဍလာကဗျာတိုက်)



# ဂုံကော်ပြေဝါနီး ကျွန်းရွာကျွင်

(အမှာ)

လူတို့၏ အစွဲအလမ်းကြီးမားလွန်းသည့် 'ဥပါဒါန် စိတ်' သည် ကြောက်စရာအကောင်းဆုံးဖြစ်သည်။

ယင်းအစွဲအလမ်းတွင် ဥပါဒါန်စိတ်အစဉ်ကြောင့်ပင် လျှင် လူတစ်ယောက်သည် သွက်ချာပါဒ်ခါးဝိတ်နောက်ပေါက်ပြီး ရှုသွင်ချွတ်ပြီး မိစ္ဆာဘဝနှင့်တွင် ငဲ့ ငဲ့ဆုံးသွားရသော ဘဝတစ်ခု တစ်ခုရှိခဲ့ဖူးပါသည်။

မိုး မိုး မိုး မိုး



www.burmeseclassic.com

www.burmeseclassic.com



အောက်မြန်မာပြည်၊ မြို့လေးတစ်မြို့တွင်ဖြစ်ပါသည်။

ကာလမှာ ညဉ့်နက်ပိုင်းအချိန်။

လူရွယ်တစ်ဦးသည် ရုပ်ရှင်ကြည့်ပြီး သူနေထိုင်ရာ အခန်းလေးဆီသို့ ပြန်လာခဲ့ခြင်းဖြစ်သည်။

လကထိန်ထိန်သာပြီး နွေညမြူမှုန်လေးတွေက လေထဲ လွင့်နေကြသည်။ သစ်ရွက်ကြွေကြွေထားသည့် မရမ်းပင်ကြီး တွေကြား၌ လူသွားလမ်းကျဉ်းလေးအတိုင်း သူဖြတ်လျှောက်လာ နေသည်။

ညလေသွေးက စိမ့်စိမ့်လေးတိုက်ခတ်နေသည်။

ထိုလူရွယ်မှာ သက်လတ်ပိုင်းဖြစ်ပြီး သူ့နာမည်က လည်း ခပ်ဆန်းဆန်းဖြစ်ပါသည်။ “အံ့ဘနန်း” ဟူသတည်း။

အံ့ဘနန်းသည် ထိုမြို့ရှိ ‘ဥပစာကောလိပ်’မှ နည်းပြ ဆရာလေးတစ်ဦးဖြစ်ပြီးလျှင် သူ့ကိုလူတိုင်းသိကြသည်။

သူသည် ရန်ကုန်တက္ကသိုလ်တွင် စိတ်ပညာဘာသာရပ်ကို အထူးပြု ဆည်းပူးခဲ့သူဖြစ်ပြီး

စာအလွန်ကြိုး ... ဂစ်ဦးဖြစ်သည်။

ပြီးနောက် ... ဿာသမား၊ စိတ်ကူးယဉ်သမားလည်း ဖြစ်သည်။ ဒဿနိက ... သမိုင်းဘာသာရပ်တို့ကိုလည်း



လိုက်စားသူဖြစ်ပြီးလျှင် အတွေးအခေါ်လွန်၊ အစွဲအလမ်း အယူ အဆပြင်းထန်လွန်းသောကြောင့် အများရှေ့က သူ့ကို ခပ်ကြောင် ကြောင်လူတစ်ဦးအဖြစ် လျှစ်လျူရှုထားခဲ့ကြသည်။

သို့ဖြင့် အံ့ဘနန်းသည် အထီးကျန်သမားဘဝနှင့် စာအုပ်တွေထဲ၌သာ အာရုံစိုက်နစ်မျောနေပြီး လောကကြီးနှင့် ပတ်ဝန်းကျင်ကို ဂရုမထားတော့ဘဲ သူတစ်ဦးတည်း လွင့်မျော နေခဲ့သည်။ တဖြည်းဖြည်းနှင့် သူသည် ကိုယ်စိတ်နှစ်ပါး ကျန်းမာရေးများ ထိခိုက်ချို့ယွင်းလာကာ တစ်ခါတစ်ရံ စိတ်တွေ ကယောက်ချောက်ချားဖြစ်လာသည်။

ထို့နောက် အံ့ဘနန်း၏ စိတ်တွေ ယိုယွင်းဖောက်ပြန် လာသည်။ အထူးသဖြင့် သူ့အတွေး သူ့အမြင်များက နာမ်ဝိဉာဉ် လောကထဲ၌ ရစ်ဝဲနေတော့၏။ ထို့ကြောင့် သူ့အကြားအမြင် အာရုံများနှင့် အစွဲအလမ်းဥပါဒါန်စိတ်ရှိုင်းတွေကြောင့် သူ့ကိုယ် ပိုင်စိတ်ကူးအတိုင်း လောကသစ်တစ်ခုထဲသို့ ကျရောက်သွားပါ တော့သည်။

သူ့ကိုယ်နှိုက်ကတော့ ဒါတွေမသိ။

သူ့ကိုယ်သူသိနေသည်က သူ့ကို မိစ္ဆာစွမ်းအင်တစ်ရပ် က လွှမ်းမိုးချုပ်ကိုင်ထားသည်ဟု ယုံကြည်ခံစားနေရသည်။

www.burmeseclassic.com



ထိုဥပါဒါန်စိတ္တဇ အစွဲအလမ်းများနှင့်ပင် သူသည် လွှင့်ပါ သွားလာနေရင်း ပတ်ဝန်းကျင်သစ်များနှင့်သူ ထိတွေ့လာခဲ့သည်။ ထိုပတ်ဝန်းကျင်သစ်များမှာလည်း ဝိညာဉ်များနှင့် ပတ်သက်သော စာအုပ်များ သေခြင်းတရားနှင့် စပ်ဆိုင်သော စာအုပ်များသာဖြစ်ပြီး ထိုစာအုပ်များကို နေ့မအိပ် ညမအိပ်ပဲ သဲသဲမဲမဲဖတ်နေလေ့ရှိသည်။

အထူးသဖြင့် ညနေခင်းများတွင် ဖုံ့ဘုန်းသည် သူစိတ်ထင်ရာ နေရာများသို့ သွားလာနေတတ်ပြီး ညဉ့်နက်မှ ပြန်ပြန်လာလေ့ရှိသည်။

ယခုလည်း သူသည် အင်္ဂလိပ်ရုပ်ရှင် "စိတ္တဇလူသတ်သမား" ဇာတ်ကားတစ်ကားကိုကြည့်ပြီး ပြန်လာခဲ့ခြင်းဖြစ်၏။

ဖျိုး ဖျိုး ဖျိုး ဖျိုး

တစ်ခုသောည၌။

ဖုံ့ဘုန်းသည် ယခုအရွယ်ထိ ဘယ်ဣတ္ထိယမိန်းမသား တို့နှင့်မှ ထိတွေ့ဆက်ဆံပေါင်းသင်းခဲ့ဖူးခြင်း နီးစပ်ခဲ့ဖူးခြင်း လုံးဝမရှိခဲ့ပါ။ သူကိုယ်တိုင်ကလည်း ဥတစ်လုံးတစ်ကောင်ကြွက် မိဘမဲ့တစ်ဦးဖြစ်ခဲ့ပြီး ဦးလေးတစ်ယောက်က ပညာသင်ပေးခဲ့



ခြင်းဖြစ်သည်။ ယခု သူ့ဦးလေးလည်း မရှိတော့ပေ။

မည်သို့ဆိုစေ၊ လူသားဖြစ်သော ဖုံ့ဘုန်းသည် သူ့နှလုံးသား၌ "ဣတ္ထိယတို့၏အလှ"ကိုတော့ တိတ်တခိုး ယစ်မူးစွဲလမ်းနေသူတစ်ဦးဖြစ်၏။ စွဲလမ်းသည်မှ ရိုးရိုးစွဲလမ်း တမ်းတခြင်းမျိုးမဟုတ်၊ ပြင်းပြင်းထန်ထန် ရူးရူးမူးမူးစွဲလမ်း တမ်းတနေသူဥပါဒါန်အစွဲရှိနေသူဖြစ်ပါသည်။

သို့သော်. . သူ့စွဲလမ်းမှုကို အခြားသူတွေ သိမှာကို တော့ သူ စိုးရိမ်ကြောက်ရွံ့သည်။ ထို့ကြောင့် တတ်နိုင်သလောက် သူ လျှို့ဝှက်ဖုံးကွယ်ထားသည်။ မျိုသိပ်ထားခဲ့သည်။

သူ့အခန်းထဲတွင် နိုင်ငံတကာမှ မိန်းမချော၊ မိန်းမလှ လေးတွေ၏ ပုံအမျိုးမျိုးတို့ကို ချိတ်ဆွဲထား၏။ ပြီးနောက် မိန်းမလှလေးများ၏ အသွင်အပြင်၊ ကိုယ်ခန္ဓာအချိုးအဆစ် များကို တစိမ့်စိမ့်ကြည့်ပြီး သူ၏စိတ်များ ရှင်သန်ကြည်လင်နေ သည့် အချိန်မျိုးတွင် ထူးဆန်းလွန်းလှစွာ အစွဲအိပ်မက်လေး တစ်ခုသူ့မကြာခဏ မက်တတ်လာပါသည်။

ယင်းအိပ်မက်ဆန်းလေးက သူ့စိတ်ကို ကြည်[illegible]ယာ စေခဲ့သည်။ ထိုအိပ်မက်မှ ဆောင်ကျဉ်းပေးလာခဲ့သော အရာ

www.burmeseclassic.com

www.burmeseclassic.com



ကား တူနိူင်းမဲ့အောင် ချောမောလှပလွန်းသည့် မိန်းကလေး တစ်ဦး၏ မျက်နှာလေးတစ်ခုဖြစ်နေသည်။

ထိုမျက်နှာလေးကို အုံ့ဘနန်းက စိတ်စွဲလမ်းရကား၊ ထိုလှတစ်မျက်နှာလေးကိုပင် ထပ်ခါတစ်လဲလဲ အိပ်မက်မက်နေခဲ့သည်။ ထူးဆန်းလေစွ၊ ထိုမျက်နှာလေးက သူ့နှလုံးသားအစဉ်တွင် နေ့ရော ညပါ အစဉ်စိုးမိုးနေတော့သည်။ ထိုစဉ်မှစ၍ အုံ့ဘနန်းသည် အိပ်မက်ထဲမှ ထိုလှတစ်မျက်နှာပုံရိပ်ကလေးကို နူးညံ့သိမ်မွေ့စွာဖြင့် မြတ်နိုးစုံမက်စပြုလာလေသည်။

* * * *

အုံ့ဘနန်းသည် အတွေးရေယာဉ်ကြောထဲ၌ လွင့်မျောရင်း လရောင်မှုန်မွှားမွှား၊ သစ်ပင်တွေကြားမှ ဖြေးညင်းစွာ လျှောက်လာသည်။

သူ့ခြေဖျား ပတ်ဝန်းကျင်တွင် သစ်ရွက်ကြွေလေးတွေ ဝဲလွင့်ပါလာသည်။

လမ်းကြားလေးကတော့ မှောင်ရီဝေဝေလေး။

သူသည် လျှောက်လာနေရင်း 'မောရဝတီဆေးရုံကြီး' နံဘေးရှိ ရင်ခွဲရုံလေးရှေ့သို့ရောက်ရှိလာသည်။ ရင်ခွဲရုံလေးက



ကုက္ကိုပင်ကြီးမှောင်ရိပ်အောက်၌ ခြောက်ခြားဖွယ်ရာ ငြိမ်သက်တိတ်ဆိတ်နေပါသည်။

အုံ့ဘနန်းသည် လမ်းနံဘေးမှောင်ရိပ်မှ ဖြတ်လျှောက်လာရင်း ရင်ခွဲရုံလေးရှေ့သို့အရောက်၌ လန့်ဖျန့်ပြီး ခြေလှမ်းလေးတွန့်သွားမိသည်။ ကျောက်အလောင်းစင်ပေါ်၌ အဝတ်ဖြူလွှမ်းထားသော လူသေအလောင်းသုံးလောင်း၏ ပုံသဏ္ဌာန်က အုံ့ဘနန်း၏နှလုံးသွေးများကို တုန်လှုပ်သွားစေသည်။

သူ့ . . သည့်လမ်းက ပြန်လာမိတာ မှားပြီလားမသိ၊ သို့သော် . .

အုံ့ဘနန်းတုန်လှုပ်သွားပြီး ကြောက်စိတ်လန့်စိတ်ဖြင့် လှည့်ပြန်ရန်ခြေလှမ်းပြင်လိုက်စဉ် ခဏမှာပင် ကျောက်သား အလောင်းစင်တစ်ခု၏ နံဘေး၌ လူရိပ်တစ်ခုကို သူ သတိပြုလိုက်မိသည်။

လမ်းဘေး ဓါတ်မီးတိုင် လျှပ်စစ်မီးရောင်က လှုပ်ရှားနေသည့် ကုက္ကိုကိုင်းအမှောင်ရိပ်ကြားမှ ဖျတ်ကနဲ လင်းလက်သွားသဖြင့် အဖြူရောင်ဝတ်စုံဝတ်ဆင်ထားသည့် အမျိုးသမီးတစ်ဦး ဖြစ်မှန်း မြင်တွေ့ရလိုက်သည်။

သူမသည် အလှောင်းစင်နံဘေး၌ ရပ်ပြီး မခိုးခေါ်မှ



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ရှည်များ ဖဲလွှင့်ကျနေသည်။ လေစိမ်းများ ဖွဖွတိုက်နေသဖြင့် သူမ၏ ဆံပင်ရှည်များက ယိမ်းနွဲ့လှုပ်ရှားနေပါသည်။

ဖုံ့ဘုန်း ကြောက်စိတ်တွေ ဘယ်ရောက်သွားမှန်း မသိတော့ပါ။

ကျောက်ရုပ်လို ငြိမ်သက်ပြီး ရပ်ကြည့်နေသည်။ ညကြီးအချိန်မတော် ရင်ခွဲရုံထဲမှ အလောင်းနားမှာ မကြောက်မရွံ့ ရပ်နေသည့် မိန်းမပျို၏ သတ္တိကြောင့် သူ့စိတ်ထဲမှာ ထူးဆန်းသလိုဖြစ်နေသည်။

ဆရာဝန်မတစ်ဦးဦးများ ဖြစ်နေမလား။

မဖြစ်နိုင်။ ဆရာဝန်မ ဆိုလျှင်လည်း ဒီအချိန်ကြီးမှာ မှောင်တိုမှန်ဝါး ရင်ခွဲရုံထဲသို့ လာစရာအကြောင်းမရှိ။

ဖြစ်ခြင်းဖြစ်လျှင် ထိုအလောင်းစင်များမှာ တစ်ဦးဦးသည် သူမ၏ သားချင်းထဲမှ ဖြစ်လျှင်ဖြစ်၊ မဖြစ်လျှင် သူမ၏ ယောကျ်ားဖြစ်ရမည်ဟု သူတွေးလိုက်မိသည်။ ထို့ကြောင့်သာ သူမသည် ထိုသူရှိရာ အလောင်းစင်သို့ လာရောက်ငိုကြွေးနေခြင်းဖြစ်ရမည်ဟု ဖုံ့ဘုန်းတွေးလိုက်မိသည်။

ဖုံ့ဘုန်းသည် ရင်ခွဲရုံလေးထဲသို့ ဖြေးညှင်းစွာ လှမ်းဝင်လာသည်။ မကြောက်မရွံ့နှင့် အမျိုးသမီးလေးအနီးသို့



ချဉ်းကပ်သွားပြီး တရှောသက်စွာဖြင့် တိုးသိမ့်သိမ့်လေး မေးလိုက်သည်။

"မင်း . . ဒီမှာ တစ်ယောက်တည်း ဘာလာလုပ်နေတာလဲ . ."

အမျိုးသမီးက မျက်နှာကို အောက်ငုံ့ထားရာမှ မော့လိုက်ပြီး သူ့ကို စိမ်းစိမ်းရှုစိုက်လှည့်ကြည့်သည်။

"ကျွန်မ ချစ်သူကို လာစောင့်နေတာပါ"

သူမရှေ့မှ အဝတ်ဖြူလွှမ်းထားသော အလောင်းကို သူမက လည်ညွှန်းလိုက်ပြီး ပြန်ဖြေသည်။ သူမ၏ မျက်နှာကို မြင်တွေ့လိုက်ရသည့် ခဏလေးတွင် ဖုံ့ဘုန်းအသက်ရှူမှားသွားသည်။ လမ်းမီးရောင်မှုန်မှုန်လေးလျှမ်းနေသည့် သူမ၏ မျက်နှာက သူ့အိပ်မက်ထဲမှ 'လှတစ်မျက်နှာ၏မျက်နှာပုံတူလေး' ဖြစ်နေသည်။

ဖုံ့ဘုန်း တုံ့ဩသွား၏။ မိန်းမပျို၏ မျက်နှာက ဖြူဖျော့ရော်ကျနေသော်လည်း တည်ငြိမ်စွာလှပနေသည်။ စွဲမက်နှစ်သက်ဖွယ်အသွင်ဖြစ်သည်။

သူ့နှလုံးသားတွေ ပြင်းထန်စွာ လှုပ်ခတ်နေပြီး သူ့အတွင်းက ကတုန်ကရီဖြစ်နေသည်။ သူ့စိတ်ကိုထိန်းပြီး

www.burmeseclassic.com

www.burmeseclassic.com



စကားပြန်ပြောလိုက်သည်။

"မိုးသိပ်ချုပ်နေပြီလေ၊ မင်း မင်းမပြန်သေးဘူးလား၊ ပြန်သင့်ပြီ မိန်းကလေးရယ်. . ."

အမျိုးသမီးလေးက ညှိုးငယ်စွာ မော့ကြည့်လျက် သူ့ကို တိုးတိုးပြန်ပြောသည်။

"ကျွန်မ ဘယ်ပြန်ရမှာလဲ၊ ဒီမြို့မှာ ကျွန်မ ပြန်စရာ လည်းမရှိဘူး၊ ကျွန်မက ဒီမြို့က မဟုတ်ဖူး၊ ဧည့်သည်ပါ. . ."

"ဒါဆို. . မင်းတစ်မျိုးတော့ မထင်နဲ့နော်၊ ကိုယ့်အခန်း ကို လိုက်ခဲ့ပါလား မင်းမှဲ့တစ်ပေါက် မစွန်းစေရပါဘူး၊ ကိုယ် လည်း ဒီမြို့ကတော့ မဟုတ်ဘူး၊ ဧည့်သည်ပဲဆိုပါတော့လေ"

ဟု သွက်လက်စွာ ပြန်ပြောလိုက်သည်။

အံ့ဘာနန်း၏အသံက အားတက်သရောလေးဖြစ်နေ သည်။သူ့အမူအယာကလည်း ရိုးသားသည့် ဟန်ပန်ပေါ်လွင် နေသည်။ သူ့အသံက သူ အလိုက်အသဲလိုက်ပြောနေခြင်း ဖြစ်ကြောင်း သိသာထင်ရှားလှသည်။

"ကျွန်မ. . ရှင့်ကိုယုံပါတယ်၊ ကျေးဇူးလည်းတင်ပါတယ်ရှင်"

အမျိုးသမီးက လက်ခံလိုက်သဖြင့် အံ့ဘာနန်းအလွန် ဝမ်းသာကျေနပ်သွားပါသည်။ ထိုအချိန်၌ လေစိမ်းလေးတွေ





လည်း ငြိမ်သက်သွားပါသည်။

အချိန်က သန်းခေါင်နား နီးကပ်လာပြီမို့ တစ်မြို့လုံး တိတ်ဆိတ်ငြိမ်သက်လျက် ရှိပါတော့သည်။

"ရှင့်အခန်းက အဝေးကြီးလား"

ရင်ခွဲရုံလေးထဲမှ လှမ်းထွက်လာကြစဉ် အမျိုးသမီးက အသံနွေးလေးဖြင့် လှမ်းမေးလိုက်ခြင်းဖြစ်၏။

"သိပ်မဝေးပါဘူး၊ ဟိုရှေ့နားလေးတင်ပါ၊ ငါးမိနစ် လောက်ဆိုရောက်ပြီ"

အံ့ဘာနန်းသည် အားကစားကွင်းနံဘေးရှိ လမ်းမ အတိုင်း မိန်းမပျိုလေးအား ခေါ်ဆောင်လာပြီး 'မောရမြိုင်' ရပ်ကွက်လေးထဲရှိ လမ်းကြားလေးထဲမှ ဖြတ်ကာ သူငှားနေထိုင် သော အခန်းလေးဆီသို့ ခေါ်လာခဲ့၏။

* * * *

ညစောင့် အဖိုးကြီးက အိပ်မှုန်စုံမွှားနှင့် ခြံတံခါး လာဖွင့်ပေးသည်။

အမြဲတမ်း အထီးကျန်ဆန်စွာ ညှိုးမှိုင်စွာနေလေ့ရှိခဲ့သူ က ညကြီးအချိန်မတော် အမျိုးသမီးတစ်ဦးကို တွဲလာသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးပြူးမျက်ဆံပြူးနှင့် အံ့သြပြီး ငေးကြည့်နေသည်။

အခန်းထဲသို့ မိန်းမပျိုကို ခေါ်သွင်းလာပြီးမှ သူအား နားနေသည်။

သူ့အခန်းက သားသားနားနားမဟုတ်၊ စာအုပ်တွေက ပြန့်ကြဲရှုပ်ပွနေသည်။ အခန်းထောင့်မှာလည်း ကုတင်က တစ်လုံးတည်းရှယ်။

သူ့အခန်းထဲရှိ မီးလုံးကလည်း အားနည်းနေသဖြင့် မှုန်မှုန်သာလင်းသည်။ အံ့ဘနန်းက မိန်းမပျိုလေးကို ယခုမှ သေသေချာချာကြည့်ရှုမိတော့သည်။ မိန်းမပျိုလေးက သူ့ဆင် သည်ထက် ပိုပြီး အလှသွေးများ တောက်ပနေသည်။

မျက်နှာက ဖျော့နွမ်းနေသော်လည်း မျက်လုံးတွေက ပြူးပြူးကဲ့ဝင်းလက်နေပြီး ဆံပင်များက နက်မှောင်နေသည်။ မျက်လုံးများက မှိန်းကားသည့် အသွင်ဆောင်ရသော်လည်း ဆွဲဆောင်မှုရှိသည်။ သူမ၏ ဝတ်စုံအပြူအောက်မှ အရိုးအစား ကျနသော ကိုယ်ခန္ဓာက သူ့နှလုံးသားကို အဆွဲဆောင်နိုင်ဆုံး ဖြစ်သည်။

အံ့ဘနန်းက မိန်းမပျိုလေးကို သူ့ ကုတင်မှာသိပ်ပြီး သူက တစ်နေရာမှာ သွားအိပ်ရန် စိတ်ကူးသည်။သို့သော်





မိန်းမပျို၏ အလှက သူ့ကို ညှို့ယူဖမ်းစားထားပြီ။ သူ မိန်းမပျို လေးအနားမှ မခွဲနိုင်တော့။

မိန်းမပျိုလေးကလည်း အံ့ဘနန်းအပေါ် တိမ်းညွတ်နေ ပြီဟုထင်သည်။ သူမ၏ လက်တောက်နေသော မျက်လုံးများက သက်သေခံနေသည်လေ။ ဒါဟာ အချစ်ပဲဟု အံ့ဘနန်းယုံကြည် လိုက်သည်။

အံ့ဘနန်းသည် မြတ်နိုးစုံမက်စွာဖြင့်စိတ်ကူးယဉ် လောကသစ်လေးတစ်ခုထဲ၌ နစ်မျောပါသွားတော့သည်။

သူသည် အမျိုးသမီးလေး၏ လက်ဖျားလေးနှစ်ဖက်ကို ယုယစွာမှ ယူလိုက်ပြီးလျှင် သူ့ရင်၌ ကပ်ထားလိုက်သည်။ ထို့နောက် အံ့ဘနန်းသည် သူအမြဲ မြင်မက်ခဲ့သည့် 'ဆန်းကြယ် သော အိပ်မက်လေး' အကြောင်းကို မိန်းမပျိုလေးအား ပြောပြ လိုက်မိသည်။

လူ့တို မတွေ့မမြင်ဖူးမီကပင် သူမကို မည်မျှ သူမြတ်နိုး စုံမက်ခဲ့ရကြောင်း၊ သူ့နှလုံးသားတွေကို မည်မျှစိုးမိုးချုပ်ကိုင်နိုင် ခဲ့ကြောင်း။ အံ့ဘနန်းက ရင်ဖွင့်ပါလေသည်။

မိန်းမပျိုလေးကလည်း အံ့သြဝမ်းသာနေလှ၏ အံ့ဘနန်းအပေါ် တိမ်းညွတ်နေမိပြီဖြစ်ပါကြောင်း ရှိုးသေးမှုင်



www.burmeseclassic.com

www.burmeseclassic.com



လင်းစွာ ဖွင့်တဝန်ခံလိုက်လေသည်။

"ဒီလိုဆို မောင်တို့ ဘာဖြစ်လို့ ခွဲခွာကြတော့မှာလဲ၊ မောင်တို့ နှလုံးသားတွေအတူပေါင်းစည်းမိကြပြီလေ၊ မောင်တို့ နှစ်ဦးရဲ့ စိတ်ဟာလည်း တစ်စိတ်တည်းဖြစ်သွားကြပြီနော်၊ စိတ်ဗိဉာဉ်ချင်းပေါင်းစပ်မိကြပြီနော် ဝမ်းသာလိုက်တာ အချစ်ရယ်. ."

အုံ့ဘနန်း၏ တက်ကြွစွာပြောနေသော ဆန်းကြယ်သည့် စကားတွေကို မိန်းမပျိုလေးက ရင်ခုန်စွာ နားထောင်နေသည်။

"မင်းဟာလည်း မိသားစုမရှိ အိမ်ခြေယာခြေလည်း မရှိဘဲ လေလွင့်အထီးကျန် မိန်းကလေးတစ်ဦးဆိုတော့ မောင့်ဘဝနဲ့အတူတူပဲပေါ့၊ မောင်ကလည်း တစ်ကိုယ်ရေ အထီးကျန် တစ်ဦးပါပဲ။ ဒီတော့ မင်းဟာ မောင့်အတွက် ထာဝရအဖော်မွန် ဖြစ်သွားခဲ့ပြီပေါ့ကွယ်. ."

"ဟုတ်ပါတယ်ရှင်။ ကျွန်မဟာ မောင့်ရဲ့ ထာဝရ အဖော်မွန်ဖြစ်သွားပါပြီ. ."

မိန်းမပျိုလေးကလည်း လေးနက်စွာ ပြန်ပြောသည်။

အုံ့ဘနန်းက ရင်ခုန်မျော်မွေ့လွန်းစွာနှင့် သူဆုပ်ကိုင်



ထားသော မိန်းမပျို၏ လက်ကို သူ့ဘက်ကိုဆွဲယူလိုက်သည်။ မိန်းမပျိုက မပွင့်တပွင့်အပြုံးလေးနှင့် သူ၏ ရင်ခွင်ထဲသို့ လှဲမှီချလိုက်သည်။

* * * *

BURMESE CLASSIC

နောက်နေ့မနက်စောစောတွင် အုံ့ဘနန်းသည် သူ့ကုတင်ပေါ်မှာ အိပ်မောကျနေသော သတို့သမီးလေးကို မနိုးရက်ပဲထားရစ်ခဲ့ကာ သူအပြင်သို့ ကမန်းကတန်းလေး ထွက်လာခဲ့သည်။

အမျိုးသမီးလေး အိပ်ယာက နိုးလာလျှင် နှစ်ယောက်သား ကြည်နူးစွာ နံနက်စာစားကြဖို့ သူအပြင်သို့ ထွက်လာခြင်းဖြစ်သည်။ လမ်းထောင့်က 'မြို့ငြိ'ကော်ဖီဆိုင်မှာ စားသောက်စရာများဝယ်ပြီး သူအမြန်ပြန်လာသည်။

ထမင်းစားခန်းထဲက စားပွဲပေါ်မှာ စားစရာတွေကို ပြင်ဆင်ပြီး သူမျက်နှာသစ်လိုက်သည်။ ပြီးနောက် အမျိုးသမီးကို နှိုးပြီး နံနက်စာစားရန် သူအိပ်ခန်းထဲသို့ဝင်လာခဲ့သည်။

မိန်းမပျိုလေးက မွေ့ယာပေါ်မှာ ပက်လက်အနေအထားနှင့် တောင့်တောင့်လေး အိပ်ပျော်နေခဲ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



"အချစ်ဆုံးလေးရေ ထတော့လေကွာ၊ လက်ဖက်ရည်သောက်ရအောင်"

သို့သော် မိန်းမပျိုလေးက လှုပ်ပင်မလှုပ်၊ သူမထံမှ မည်သည့် ကုန့်ပြန်ချက်မျှမရ။

"အိပ်မုတ်မလေး ထတော့. ."

သူလှမ်းလာပြီး မိန်းမပျိုလေးကို လှုပ်နိုးရန် ကုတင်နံဘေး၌ ရပ်လိုက်သည်။ မိန်းမပျိုလေး၏ မျက်နှာဝါနွမ်းနွမ်းလေး ကို ငုံ့ကြည့်ပြီး အံ့ဘနန်းစိတ်ထဲ တစ်မျိုးဖြစ်သွားသည်။

သူမအိပ်နေပုံကလည်း မာတောင့်တောင့်လေး။

သူက မိန်းမပျို၏ လက်ဖျားလေးကို ဆွဲယူလိုက်ရာ လက်က အေးစက်မာတောင့်နေသည်။ အံ့ဘနန်းလန့်ပြီး လက်ကို ပြန်လွှတ်ချလိုက်သည်။ သူမမျက်နှာကို သေသေချာချာ ပြန်ငုံ့ကြည့်လိုက်သည်။

မိန်းမပျို၏ မျက်နှာက သွေးရောင်ကင်းမဲ့လျက် ဖြူဖတ်ဖြူရော်ဖြစ်နေသည်။ မျက်နှာက ကြောက်မက်ထိတ်လန့်ဖွယ်ရာအသွင်။ နှုတ်ခမ်းတွေက ပြာနှမ်းခြောက်သွေ့နေသည်။ လူသေအလောင်းကောင်တစ်ခုနှင့်တူနေသည်။





မှန်ပါသည်။ မွေ့ယာပေါ်မှ အမျိုးသမီးက အသက်ဝိဉာဉ်မဲ့နေသော လူသေအလောင်းတစ်လောင်းသာလျှင် ဖြစ်ပါတော့သည်။

"အမလေး. . မသာကြီး၊ ကျွန်တော့် အိပ်ယာပေါ်မှာ ဘယ်ကမသာကြီးရောက်နေသလဲ မသိဘူး၊ လာကြပါဦးဗျို့. ."

အံ့ဘနန်း ကယောင်ခြောက်ခြားနှင့် အခန်းထဲမှ ပြေးထွက်လာပြီး ကြောက်လန့်တကြား လှမ်းအော်ပါတော့သည်။ အိမ်နီးနားချင်းတွေ အံ့ဘနန်း၏ အော်သံကြောင့် ဝိုင်းအုံလာကြသည်။ သူ့ကုတင်ပေါ်မှ အမျိုးသမီးအလောင်းကို ကြည့်ပြီး အားလုံးစိတ်ရှုပ်ထွေးသွားကြသည်။

လူတစ်ယောက်က ရဲကို ဖုန်းဆက်ပြီး အကြောင်းကြားလိုက်သဖြင့် ရဲများရောက်လာကြသည်။ ရဲအရာရှိက အံ့ဘနန်း၏ အခန်းထဲမှ အလောင်းကို သေသေချာချာစိုက်ကြည့်လိုက်ပြီး အင်တာန် ထူးဆန်းအံ့သြနေသည်။

"ဟာ. . ကြံကြံဖန်ဖန်၊ ဒီမိန်းမရဲ့ အလောင်းက ဘယ်လိုလုပ်ပြီး ဒီကိုရောက်လာရတာလဲ၊ အံ့သြစရာပဲ၊ ဒီမိန်းမဟာ အရူးမပဲ။ မနေ့မနက်က ဒီမိန်းမဘယ်က ဘယ်လိုရောက်လာလဲမသိဘူး။ လမ်းပေါ်မှာ လျှောက်ပြေးနေရင်း ကားတစ်စီး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ဝင်တိုက်မိပြီး ပွဲချင်းပြီးသေသွားလို့ မနေ့ညက ဆေးရုံ ရှင်ခွဲရုံမှာ သူ့အလောင်းကို သွားယူထားတာ"

ရဲအရာရှိက ရှင်းပြနေသည်။

"ဟာ. . ဒါဆို ကျွန်တော့်ကို. . ကျွန်တော့်ကို အစိမ်းသရဲမ ဖမ်းစားလိုက်ပြီ. . အစိမ်းသရဲမ၊ မကောင်းဆိုးဝါး ဝိဉာဉ်တစ်ကောင်၊ လူသေကောင်အလောင်းထဲဝင်ပြီး ကျွန်တော့်ကို လှည့်စားခဲ့တာဖြစ်မယ်၊ ကျွန်တော် ရူးပြီး. ကျွန်တော် ရူးပြီ။ ကယ်ကြပါ. . ကယ်ကြပါ. . "

တစ်ကယ်ပင်. . . ။

အံ့ဘနန်း စိတ်ဖောက်ပြန်သွားပြီး လူတွေ ဝိုင်းဆွဲကြသော်လည်း မရတော့။ သွက်သွက်ခါအောင် စိတ်နောက်သွားတော့သည်။ နောက်ဆုံးသူ့တို့ "စိတ္တဇဆေးရုံ"သို့ ပို့လိုက်ရပါတော့သည်။ ထိုဆေးရုံတွင်ပင် သူနောက်တစ်နှစ်တွင် သေဆုံးသွားရှာလေသည်။





[illegible]တ်မှိုင်ခွဲ စံပယ်ခြံရပ်ကွက်ထဲရှိ "ရွှေကြယ်" [illegible]ညှပ်ဆိုင်လေးထဲမှ စာရေးသူတို့ သုံးဦးထိုင်နေသည်၊ [illegible] ခေတ္တတိတ်ဆိတ်သွားလေသည်။

[illegible]တ်ပါ ဇာတ်လမ်းလေးကို ရှေ့သူအား ပြောပြနေသည့် [illegible]တ ဇာတ်လမ်းဆုံးသွားသောအခါ သူ့ရှေ့ရှိ [illegible]ဘန်းကန်လေးကို ကောက်ယူပြီး မော့ချလိုက်သည်။

"ဟာ. . မိတ်ဆွေပြောတာတွေဟာ တကယ်အမှန်ပဲ [illegible]. ."

စာရေးသူက ထိုအဖြစ်အပျက်ဇာတ်လမ်းလေးကို [illegible]သည့် လူရွယ်ကို ပြန်မေးလိုက်မိပါသည်။

ထိုအခါ လူရွယ်က ခေါင်းညိတ်ပြီး အောက်ပါအတိုင်း [illegible]လိုက်ပါသည်။

"တကယ့်အမှန်ပါပဲ ဆရာ၊ ဘာဖြစ်လို့လဲဆိုတော့ [illegible]ကို ပြောပြခဲ့သူက ကာယကံရှင်ကိုယ်တိုင်ပဲလေ။ [illegible] စိတ်ပညာနောက်ဆုံးနှစ်မှာ စာတန်းပြုစုဖို့ ၁၉၇၄ [illegible] "စိတ်ရောဂါအထူးကုဆေးရုံကြီး"ကိုသွားပြီး လေ့လာ[illegible] [illegible]လူနဲ့ တွေ့လို့ အံ့ဘနန်းဆိုတဲ့လူက ကျွန်တော့်ကို [illegible]တာပါ ဆရာ. . "



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . ဇာတ်လမ်းလေးကတော့ ဆန်းဆန်းလေးပဲ၊ ဟုတ်တယ် . . စိက်ပါကာ့စိတ်တွေထဲမှာ အစွဲအလမ်းကြီးမား လွန်းတဲ့ "ဥပါဒါန်စိက်" ဟာ ကြောက်စရာအကောင်းဆုံးပါပဲ"

နန်းထိုက်စိုး
(နိုင်ငံခြားဘာသာသိပ္ပံ)

[illegible]

BURMESE CLASSIC

www.burmeseclassic.com